www.burmeseclassic.com

# ပျူး

## အိပ်မက်ဦး၌ဖူးပွင့်စေ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ချူးစာပေ)
အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဓာ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
ဇော်ဝိုင်
**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
**ဖြန့်ချိရေး**
ချူးစာပေ
၀၉ ၅၀၃၀၁၁၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ချူး
အိပ်မက်ဦး၌ဖူးပွင့်စေ
ချူးစာပေ၊ ၂၀၁၇။
၂၄၀-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) အိပ်မက်ဦး၌ဖူးပွင့်စေ

# အခန်း (၁)

ကားပေါ်ကိုတက်ပြီးမှ နောင်တရသွားချင်သည်။ Aircon bus ဆိုတာကြောင့် ကသောကမျော တက်လိုက်တာ ဖြစ်သည်။ ကားပေါ်ရောက်တော့ ထိုင်စရာ ထိုင်ခုံနေရာတောင် တစ်နေရာမှ မရှိအောင် ခရီးသည်တွေ ပြည့်လျှံနေသည်။

ပုံသေယာဉ်စီးခ နှစ်ရာ သုံးရာ ဆိုတော့ ချောင်ချောင်ချိချိ သက်တောင့်သက်သာနဲ့ ထိုင်ခုံနှင့်စီးရလိမ့်မည်ဟု ထင်ထားခဲ့သည်။

တက်ပြီးမှ ပြန်ဆင်းလို့လည်း မကောင်းတော့တာမို့ တန်းက လက်ကိုင်ကွင်းကို လှမ်းဆွဲပြီး မတ်တတ်ရပ်လိုက်ရ၏။ တော်သေးသည်က ဂိတ်မှာတမေ့တမော ရပ်မနေသေးတာကြောင့်ပဲ ဖြစ်၏။

နာရီကို ငုံ့ကြည့်တော့ နရီနှင့် ချိန်းထားတာ သုံးမိနစ်လောက် နောက်ကျနေသည်။ အာရုံထဲမှာ နရီရဲ့ မကျေမနပ် နှုတ်ခမ်းလေးစူနေမည့် မျက်နှာကို ပြေးမြင်မိသည်။

စိတ်ထဲကပဲ ဝင့်သက်မောလေး တစ်ချက်ရှိုက်ရင်း နရီနှင့် တွေ့လျှင် ကျေနပ်အောင် ချော့မော့ဖို့ တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လှသည်ဆိုသော မိန်းကလေးတွေထက် နန်းနရီက ပိုလှပါသည်။ နုညက်အောင် လှပချောမောသလောက် မာနကလည်း ခေါင်ခိုက်နေသည်။ ဒါပေမဲ့ ဒါကိုပဲ သူ ရှုန်းမထွက်နိုင်ပဲ ငြိတွယ်သွားခဲ့၏။

အလှမာန်ကော နေ့ရက်မာန်တွေပါ ဆင့်ကာ နရီက သူ့အပေါ် နွဲ့ဆိုးဆိုးချင်သည်။ ချိန်းလို့ နောက်ကျလျှင်လည်း စိတ်ကောက်သည်။ အလိုမကျတာတွေ့လျှင် ကြာလျှင် စိတ်ကောက်သည်။

ဒီလို နှုတ်ခမ်းလေးစူကာ စိတ်ကောက်တာတောင်မှ အလှတရားတို့ တစ်ချက်လေး မပျက်ယွင်းသွားတာမို့လည်း၊ သူ မက်မောနေမိခြင်းပဲလား မသိ။

အတွေးတို့ လွင့်ခနဲ ပြန့်သွားစဉ်မှာပဲ အဲကွန်းဘတ်(စ်)ကားကြီးက ငြိမ့်ခနဲ ထိုးရပ်သွားပြန်သည်။ ထပ်တက်လာတာက ခရီးသည် အမျိုးသမီး တစ်ယောက်တည်း ဖြစ်သည်။

အညိုရောင်ဆံပင်တွေက ပန်းနုစိမ်းကော်ပေါ် ဝဲကျလျက် လက်ထဲမှာက ဖိုင်တွေ တပွေ့တပိုက်ကြီးနှင့်မို့ သူ အတတ်နိုင်ဆုံး နောက်ဆုတ်ရှောင်ပေး၏။

"ဟာ ကျွာ"

ရှောင်ပေးကာမှ သူ့ရှူးဖိနပ်ထိပ်ဦးကို သူမ တည့်တည့်ကြီးကို နင်းချပစ်သည်။

"ဆောရီး"

စကားလုံးလေး နှစ်လုံးနှင့် တောင်းပန်လိုက်တာ ဖြစ်ပေမယ့် သူ့ကို တစ်ချက်လေးတောင် မော့ကြည့်တာ မဟုတ်ပါ။ သူမ စီးထားတာက စလစ်ပါ ခြေညှပ်ဖိနပ်ပါးလေး ဖြစ်သည်။

သူ့ရှူးဖိနပ်ပေါ်မှာ သူမ ခြေညှပ်ဖိနပ်ရာ ဖုန်မှုန့်လေးတွေ တင်ကျန်ရစ်ခဲ့တာကို ငုံ့ကြည့်ရင်း စိတ်က ထောင်းခနဲ ဖြစ်သွားသည်။



"ကျွာ ရှုံ့စရာကောင်းလိုက်တာ"

ပြောင်လက်သန့်ပြန့်နေအောင် ပွတ်တိုက်ထားသည့် ရှူးဖိနပ်ကိုမှ တက်နင်းသွားတာကို သူ မကျေမနပ်ဆိုမိတော့ သူမ အကြည့်တွေ စူးခနဲ သူ့ဆီရောက်လာသည်။

အညိုရောင် ဆံပင်တွေကြားမှာ မျက်နှာလေးက ဝင်းမွတ်နေပေမယ့် ဘာမှုခြယ်သမထားဘဲ ချွေးတွေကြောင့် ပြောင်လက်နေတာကို သူ ရှုရှာသွားမိ၏။ ဒါ မိန်းမတဲ့လား။

ရုပ်ကလေးက လှချင်သလောက် မပြင်မဆင်နဲ့ ဗရုတ်သုတ်ခ ထွက်လာပုံက အတော် စိတ်ပျက်စရာ ကောင်းသည်။ နားသယ်စပ်မှာ စိုနေသော ချွေးစတွေကြောင့် ဆံနွယ်တွေတောင် ကပ်ငြိနေသည်။

ဦးပုညရဲ့ ရေသည်ပြဇာတ်ထဲက စိတ်ပျက်အောင်လှလိုက်ပါတဲ့ မရေသည် ဆိုတာ ဒါမျိုးထင်ရဲ့။

သူ ချက်ချင်း အကြည့်လွှဲပစ်ရင်း ဘောင်းဘီအိတ်ထဲက တစ်သျှူးတစ်ရွက်ကို ဆွဲထုတ်သည်။ ပြီးတော့ ခါးကိုကိုင်းချကာ ဖိနပ်ဦးက ဖုန်တွေကို သုတ်ပစ်လိုက်သည်။

အသုံးပြုပြီး တစ်သျှူးလေးကို နှာခေါင်းရှုံ့ကာ ကားတံခါးအနီးမှာ ချိတ်ထားသော အမှိုက်ပုံးငယ်လေးထဲ သူ ပစ်ထည့်လိုက်တာကိုလည်း သူမ ငေးကြည့်နေမှန်း သတိထားမိသည်။

သူမနှင့် နည်းနည်းလေးထဝ်ဝေးအောင် တံခါးပေါက်အနား ရွှေ့ရပ်တော့ သူမ နှုတ်ခမ်းလေးတွေ လှုပ်သွားတာ မြင်သည်။ ဘာပြောတာလဲ အသေအချာ မကြားပေမယ့် ကြိုးစာယ်လိုက်တာဟု သူမ မျက်ဝန်းတွေ နှင့် နှုတ်ခမ်းပါးပါးလေးက ဘာသာပြန်ပြနေကြ၏။

ထင်ချင်သလို ထင်ပစေတော့။ မိန်းကလေး တန်မဲ့ ဖြစ်သလို နေတဲ့ သင်းကလေးပုံစံကို မြင်ကတည်းက အော်ဂလီဆန်ချင်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ထဲက သီချင်းသံလေး ပေးမြည်လာသော ဟန်းဖုန်းကြောင့် သူ့အာရုံတွေ သူမဆီက ပျောက်သွားခဲ့ကာ ဖုန်းလေးကို ထုတ်နားထောင်လိုက်ရ၏။

ထင်သည့်အတိုင်း နေရီဆီက ဆက်တာ ဖြစ်နေသည်။

"ဟဲလို နေရီ လား"

"ဘွဲ့ ယူ ဘယ်လိုလုပ်တာလဲ၊ တို့ကို အရူးလုပ်နေတာလား"

ဒေါသသံနှင့်နေသော နေရီ အသံစူးစူးလေးကို ကြားရုံနှင့်ပဲ သူ ပျာယာခတ်သွားခဲ့သည်။

"ဟာ မဟုတ်ဘူး နေရီ၊ ကိုယ့်ကား လမ်းမှာပျက်သွားလို့ အဲဒါ"

"ဘွဲ့ ရှင် အကြောင်းပြချက်တွေ မပေးနဲ့ ဒါဆိုလည်း စောစောစီးစီး ဖုန်းဆက်ပြောပါလား၊ တို့က ဆိုင်ထဲမှာ တစ်ယောက်တည်း လူတွေ ဝိုင်းကြည့်နေတာ ဘယ်လောက် အောက်သလဲ"

နေရီ မျက်နှာကို ပြေးမြင်ရင်း သူ တကယ်ပဲ စိတ်မကောင်းဖြစ်သွား၏။ တကယ်ဆို သူ့ရဲ့အပြစ်။ နေရီဆီကို အရင်ဆုံး ဖုန်းဆက်သင့်သည်။ မဆက်ဖြစ်ခဲ့တာလည်း နေရီကို အလေးမထားလို့ မဟုတ်ပါ။

ဝပ်ရှော့က မဂ္ဂနစ် စက်ပြင်ဆရာက ခဏလေးစောင့် မိနစ်နှစ်ဆယ်အတွင်း ပြီးမည်ဆိုတာကြောင့် ယုံကြည်ကာ စောင့်ရင်း အချိန်တွေ ကုန်သွားခဲ့၏။ ဒါကို ပြောပြရင် နေရီ လက်ခံမှာ မဟုတ်ပါ။

စိတ်ဆိုးပြီး ပြန်သွားမှာစိုးတာကြောင့် သူ မဆက်ရဲခဲ့။

"ဘွဲ့"

"ဟင် ဘာလဲ နေရီ"

"ယူ့အသံ မကြားရလို့ ဇဝတ်ဇတ်သတိလစ်နေပြီလားလို့ ခေါ်ကြည့်တာ၊ အခု ယူ ဘယ်မှာလဲ၊ တို့ ဒီမှာ ဆံပင်တွေဖြူသွားတဲ့အထိ



ထိုင်စောင့်နေရမှာလား"

"ဟာ နေရီရယ် ကိုယ် အခုလာနေပါပြီ၊ ဟို နောက်ငါးမိနစ်ဆိုရင် ရောက်ပြီ နော်"

နေရီ အရမ်းဒေါသထွက်နေတာမို့ သူ ကသောကမျော တောင်းပန်ရင်း လေချိုသွေး ချော့နေမိသည်။ နေရီကိုပဲ အာရုံရောက်နေတာမို့ ပတ်ဝန်းကျင်ကို သတိမထားမိနိုင်ခဲ့။

"ဘွဲ့ ရှင်ပြောသလို ငါးမိနစ်မှ မရောက်ရင် တို့ ဘာလုပ်ရမလဲ ပြော"

"သေလိုက် လဲသေပစ်လိုက်စမ်း"

"ဘာ ရှင် ရှင်"

"ဟာ မင်း မင်း ဘာပြောလိုက်တာလဲ"

ဘွဲ့ အထိတ်တလန့်နှင့် နောက်ကိုလှည့်တော့ စောစောက သူ့ဖိနပ်ကို နင်းခဲ့သော ကောင်မလေး အနားမှာ ရောက်နေ၏။

"ဘာလဲ ရှင့်ကို အာပြောရမှာလဲ"

"ဟာကွာ ဒီမှာ နေရီ နေရီ ဟာ ပြဿနာပဲ"

နေရီဆီက ဖုန်းပိတ်သွားခဲ့ပြီ။ တစ်ဖက်က နေရီနှင့်သူ ဖုန်းပြောနေတုန်း ဒီမိန်းကလေး အနောက်ရောက်လာကာ အော်ပြောသည့် စကားကို နေရီ အသေအချာကို ကြားသွားတာ ဖြစ်သည်။

နေရီ ဘယ်လောက် ဒေါသထွက်သွားမည်ဆိုတာ သူ ပြေးမကြည့်ဘဲ သိလိုက်၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မင်းစကားသံတွေ ဖုန်းထဲဝင်သွားတော့ ပြဿနာတွေ တက်ကုန်ပြီကွ"

"ဘာလာကြောင်နေတာလဲ၊ ဒီမှာ ကားမှတ်တိုင်ရောက်သွားလို့ ကျွန်မနဲ့ စပယ်ယာနဲ့ ပြဿနာတက်နေတာ ရှင်က ဟိုမှာင့်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ အစ်မလေး ရောက်ပါပြီ၊ စိတ်မဆိုးပါနဲ့ဗျာ မှတ်တိုင် ပါတယ်ဆိုတာ အစ်မ ပြောသံ ကျွန်တော် မကြားလိုက်လို့ပါနော်"

ဗယ်ယာလေးက သူမကို တောင်းပန်နေသည်။ သူမက သူ့ကို ဒိုင်းခနဲ မျက်စောင်းတစ်ချက် ထိုးကြည့်ရင်း

"ဒီမှာ ဒါ ခရီးသည်တင် ဘတ်(စ်)ကား၊ ရှင့်ဘာသာ ဟန်လုပ်ပြီး ဖုန်းတကိုင်ကိုင်နဲ့ လာဗယားတွေ ထွင်မနေနဲ့၊ ဒီက လုံးဝ ဆောရီး ပဲ"

"ဟာ မင်း"

ကိုယ့်ကိုတောင် လူပုံအလယ်မှာ နှိပ်ကွပ်သွားပြီးမှ သူမ ကားပေါ်က သုတ်ခနဲ ဆင်းသွားသည်။

ရှက်ဒေါသတွေနှင့် သူ့မျက်နှာကြီး ရဲရဲနီလျက် အံကြိတ်ရင်း ကျန်ရစ်ခဲ့၏။ ကားပေါ်က ခရီးသည်တွေ အကြည့်တွေက သူ့ဆီမှာ ပြုံးစိစိ ရောက်လာနေတာ သတိထားမိတော့ လူက ပိုလို့ ထူပူသွားသည်။

ကိုယ့်ကို နှိပ်ကွပ်သွားသည့် ကောင်မလေးက ကျန်ရစ်ခဲ့ပြီ။

သူ့မှာက ဒေါသတွေနှင့်အတူ နေရီကို ဖြေရှင်းရမည့် ပြဿနာတွေက ရှုပ်ထွေးကျန်ရစ်ခဲ့၏။

တောက် ဒီကောင်မလေးကြောင့်...။

■ ■ ■

## အခန်း (၂)

"ဘာရယ် နာမည်က အဆန်းပဲ၊ မရေသည် ဟုတ်လား"

"ဘာလဲ ဘွဲ့ ဦးပုညရဲ့ ရေသည်ပြဇာတ်ထဲက မရေသည်လား"

ကျော်လွန်းနှင့်ရွှေမောင်တို့ နောက်ပြောင်ပြီး ပြောနေပေမယ့် သူ မရယ်နိုင် မပြုံးနိုင်အောင် ရင်ထဲမှာ တနုံ့နုံ့ ခံစားနေရသည်။

ထိုနေ့က ချိန်းထားသော ဆိုင်ကလေးကို ရောက်တော့ နေရီကို မတွေ့ရတော့ပါ။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်၊ နေရီရဲ့ ဟန်းဖုန်းကို ဆက်မရ၍ အိမ်ဖုန်း ခေါ်တော့လည်း နေရီ ဖုန်းကို လာမကိုင်။

"ဟို မမလေးက ဘွဲ့ဂုဏ်ထူး ဆိုတဲ့ နာမည်ကို မကြားချင်ဘူးတဲ့ ရှင်"

အိမ်ဖော် ကောင်မလေးရဲ့အဖြေကိုပဲ သူ ရခဲ့သည်။ နေရီ့ဖုန်းကို အကြိမ်ကြိမ်ဆက်ပြီး ခေါ်ကြည့်တော့လည်း သူ စိတ်တွေ မောခြင်းသာ အဖတ်တင်သည်။ တနုံ့နုံ့တွေးရင်း ဒေါသတွေဖြစ်မိတာ ရေသည်ပါ။

"ဘွဲ့ ရှင်ပြောသလို ငါးမိနစ်မှ မရောက်ရင် တို့ ဘာလုပ်ရမလဲ ပြော"

www.burmeseclassic.com

www.burmeseclassic.com



"သေလိုက် လဲသေပစ်လိုက်စမ်း"

နေရီ အမေးစကားကို သူ ဘာမှမဖြေရသေးခင်မှာဘဲ သူမရဲ့ ရှုရှုပါးပါးအသံကြီးက ဖုန်းထဲကို တန်းဝင်သွားခဲ့တာ ဖြစ်သည်။ နေရီ ဒေါသမဖြစ်ဘဲ နေတော့မည်လား။

ရေသည်မ စကားက သိပ်ပြင်းထန်သည်။ နေရီက သူ့နံဘေးမှာ တခြားမိန်းကလေး ရောက်နေသည်ဟု အသေအချာကို ထင်မှတ်သွားပုံပါပဲ။

ဒါကို သူ ဘယ်လိုဖြေရှင်းရမည်လဲ။ မတွေးတတ်တော့။

"နေပါဦး ဘွဲ့ မင်းက ဘယ်လိုဖြစ်ပြီး လိုင်းကားပေါ် ရောက်နေတာလဲ"

"ကားပျက်လို့ကွ၊ ဝပ်ရှော့ကို ဖုန်းဆက်ခေါ်ပြီး ပြင်ခိုင်းတာ မိနစ်နှစ်ဆယ်ပဲ ကြာမယ်ဆိုလို့ စောင့်မိတာ သေရော၊ နောက်ဆုံး ကားကို ထားခဲ့ပြီး နေရီဆီ လိုင်းကားနဲ့ သွားခဲ့တာ"

"တက္ကစီနဲ့သွားတော့ ဘာဖြစ်မှာမို့လဲ"

"တအါးမိတဲ့ တက္ကစီနှစ်စီးက ပါစင်ဂျာတွေနဲ့ချည်းပဲဆိုတော့ စိတ်မရှည်လို့ လိုင်းကား ပြေးတက်စီးမိတာ၊ အဲဒီမှာ ပြဿနာက စီးရီး တွဲလိုက် ဝင်လာတော့တာ ဖောက်"

သူ့ ဇိနပ်ကို နင်းတာကအစ ဖုန်းထဲ သူမအသံ ပါသွားခဲ့တာ အထိ ရှင်းပြနေတော့ ကျော်လွှန်းနှင့် ရွှေမောင်တို့ ပြုံးစိစိ နားထောင် နေကြသည်။

"တကယ်ကွာ အမှုန်ကြိတ်ပစ်ချင်လောက်အောင်ကို ဒေါသ ထွက်မိတာ၊ ဒီရေသည်မ တမင်လုပ်သွားတာ ကားပေါ်ကဆင်းတော့ ငါ့ကို နှိပ်ကွပ်သွားသေးတယ်"

"ဘွဲ့ဂုဏ်ထူးကို ဒီလိုလုပ်သွားတဲ့ မိန်းကလေး ရှားတယ်ကွာ"



မခံနိုင်ပါဘူးဆိုမှ ကျော်လွှန်းက မထိတရိ ဆိုနေသည်။ မိန်းကလေးတွေနှင့် ပတ်သက်လျှင် ခြွင်းချက်အဖြစ် နန်းနေရီကလွဲလို့ ကျန် မိန်းမတွေကို အရေးမထားခဲ့သောသူ ခံရခက်အောင် လုပ်သွားတဲ့ မိန်းမ။

မိန်းမတစ်ယောက်ရဲ့ အရည်အချင်းဆိုလို့ ဘာတစ်စက်မှ မရှိတဲ့ သူမ ပုံရိပ်က အာရုံထဲ ဝင်လာတော့ သူ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်၏။

"ရေသည်ပြဇာတ်ထဲက မရေသည် ဆိုရင်တော့ ဘုန်းတန်ခိုး ရှိတဲ့ မိန်းမနော်၊ နောက်ဆုံး ရှင်ဘုရင်ကတော် မိဖုရားကြီး ဖြစ်သွားတာ"

"နားစမ်းပါကွာ ဒီရုပ်လား"

"တော်တော် ဆိုးလို့လား"

"ဘာဆိုးသလဲ မမေးနဲ့၊ မျက်နှာကိုက အဆီပြန်ပြီး ညစ်ပုံ စုတ်ပြတ်နေတာ လုံးဝ standard မရှိတဲ့ မိန်းမကွ"

ရင်ထဲက မကျေနပ်ဒေါသတွေနှင့် သူ ပက်ပက်စက်စက်ပဲ ဝေဖန်ပစ်လိုက်မိ၏။ တကယ်ဆို သူမရဲ့ ရုပ်ရည်က ဒီလောက်အထိ အကျည်းတန်လွန်းတာ မဟုတ်ပါ။

"မင်းကလည်း ပြောလိုက်တာ ရစရာ မရှိဘူး"

"သူလုပ်သွားပုံကိုပဲ ကြည့်လေ၊ ဘယ်လောက် အဆင့်အတန်း မရှိတဲ့ လုပ်ရပ်လဲလို့"

"မင်းကတော့ လိုင်းကားတိုးစီးပြီး ဖိနပ်နင်းမိတာလေးကို သွားတွန့်တိုနေတာကိုးကွ"

ကျော်လွှန်းက သူ့ကို ဝေဖန်သည်။ သူ ဘာမှခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်နေလိုက်သည်။

တစ်ကိုယ်ရေ သန့်ရှင်းမှုကို လူတစ်ယောက်ရဲ့ အဆင့်အတန်း တန်ဖိုးဟု သူ လက်ခံထားသော သူ့အတွက်တော့ အမှားအမြင်မှာ ဇီဇာကြောင်သူ တစ်ယောက်ဟု ထင်ချင်ထင်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက ပေါင်းသင်းလာသော ကျော်လွန်းနှင့် ရွှေမောင်တို့ကတော့ သူ့အကြောင်း သိကြသည်။

အဝတ်အစားကအစ အမြဲတမ်း စတိုင်ကျ သပ်ရပ်နေပြီး ရှင်းသန့်နေသော ဘွဲ့ဂုဏ်ထူးသည် ခြေသည်းလက်သည်းတွေကအစ ပန်းနုရောင် အစဉ်သမ်းနေကာ ဖုန်တစ်မှုန်ပေလျှင် နေတတ်သူ မဟုတ်ခဲ့ပါ။

ကျောင်းမှာတုန်းကလည်း အဖော်တွေကြောင့် ကင်တင်းနဲ့ အတူလိုက်ထိုင်ပေမယ့် ကင်တင်းနိုက အစားအသောက်တွေကို မစားတတ်သူ။ သောက်ရေကအစ ကိုယ်ပိုင်ရေသန့်ဘူးကို ကျောင်းအထိ သယ်ဆောင်လာတတ်သူ။

နားလည်ပေးသော သူငယ်ချင်းတွေသာ မရှိလျှင် သူ့လို ဇီဇာကြောင်လွန်းသူကို ပေါင်းသင်းဆက်ဆံမည့်သူတောင် ရှိပါ့မည်လား။

"တစ်ကိုယ်ရေ သန့်ရှင်းမှုဆိုတာ ကျန်းမာရေးအတွက် လိုအပ်တာတော့ မှန်ပါတယ် ဘွဲ့ရာ၊ ဒါပေမဲ့ မင်းလို ကိုယ်ပိုင်ကားနဲ့ ဘာမှ လိုလေသေးမရှိ ပြည့်စုံတဲ့ဘဝနဲ့ လိုင်းကားတိုးစီးပြီး ဝမ်းရေးရုန်းကန်နေရတဲ့သူချင်း ယှဉ်လို့မရဘူးလေကွာ"

"ဟော့ကောင် ကျော်လွန်း ဒါ ငါသိတယ်၊ စာနာတတ်တယ်၊ ငါ့ဘဝနဲ့ ယှဉ်ပြီး ငါ ဝေဖန်ရှုံ့ချနေတာ မဟုတ်ဘူး၊ လူဆိုတာ ကိုယ့်ကျန်းမာရေးအတွက် ကိုယ့်ကိုယ်ကိုတော့ ဂရုစိုက်ရမှာပဲ၊ ကျန်းမာရေးဆိုတာ လူတစ်ယောက်အတွက် အရေးကြီးဆုံး လာဘ်ကြီးတစ်ပါးပဲလေ"

သူ ခွန်းတုံ့ပြန် ဆင်ခြင်ပေးတော့ ကျော်လွန်း ဘာမှထပ်မပြောဘဲ အရှုံးပေးသွားခဲ့သည်။

ဘွဲ့ဂုဏ်ထူး ဆိုသော သူက ဇီဇာကြောင်လွန်းသည် ဆိုချင်ဆို ဝိုသီပတ်သီ ဝတ်စားပြီး ချေးတရွှဲရွှဲနှင့် လူတွေကို မြင်ရင်တော့ သူ



နှာခေါင်းရှုံ့မိပါသည်။

မရှိတာ ရှိတာ အပထား နဖူးက စီးကျနေသော ချွေးလေးတောင် သုတ်ဖို့ အချိန်မရဘူးလား။ ရှိသည့် အဝတ်အစားလေး သပ်သပ်ရပ်ရပ် ဝတ်ဖို့ ခက်ခဲနေသလား။

"အခု မင်းကို နေရီ နှာကစ်သွားပြန်ပြီလား"

ရွှေမောင် မေးတော့မှ သူ့အတွေးတွေ စကားဝိုင်းထဲ ပြန်ဝင်လာရင်း ပင့်သက်ရှိုက် ခေါင်းညိတ်ပြမိ၏။

"အေးလေ သူ စိတ်ဆိုးသွားလို့ ဖုန်းဆက်မရတာပေါ့"

"မင်းတို့ သမီးရည်းစားဘဝကလည်း တကယ် စိတ်ရှုပ်စရာကောင်းလိုက်တာကွာ၊ စိတ်ဆိုးစိတ်ကောက် ချော့နေရတာက များနေတယ်"

ကျော်လွန်း ဝေဖန်တာကို သူ နှုတ်ဆိတ် လက်ခံမိ၏။ နေရီနဲ့ဆိုးဆိုး ကောက်တတ်တာ အားလုံးသိသည်။ ပြီးတော့လည်း သူ ချော့ရင်ပျော့သွားတတ်တာပါပဲ။

ဒါပေမဲ့ မကြာခဏ စိတ်ကောက်တတ်တာကတော့ သူ စိတ်ပျက်မိ၏။

"အခု မင်း ချော့ဖို့ ခက်နေပြီပေါ့"

"အေး ဖုန်းပိတ်ထားတော့ မရဘူးလေ၊ ရွှေမောင် အေမီကို မင်း အကျိုးအကြောင်း ရှင်းပြခိုင်းပေးကွာ"

ရွှေမောင် ချစ်သူ အေမီနိုင် ကိုပဲ သူ့အကူအညီတောင်းရတော့မှာ ရွှေမောင်လည်း သိနေပါသည်။

"အေး ငါ ဘယ်လိုပြောခိုင်းလိုက်ရမလဲ"

"ငါ ဖြစ်ပျက်ခဲ့တာတွေ မင်းကို ပြောပြပြီးပြီလေ၊ အဲဒီအတိုင်း အေမီကို ပြောပြခိုင်းလိုက်ကွာ၊ ဒါဆို နေရီ နားလည်ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေရီ သုံးရက်လောက်ဆို စိတ်ပြေမှာပါကွာ၊ ဒါ ထုံးစံ ဖြစ်နေပြီပဲ"

နေရီ စိတ်ကောက်တတ်တာ သူငယ်ချင်းတွေလည်း သိနေ၏။ သူလည်း ရိုးအီနေပြီ။

ဒါပေမဲ့ နေရီကို သူ စိတ်မတုန်နိုင်ဘဲ ဖြစ်နေခြင်းက သံယောဇဉ်ကြောင့်လား။ ချစ်တာကြောင့်လား။

စဉ်းစားရတော့ တော်တော်ခက်ပါသည်။

■ ■ ■

## အခန်း (၃)

အလုပ်နားရက်ပေမယ့် အကျင့်ပါနေသော မျက်ဝန်းတွေက ဆက်ပြီး အိပ်စက်ဖို့ လက်မခံတာကြောင့် သူ အိပ်ရာပေါ်က ထလိုက်မိသည်။

ခုတင်ပေါ်က ဆင်းလိုက်ရင်း လက်နှစ်ဖက်ကို ဆန့်တန်းမြှောက်ပြီး အကြောဆန့် အညောင်းဖြေမိသည်။ ပြီးမှ နေရောင်ခြည်နုနုတို့ ဖြာကျနေသော ပြတင်းတံခါးဆီ လျှောက်ခဲ့သည်။

မနက်ခင်းရဲ့ လေကို အရသာခံ ရှူရှိုက်ဖို့တွေးရင်း မှန်ပြတင်းတံခါးကို ဖွင့်မိခိုက်မှာပဲ မြူးဖစ်သံ သဲ့သဲ့ကို ကြားလိုက်ရ၏။ မျက်ဝန်းတွေက ခြံထဲကိုငုံ့ကြည့်မိပြီး ဖြစ်သွားသည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဘဲ့ မျက်ခုံးတွေ ချက်ချင်းပဲ ထုံးကျသွားခဲ့သည်။

ခြံထဲက မြေကွက်လပ်မှာ မြူးမြူးကြွကြွ ဂီတသံစဉ်နှင့်အတူ အေရိုးဗစ် ကစားနေသော ချစ်ရိပ်ခြယ်ကတော့ စည်းချက်နှင့်အတူ ခန္ဓာကိုယ်လေး လှုပ်ရမ်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတာက အနီရောင်လက်ပြတ် ကိုယ်ကြပ်အင်္ကျီလေးနှင့် အောက်မှာက အနက်ရောင် အသားကပ် စတော်ကင်ကို ဒူးဖုံးရုံမျှပဲ ဝတ်ထားတာဖြစ်သည်။

ပြေပြစ်ကျော့ရှင်းသော ခန္ဓာကိုယ်လေးကို ပေါ်လွင်စေသလို ကျောလယ်ခန့်အထိ ရှည်သော ဆံနွယ်ရွှေအိုရောင်လေးကို နဖူးလေးပေါ်အောင် လှန်သိမ်းဖွဲ့နှောင်ထားတာမို့ မျက်နှာလေးကိုလည်း ဝင်းညက်ညက်ကလေး မြင်တွေ့နေရသည်။

ဒီကောင်မလေး အားကစားကို လိုက်စားတာတော့ သူ သဘောကျ နှစ်သက်မိသည်။ အေရိုးဗစ်ရှ်ကော တင်းနစ်ကော ကစားသည်။ တက္ကသိုလ်မှာလည်း ရေကူးချန်ပီယံဘွဲ့ရအောင် တော်ပါသည်။

ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ဒီကောင်မလေးကို ဘယ်လိုမှ ခင်တွယ်လို့မရတာ အမှန်ပဲ ဖြစ်သည်။

မိထွေးက ပါလာသော သမီးတစ်ယောက်ဆိုသော အသိက သူ့စိတ်မှာ အစဥ်စွဲနေတာကြောင့် ဖြစ်မည်။ ချစ်ရိုပ်ခြယ်ကတော့ သူ့ကို ခင်မင်သံယောဇဥ်ရှိသော အရိပ်တွေတော့ ပြပါသည်။

သူ့ဘက်က ဘယ်လောက်ပဲ အလိုမကျသည့် ဆက်ဆံမှုတွေပြပြ ချစ်ရိုပ်ခြယ်က မျက်နှာလေး တစ်ချက်တောင် ပျက်မသွားပါ။

ကက်ဆက်လေးထဲက သီချင်းသံ ရပ်သွားတော့ ချစ်ရိုပ်ခြယ်ရဲ့ အကလေးတွေလည်း ရပ်သွားသည်။ မျက်နှာဝင်းမွတ်မွတ်လေးမှာကော လည်တိုင်နုနုလေးတွေမှာပါ ချွေးစလေးတွေကြောင့် နေရောင်မှာ ပြောင်လက်နေတာကို သူ မြင်နေရသည်။

ခုံတန်းလေးပေါ်မှာ လွှားတင်ထားသော မွေးပွသဘက်ရှည်ကြီးကို ဆွဲယူပြီး ချွေးစတွေကို သုမ ပွတ်သုတ်နေတုန်းမှာပဲ သူ ကျောခိုင်းလိုက်၏။



ညဝတ်အင်္ကျီရှည်ကြီးကို ချွတ်ကာ အဝတ်တန်းပေါ်က သဘက်ရှည်ကြီးကို ဆွဲယူကာ သူ ရေချိုးခန်းဘက် ထွက်ခဲ့သည်။

ရေချိုးခန်းထဲမှာ ရေမိုးချိုးပြီး တံခါးဖွင့်အထွက်မှာပဲ အပြင်ဘက်က ရပ်စောင့်နေသော ချစ်ရိုပ်ခြယ်နှင့် ထိပ်တိုက်ဆုံသည်။

"နင်က ဘာရပ်လုပ်နေတာလဲ"

"ချစ် ရေချိုးမလို့လေ ကိုကိုရဲ့၊ ကိုကို ချိုးနေလို့ စောင့်နေတာပါ"

ဒီကောင်မလေးကို သူ ကြည့်မရ။ အဲဒါတွေကြောင့်လည်း ပါသည်။ သူမအမည်ကို ချစ်ဟု တစ်လုံးတည်း သုံးနှုန်းတာတွေကော သူ့ကိုပါ ကိုကိုဟု ရဲရဲတင်းတင်း ခေါ်တာတွေ သူ မကြိုက်ပါ။

"ကိုကိုက ချစ်ရဲ့ အစ်ကိုမို့ ကိုကိုလို့ ခေါ်တာလေ ကိုကိုရဲ့"

ဘယ်လောက်ပဲ မကြိုက်ဘူး ပြောပြော ဒီကောင်မလေးက ခွတ်ခေါ်ပြီး ဖွတ်အတင်း အစ်ကိုတော်ပစ်တတ်တာမို့ ကြာတော့ သူပဲ ပြောရတာ မောပြီး ငြိမ်နေလိုက်ရသည်။

အခုလည်းကြည့် သူ ရေချိုးနေတာသိရက်နဲ့ ရေချိုးခန်းရှေ့က စောင့်ရပ်လာစောင့်နေပုံက မဟုတ်သေး လုံချည်ရင်လျားနှင့် ပခုံးပေါ်မှာ သဘက်တစ်ထည်ကို လုံခြုံစွာ ခြုံလွှမ်းထားပေမယ့် အမြင်မသင့်တာ အမှန်။

"ငါ ရေချိုးနေတာ သိရင် နင့်အခန်းထဲနင် ပြန်ဝင်နေပေါ့၊ ဘာလို့ ရေချိုးခန်းရှေ့ လာစောင့်နေရတာလဲ"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့ ကိုကိုပြီးတာနဲ့ တစ်ခါတည်း ဝင်ချိုးမလို့ စောင့်နေတာပါ"

ပြောပုံက ထကယ့်ကို ဘာမှမသိတဲ့ပုံစံမျိုးနဲ့မို့ သူ့စိတ်ထဲမှာ ချဉ်ခနဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ မမေးနဲ့ မိချစ် နင်နဲ့ငါက တကယ်ဆို ဘာမှ သွေးသားတော်စပ်တာ မဟုတ်ဘူး၊ တစ်ယောက်ယောက်မြင်သွားရင် ငါ အထင်အမြင်အသေး မခံနိုင်ဘူး၊ နောက်ဆို နင် ဆင်ဆင်ခြင်ခြင် နေပါ"

စိမ်းစိမ်းပြတ်ပြတ် ပြောပစ်ပြီး ထွက်ခဲ့တော့ မျက်နှာလေး ညိုးကာ သူမ ကျန်ရစ်ခဲ့သည်။ သူ လှည့်မကြည့်ဖြစ်တော့ဘဲ အခန်းထဲ အထိ ဆက်ဝင်ခဲ့သည်။ အဝတ်အစားတွေ လဲလှယ်ဝတ်နေတုန်းမှာ ဟန်းဖုန်းလေးက ထမြည်သည်။

ကောက်ယူကြည့်လိုက်တော့ ရွှေမောင် ချစ်သူ အေမီနိုင်ဆီက ဆက်လာတာ ဖြစ်သည်။

"ကိုဘွဲ့ လား"

"ဟုတ်တယ် အေမီ ပြောလေ အခြေအနေ ဘယ်လိုလဲ"

အေမီ့ကို ရွှေမောင်ကတစ်ဆင့် နေရီကို ရှင်းပြခိုင်းတာ သတိ ရလိုက်တာမို့ သူ မေးလိုက်မိသည်။

"ကိုမောင်ကို ကိုဘွဲ့ ပြောပြတဲ့အတိုင်း အေမီ နေရီကို ပြောပြ လိုက်တယ်၊ သူ နားလည်လက်ခံပါတယ်"

"ဟင် ကိုယ် အခုချိန်အထိ သူ့ကို ဖုန်းဆက်လို့မရဘူး"

"အဲဒါ နေရီ တမင်ဖုန်းပိတ်ထားတာ နေမှာ၊ သူက စိတ်ပြေ နေပြီဆိုပေမယ့် သိတဲ့အတိုင်း သုံးလေးရက်လောက်တော့ စိတ်ကောက် နေပြလိုက်ရမှ ကျေနပ်တဲ့သူလေ"

အေမီ့စကားကြောင့် စိတ်ထဲမှာတော့ မျက်ခနဲ ဖြစ်သွားသည်။ နေရီက သူ့ကို အမြဲတမ်း အနိုင်ယူ စိတ်ကောက်ဖို့ ကြံစည်နေသည်လား။

"သူ စိတ်ပြေလောက်တဲ့ အချိန်ကျရင် ကိုဘွဲ့ဆီ ဖုန်းဆက် လိမ့်မယ်၊ သည်းခံစောင့်လိုက်ပါဦးနော် အဟင်း ကိုဘွဲ့လည်း နေရီ



အကြောင်း သိနေတာပဲဥစ္စာ"

နေရီနှင့်ပတ်သက်ပြီး သူ့ဘက်က အမြဲတမ်း အလျှော့ပေး နေခဲ့ရတာက အေမီတို့တောင် သိနေပြီပဲ။ နေရီ ဒီလောက်အထိ အနိုင် ယူလွန်းတာတော့ ဒီတစ်ခါ သူ စိတ်ဆိုးမိသည်။ ဒါပေမဲ့ ဒေါသတွေကို မျိုချကာ

"အင်း ကျေးဇူးပဲ အေမီ"

ဖုန်းကို သူပြန်ပိတ်လိုက်ရင်း မကြည်လင်သော စိတ်တွေနှင့် ကော်ဖီခန်းဘက် ထွက်ခဲ့သည်။ အခန်းဝ မရောက်ခင်မှာဘဲ ချစ်ရိပ်ခြယ် အသံကို ကြားရတာမို့ ခြေလှမ်းတို့ ရပ်သွားမိ၏။

"ကိုကို ဒီနေ့ ဘယ်မှမသွားဘူးဆိုရင် ပလာဇာကို လိုက်ပို့ နိုင်းမလို့ ဦးဦးဖေရဲ့"

"သား သွားစရာမရှိဘူးဆိုရင် ပို့ခိုင်းလေ သမီးရဲ့၊ တစ်ခါတလေ ဖဲဥစ္စာ သား လိုက်ပို့မှာပါ"

"အိမ်က ကားကိုပဲ ယူပြီး သမီးဘာသာ သွားပါလားကွယ်၊ မောင်ဘွဲ့က အားချင်မှ အားမှာ"

ချစ်ရိပ် မိခင်ရဲ့ တားမြစ်သံကိုလည်း ကြားရသည်။ ဖေဖေ ကတော့ သူ့ကို ဒီကောင်မလေးရဲ့ အစေခံ ဒရိုင်ဘာတစ်ယောက်လို သွတ်နေတာတော့ သူ လက်မခံနိုင်ပါ။

ဘာမှမကြားသလို ခပ်တည်တည်ပဲ ကော်ဖီခန်းထဲ သူ ဝင်ခဲ့ သည်။ တံခါးဝကို မျက်နှာပြု ထိုင်နေသော ဖေဖေက သူ့ကိုအရင်ဆုံး မြင်တွေ့သွားခဲ့ကာ

"ဟော သား လာထိုင်ကွာ၊ ဒီနေ့ သား ဘယ်သွားစရာ ရှိ သေးသလဲ"

ဖေဖေ့ရဲ့ စကားအဓိပ္ပါယ်ကို ကြိုသိနေပြီးသော သူ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



နံ့သောက ထိုင်ခုံမှာ ဝင်ထိုင်ရင်း

"ရှိတယ် ဖေဖေ ကျော်လွှန်းတို့နဲ့ ချိန်းထားလို့ ခဏနေရင် သွားရမှာ"

ချစ်ရိပ်ခြယ် မျက်နှာလေး ရှုံ့သွားတာကို သူ မြင်သည်။ ဒေါ်ခင်သက်ခြယ်က သူကြိုက်သော ပေါင်မုန့်မီးကင် နှစ်ချပ်ကို ယို အနည်းငယ် သုတ်ပေးပြီး ပန်းကန်ထဲထည့်ကာ ရှေ့မှာချပေးရင်း

"သားဘွဲ့ မအားဘူးဆိုလည်း သမီးဘာသာ သွားလိုက်ပေါ့ ကွယ်၊ ဒါမှမဟုတ်ရင်လည်း ဦးအောင်ကို ကားမောင်းပို့ခိုင်းပေါ့ကွယ်"

"နေပါဦး သား၊ သားကိစ္စက အရေးကြီးလို့လား"

"အရေးကြီးတာ မကြီးတာထက် ဒီနေ့လေး တစ်ရက်ပဲ သား နားရက်ရတာလေ ဖေဖေရဲ့ သားဘာသာ လွတ်လွတ်လပ်လပ် နားပါရစေ"

ဖေဖေ မျက်နှာပျက်သွားတာ သူ သိပါသည်။ ဒါပေမဲ့ မသိကျိုး ကျွံပြုပြီး ပေါင်မုန့်ကို လှမ်းယူစားလိုက်သည်။

တကယ်ဆို အလုပ်ကိစ္စ အကြောင်းပြုပြီး သူ ငြင်းလို့ရပေမယ့် တမင်ပဲ ငြင်းပစ်လိုက်တာ ဖြစ်သည်။ ဖေဖေ့ရဲ့ မိန်းမနှင့် မယားပါ သမီး တစ်ယောက်အပေါ်မှာ သူ့ရဲ့သဘောထားကတော့ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါ။

"ရပါတယ် ကိုကို မအားရင်လည်း နေပါစေ၊ ချစ်ဘာသာပဲ သွားလိုက်တော့မယ်"

ချစ်ရိပ်ခြယ် လေပြည်လေးနှင့် အရှုံးပေးသွားပေမယ့်လည်း သူ မသနားပါ။

မိထွေးဆိုတာ မိထွေးပဲ ဖြစ်သလို ချစ်ရိပ်ခြယ်ဆိုတာလည်း ဘွဲ့ဂုဏ်ထူးရဲ့ ညီမတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါ



သေချာသည်။ ဒါ သူ့ရဲ့ အရိုးစွဲနေသော အတ္တကြီးဟုပဲ ဆိုချင်ဆို၊ သူ့ရဲ့ သဘောဆန္ဒ တစ်ခုမှမပါဘဲ ဖေဖေ ပြုခဲ့သောကိစ္စ။

သူ့ဘက်က ခါးခါးသီးသီး စကန့်ကွက်ခဲ့သည့်တိုင် ဖေဖေသည် ဒေါ်ခင်သက်ခြယ်ကိုပဲ လက်ထပ်ခဲ့သည်။

ဖေဖေ့ရဲ့ ဆုံးဖြတ်ချက်ကြီးက ဖေဖေ့အပေါ်မှာ အားကိုးယုံကြည်ထားသမျှ သူ ယုံကြည်ချက်အားလုံးကို ပျက်စီးသွားစေခဲ့သည်။

မေမေ လောကကြီးထဲမှာ မရှိတော့ကတည်းက ဖေဖေသည် သူ့အပေါ်မှာပဲ ချစ်ခြင်းတွေ သံယောဇဉ်တွေ စုပုံခဲ့သည်ဟု ယုံကြည်ထားသမျှအားလုံးသည် မှားယွင်းခဲ့သည်။

ဖေဖေသည် ဒေါ်ခင်သက်ခြယ်ကို သူတို့အိမ်ကြီးပေါ် အရောက်ခေါ်တင်ခဲ့သည်။ ဒါတင်မကဘဲ ဒေါ်ခင်သက်ခြယ်၏ ပထမ ခင်ပွန်းနှင့် ရသော သမီးတစ်ယောက်ပါ ပါလာခဲ့သည်။

သူ့ရဲ့မေမေနေရာမှာ ဖေဖေ အစားထိုးနိုင်ခဲ့ပေမယ့် သူကတော့ ဘယ်လိုမှ လက်မခံနိုင်ပါ။ ဒါကို ဖေဖေ မကျေနပ်ရင်လည်း မတတ်နိုင်ပါ။

သူ့ခံစားချက်တွေကတော့ ပြောင်းလဲသွားခဲ့မည် မဟုတ်ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မင်း မသိဘူးလား ဘွဲ့၊ မနေ့ကပဲ နန်းနေရီ ဘုရားဖူးခရီး ထွက်သွားတာလေ၊ မသွားခင်တောင် အေမိတို့ဖာဖာတို့ကို ရက်စတော့ရင်းမှာ လိုက်ကျွေးမွေးသွားသေးတယ်တဲ့၊ ငါက မင်းဆီ သူဖုန်းဆက်ပြောသွားတယ် ထင်တာ"

ကျော်လွှမ်း စကားတွေကို နားထောင်ရင်း ကိုယ့်ကိုကိုယ်လည်း ရှက်ရွံ့မိသည်။ ဘယ်လိုပဲတွေးကြည့်ကြည့် နေရီ ဒီလိုတော့ မလုပ်သင့်ဟုပဲ အဖြေထွက်သည်။

ချစ်သူရည်းစားဖြစ်တဲ့ သူ့ကိုတောင် ခရီးထွက်မှာ မပြောဘဲ သူငယ်ချင်းတွေကိုပဲ အသိပေးသွားသည့်ကိစ္စ။

သူ့မှာတော့ ဒီကောင်တွေ ပြောမှပဲ သိရသည်။ ဘယ်လောက် ရှက်စရာကောင်းလှသည့် ကိစ္စလဲ။

"ငါ့ဆီ နေရီ ဖုန်းမဆက်ပါဘူး၊ ငါ သိတောင် မသိဘူး"

သူ့လေသံမှာ မကျေနပ်မှုတွေနှင့် မာထန်နေတာ သေချာသည်။ ကျော်လွှမ်းနှင့်ရွှေမောင် မျက်နှာတွေက အံ့ဩမယုံခြင်းတွေနှင့် သူ့ကို စိုက်ကြည့်နေ၏။ ဒီကောင်တွေက သူ သိထားသည်ဟုပဲ ထင်နေကြပုံ



ရ၏။

"နေရီ မင်းကို စိတ်ဆိုးမပြေသေးဘူး ထင်တယ်"

ရွှေမောင် စကားကို သူ ခေါင်းခါပစ်လိုက်ရင်း

"ဘာမပြေစရာ အကြောင်းရှိမှာလဲ ကိုရွှေ အေမီလည်း ရှင်းပြပြီးပြီ၊ သူလည်း လက်ခံတယ်၊ ဒီပြဿနာက ဒီလောက်ကြီးတဲ့ ကိစ္စမှ မဟုတ်တာ"

"ဒါတော့ ဒါပေါ့ကွာ ဒါပေမဲ့ နန်းနေရီက အဲဒီလိုပဲ တော်ရုံနဲ့ စိတ်ပြေတာမှ မဟုတ်တာ"

"ဖြစ်သွားတဲ့ ပြဿနာက ဒီလောက်ထိ စိတ်မပြေစရာကိစ္စ မဟုတ်ပါဘူးကွာ၊ ငါ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားတယ်၊ အခုလို ခရီးသွားမယ့်ကိစ္စတော့ ငါ့ကို အသိပေးသင့်တယ်"

သူ့စကားက မှန်နေတော့ ကျော်လွှမ်းတို့ ဘာမှမပြောနိုင်ကြဘဲ နှုတ်ဆိတ်နေကြသည်။

တစိမ့်စိမ့် တွေးကြည့်လေလေ ခံရခက်ခက်ကိစ္စကြီးဟု စိတ်က ပိုပြီး သိလာလေလေ ဖြစ်သည်။

"ငါ ပြန်ရတော့မယ်ကွာ"

သူ ဆတ်ခနဲ ထရပ် နှုတ်ဆက်တော့ ကျော်လွှမ်း မော့ကြည့်လာရင်း

"မင်း တင်းသွားတာလား ဘွဲ့"

သူ ပြုံးလိုက်သည်။ ဒါပေမဲ့ အပြုံးတွေမှာ ခံရခက်ခြင်းတွေနှင့် မဲ့နေမှာ သေချာ၏။

"စဉ်းစားကြည့်လေကွာ နေရီလုပ်ရပ်က လွန်နေပြီ၊ ခရီးထွက်သွားတဲ့ကိစ္စကို ငါ့ကို ဘာမှမပြောဘူး၊ မင်းတို့ပြောမှ သိရမယ်ဆိုက တည်းက မဖြစ်သင့်တော့ဘူး၊ ဘွဲ့ဂုဏ်ထူးဆိုတဲ့ကောင်က အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အခုထိ မာနတွေ အစွယ်ကျိုးနေတဲ့ကောင် မဟုတ်ဘူး''

''မင်းကလည်းကွာ အမြဲတမ်း အလျှော့ပေးခဲ့ပြီးမှ အခုမှ ဘာလို့ ဒီလောက် ဒေါသကြီးရတာလဲ''

ကျော်လွှန်းစကားက ထိရုပါသည်။ အမြဲတမ်း အလျှော့ပေးခဲ့သူက သူ။ ဒါပေမဲ့ ဒါကို နေရီက ပိုပြီး အနိုင်ယူတာတော့ လက်မခံနိုင်ပါ။ ဘွဲ့ ဆိုတဲ့ကောင်ကို ချစ်သူတစ်ယောက်လို သဘောမထားဘဲ သူမ လုပ်နေပုံက လက်ခုပ်ထဲက ရေ ဆိုသည့် သဘော။

''ထားလိုက်တော့ကွာ မင်းတို့ စောင့်ကြည့်လိုက် နေရီအပေါ်မှာ ငါ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး''

စကားအဆုံးမှာ သူ ချာခနဲ လှည့်ထွက်ခဲ့သည်။ သူ့ကိုငေး ကြည့်နေရင်း ဒီကောင်တွေ ဘာတွေ ဝေဖန်နေကြဦးမှာလဲ မသိပါ။

ကျောင်းမှာတုန်းကတည်းက နေရီ အချစ်ကိုရဖို့အတွက် သူ ငယ်ချင်းတစ်ယောက်အဖြစ်နှင့် သူ တစ်နှစ်ကျော် စောင့်ခဲ့ရဖူးသည်။ ဒုတိယနှစ်ရောက်မှ နေရီရဲ့ အဖြေကို ရခဲ့ကာ တရားဝင်ချစ်သူ ဖြစ်ခဲ့ သည်။

နောက်ဆုံး ကျောင်းပြီး ဘွဲ့ရတဲ့အထိ သူတို့နှစ်ယောက် အတွဲ ညီခဲ့ကြသည်။ ချောတာကော ဥစ္စာခနေ ပြည့်စုံတာကော လိုက်ဖက်ညီသော သူတို့စုံတွဲသည် ကျောင်းမှာတော့ ပေါ်ပြူလာ ဖြစ်ခဲ့သည်။

တကယ်ဆို ဘွဲ့ဂုဏ်ထူးဆိုသည့် သူသည်လည်း တစ်ဦးတည်း သော သားမို့ မာနကလည်း ကြီးကြီးပါပဲ။ နေရီနှင့်ပတ်သက်ရင်တော့ သူ့ဘက်က လျှော့ပေးခဲ့တာ ချစ်သူဆိုတဲ့ အသိကြောင့် ဖြစ်သည်။

ဒါကို နေရီ အခုချိန်ထိ နားမလည်သေးဘူးတဲ့လား။

ချောတယ် ချမ်းသာတယ်၊ လိုချင်တဲ့ ယောကျ်ား ခေါင်းခေါက် ရွေးလို့ရတယ်ဆိုတဲ့ မာနတွေနဲ့ ကိုယ့်ကို မင်း နှိမ်ချိုးဖို့ အခုထိ ရင်ထဲမှာ



အမြစ်တွယ်နေသေးရင်

ဆောရီးပဲ နန်းနေရီ။

မိန်းမတစ်ယောက်ရဲ့ ခြေရင်းမှာ ပြားပြားဝပ် မာနတွေ မီးရှို့ သင်္ဂြိုဟ်လိုက်မယ့်ကောင်တွေထဲမှာ ဘွဲ့ဂုဏ်ထူး မပါဘူး။

စောင့်ကြည့်လိုက်.မင်းနဲ့ငါ ဘယ်သူက မာနနဲ့ ပြတ်သားနိုင် မလဲဆိုတာ. . .။

■ ■ ■

နန်းနေရီနှင့် ပတ်သက်ပြီး မကြည်လင်သော စိတ်တွေက အိမ်ပြန်ရောက်တော့လည်း ထပ်ကြုံဆုံရပြန်သည်။

ကိုယ့်စိတ်တွေ ပေါ့ပါးသွားအောင် အခန်းထဲအောင်းပြီး သီချင်းတွေ နားထောင်နေခဲ့တာ တစ်နာရီကျော် ကြာသည်။ နေ့လယ် ဘက် ရောက်မှ အခန်းထဲက ထွက်ကာ ခြံထဲဆင်းလမ်းလျှောက်မည် တွေးကာ ဆင်းခဲ့ရင်း ဧည့်ခန်းထဲမှာ ဖေဖေနှင့် ဒေါ်ခင်သက်ခြယ်တို့ ပြောနေသော စကားတွေကို လှေကားထိပ်မှာပဲ သူ ကြားလိုက်ရတာ ဖြစ်သည်။

''ခွင့်တောင်းစရာ မလိုပါဘူး သက်ရယ်၊ အခက်အခဲ ဖြစ် နေတာပဲ ကူညီရမှာပေါ့၊ သက် တူမကို ခေါ်လိုက်ပါ၊ ဒီမှာနေဖို့ စားဖို့အတွက် ဘာမှမပူဘဲ လာနေလို့ ရပါတယ်''

''ကို ခွင့်ပြုတယ်ဆိုရင် သက် ခေါ်လိုက်မယ်လေ၊ သက် တူမလေးကို တစ်ယောက်တည်း နေတာ စိတ်မချလို့ပါ''

''ခွင့်ပြုပါတယ် သက်ရယ်၊ သက် တူမက ကိုယ့်တူပေါ့၊ ဆွေမျိုးတွေပဲကွာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ရှိရမှာပေါ့''

သူ မျက်မှောင်ကုပ်ပြီး နားထောင်နေရင်း ယောကျ်ားမနပ်စိတ်က

www.burmeseclassic.com



ရင်ထဲအထိ ဆောင့်ခုန်ဝင်လာသည်။ ဒေါ်ခင်သက်ခြယ် ဘာတွေ ပြောနေပြန်ပြီလဲ။ ဖေဖေကလည်း ဒီမိန်းမ ပြောသမျှ ပုတ်သင်ညိုလိုပဲ ခေါင်းညိတ်နေတာ မဟုတ်သေး။

သူ လှေကားထစ်တွေအတိုင်း ဆင်းလာတာ မြင်တော့ ဒေါ်ခင်သက်ခြယ် ဖေဖေနှင့်အတူ ထိုင်နေရာက ထရပ်သည်။

"ကိုတို့ ထမင်းစားတော့မယ်ဆိုရင် သက် သွားပြင်ဆင်လိုက်ဦးမယ်နော်"

ဒေါ်ခင်သက်ခြယ် တမင်ပဲ ရှောင်ထွက်ပေးသွားတာလား မသိပါ။ မီးဖိုခန်းဘက် ထွက်သွားတာမို့ သူ ဧည့်ခန်းထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

ဖေဖေက သူ့ကို မော့ကြည့်ပြီးမြွရင်း

"သား ဖေဖေတို့အတူ ထမင်းစားကြရအောင်၊ သား စားမယ် မဟုတ်လား"

"သား ဖေဖေ့ကို မေးစရာရှိလို့"

"ဘာမေးမလို့လဲ သား မေးလေ"

လက်ထဲက ဖတ်ဖို့ ဟန်ပြင်နေသော ဂျာနယ်ကို ပြန်ချကာ ဖေဖေ သူ့ကို ကြည့်သည်။

"စောစောက သား ဒေါ်ခင်သက်ခြယ် ပြောတဲ့စကား ကြားလိုက်လို့ပါ၊ သူ့တူမကိစ္စဆိုတာ"

"သြော် သက် အစ်မရဲ့သမီးတစ်ယောက်ပါ၊ မိဘနှစ်ပါးလုံး မရှိကြတော့ဘူး၊ ရန်ကုန်မှာ တစ်ယောက်တည်း လာနေတာ"

"သား အဲဒါတွေ စိတ်မဝင်စားပါဘူး ဖေဖေ၊ သား သိချင်တာက အဲဒီတူမက ဒီမှာ လာနေဖို့ ခွင့်တောင်းနေတယ်ဆိုသလား ကြားလိုက်လို့"

ဖေဖေ သူ့ကို ရှေ့ကြော်ငြာမျက်မှန်ထဲက စိုက်ကြည့်နေ၏။ ဖေဖေ့ရဲ့



မျက်ဝန်းတွေထဲမှာ သူ့ကို အလိုမကျအရိပ်တွေ ခပ်ပါးပါးတော့ လွှမ်းခြုံနေသည်။ ဖေဖေ့စကား မဆုံးခင် သူ ဖြတ်မေးပစ်လိုက်တာ လွန်သွားမှန်း သိ၏။

တကယ်ဆို ဒီလို လုပ်ရပ်မျိုး ဖေဖေ မကြိုက်မှန်းလည်း သူ သိပါသည်။ ဒါပေမဲ့ စိတ်က တိုနေတာမို့ တမင်ပဲ သူ ကျူးလွန်မိတာကို ဖေဖေ နားလည်ပေးမည် ထင်ပါသည်။

"ဟုတ်တယ် သား၊ သက် တူမ ဒီမှာလာနေဖို့ကို ဖေဖေ ခွင့်ပြုလိုက်တာပဲ"

"မဟုတ်သေးဘူး ဖေဖေ၊ အိမ်ပေါ်ကို နောက်ထပ် မိန်းကလေး တစ်ယောက်ကို ဖေဖေ ဘာလို့ အလွယ်တကူ ခေါ်တင်လိုက်တာလဲ"

"သား မင်း ဖေဖေ့ကို မေးခွန်းတွေ ထုတ်မနေနဲ့တော့၊ သက့်ကို ဖေဖေ တရားဝင် လက်ထပ်ထားတာနော်၊ ဒါကို သား လက်မခံချင်လည်း လက်ခံရလိမ့်မယ်"

ဖေဖေ့လေသံက မာထန်နေတာမို့ ဖေဖေ ဒေါသထွက်လာမှန်း သူ နားလည်လိုက်သည်။ သူ ခေါင်းငုံ့ပြီး ငြိမ်သက်နေပေမယ့် စိတ်ထဲ အတော့ ဖေဖေ့ လုပ်ရပ်တွေအတွက် ဒေါသတွေ ထွက်နေတာ အမှန်။

လက်မခံနိုင်ဘူးလို့လည်း အကြိမ်ကြိမ် ငြင်းဆန်နေမိ၏။

"မင်းမေမေ ဆုံးပါးပြီး ငါးနှစ်ကျော်လုံးလုံး ဖေဖေ့ရဲ့ဘဝကို မင်းအတွက် အပြည့်အဝ ပေးခဲ့တယ်၊ အခုချိန်ထိလည်း ဖေဖေ့ဘက်က မေမေ တစ်ယောက်ရဲ့ တာဝန်ဝတ္တရား ဘာပျက်ခဲ့သလဲ မင်းပြောပါ"

ဖေဖေမေးခွန်းတွေ သူ့ကို ပြန်ထုတ်နေသည်။ သူ နှုတ်ဆိတ် နေချိန်အထိ ဖေဖေ စူးစူးနစ်နစ် စိုက်ကြည့်နေပြီးမှ

"ဘာမှ မယှစ်ဟင်းခဲ့ဘူးဆိုတာ သား လက်ခံတယ် မဟုတ်လား ကောင်းပြီ မိဘတစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေတင် မကဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သား အပေါ်မှာ ဖေဖေ့ရဲ့ ချစ်ခြင်းမေတ္တာကလည်း မလျော့ပါးခဲ့ဘူး''

သူ ဖျတ်ခနဲ မော့ကြည့်တော့ သူ့မျက်ဝန်းတွေထဲကို ရင်ဆိုင်စူးစိုက်ကြည့်နေသော ဖေဖေ့မျက်ဝန်းတွေနှင့် ထိပ်တိုက်ဆုံသည်။

ဖေဖေဟာ သူ့အပေါ်မှာ ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့တာ သူ မငြင်းပါဘူး။ ဒါပေမဲ့ ဖေဖေ့ရဲ့မေတ္တာ သံယောဇဉ်တွေကိုတော့ သူ သံသယဝင်ခဲ့တာ အမှန်ပဲလေ။ သားတစ်ယောက်တည်းကိုပဲ ချစ်ခဲ့သည် ဆိုသော ဖေဖေက သူ လက်မခံပါဘဲ ဒေါ်ခင်သက်ခြယ်ကို လက်ထပ်ယူခဲ့သည်။

ဒေါ်ခင်သက်ခြယ် ဆိုတာ သမီးတစ်ယောက် အမေ မုဆိုးမတစ်ယောက်မို့ သူနှင့်အရွယ်ချင်း လေးနှစ်လောက်သာ ကွာခြားသော ချစ်ရိပ်ခြယ်ပါ အိမ်ပေါ်ပါလာသည်။

အခုလည်း နောက်ထပ် သူစိမ်းမိန်းမတစ်ယောက် အိမ်ပေါ်ထပ်ရောက်လာဦးမည်ဆိုတော့ သူ လက်မခံနိုင်ပါ။

''သက်ကို ဖေဖေ ဘာကြောင့် လက်ထပ်သလဲ၊ သားမေးချင်နေတာလား။ ဖေဖေ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် သား၊ ခင်သက်ခြယ်ဆိုတာ ဖေဖေ့ရဲ့ ငယ်သူငယ်ချင်း ဆိုတာထက် ပိုပြီး ရင်းနှီးကျွမ်းဝင်ခဲ့သူပါ''

''ဟင်''

သူ အံ့သြသွားမိသည်။ ဒါဆို ခင်သက်ခြယ်က ဖေဖေ့ရဲ့ ငယ်ချစ်ဦးလို့ ဖေဖေ ဆိုလိုလိုက်တာပေါ့။

''သား အံ့သြကောင်း အံ့သြမယ်၊ မဆန်းပါဘူး သား။ ဒီအကြောင်းတွေကို သား မေမေလည်း သိပါတယ်၊ ဖေဖေကော ခင်သက်ခြယ်ပါ မိဘစကားတွေ နားထောင်ပြီး လမ်းခွဲခဲ့ကြတာပါ''

ဖေဖေ့ရဲ့လျှို့ဝှက်သော အတိတ်တွေကို ပြန်ကြားနေရတာ သူ



အံ့သြစရာဖြစ်နေ၏။ ဖေဖေနဲ့မေမေတို့ နှစ်ဦးစလုံး သူ့ရှေ့မှောက်မှာ တစ်ခါမှ စကားမများဘူးခဲ့၊ ရန်မဖြစ်ဘူးခဲ့ပဲ အိမ်ထောင်ရေးက သာယာခဲ့၏။

အချစ်မပါပေမယ့် သံယောဇဉ်နှင့် နားလည်မှုတွေကြောင့်ပဲ ထင်၏။

''အခု ဖေဖေတို့နှစ်ယောက် ပြန်ဆုံချိန်မှာ ဖေဖေ့ဘဝလည်း နေဝင်သည် ဆုံးပါးလို့ အထီးကျန်နေချိန်၊ သူလည်း ခင်ပွန်း လင်ဆုံးပါးသွားခဲ့ပြီ၊ ဖေဖေတို့ဘဝတွေ ပြန်ဆုံစည်းဖြစ်တာ ဘာတဏှာမက်မှု ရမ္မက်မှ မပါဘူး သား၊ အရင်တုန်းက သံယောဇဉ်တွေနဲ့ ပြန်နေဖြစ်ကြတာပါ''

ဖေဖေက ရှည်လျားစွာ ရှင်းပြ ဝန်ခံနေသည်။ သူ လက်ခံနားလည်ပေးနိုင်မေမယ့် စိတ်ထဲကတော့ သံသယကြီးက ပျောက်ပျက်မသွားသေး။

ဖေဖေ့ဘက်က ဖြူစင်ရိုးသားသည်ဆိုဦးတော့ ဒေါ်ခင်သက်ခြယ်စိတ်က ဖေဖေနှင့်ထပ်တူ ရှိဖို့ မယုံရဲပါ။

အခုပဲကြည့် တူမဆိုသော ဆွေတော်မျိုးတော်ကို အိမ်ပေါ်ခေါ်ထားဖို့ ကြိုးစည်အားထုတ်နေ၏။ ဒါ ဘာသဘောလဲ တကယ်ဆို သူ့ဘက်ကတောင် အခုချိန်အထိ သူမတို့ သားအမိကို ကြည်ဖြူလက်ခံသော အနေအထားပြခဲ့တာ မဟုတ်။

''သား အခု သက်ရဲ့တူမလေးကို ဖေဖေ ကူညီတာ လူသားစိတ်နဲ့ပါ၊ သက်ရဲ့တူမကို ဖေဖေ့ဘက်က ဖေဖေ့တူမလို သဘောထားသလို သားကလည်း မောင်နှမတွေလို သဘောထား ပေးနိုင်ရမှာပေါ့''

''ဒါတော့ ခွင့်လွှတ် ဖေဖေ၊ ကျွန်တော့်စိတ်က ခံစားလို့ မရဘူး၊ အဲဒီလို လက်ခံတယ်ဆိုရင် ဖေဖေ့သဘောပါ၊ ကျွန်တော်က ဘာမှ ပြောစရာ သဘောနှင့် မရှိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူ ညှိနှိုင်းထက ထွက်ခဲ့သည်။ ဖေဖေ သူ့ကိုစိတ်ပျက်သော မျက်နှာနှင့် ကြည့်နေမှာ သေချာ၏။

ဒီနေ့တစ်နေ့လုံး သူ ကြုံသမျှက ဘာမှမကောင်းပါလား။

နန်းနေရီ ကိစ္စကြောင့် ဒေါသထွက်ခံရခက်သည်။ အခုတစ်ခါ မကြာခင် အိမ်ပေါ်ရောက်လာမည့် အရှုပ်ထုပ်က တမျှော်။

ဘွဲ့ဂုဏ်ထူး အတွက် တကယ့် ပြဿဒါးနေ့ တစ်နေ့ပါလား။

■ ■ ■

## အခန်း (၅)

သောင်ပြင်ဖွေးဖွေး ပင်လယ်ပြာပြာ လှိုင်းတွေ တရိပ်ရိပ် ပြေးလာမှာကို စောင့်ကြိုနေသော ကျောက်ဆောင်တွေ။ မြင်ကွင်းတွေက လှပငြိမ်းချမ်းပေမယ့် သူ့ရင်မှာ ခံစားလို့မရတာ အမှန်ပဲဖြစ်သည်။

အစီအစဉ်မရှိ ရည်ရွယ်ချက် မရှိပါဘဲ တစ်ယောက်တည်း ထွက်ခဲ့သော ချောင်းသာ အပျော်ခရီးက ပျော်စရာမကောင်းတာတော့ သေချာသည်။

အခုပဲ သူ ချောင်းသာကမ်းခြေကို ရောက်နေတာ လေးရက်ရှိပြီ။

သူတည်းခိုသော ဟိုတယ်က မနက်စောစောထွက် သောင်ပြင်အတိုင်းလမ်းလျှောက်ကြည့်သည်။ လူငယ်လူရွယ်တွေရော လူကြီးတွေပါ သောင်ပြင်မှာ အဖော်ကိုယ်စီနှင့် လမ်းလျှောက်နေကြတာ မြင်သည်။

စောစောစီးစီး သောင်စပ်မှာ ဘောကွင်းတွေနှင့် ရေလှိုင်းစီးတာ ပင်လယ်ရေ စိမ်နေကြသူတွေလည်း ရှိသည်။

အားလုံးကတော့ စိတ်လွတ် ကိုယ်လွတ် ပျော်ရွှင်နေကြတာကို သူတို့မျက်နှာတွေ မြင်ရုံနှင့် အကဲခတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေခရီးကို အပန်းဖြေပျော်ဖို့ ထွက်လာကြသူတွေထဲမှာ သူကတော့ မပါတာ သေချာ၏။

အိမ်ကို ဒေါ်ခင်သက်ခြယ် တူမဆိုတာ လာနေမည်ဆိုကတည်းက သူ အိမ်မှာ မနေချင်တော့ပါ။ မနေချင်တာနဲ့ အိမ်ပေါ်က ဆင်းသွားရအောင်လည်း မဖြစ်ဟု သူ သိသည်။

ဒေါ်ခင်သက်ခြယ် လိုချင်တာ ဒါမျိုးဖြစ်ချင် ဖြစ်နိုင်၏။ သည်ခြံ သည်အိမ်ကြီးမှာ သူ မနေဘဲ ဆင်းသွားတော့ ဒေါ်ခင်သက်ခြယ် စိတ်တိုင်းကျ ခြယ်လှယ်နိုင်တော့မည်ပေါ့။

ဖေဖေနှင့်လက်ထပ်ပြီး အိမ်ပေါ်ရောက်လာကတည်းက ဒေါ်ခင်သက်ခြယ်က အိမ်မှုကိစ္စ အဝဝကို စိတ်တိုင်းကျ စီမံသည်။

ချက်ရေးပြုတ်ရေးကိစ္စတွေမှာ ထမင်းချက် ဒေါ်ညွှန့်နှင့်အတူ မီးဖိုထဲ ကိုယ်တိုင်ဝင် ချက်ပြုတ်သည်။ အိမ်မှုကိစ္စ သန့်ရှင်းရေးအတွက် ငှားထားသော မိငြိမ်း ဆိုသည့် ကလေးမနှင့်အတူ တစ်အိမ်လုံးကို သန့်ရှင်းပြင်ဆင်သည့် အလုပ်မှာလည်း ဝင်ပါတတ်သေး၏။

ဒါကိုပဲ ဖေဖေက မိန်းမပီသသော မိန်းမဟု ကြိတ်ကျေနပ်ချင် ကျေနပ်နေလိမ့်မည်။ သူကတော့ ရောက်ကတည်းက လက်ဝါးကြီးအုပ် နေရာယူဖို့ ကြိုးစားနေတာဟုပဲ မြင်သည်။

ပြီးတော့ ချစ်ရိပ်ခြယ်ကလည်း နှုတ်ရဲတင်းလွန်းသည်။ သူ့ကို ရောဖို့ ကြိုးစားနေတာ သူ မသိမဟုတ်ပါ။ သိနေသည်။

ဒါတွေကြောင့်လည်း သူ ခပ်တန်းတန်းပဲ ဆက်ဆံသည်။ ဒေါ်ခင်သက်ခြယ်ကိုလည်း တစ်နေ့လုံးနေလို့ စကားမပြောဘဲ နေပြသည်။ ဖေဖေ့ကို အပိုင်သိမ်း သူ့ကိုပါ သားဟု ခေါ်ကာ ချုပ်ကိုင်ဖို့ ကြိုးစားနေတာတော့ ဘယ်တော့မှ ရမည်ဟု မမျှော်လင့်နဲ့။

ဖေဖေနှင့် ဒေါ်ခင်သက်ခြယ် လက်ထပ်လိုက်ပြီ ဆိုကတည်းက



သူ့ဘက်ကလည်း ဖေဖေ့ကို စစ်အေးတိုက်စစ် ဖွင့်သည်။

ဘွဲ့ရပြီးလျှင် ဖေဖေ့ရဲ့ ကုမ္ပဏီကို ဖေဖေနှင့်ဦးဆောင်မည်ဆိုသော ကတိကိုဖျက်ကာ ကျော်လွန်းတို့နှင့် ပူးပေါင်းပြီး အီလက်ထရောနစ်ဆိုင် ဖွင့်ခဲ့သည်။ ဖေဖေကတော့ သူ့ဆန္ဒမှန်သမျှ ဖြည့်ဆည်းလိုက်လျောပေးခဲ့၏။

ဒေါ်ခင်သက်ခြယ်က သူ့အရေးကိစ္စတွေကို ဘာမှဝင်မစွက်ဘဲ နေပေးသည်။ သူမ ရည်ရွယ်ချက်က ဖေဖေ့လိုပဲ သူ့ကို စည်းရုံးသိမ်းသွင်းဖို့ပဲလား မသိ။ သူ မကြည်ဖြူတာ သိပေမယ့် မျက်နှာတစ်ချက် မပျက် ဆက်ဆံသည်။ နားလည်မှုတွေ ပေးခဲ့သည်။

ဒီလိုနေခဲ့သော သူမက အခုတော့ တိုက်ကွက်တစ်မျိုး ပြောင်းလာတဲ့ သဘောလားမသိ။ အိမ်ပေါ်ကို တူမတစ်ယောက် ခေါ်တင်ဖို့ ကြိုစည်လာ၏။ ဖေဖေကလည်း လက်ခံလိုက်ပြီဆိုတော့ သူ ရှုံးနိမ့်ခဲ့ပြီ။

ဖေဖေ ပိုင်ဆိုင်သော နှစ်ထပ်တိုက်ကြီးက မိသားစုဝင် ဆယ်ယောက်မက လွတ်လပ်စွာ နေထိုင်နိုင်တာ မှန်ပေမယ့် ဒေါ်ခင်သက်ခြယ်က သူမ အဆွေအမျိုးတွေ ခေါ်တင်လာတာကိုတော့ လက်မခံလိုပါ။

အခု သူ လက်မခံသောကိစ္စကြီး ဖြစ်မြောက်သွားပြီဆိုတော့ စိတ်ညစ်ပြီး အိမ်က ရှောင်ထွက်ခဲ့ရတာ သူပဲဖြစ်သည်။

ဒေါသတွေ အလိုမကျမှုတွေ စိတ်ညစ်ရှုပ်ထွေးမှုတွေကို သယ်ဆောင်လာခဲ့ရသော သူ့ရင်ကို ပင်လယ်ကမ်းခြေက လေပြည်တွေကလည်း မအေးမြစေခဲ့။ စိတ်အာရုံက ထိုအကြောင်းတွေကိုပဲ တွေးနေမိ၏။

ကျော်လွန်းတို့သာ ပါလာရင် ဒီလောက် အထီးကျန်မှာမဟုတ်။ ခက်တာက သူတို့နှစ်ယောက်စလုံးက သူ့ကိုတောင် မသွားအောင် တားချင်ကြသေး၏။ ဆိုင်မှာ အလုပ်တွေက မအားလပ်အောင် ရှိနေတာ သိရက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ ခွတ်ထွက်ခဲ့တော့လည်း ဒီနှစ်ယောက် နားလည်ပေးကြပါ သည်။

"မင်း အရမ်းသွားချင်လည်း သွား။ စိတ်ပြေလက်ပျောက်ဖြစ်မှ ပြန်လာခဲ့ပေါ့။ ဆိုင်အတွက် မပူနဲ့ မင်း အပန်းဖြေတာ ငါတို့ပင်ပန်းသလို ပဲပေါ့ကွာ"

ရယ်ရယ်မောမောနှင့်ပဲ သူ့ဆန္ဒကို ခွင့်ပြုခဲ့ကြသည်။ အခုတော့ ချောင်းသာမှာ သူ တစ်ယောက်တည်း ယောင်ချာချာ အူတူတူနှင့် ပင်လယ်ရေတောင် တစ်ခါမှ မချိုးဖြစ်သေးပါ။

မနက်ဆို ကမ်းခြေလမ်းလျှောက် လွတ်လပ်ပျော်နေသူတွေ ကြည့်ကာ ပြန်ခဲ့ရတာ ဟိုတယ်က အခန်း။

ပြီးတော့ တစ်နေကုန် ဟိုတယ်ခန်းထဲမှာ အိပ်လိုက် ထိုင်လိုက် တွေးလိုက်နှင့် စိတ်တွေက ပြေလျော့မသွား။

နှစ်ပတ်လောက်နေမည်ဆိုသော စိတ်ကူးက ငါးရက်တောင် မပြည့်သေးခင် ပြန်ပြေးချင်နေပြီ။ ရင်ဖွင့်ဖော် အဖော်မပါတော့ ပိုဆိုး သည်။

မသောက်မစားတတ်သူ ဆိုတော့ ညနေ ဟိုတယ်စားသောက် ခန်းမှာ ထမင်းစားပြီးသည်နှင့် ဟိုတယ်ထဲ ပြန်ဝင်ပြီး ငူငူငေါင်ငေါင် နေရသော အချိန်တွေက အဆိုးဆုံးဖြစ်၏။

ညနေခင်း ပင်လယ်ရှုခင်းတွေကလည်း သူ့အတွက် ရိုးအီနေပြီ။

ဟိုတယ်အခန်းထဲမှာပဲ ဝင်နေကာ ဘောလုံးပွဲ အစီအစဉ်ကို ဖွင့်ကြည့်နေလိုက်၏။

ထိုအချိန်မှာပဲ မွေ့ရာပေါ် ပစ်တင်ထားသော ဟန်းဖုန်းလေးက မြည်လာ၏။ ကျော်လွန်းတို့ဆီက ဖုန်းပဲ ဖြစ်မည်ထင်သည်။

"ဘွဲ့ ဘွဲ့လားဟင်"

ကြားလိုက်ရတာ နေရီအသံမို့ သူ အံ့ဩသွားမိသည်။ တစ်ပတ်



ကျော်ကျော် မတွေ့ခဲ့ မကြားခဲ့ရသော နေရီအသံကို ဒါ ပထမဆုံး ကြားရတာ ဖြစ်ပေမယ့် သူ အံ့ဩလှုပ်ခတ်မှု သိပ်မဖြစ်တော့ပါ။

နဂိုစိတ်ရင်းခံကပဲ ညစ်ညူးနေတာကြောင့်လား၊ နေရီအပေါ်မှာ သူ့စိတ်က သွေးအေးသွားတာကြောင့်လား မဆိုတတ်ပါ။

"ဘွဲ့ ဘွဲ့"

"ပြောပါ နေရီ ကိုယ်နားထောင်နေတယ်"

"ဘွဲ့ အခု ဘယ်မှာလဲ၊ ချောင်းသာမှာလား"

"ဟုတ်တယ် ဘာကိစ္စရှိလို့လဲ နေရီ"

"ဘွဲ့ အဲဒီလို သူစိမ်းမဆန်နဲ့ကွာ၊ ဘာလဲ တို့ကို စိတ်ဆိုးနေတာ လား"

"ကိုယ်က စိတ်ဆိုးရအောင် မိန်းမဆန်တဲ့ကောင်မှ မဟုတ်တာ ဘဲ"

"ဆောရီး ဘွဲ့ရယ်၊ တို့ တောင်းပန်ပါတယ် နော်"

"ဘာကို တောင်းပန်တာလဲ နေရီ၊ ဒါ တောင်းပန်ရမယ့်ကိစ္စ မဟုတ်ဘူး၊ မင်းလုပ်သွားတာ မင်းတွေးကြည့်၊ ဘာလဲ ဘွဲ့ဂုဏ်ထူး ဆိုတဲ့ကောင်က မင်းအလိုရှိရင် အပြေးလာ၊ အလိုမရှိရင် ခေါက်သိမ်းပြီး ဥပေက္ခာပြုထားလို့ရတဲ့ကောင်လို့ မင်းထင်နေသလား"

ရင်ထဲက ဒေါသအစိုင်အခဲတွေကို သူ အဆီးအတား ကင်းမဲ့စွာ နှင့်ပဲ ဖွင့်အံထုတ်ပစ်မိသည်။ ဒီအတွက် နေရီ ချက်ချင်း ဖုန်းချသွား တော့လည်း နားအေးပါသည်။ ဒါပေမဲ့ နေရီက ဖုန်းချမသွားခဲ့ဘဲ

"ဘွဲ့ အရမ်းဒေါသတွေ ဆူဝေနေရင် တို့ နောက်မှ ရှင်းပြ တောင်းပန်မယ်၊ အခု တို့မေးချင်တာ ဘွဲ့အိမ်မှာ ရောက်နေတဲ့ မိန်းက လေး သူက ဘယ်သူလဲ"

နေရီ အမေးစကားကြောင့် သူ မျက်မှောင်ကျုံ့သွားမိ၏။ အိမ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒေါ်ခင်သက်ခြယ်ရဲ့ တူမ ရောက်နေပြီ ထင်သည်။

"ဘယ်သူလဲ ဘွဲ့၊ ပုံစံကတော့ တော်တော် မာနကြီးမယ့်ပုံပဲ၊ တို့ပြန်လာတော့ ဘွဲ့အိမ်ရောက်တော့ တွေ့တယ်၊ ဘွဲ့ကိုမေးတော့ ဘာပြောတယ် မှတ်သလဲ"

"ဘာပြောလို့လဲ နေရီ"

နေရီအပေါ် ဆုံဝေနေသော ဒေါသတွေပျောက်ကာ သူ မေးမိသည်။

"အဲဒီနာမည်နဲ့လူအကြောင်း ကျွန်မ မသိဘူးတဲ့၊ လောလောဆယ် ဒီအိမ်မှာ မရှိဘူးတဲ့"

စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။ ကိုယ် လာမှီခိုတည်းမည့် အိမ်က အိမ်ရှင်နာမည်တွေတောင် ဒီမိန်းမက မသိဘူးတဲ့လား။

"မျက်နှာကြောကတော့ မာတင်းနေတာပဲ၊ နေပါဦး အဲဒီ သူက ဘွဲ့နဲ့ ဘာတော်သလဲ"

"ဟင့်အင်း ဘာမှမတော်ဘူး။ အဲဒါ ဒေါ်ခင်သက်ခြယ်ရဲ့ တူမတဲ့၊ အိမ်မှာ လာနေမလို့တဲ့"

"ဟင် ဘွဲ့ရဲ့ မိထွေးကလည်း ရှိသမျှ ဆွေမျိုးတွေ အိမ်ပေါ်ခေါ်တင်နေပြီလား၊ ပြီးတော့ မိန်းကလေးတွေချည်းပဲ"

"အဲဒီအကြောင်းတွေ မကြားချင် မမြင်ချင်လို့ ကိုယ် ရှောင်းသာကို ထွက်ခဲ့တာ နေရီ၊ ဖေဖေ ခွင့်ပြုပြီးတဲ့ကိစ္စ ကိုယ် ဘာတတ်နိုင်မှာလဲ"

"အဲဒါ ဘွဲ့ မှားတာပဲ၊ ကိုယ့်အိမ်ရောက်လာတဲ့သူကို ကိုယ်က ပြန်ကြောက်နေရသလား"

"ဘာ ကိုယ်က ဘာကိုကြောက်ရမှာလဲ၊ မမြင်မတွေ့ချင်လို့ တောင် ရှောင်ထွက်လာတာ၊ တော်တော့ နေရီ အဲဒီကိစ္စ ကြားတောင်



မကြားချင်ဘူး"

နေရီ စကားက သူ့ရင်ကို ထိထိရှရှ စူးနစ်စေသည်။ ဒေါ်ခင်သက်ခြယ်ရဲ့ ရည်ရွယ်ချက်က ဒါတဲ့လား။ ဒါဆိုရင်တော့ သူ လုပ်နေတာတွေက လွှဲချော်နေတာ သေချာ၏။

"ကဲပါ ဘွဲ့ရယ် ပြန်ခဲ့ပါတော့နော်၊ တို့ ဘွဲ့ကိုတွေ့ချင်တယ်၊ ဘွဲ့စိတ်ဆိုးနေရင်လည်း တောင်းပန်ချင်တယ် နော် ဘွဲ့ ပြန်ခဲ့နော်"

ချွဲချွဲနွဲ့နွဲ့နှင့် နေရီ တောင်းပန်သလို ဆိုနေတာကို သူ့ မကြားလူး ကြားနေရ၏။ သူ ထွက်ခဲ့တာ ဖေဖေ့ကို ဆန္ဒပြ စစ်အေးတိုက်တာဖြစ်ပေမယ့် အကျိုးသက်ရောက်သွားတာက နေရီ ဖြစ်နေပါလား။

နေရီ တကယ်ပဲ သူ့ကို စာနာ နားလည်တတ်ပြီလား။

"ဘွဲ့ တို့ပြောတာ ကြားပါတယ်နော်"

"အင်း ကိုယ် မနက်ဖြန် ပြန်ခဲ့မှာပါ"

"အိုကေ ဒါဆို ဘွဲ့အိမ်ကို တို့ လာခဲ့မယ် ဟုတ်လား"

နှုတ်ဆက်ပြီး နေရီ ဖုန်းချသွားသည်။ သူကတော့ တီဗီကိုပိတ်ကာ ခုတင်မှာ ဝင်လှဲလိုက်သည်။ နေရီ စကားတွေက နားထဲမှာ ပြန်ကြားလာပြန်၏။

သူ လုပ်ခဲ့တာ မှားပြီလား။ အိမ်မှာ ခွင့်တောင်းလာနေမည့် မိန်းမတစ်ယောက်ကြောင့် ရှောင်ထွက်ခဲ့တာ မဟုတ်သေးဟု ထင်သည်။

သူ ရန်ကုန်ကို ပြန်မှပဲ ဖြစ်မည်။

ဒီမိန်းမတွေကြောင့်ပဲ သူက ရှောင်ထွက်သွားရတာမျိုး ဘယ်တော့မှ မဖြစ်စေရ။

ဘွဲ့ဂုဏ်ထူး ဆိုတာ ဦးမြတ်တုန်းထူးရဲ့ သွေးသားရင်းချာပဲလေ။ ဒါကို ဘယ်သူက သွေးခွဲလို့ ရမှာတဲ့လဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တက္ကစီ ကားလေး ခြံရှေ့မှာ ထိုးရပ်သည်နှင့် ကျသင့်ငွေကို ထုတ်ရှင်းပေးပြီး သူ ခရီးဆောင်အိတ်ကြီး ဆွဲကာ ဆင်းလိုက်သည်။

ခြံတံခါးရှေ့ သူ ရပ်မိသည်အထိ တံခါးကို လာဖွင့်ပေးသူ မရှိသေး။ စိတ်မှာ မျက်ခနဲ ဖြစ်သွားရင်း ခြံထဲကို လှမ်းကြည့်တော့ နှင်းဆီပန်းအိုးတွေ အနီးမှာ ကျောပေးရပ်နေသော မိန်းကလေးတစ်ယောက်ကို လှမ်းမြင်သည်။

ပခုံးသာသာလောက်ပဲ ရှိပုံရသော ဆံညှိုတွေကို ဂုတ်ပိုးအနောက်မှာ စုစည်းထားပြီး တီရှပ်ပွပွ အပြာရောင်နှင့် အနီပွင့်ရိုက်လုံချည်ဝတ်ဆင်ထားသော မိန်းကလေးက ချစ်ဖို့ခြယ် မဟုတ်တာတော့ သေချာသည်။

ဒါ ဒေါ်ခင်သက်ခြယ်ရဲ့ တူမဆိုတာပဲ ဖြစ်မည်ထင်၏။

ဘွဲ့ နှုတ်ခမ်းတွေ မဲ့ကျသွားရင်း ခြံတံခါးက လူခေါ်ဘဲလ်လေးကို ဖိနှိပ်ခေါ်လိုက်သည်။

သူမ ခြံဝဆီကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ဖြူသော အသား



အရည်ကြောင့် ဝင်းခနဲ မြင်လိုက်ရသော မျက်နှာက တစ်ခဏလေးမှပဲ ဖြစ်၏။

"ဟင်"

သူ ထင်မှတ်ထားတာ ခြံတံခါးဆီကို သူ လျှောက်လာမည်ဟု အနေတော့ သူမက ခူးထားသော ပန်းတွေကို ပွေ့ပိုက်ကာ အိမ်ထဲလှမ်းဝင်သွား၏။

ဒါ ဘာလုပ်တာလဲ။ သူမှန်းသိရက်နဲ့ တမင်လုပ်သွားခဲ့တာလား။ စိတ်ထဲမှာ ထောင်းခနဲ ဒေါသထွက်သွားခဲ့ကာ ခြံတံခါးက လူခေါ်ဘဲလ်လေးကို သူ မလွှတ်တော့ဘဲ ဖိနှိပ်ထားလိုက်သည်။

ချက်ချင်းပဲ အိမ်ထဲက ပြေးထွက်လာသော ဦးနိုင်တူးကို တွေ့လိုက်ရမှပဲ သူ့ လက်ကိုပြန်ရုပ်လိုက်၏။

ဦးနိုင်တူး အပြေးတစ်ပိုင်း ခြေလှမ်းတွေနှင့် ခြံတံခါးဆီ ရောက်လာသည်။

"ဘာလို့ ခြံတံခါးကို လာမဖွင့်တာလဲ ဦးနိုင်တူး"

ဒေါသနှင့် မာဆတ်ဆတ်နိုင်သော သူ့အသံကြောင့် ဦးနိုင်တူး မျက်စိမျက်နှာပျက်နှင့် တောင်းပန်၏။

"မဟုတ်တူး မောင်ဘွဲ့ ညဲ့ခန်းထဲက မီးကျွမ်းသွားလို့ အသစ်ပြန်တပ်ပေးနေလို့ပါ"

"ဦးနိုင်တူးကို ပြောတာ မဟုတ်ဘူး။ စောစောက ပန်းခူးနေတဲ့ မိန်းမကို မေးနေတာ။ ကျွန်တော် ရောက်နေတာ မြင်ရက်နဲ့ အိမ်ထဲဝင်သွားတာ"

"သြော် ပဏ္ဍာ ကို ပြောတာ ထင်တယ်၊ သူက မမလေးရဲ့ တူမလေ မောင်ဘွဲ့ရဲ့"

"အဲဒါတွေ ကျွန်တော် စိတ်မဝင်စားဘူး။ ကျွန်တော် ဘဲလ်တီး

www.burmeseclassic.com

www.burmeseclassic.com



နေတာ မြင်ရက် တွေ့ရက်နဲ့ အထဲပြန်ဝင်သွားတာ အဲဒါ ဘာသဘောလဲ"

"သူ ဦးနိုင်ကို လာပြောလို့ ဦးနိုင် လာဖွင့်ပေးတာပါ မောင်ဘွဲ့"

ခြံတံခါးကို လာဖွင့်ပေးရမှာ သူမအလုပ် မဟုတ်ဘူးဟု သတ်မှတ်ထားတဲ့ သဘောပေါ့။ တကယ်ဆို ဦးနိုင်တူး အလုပ်ဆိုပေမယ့် ဦးနိုင်တူးက ညွှန်းထဲမှာ အလုပ်နှင့်ဖြစ်နေခဲ့တာပဲ။

သူမ ခြံတံခါး လာဖွင့်ပေးရတာ ဘယ်လောက်များ ပင်ပန်းသွားမှာမို့လဲ။ ဒီအိမ်မှာ ဒီလိုပဲ အားလုံးက မိသားစုလို နေကြတာဖြစ်သည်။ ဦးနိုင်တူး အလုပ်မအားခဲ့လျှင် သူလည်း ခြံတံခါး ပြေးဖွင့်ပေးရတာပဲ ဖြစ်၏။

အခုတော့ သူမက ရောက်လာတာ မကြာသေးပါဘဲ အချိုးက မပြေတာ သေချာနေ၏။ နေရီ ပြောသလို အကြောကြီးနဲ့ မာနထောင်လွှားတဲ့ သဘောလား။ ဒါမျိုးတော့ သူ လက်မခံနိုင်တာ အမှန်။

ဦးနိုင်တူး ဖွင့်ပေးသော ခြံတံခါးက ခြေလှမ်းကျဲကျဲကြီးတွေနှင့် သူ လှမ်းဝင်ခဲ့စဉ်မှာပဲ သူမလည်း အိမ်ထဲက ပြန်ထွက်လာ၏။

သူ့ကိုတစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ခြံထဲကိုပဲ ခြေလှမ်းတွေ ဦးတည်နေတာမို့

"ဟေ့ ဟေ့ မင်း ခဏနေဦး"

သူ့ခေါ်သံကြောင့် မော့ကြည့်လာသော မျက်နှာကို မြင်မိခိုက်မှာ သူ ခြေလှမ်းတွေတောင် တွန့်ခနဲ ဖြစ်သွားမိ၏။

ဝင်းမွတ်နေသော မျက်နှာပေါ်က မျက်ခုံးတန်းတန်းတွေ၊ မာနရိပ်တို့ ထင်နေသော မျက်ဝန်းတွေ၊ ဆေးရောင်မခြယ်ဘဲ ရဲရဲစိုနေသော နှုတ်ခမ်းပါးလေးတွေ အားလုံးကို သူ မှတ်မိနေခဲ့သည်။

"မင်း မင်းကို ငါ မှတ်မိတယ်"

မျက်ခုံးတန်းတန်းလေး ကွေးကျသွားသည်။ နှုတ်ခမ်းပါးလေး



တွေလည်း တွန့်ခနဲ ဖြစ်သွား၏။

"မှတ်မိတယ် ဟုတ်လား၊ ကျွန်မကတော့ ရှင့်ကိုမသိတာ သေချာတယ်"

သူ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဒီမိန်းကလေး သူ့ကို မမှတ်မိဘူးဆိုတာ လိမ်ညာတာပဲ ဖြစ်မည်။ ဆံနွယ်တွေ အပြောင်သိမ်းထားသော မျက်နှာလေးက ချောမောသလောက် ချွေးတစ္စရဲ့ အဆီတပြန်ပြန်နေတတ်တာတော့ ရှုစရာကောင်းပါသည်။

သူ တွေ့ခဲ့တုန်းကလို ချွေးတစ္စရဲ့ မျက်နှာမဟုတ်ပေမယ့် သနပ်ခါးလေးတောင် တင်မထားသော မျက်နှာက ပကတိအတိုင်း။

ဘယ်လိုနေနေ လှသည်ဆိုတာကို သိလို့ပဲလားမသိ ဝတ်ထားစားထားတာလည်း တကယ့် ပိုသီဖတ်သီပါပဲ။ တီရှပ်ပွကြီးကို အပြင်ထုတ်ဝတ်ထား၏။

"မင်း မမှတ်မိတာ ထား၊ ကိုယ် ပြောချင်တာ မင်း စောစောက ကိုယ့်ခြံက ခေါ်နေတာ မြင်ရက်နဲ့ ဘာလို့ တံခါးလာမဖွင့်ပေးတာလဲ"

သူ မာမာထန်ထန်ပဲ မေးသည်။ သူမကလည်း တင်းထားသော မျက်နှာကို တစ်ချက်လေးတောင် လျော့မချဖြစ်ဘဲ

"ပြောပြီးပြီလေ၊ ရှင့်ကို ကျွန်မ မသိဘူး၊ ပြီးတော့ ကျွန်မက ဒီအိမ်သားမဟုတ်ဘူး"

"အေး မသိရင် မှတ်ထား၊ ငါ့နာမည် ဘွဲ့ဂုဏ်ထူး၊ ဒီအိမ်နဲ့ခြံက ငါနေတဲ့အိမ်ပဲ၊ မင်းက ဒေါ်ခင်သက်ခြယ်ရဲ့ တူမ မဟုတ်လား"

ခေါင်းမညိတ် ခေါင်းမခါဘဲ သူ့ကို စူးစူးစိုက်ကြည့်နေပုံက အလေးမထား ဂရုမစိုက်ဟန်အပြည့်။ နေရီ ပြောသလို တကယ့် အကြောကြီးနှင့်ဆိုတာ သူ ယုံသွားသည်။

"အခု မင်း ဒီအိမ်မှာ လာနေမှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"နိုနေမယ် ပြောရအောင် ဒီအိမ်က ရှင် တရားဝင်ပိုင်တဲ့အိမ် လား"

ပက်ခနဲ ပြန်တုံ့ပြန်သည့် စကားက နည်းနည်းလေးမှ တင်စီးမခံသည့် ပုံစံပါပဲ။ ပါးရိုက်ရင် နားကိုက်မယ်ဆိုသော တုံ့ပြန်တတ်သည့် သူမစရိုက်ကိုလည်း သူ သိခဲ့ပြီးပြီ။

လိုင်းကားပေါ်မှာတုန်းက သူ ခံခဲ့ရပြီးပြီ။

"ဒါ ကိုယ့်ဖေဖေ ဦးမြတ်ဘုန်းထူးရဲ့အိမ်၊ ဘွဲ့ဂုဏ်ထူးဆိုတဲ့ ကောင်က တစ်ဦးတည်းသော သား၊ ဒါဆို မင်းသဘောပေါက်"

"အဲဒါတွေ ကျွန်မ စိတ်မဝင်စားဘူး ဘွဲ့ဂုဏ်ထူး၊ ကျွန်မ ဒီမှာ လာနေတာ အန်တီသက်ရဲ့ ဆန္ဒကြောင့်၊ အန်ကယ် ဦးမြတ်ဘုန်းထူး ကလည်း လိုလိုလားလား ခွင့်ပြုလို့ လာတာ"

"အေး ဖေဖေက လက်ခံပေမယ့် ကိုယ်က လက်ခံချင်တာ မဟုတ်ဘူး"

"အဟင်း ဒါဆိုလည်း ပြဿနာ မရှိဘူး။ ရှင့်ဖေဖေကို ရှင် ကိုယ်တိုင်ပြောလိုက်၊ အန်ကယ်က မနေနဲ့ဆိုရင် ကျွန်မ ခေါင်းညိတ်ပြီး ချက်ချင်း ဆင်းသွားလိုက်မယ်၊ အဲ ရှင်မကြည်ဖြူတာနဲ့တော့ ကျွန်မ ခေါင်းငုံ့ဆင်းမသွားဘူးဆိုတာ သေချာတယ်"

စကားအဆုံးမှာ သူမ ချာခနဲ လှည့်ကာ နှင်းဆီပန်းပင်တွေဆီ ဦးတည်သွား၏။ ဘွဲ့ အံတစ်ချက် တင်းခနဲကြိတ်ကာ သူမနောက်ကို လိုက်ဖို့ ခြေလှမ်းအရွေ့မှာပဲ

"တီ တီ"

ကားဟွန်းသံနှင့်အတူ ဖေဖေ့ရဲ့ကားလေး ခြံထဲ မောင်းဝင်လာတာ တွေ့လိုက်တာမို့ စိတ်ကို လျှော့ချပြီး ဧည့်ခန်းထဲ လှမ်းဝင်ခဲ့သည်။

လွယ်ထားသော ကျောပိုးအိတ်ကို ဘုန်းခနဲ ပစ်ချပြီး သူ ဆက်တီ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်မိစဉ်မှာပဲ ဖေဖေ့ရဲ့ကားလေး ဆင်ဝင်အောက်မှာ ထိုးရပ်ပြီး ဖြစ်နသည်။



ကားတံခါးဖွင့်ဆင်းလာသော ဖေဖေက သူ့ကိုမြင်တော့ သူ့ အနားက ထိုင်ခုံအထိ လျှောက်လာကာ ဝင်ထိုင်သည်။

"သား ဘယ်တုန်းက ပြန်ရောက်တာလဲ၊ ကျောင်းသာမှာပျော် ခဲ့ရဲ့လား"

"ဟိုမှာဆက်မနေချင်လို့ ပြန်လာတာ ဖေဖေ၊ ဖေဖေ့ကို မေးရ ဦးမယ် ဟိုကောင်မလေးကို ဖေဖေ အိမ်မှာ လက်ခံထားဖို့ ဆုံးဖြတ်လိုက် ပြီလား"

"ဘယ်သူ့ကိုပြောတာလဲ သား၊ သက် တူမလေးကို ပြောတာ လား"

"အသေအချာပဲ ဖေဖေ၊ အခုပဲ တွေ့ပြီးပြီ၊ သားနဲ့ ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး"

ဖေဖေ မျက်ခုံးတွေ ပင့်တက်သွားကာ သူ့ကို အံ့ဩသလို ကြည့်ရင်း

"ဘာဖြစ်လို့လဲ သား၊ အခုမှ သားရောက်တယ်၊ သင့်ပဏ္ဏာ နဲ့ ဆုံပြီးသွားပြီလား"

သင့်ပဏ္ဏာ ဆိုသော သူမ နာမည်အပြည့်အစုံကို အခုမှပဲ သူ သိလိုက်ရသည်။ နာမည်ကတော့ အဆန်းပါပဲ။

"အခုမှ ဆုံဖူးတာ မဟုတ်ဘူး၊ အရင်ကတည်းက ဆုံဖူးတာပါ ဖေဖေ"

"ဟေ သားတို့က အရင်ကတည်းကသိနေကြတာလား"

"မဟုတ်ဘူး သိရအောင် မိတ်ဆွေတွေမှ မဟုတ်တာ၊ ခရီးသွား ဟန်လွဲ ကားပေါ်မှာ ဆုံဖူးတာ၊ နွတ်သီးကောင်းလျှာပါနဲ့ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ရန်လိုတဲ့ မိန်းကလေးကို ဖေဖေက အိမ်ပေါ်ခေါ်တင် ကျွေးမွေးထားမလို့လား''

''နေဦး သား၊ သင့်ပဏ္ဏာက ဖေဖေတို့ဆီမှာ အလုံးစုံ မှီခိုနေမှာ မဟုတ်ဘူး။ သူ့ဘဝသူ ရပ်တည်နိုင်တဲ့ အရည်အချင်း သူ့မှာအပြည့်အဝ ရှိတယ်၊ အရင်ကလည်း တစ်ယောက်တည်း တိုက်ခန်းငှားနေတာ၊ ဒါပေမဲ့ မိန်းကလေး တစ်ယောက်တည်း မသင့်တော်လို့ သက်ကခေါ်ထားတာ၊ ဒါပေမဲ့ သူက ဖေဖေတို့အိမ်မှာ နေထိုင်ခွင့်လေးပဲ ယူမှာ၊ စားသောက်တာနဲ့ ကျန်တဲ့ကိစ္စမှန်သမျှ သူ့ဘာသာသူ တာဝန်ယူဖြေရှင်းမှာပါ''

ဒီတစ်ခါ မျက်မှောင်ကုပ်သွားရတာ သူပဲဖြစ်သည်။ ဘာလဲဒါ ကျေးဇူးတင်မခံဘူးဆိုတဲ့ မာနလား။ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ရှိတယ်ဆိုတဲ့ သဘောလား။

''ဒါဆိုလည်း သူ့ဘာသာ အဆင်ပြေနေတာပဲ့ ဖေဖေ၊ ဒီခေတ်ကြီးထဲမှာ မိန်းကလေးတွေ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်တာ မဆန်းပါဘူး။ အကူအညီမလိုတဲ့သူကို ဖေဖေတို့က ဖွတ်ကူညီသလိုဖြစ်နေတာပဲ''

''သား ဒီလိုမပြောနဲ့လေ၊ သင့်ပဏ္ဏာက မိန်းမသားတစ်ယောက်သူ့ကိုယ်သူ အုပ်ထိန်းနိုင်တာ မှန်ပေမယ့် နံဘေးက တာဝန်ယူ အုပ်ထိန်းမယ့်သူ လိုအပ်တာ အမှန်ပဲ၊ နောက်ပိုင်း သူ အိမ်ထောင်ပြုသွားတော့ ဗွာစ်မျိုးပေါ့''

ဒေါ်ခင်သက်ခြယ်တက်က အခွေအမျိုးတွေအပေါ်မှာ ဖေဖေရဲ့စေတနာတွေ ရေစီးကမ်းပြို ဖြစ်နေတာ သူ ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

သူ ထပ်ပြောရင်လည်း ဖေဖေနဲ့ပဲ စကားတွေ များတော့မှာ



သေချာနေသည်။ အကောင်းဆုံးက နှုတ်ဆိတ်နေလိုက်တာပဲ ကောင်းသည်။

''ဖေဖေ မှန်တယ်ထင်တာ လုပ်ပါ၊ သား ဘာမှမပြောတော့ဘူး၊ ဒါပေမဲ့ သူတစ်ပါးအရိပ်မှာ ခိုကပ်နေပြီး အိမ်ရှင်ကို မထီမဲ့မြင်စား ရန်စောင်တာတော့ သား လက်မခံဘူးနော်''

''နေဦး သား၊ သား မှားနေပြီ၊ သင့်ပဏ္ဏာက သားထင်မှတ်နေသလို မိန်းကလေးမျိုး လုံးဝ မဟုတ်ဘူး''

ဖေဖေ့ရဲ့ ရပ်တည်ချက်ကတော့ ခိုင်မာနေသည်။ ကြာရင်ဖေဖေ့အပေါ်မှာ ဒေါ်ခင်သက်ခြယ် လုံးဝစိုးမိုး ခြယ်လှယ်သွားတော့မည်လား မသိ။ ဒါဆိုရင်တော့ သူ့ဘက်က အပြတ်သားဆုံး ရင်ဆိုင်ရမည်။

လတ်တလောမှာတော့ ဒေါ်ခင်သက်ခြယ်ရဲ့ ခြေလှမ်းတွေကိုပဲ စောင့်ကြည့်ရမည်။ ပြီးတော့ သင့်ပဏ္ဏာ ဆိုတဲ့ မိန်းမ။

ရောက်နေတာက သူများအိမ်ပေါ်မှာ ဒါပေမဲ့ မျက်နှာကြောနှင့်အမူအရာကတော့ တလောကလုံး သူ့အရိပ်ခို သူ့လုပ်စာ ထိုင်စားနေရတယ်လို့ ထင်နေသည့် ဟန်က အပြည့်။

ဘွဲ့ဂုဏ်ထူးနဲ့မင်းတော့ တွေ့ကြပြီပေါ့ သင့်ပဏ္ဏာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟင် ဒါဆို မမပဏ္ဍာနဲ့ ကိုကိုက ဆုံခဲ့ဖူးကြတာပေါ့"

ချစ်ရိပ်ခြယ် အံ့ဩသလို မျက်တောင်လေးတွေ ပုတ်ခတ်ပြီး မေးတော့ ပဏ္ဍာ ခေါင်းလေးညိတ်ပြရင်း

"အင်း ဘတ်စ်ကားပေါ်မှာ အမှတ်တမဲ့ ဆုံဖြစ်တာမျိုးပါ၊ အဲဒီကတည်းက ဒီယောကျ်ားကို မမ အမြင်ကပ်နေတာ ချစ်ရိပ်ရဲ့"

ပဏ္ဍာ စကားကြောင့် ချစ်ရိပ် မျက်တောင်လေးတွေ ပုတ်ခတ်ပြီး ကြည့်သည်။

"မမပဏ္ဍာက ကိုကို့ကို မြင်မြင်ချင်း အမြင်ကပ်သွားတယ် ဟုတ်လား အဆန်းပဲ ကိုကိုက ဒီလောက် ချောမောတာကို"

ချစ်ရိပ် စကားကို နားထောင်ရင်း ပဏ္ဍာ ပခုံးလေးတွန့် မျက်နှာလေး ရှုံ့မဲ့ပစ်လိုက်သည်။ ချစ်ရိပ် ဆိုသလို ဘွဲ့ဂုဏ်ထူး ချောတာ မှန်ပါသည်။ လူက ရှင်းသန့်ပြီး ငေးကြည့်လောက်တာလည်း လက်ခံပါသည်။

ဒါပေမဲ့ မတော်တဆ သူ့ဖိနပ်ဦးကို နင်းမိတာလေးနှင့် မစင်နဲ့ အတို့ခံလိုက်ရသလို တွန့်သွားတာတော့ ပဏ္ဍာ အမြင်ကတ်ပါသည်။

"သူ ချောတာ ရှင်းသန့်နေတာက အပြင်ဘက်က အမြင်ပဲ



ချစ်ရိပ်ရဲ့၊ အတွင်းစိတ်က ရွံ့မုန်းဖို့ကောင်းတယ်၊ ကားပေါ်မှာ မမ သူ့ဖိနပ်ကို တက်နင်းမိလို့ သည်းသည်းလှုပ် စိတ်ဆိုးသွားတာ ချစ်ရိပ် မမြင်လို့ပါ"

ချစ်ရိပ် နှုတ်ခမ်းဖူးဖူးလေးတွေ သဘောကျသလို ပြုံးသွားရင်း ခေါင်းညိတ်ပြသည်။

"ကိုကိုက အရမ်း အသန့်အပြန့်ကြိုက်တာ မမ ပဏ္ဍာရဲ့၊ ဖိနပ်ကိုတောင် ဖုန်တစ်မှုန်တင်တာ မကြိုက်ဘူး အဟင်း"

"တော်စမ်းပါ အဲဒီလောက်အထိ သန့်နေ နေရင် ဘာလို့ လူအများစီးတဲ့ လိုင်းကားပေါ်တက်စီးနေသေးလဲ၊ ခြေထောက်ပေါ် ဖုန် တစ်စက် တင်မှာတောင် အကဲပိုနေရင် အိမ်ထဲက အပြင်မထွက်နဲ့ပေါ့"

"အဟင်း ဟင်း မမ ပဏ္ဍာကလည်း ပြောရော့မယ်"

"ပြောရမယ်လေ ချစ်ရိပ်ရဲ့ အပြင်ထွက်ပြီဆိုမှတော့ ဒီလောက်တော့ ကြုံရမှာပဲ၊ အလကား ဖိနပ်ပေါ် ဖုန်တင်တာပဲ သိတဲ့လူ၊ သူ အသက်ရှင်ဖို့ ရှူရှိုက်နေတဲ့ အောက်ဆီဂျင်ထဲမှာတောင် မမြင်နိုင်တဲ့ ဖုန်တွေမှ အများကြီးလေ၊ ဒါသိရင် ဒီလူ အသက်တောင် မရှူတော့ဘဲ နှာခေါင်းပိတ်ပြီး အသေခံမလား မေးကြည့်ချင်သေးတယ်"

ပဏ္ဍာ မကျေနပ်စိတ်တွေနှင့်ပြောနေတာ နားထောင်ပြီး ချစ်ရိပ် ကာ သဘောကျစွာ ရယ်နေသေးသည်။

"ယောကျ်ားကြီးတန်မဲ့ ဖိနပ်ပေါ် တက်နင်းမိတာလေးနဲ့ အဖြစ်သည်းပြီး ပွစိ ပွစိ လုပ်နေလို့ သူ ဖုန်းပြောနေတုန်း တမင်အော်ပစ်ခဲ့တာ"

"ဟင် မမ ပဏ္ဍာက အဲဒီလို လုပ်ခဲ့တာလား"

"ဒါပေါ့ ကားပေါ်မှာ ဟန်းဖုန်းကြီးဖွင့်ပြီး သူ့ကောင်မလေးနဲ့ စကားပြောနေတာလေ၊ အံ့မယ် ဒီလောက် မျက်နှာကြောတင်းတဲ့သူက

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားနဲ့ကျတော့ ခခယယ တောင်းပန်နေလိုက်တာများ ကားပေါ်က လူတွေရှေ့မှာတောင် မမှနေပုံနဲ့ ချစ်ရိပ်ရဲ့၊ ဒါကြောင့် ဖုန်းထဲအထိ ကြားသွားအောင် အော်ပစ်ခဲ့တာ''

''ဒါ မင်းတမင်ရည်ရွယ်ပြီး လုပ်တာလို့ ဝန်ခံတဲ့သဘောလား သင့်ပဏ္ဏာ''

မမျှော်လင့်ဘဲ အနောက်က ထွက်လာသော ဘွဲ့ဂုဏ်ထူး အသံကြောင့် ပဏ္ဏာရော ချစ်ရိပ်ပါ ဆတ်ခနဲ လှည့်ကြည့်မိသည်။ ခြံထဲက ခုံတန်းလေးမှာမို့ လွတ်လွတ်လပ်လပ် သူ့အကြောင်း ပြောနေခဲ့မိတာ။ ကိုယ်တော်ချောက ဘယ်အချိန်ရောက်လာသလဲ မသိလိုက်။

ချစ်ရိပ် ဇက်ကလေးပုသွားခဲ့ကာ မျက်လုံးလေးတွေ ဝိုင်းနေသည်။ ပဏ္ဏာကတော့ ခပ်တည်တည်ပဲ ခါးထောက်ကြည့်နေသော သူ့ကို ပြန်ရင်ဆိုင် မော့ကြည့်ပစ်လိုက်၏။

''မင်းက ကိုယ့်ကို မမှတ်မိသလိုနဲ့ လိမ်တယ်၊ အခုတော့ ကားပေါ်မှာ မင်းတမင်အကျင့်ပုတ်ခဲ့တာကို ဝန်ခံနေပြီ၊ မင်း စိတ်ဓာတ်က တော်တော် အဆင့်အတန်းမရှိပါလား သင့်ပဏ္ဏာ''

''အဆင့်အတန်း ဟုတ်လား။ မိန်းကလေးနှစ်ယောက် စကားပြောနေတာကို ခိုးကြောင်ခိုးဝှက် နားထောင်ပြီး ရန်တွေ့နေတဲ့ ရှင်ကကော အဆင့်အတန်း မြင့်မားတဲ့သူလား ဘွဲ့ဂုဏ်ထူး''

''ဘာကွ မင်း မင်း''

မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို ဘွဲ့ဂုဏ်ထူး မျက်နှာကြီး ရဲရဲနီသွားခဲ့ကာ မီးပွင့်မတတ် အကြည့်တွေက ပဏ္ဏာကို စူးစူးရဲရဲ ရှုးရှုးရှားရှား ရင်ဆိုင်ကြည့်နေခဲ့၏။

''ဟုတ်တယ်လေ ကျွန်မတို့ ညီအစ်မ စကားပြောနေတာ ရှင် ဘာလို့ ခိုးနားထောင်သလဲ''



''မင်း မင်း ငါ့ကိုမစွပ်စွဲနဲ့၊ ဘာမှ ငါ ချောင်းနားထောင်စရာ မလိုဘူး။ ခြံထဲမှာ ဒရင်းဘတ်နဲ့ ခဏလှဲမလို့ ငါ့ဘာသာ ဆင်းလာတာ၊ မထင်မှတ်ဘဲ မင်းတို့ စကားတွေကို ကြားလိုက်တာကွ''

ဖြူသော အသားအရည်ကြောင့် နီမြန်းနေသော မျက်နှာက အရောင်တို့လျော့ပါးမသွားဘဲ ဘွဲ့ဂုဏ်ထူး ဖြေရှင်းပြနေသည်။ ချစ်ရိပ်က ပဏ္ဏာကို တောင်းပန်သော မျက်ဝန်းတွေနှင့် လှမ်းကြည့်နေပေမယ့် ပဏ္ဏာကလည်း ငြိမ်သက်နေဖို့ အကြောင်းမရှိတာမို့

''ဒါဆိုလည်း ကျွန်မစကားတွေ ရှင်ကြားပြီးပြီပဲ ဘာမှ ထပ်မမေးနဲ့တော့ ဘွဲ့ဂုဏ်ထူး''

''သင့်ပဏ္ဏာ မင်းကိုငါ မကျေနပ်တာ ကားပေါ်မှာကတည်းက နော်၊ မင်း ငါ့ကို တမင်အော်ခဲ့တယ်ဆိုတာ မင်းနှုတ်က ဝန်ခံပြီးပြီ''

''ရှင်ကကော ဖိနပ်ကို မတော်တဆ နင်းမိရုံလေးနဲ့ ဘာလို့ မြွေပေါက်ခံရသလို ထွန့်ထွန့်လူးသွားခဲ့တာလဲ''

''မင်း စွာလှချည်လား သင့်ပဏ္ဏာ နေစမ်းပါဦး မင်း ဒီအိမ်ပေါ်ကို လာနေတဲ့ ဧည့်သည်ဆိုတာ ခေါင်းထဲမှာ ရှိရဲ့လား''

''ပြောပြီးပြီပဲ ဘွဲ့ဂုဏ်ထူး။ ရှင်ကိုယ်တိုင် ကျွန်မကို ဒီအိမ်ပေါ်က ဆန်ထုတ်ပစ်နိုင်တဲ့ အရည်အချင်း ရှိရင် ကျွန်မ ချက်ချင်း ဆင်းသွားလိုက်မယ်လို့''

''မင်း ငါ့ကို စိန်ခေါ်နေတာလား သင့်ပဏ္ဏာ''

ဘွဲ့ဂုဏ်ထူး အသံတွေ တုန်ခါနေရုံမကတတ် တင်းတင်းဆုပ်ထားသော လက်သီးတွေကလည်း တဆတ်ဆတ် တုန်နေခဲ့သည်။

ကြားထဲက ငြိမ်မနေနိုင်ဘဲ ဝင်တားမြစ် တောင်းပန်လာသူက ချစ်ရိပ်ခြယ်ပဲ ဖြစ်၏။

''မမ ပဏ္ဏာ တော်ပါတော့နော်၊ ကိုကို ချစ်ရိပ် တောင်းပန်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်နော်''

''တောင်းပန်စရာ မလိုဘူး ချစ်ရိပ်၊ ဒီမှာ ဘွဲ့ဂုဏ်ထူး ရှင် ဘယ်လိုပဲ မပတ်သက်ပါဘူး ငြင်းနေပါစေ၊ ဒေါ်ခင်သက်ခြယ်ဆိုတာ အန်ကယ် ဦးမြတ်ဘုန်းထူးရဲ့ တရားဝင် ဇနီးမယားပဲ''

တစ်ခွန်းမခံ ခွန်းတုံ့ပြန်နေရုံမကဘဲ သူ့ကိုပါ ဝေဖန်ရင်ဆိုင်ဖို့ ကြိုးစားနေတာ သင့်ပဏ္ဏာရဲ့ရည်ရွယ်ချက် အစစ်အမှန်ပဲလား။ ယောကျ်ားချင်းသာဆို သူ့ရဲ့ဒေါသလက်သီးတွေ သူမ နှုတ်ခမ်းတွေကို မိတ်ဆက်ပစ်လိုက်မိမှာ သေချာသည်။

''တီ''

ဟွန်းသံတစ်ချက်ကြောင့် သူ လှမ်းကြည့်တော့ ခြံထဲ မောင်းဝင်လာသော နေရီရဲ့ လင်ခရူဆာ ကားဖြူလေးကို မြင်လိုက်သည်။

''သင့်ပဏ္ဏာ မင်း စိန်ခေါ်ခဲ့တဲ့ စကားကို မမေ့ပါနဲ့''

သူမ မျက်ဝန်းတွေထဲ မုန်းမုန်းတီးတီး စိုက်ကြည့်ကာ သူ ပြောတော့ မထီတရီ အပြုံးလေးနှင့် သူမ တုံ့ပြန်သည်။

တွန့်မဲ့ပစ်လိုက်တာတောင် အလှတို့ ပျက်မသွားသော ဒီမိန်းမကိုတော့ သူ သိပ်ကို ရွံမုန်းသွားပြီ။ နေရီရှေ့မှာ တစ်ခွန်းမကျန် သူမ ခွန်းတုံ့ပြန်နေသည့် အဖြစ်ကို မမြင်စေချင်တာမို့ ချာခနဲ လှည့်ထွက်ခဲ့၏။

မင်း စိန်ခေါ်ခဲ့တဲ့ စကားအတိုင်း မင်း ငါ့ရှေ့က ခေါင်းငုံ့ကျောခိုင်းသွားစေရမယ် သင့်ပဏ္ဏာ။

အဲဒီအခါကျမှ မင်းရဲ့မာနတွေကို ငါ ဖားတိုက်ရယ်မောပြီးမယ် စောင့်ကြည့်လိုက်။

■ ■ ■

အခန်း (၈)

''တော်တော် ရင့်သီးတဲ့ မိန်းမပဲ ဘွဲ့၊ ဘွဲ့ဖေဖေက ဒီလို မိန်းမကို ဘာလို့ အိမ်ပေါ် ခေါ်ခဲ့တာလဲ၊ နေရီသာဆို လုံးဝ ဆန့်ကျင်တယ်မှာ''

နေရီကတော့ ခံစားချက်အတိုင်း ပြောနေသည်။ ဖေဖေ့ကို သူ အတိုက်အခံလုပ်ခဲ့ပေမယ့် ရှုံးနိမ့်ခဲ့တာ နေရီမှ မသိခဲ့ဘဲ။

''ဖေဖေ့ကို ကိုယ် လက်မခံဘူးလို့ ပြောပြီးပြီ နေရီ ဒေါ်ခင်သက်ခြယ်ရဲ့ တူမဆိုတဲ့ အချက်နဲ့တင် ဖေဖေက လက်ခံပြီးပြီလေ''

နေရီ လက်မခံနိုင်သလို ခေါင်းလေးခါပြီး သူ့ကိုတစ်ချက် စိုက်ကြည့်နေ၏။ ခဏကြာမှ

''ဘွဲ့ ဖေဖေမှာ ရည်ရွယ်ချက် ရှိနေသလားမှ မသိတာ''

''ရည်ရွယ်ချက် ဘာရည်ရွယ်ချက်လဲ နေရီ''

''ဘွဲ့နဲ့ အဲဒီမိန်းမကို နီးစပ်စေချင်တာမျိုးပေါ့''

''ဆောရီးပဲ ဘယ်တော့မှ ဖြစ်မလာဘူးဆိုတာ သေချာတယ် နေရီ ဖေဖေက ဒါမျိုးလည်း လုပ်မှာမဟုတ်ပါဘူး ကိုယ့်ဘဝ လက်တွဲဖော်ကို ကိုယ့်စိတ်တိုင်းကျ ရွေးချယ်ဖို့ ဖေဖေ ခွင့်ပြုထားပြီးသားပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘွဲ့ဖေဖေမှာ ရည်ရွယ်ချက် မရှိတောင် ဒေါ်ခင်သက်ခြယ်မှာ ရှိချင်ရှိမှာပေါ့။ သမီးကော တူမတစ်ယောက်ပါ အိမ်ပေါ်ရောက်နေပြီပဲ၊ ဘယ်သူနဲ့ငြိငြိ ဆိုတဲ့ အတွေးရှိချင် ရှိမှာပေါ့"

နေရီကတော့ အရှင်းဆုံး ဝေဖန်သည်။ သူ မျက်နှာကြီး မဲ့ကျသွားသလို ခေါင်းကိုလည်း ခါရမ်းပစ်လိုက်ရင်း

"ဘယ်တော့မှ ဖြစ်မလာနိုင်တဲ့ကိစ္စကြီးပဲ၊ ပြောရရင် ချစ်ရိပ်ခြယ်ကိုတောင် ကိုယ့်ဘက်က အရေးတဝင် မနေဘူး၊ သင့်ပဏ္ဏာ ဆိုတဲ့ မိန်းမဆို ပိုဝေးရောပဲ"

"အပြောမကြီးနဲ့ ဘွဲ့၊ အဟင်း ဘွဲ့တို့က တစ်အိမ်တည်း အတူနေကြမှာ"

"နေရီ မင်း ကိုယ့်သိက္ခာကိုတော့ မယုံကြည်သလို မပြောနဲ့နော်"

နေရီစကားက သူ့သိက္ခာကို ထိပါးလာတော့ သူ မခံနိုင်ဘဲ ခွန်းတုံ့ပြန်မိသည်။ နေရီ သူ့ကိုကြည့်ကာ သောသောကလေး ရယ်လိုက်ရင်း

"ဘွဲ့ ယူ အခုတလော ဘာလို့ ဒေါသတွေ အရမ်းကြီးနေတာလဲ ဟင်"

"ဒီရက်တွေမှာ ကြုံနေရတာတွေက တစ်ခုမှကို ကျေနပ်စရာမှ မကောင်းတာ၊ အိမ်မှာ မနေချင်အောင်ကို စိတ်တွေရှုပ်နေတာ၊ အခု ရေသည်မ ရောက်လာတော့ ပိုဆိုးတယ်"

"ဘာရယ် ရေသည်မ ဟုတ်လား ဘွဲ့"

သင့်ပဏ္ဏာကို သူ အမည်ပေးထားမှန်းမသိသော နေရီက အံ့ဩသလို မေးသည်။

"ဟုတ်တယ် သင့်ပဏ္ဏာကို ကိုယ် နာမည်ပေးထားတာလေ



ကြည့်ပါလား အမြဲတမ်း ပိုသီပတ်သီနဲ့ မျက်နှာကလည်း ပြောင်သလင်းခါနေတဲ့ရုပ်နဲ့ လုံးဝကို ကြည့်လို့မရတာ"

သူ့စကားကို သဘောကျစွာ နေရီ ဟက်ဟက်ပက်ပက်ကလေး ရယ်နေသည်။ နကိုလှပြီးသော မျက်နှာလေးကို ပိုပြီးလှအောင် ပြင်ဆင်တတ်သော နေရီနဲ့ယှဉ်လျှင် သင့်ပဏ္ဏာ ပုံစံက တကယ့်ကို တခြားစီဖြစ်သည်။

"အင်း သူက မချောမလှတာတော့ မဟုတ်ပါဘူး၊ ချောပြီးလှပြီးသားပါ ဘွဲ့ရဲ့၊ ဒါပေမဲ့ မပြင်မဆင် နေတတ်လို့ ထင်တယ်"

နေရီစကားကို သူ လက်မခံနိုင်ပါ။ တကယ်ဆို မိန်းမဆိုတာ မိန်းမပီသစွာ လှပအောင် ပြင်ဆင်နေတတ်ဖို့ လိုသည်ဟု သူ ထင်သည်။ အခုတော့ ဒီမိန်းမကို ကြည့်လိုက်လျှင် အမြဲတမ်း မျက်နှာက ပြောင်သလင်းဖြစ်နေသည်။

ကားပေါ်မှာ စတွေ့တုန်းကဆိုလျှင် ပိုလို့တောင် ဆိုးသည်။ လက်နှစ်ဖက်မှာ ဖိုင်တွဲတွေ တစ်ဖက် အိတ်ကတစ်ဖက်နဲ့ တကယ့်ကို ရှုတ်သုတ်ခ ပုံစံ။ ပျာယာခတ်ပြီး သူ့ခြေထောက်ကိုတောင် တက်နင်းသွားခဲ့သေးသည်။

ကသောကမျော နိုင်လှသော သူမပုံရိပ်ကို ပြန်မြင်ယောင်ရင်း သူ ခေါင်းခါမိတော့ နေရီ မျက်နှာလေး ကျေနပ်စွာ ပြုံးသွားသည်။

"အင်းလေ သင့်ပဏ္ဏာကို ဘွဲ့ကြည့်မရဖြစ်နေတာလည်း ခပ်ကောင်းကောင်းပါပဲ၊ တို့အတွက် တစ်ရန်အေးရတာပေါ့"

နေရီ စကားကြောင့် သူ ပြုံးမိသည်။ ဘယ်လောက်ပဲ မာနတွေကြီးတယ်ဆိုဆို နေရီက မိန်းမဆန်သော ဝန်တိုစိတ်လေးတော့ ရှိတတ်သည်။

ကျောင်းမှာ ချစ်သူတွေ ဖြစ်ခဲ့ကြကတည်းက သူ တခြားမိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနှင့် ရင်းရင်းနှီးနှီး စကားပြောတာမျိုးတောင် နေရီက စိတ်ကောက် ဆန္ဒပြတတ်သည်။ ဖေဖေ ခေါ်ခင်သက်ခြယ်ကို လက်ထပ်လိုက်တော့ အိမ်ပေါ်ပါလာသော ချစ်ရိပ်ခြယ်နဲ့လည်း နေရီက သဝန်တိုပြန်သည်။

နေရီကို အိမ်အထိခေါ်ခဲ့ကာ ချစ်ရိပ်ခြယ်နဲ့ မိတ်ဆက်ပေးတော့ နေရီက သူ့ရဲ့တရားဝင်ချစ်သူ ရည်းစားဖြစ်ကြောင်း မဏ္ဍပ်တိုင်တက်ပြသည်။

"မမက အရမ်းချောတာပဲနော်၊ ချစ်တော့ ချစ်စရာကောင်းတဲ့ မမ တစ်ယောက် ပိုင်ဆိုင်ရတော့မှာပေါ့"

ချစ်ရိပ်ခြယ်က သာသာထိုထိုလေး မြှောက်ပင့်စကားဆိုမှ နေရီ ကျေနပ်စိတ်ချသွားတာ ဖြစ်သည်။ ဒါတောင် ကွယ်ရာမှာ သူ့ကို သတိပေးစကားဆိုကာ စည်းကမ်းတွေ ထုတ်ခဲ့သေးသည်။

"ဘွဲ့ ချစ်ရိပ်ခြယ်နဲ့ ဘွဲ့က မောင်နှမအရင်းအချာတွေ မဟုတ်ဘူးနော်၊ သွေးကအဝေးကြီး"

"ဒုက္ခပါပဲ နေရီ အဲဒီလောက်ထိတောင် ကိုယ့်သိက္ခာကို မယုံကြည်ဖြစ်နေသလား"

"ဘွဲ့ကို ယုံပါတယ်၊ အဲဒီကောင်မလေး မျက်ဝန်းတွေကို မယုံကြည်တာ"

နေရီ သတိပေးပြီးသည့်နောက်ပိုင်းမှာ ချစ်ရိပ်ခြယ်ရဲ့အပြုအမူတွေကို သူ သတိထားမိလာတာလည်း အမှန်ပါပဲ။ သူ့ဘက်က ဘယ်လောက်ပဲ အလေးမထား ဂရုမစိုက်ဘဲနေနေ ချစ်ရိပ်ခြယ် သည်းခံခွင့်လွှတ်ပြီး သူ့ကို ကျွမ်းကျွမ်းဝင်ဝင် နေသည်။

ဒါကြောင့်လည်း သူ့ဘက်က ချစ်ရိပ်ခြယ်ကို သတိထားပြီး ဆက်ဆံခဲ့ရ၏။ ချစ်ရိပ်ခြယ်ရဲ့ အပြုအမူ အပြောအဆိုတွေက တစ်ခါတစ်



ခါမှ သူ့အပေါ် အစ်ကိုတစ်ယောက်ထက် ပိုမိုနေသည်လား။

သူ့ဘက်ကတော့ ဘယ်လိုမှ မဖြစ်သင့်သော အရာဟုပဲ သတ်မှတ်ထားသည်။ အဖေနဲ့သားက ဒီအမေနှင့်သမီးဆိုသော စကားသံမျိုး တစ်ပါးသူတွေ ပြောတာ လုံးဝ မခံနိုင်ပါ။

ဒီလို ရှောင်တိမ်းနေရသည့်ကြားက အခု အိမ်ပေါ်ထပ်ရောက်လာသော သင့်ပဏ္ဏာ ပြဿနာက ပိုဆိုးလို့နေသည်။

ချစ်ရိပ်ခြယ်လို သူ့အပေါ်ဆိုးသမျှ ပြောသမျှ သည်းခံသည့်သူ မဟုတ်။ မာနကတော့ အားမသေးတာ အမှန်။

တကယ်ဆို ဖေဖေ့ရဲ့ အရိပ်အောက်မှာ ခိုနေတာ သူ့အရိပ်အောက်ပဲ မဟုတ်ဘူးလား။ ဒါနဲ့တောင် တင်းစီးမခံတဲ့ မာနက မိုးထိမက မြင့်နေသည်။

"ဘွဲ့"

"ဟင်"

ပခုံးကို ဆတ်ခနဲ ပုတ်လိုက်သော နေရီကြောင့် အတွေးစတွေ ပြတ်ကာ သူ လှည့်ကြည့်မိ၏။

"တကတည်း ဘာတွေတွေးနေတာလဲ ဘွဲ့ရဲ့၊ ခေါ်နေတာ ကြာလှပြီ"

"ဟို ရေသည်မအကြောင်း စဉ်းစားနေတာ"

"ဟင် သူ့အကြောင်းစဉ်းစားနေတာ၊ တို့တစ်ယောက်လုံး ဘွဲ့ရှေ့မှာ ငုတ်တုတ်ကြီး ရှိနေရက်နဲ့ ဘွဲ့က တခြားမိန်းမဆီ အတွေးရောက်နေတာလား"

"ပြဿနာပဲ"

"ဘာရယ် နေရီက ပြဿနာ ရှာနေတယ်လို့ ပြောတာလား"

"ကျွတ် ဒီမှာ ကိုယ့်တာသာ ဒီမိန်းမကို ဘယ်လိုပြန် ပညာပေး

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ စဉ်းစားနေတာပါ နေရီရာ၊ စိတ်ကောက်စရာမရှိ မကောက်နဲ့ ကွာ''

''ကောက်တာလဲ၊ ဘွဲ့ပဲ စဉ်းစားကြည့်လေ၊ ဘွဲ့နဲ့တို့နှစ်ယောက် အတူထိုင်နေတာ ဘွဲ့ ခေါင်းထဲ ဒီမိန်းမရောက်နေတာ တို့က ကျေနပ်စရာ လား''

ထုံးစံအတိုင်း နေရီ ကောက်နေပြီ။ ခုချိန်မှာ သူ ချော့မော့ဖို့ လည်း ဆန္ဒမရှိအောင် ဖြစ်နေတာ-ဘာကြောင့်မှန်းမသိ။

''ကဲ ပြန်ကြစို့ နေရီ၊ ကိုယ့်ဆိုင်မှာ ချိန်းထားတဲ့ ဧည့်သည် တစ်ယောက် ရှိသေးလို့''

နေရီ ကျေနပ်ချင်ကျေနပ် မကျေနပ်ချင်လည်း မတတ်နိုင်ပါ။ ကားသော့ကို ကောက်ပြီး သူ့ဆိုင်ထဲက အရင်ဆုံး ထွက်ခဲ့သည်။ မျက်ဝန်း တွေက မထင်မှတ်တဲ့ လမ်းမပေါ်မှာ ခပ်သုတ်သုတ် လျှောက်သွားသော မိန်းကလေး တစ်ယောက်ကို မြင်တော့ သင့်ပညာ မျက်နှာလေးကို ပြေးမြင်လိုက်မိသေး၏။

ဒီရက်တွေမှာ သူ့စိတ်ကို စိုးမိုးနေတာ နေရီမဟုတ်ပါဘဲ သင့် ပညာပဲ ဖြစ်နေတာ အမှန်။

အင်း နေရီ စိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်ပါရဲ့။

■ ■ ■

## အခန်း (၉)

တသီးတသန့်ကြီး စောင့်မကြည့်ရပါဘဲနှင့် သင့်ပညာ အကြောင်းတွေကို သူ သိခဲ့ရသည်။

မနက် သူ အိပ်ရာကနိုးချိန်မှာ သင့်ပညာက အိမ်မှာမရှိတော့ တာတော့ သူ သိပါသည်။ ကော်ဖီဝိုင်းမှာ ဖေဖေနှင့်ဒေါ်ခင်သက်ခြယ် တို့ ပြောနေသည့် စကားတွေကြားရင် သင့်ပညာ အကြောင်းတွေကို သိလာရ၏။

''သမီး ပညာ သွားပြီလား သက်''

''အစောကြီး ထသွားတာကို ငါးနာရီခွဲဆို ပုံမှန်ပဲလေ''

''ဘာမှစားမသွားဘူးလား သက်၊ ကော်ဖီလေး ဘာလေး သောက်ပြီးမှ သွားရောပေါ့''

''အစောကြီး ဘာမှမစားတတ်တာ ပညာရဲ့ အကျင့်ဖြစ်နေပြီ ကိုရဲ့၊ ဟိုရောက်မှ စားသောက်တော့မယ်တဲ့ တစ်ယောက်တည်းနေက ထည်းက ပညာက အကျင့်ပါနေပြီ''

''သူ စားသောက်ရတာ အဆင်ပြေလို့လား သက်၊ မနက်စာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ထားပါဦး ညနေစာကို အိမ်မှာပဲ စားပါစေလား''

ဖေဖေ စေတနာတွေ ကောင်းနေတာကို နားထောင်ရင်း သူ မကျေမနပ် ဖြစ်နေ၏။ ဟိုက တမင်မစားမသောက်ချင်လို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စားသောက်နေတာကို ဘာကြောင့် ဖွတ်ကျွေးမွေးချင်နေတာလဲ မသိ။

''မနက်စာအတွက် သက်က ထမင်းချိုင့် စီစဉ်ပေးမယ် ပြောတာတောင် ပဏ္ဏာက လက်မခံဘူး၊ ထမင်းချိုင့်ကိုင်ရတာ အလုပ်ရှုပ်လို့တဲ့၊ ညနေလည်း အလုပ်ကအပြန် သင်တန်းသွားရင်း ဆာတာနဲ့ ဝင်စားလိုက်မယ်တဲ့၊ သူ့အတွက် ဘာမှမပူနဲ့လို့ ပြောတယ်''

''အင်း သင့်ပဏ္ဏာလေးရဲ့ စိတ်ဓာတ်နဲ့ အရည်အချင်းကိုတော့ ကိုယ် ချီးကျူးတယ်၊ အလုပ်တစ်ဖက်နဲ့ ကိုယ့်ဘဝတိုးတက်အောင် ကြိုးစားနေတာ တော်ပါတယ်၊ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်တာလည်း လေးစားစရာပါပဲလေ''

သူ့ရှေ့မှောက်မှာပဲ ဖေဖေက ချီးကျူးမဆုံး ဖြစ်နေသည်။ ဘာတွေများ ဖေဖေက အထင်ကြီးနေတာလဲ သူ မသိပါ။ မာနတွေနဲ့ လက်မထောင်ပြီး ခေါင်းမော့ချင်တဲ့ မိန်းမပဲ သူ ထင်သည်။

တကယ်ဆို အိမ်မှာစား အိမ်မှာနေ လက်ရှိသူလုပ်နေသော အလုပ်က လစာက အသားတင် စုဆောင်းနိုင်သည်။ သူမ ရသည့်လခကလည်း ဘယ်လောက်များမှာမို့လဲ။

အလွန်ဆုံး သိန်းဂဏန်းပေါ့။ တစ်သိန်းထက် ကျော်တောင် အစွန်းထွက်လောက်ပဲ ရမှာသေချာသည်။

''သက် တူမလေး လိုအပ်တာရှိရင် အစစ ကူညီပေးလိုက်ပါ၊ ကိုယ့်ကိုလည်း ကိုယ့်ဦးလေးရင်းချာလို သဘောထားပြီး အကူအညီလိုရင်တောင်း၊ တိုင်ပင်စရာရှိရင်လည်း တိုင်ပင်လို့ ပြောလိုက်ပါ သက်''



''ဟုတ်ကဲ့ပါ ကို၊ ပဏ္ဏာက ကိုကို ခင်မင်ကြည်ညိုပါတယ်၊ သူလိုတဲ့ အကူအညီရှိရင် ပြောမှာပါ''

ဖေဖေက ပ'စားတွေ ပေးနေတော့ ခေါင်းသက်ပြီးယ် ကျေနပ်နေမှာ သေချာသည်။ သူကတော့ ကြားရတာ နားကြားပြင်း ကပ်လာတာမို့ ကော်ဖီဝိုင်းက အမြန်ဆုံး ထလစ်ခဲ့သည်။

''ဟာ ကိုကိုက ဝါးတီးတောင် ဆွဲပြီးနေပြီလား''

ကော်ဖီခန်းဝမှာ ချစ်ရိပ်ခြွယ်နှင့် ဆုံသည်။ စောစောစီးစီး လှေကျင့်ခန်းတွေလုပ် ရေမိုးချိုးပြီးသွားပုံ ရသည်။ အဝတ်အစားတွေ လဲလှယ်ပြင်ဆင်ပြီးနေသည်။

''ကိုကိုနဲ့ လမ်းကြုံလိုက်ခဲ့ချင်လို့''

''လမ်းကြုံရအောင် နင် တက်မယ့်ကျောင်းနဲ့ ငါသွားမယ့်လမ်းက တခြားစီပဲဥစ္စာ၊ ငါ လိုက်ပို့လို့ မရဘူး၊ ဒီနေ့ဆိုင်ကို စောစောရောက်မှ ဖြစ်မှာ''

သူ တမင်ငြင်းပစ်လိုက်ပေမယ့် ချစ်ရိပ်ခြွယ်က အပြုံးရိပ်လေးတွေ ပြယ်မသွားသော မျက်နှာနှင့်ရှိနေခဲ့ကာ

''သီးသန့်လိုက်ပို့စရာ မလိုပါဘူး ကိုကိုရဲ့၊ လှည်းတန်းအထိပဲ လမ်းကြုံလိုက်မှာ၊ လှည်းတန်းဘက်က သူငယ်ချင်းအိမ်မှာ အလှူရှိတယ်၊ သူငယ်ချင်းတွေအားလုံး အဲဒီမှာ ဆုံကြမှာလေ၊ စားသောက်ပြီးမှ ကျောင်းကို သွားကြမှာ''

သူ ငြင်းရခက်ခက် ဖြစ်သွားသည်။ ချစ်ရိပ်ခြွယ်က ကော်ဖီဝိုင်းထဲ တောင် ဝင်မထိုင်တော့ဘဲ သူ့နောက်က ပါလာ၏။

''ကိုကို အဝတ်အစားလဲဦးမှာမို့လား။ ကားပေါ်က စောင့်မယ်နော်၊ ချစ်က ပြီးနေပြီ''

''နင် တော်တော်ရှုပ်တာပဲ၊ ဦးနိုင်တူးကို မောင်းပို့ခိုင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ရရက်နဲ့ တမင်ရစ်နေတာလား''

"အာ ကိုကိုကလည်း သီးသန့်ပို့ရတာ မဟုတ်ပါဘူး၊ ရှည်း တန်းရောက်တာနဲ့ ကားခဏရပ်ပေး ရပြီ နော်၊ ချစ် ကားပေါ်ကစောင့် မယ်''

ပြောပြီး ဆင်ဝင်အောက်က ကားဆီ ချစ်ရိပ်ခြယ် ထွက်သွား သည်။ ပန်းဆီရောင် ထက်အောက်ဝမ်းဆက်ကလေးနှင့် အဖြူရောင် ဝက်ဝံရုပ် ကျောပိုးအိတ်လေးမှာ ချိတ်ဆွဲထားသော အသည်းပုံဆွဲပြား လေးတွေ လှုပ်ခါသွား၏။

ဘယ်လိုကောင်မလေးလဲ မသိ။ သူ့လောက် နာအောင်ပြော တာလည်း မရှိ။ ဘယ်လိုပြောပြော မနာတတ်သည့် ကောင်မလေး။

ကလေးမကျ လူကြီးမကျနှင့် မျက်နှာက ပြောင်လွန်းသည်။

သူ အဝတ်အစားလဲပြီး ထွက်လာတော့ သင်းကလေးက ခေါင်း ခန်းထဲမှာ စမတ်ကျကျ ဝင်ထိုင်နေပြီ။

"နောက်ခန်းမှာ ထိုင်စမ်းပါ''

"ဟင့်အင်း ဒီမှာပဲ ထိုင်မယ်''

ထပ်ပြောနေလည်း စကားတွေပိုလာရုံပဲ ရှိတော့မှာမို့ သူ ကား တံခါးဖွင့် ဝင်ထိုင်လိုက်ရသည်။ ရှူးခနဲ ပျံ့လွင့်လာသော ရေမွှေးရနံ့က သင်းခနဲ။

သူ နှစ်သက်စွာ သုံးတတ်သော Gucci ရေမွှေးရနံ့ဖြစ်ပေမယ့် သူ့ခန္ဓာကိုယ်ကတော့ မဟုတ်တာ သေချာ၏။ ရေမွှေးကို နှစ်သက်တယ် ဆိုပေမယ့် ဒီလောက်ထိ မွှန်ထူနေအောင်တော့ သူ မဆွတ်တတ်ပါ။

"နင့်တစ်ကိုယ်လုံး ရေမွှေးတွေ လောင်းချထားသလား ချစ်ရိပ်''

အမြင်ကပ်ကပ်နှင့် သူမေးတော့ ချစ်ရိပ်ခြယ် ပန်းလေးပု



ပြုံးရင်း ရယ်နေသည်။ ပြေပြေလေး တင်ထားသော အလှနှင့် ပန်းနုရောင် နှုတ်ခမ်းလေးနှင့် တင့်တယ်နေတာတော့ အမှန်။

လည်ပတ်အကျီလေးကြောင့် လည်တိုင်ဝင်းဝင်းလေးမှာ ဆင် ထားသော ပလက်တီနမ်ကြိုးမျှင်လေးက ထင်းနေ၏။ ချစ်ရိပ်ခြယ်ဆိုသော သူမသည် ငေးလောက်အောင် မလှပေမယ့် နှစ်ခါကြည့်လောက်အောင် တော့ ပြင်ဆင်တတ်သည့် မိန်းကလေး ဖြစ်သည်။

"ကိုကိုပါ ချစ် သူငယ်ချင်း အလှူလိုက်စားပါလားဟင်၊ ရွှေ တောင်ခေါက်ဆွဲ ကျွေးမှာ''

သူ နာခေါင်းရှုံ့မျက်နှာကို မဲ့ပစ်ရင်း ခေါင်းခါပစ်လိုက်၏။

"ဘယ်အလှူက အစားအစာမှ ငါ မစားတတ်ဘူး''

"စားဖို့ခေါ်တာ မဟုတ်ပါဘူး ကိုကိုရဲ့၊ ချစ် သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့ပါ၊ ချစ် ကိုကို ဘယ်လောက်ချောတယ်ဆိုတာ ကြွား ချင်လို့''

"တော်စမ်းပါ ငါ စိတ်မဝင်စားဘူး''

ဒီကောင်မလေး ရှုပ်ရှုပ်ယှက်ယှက် ဇာတ်လမ်းတွေ နွယ်မလာ ခင် သူ အပြတ်ငြင်းဆိုထားလိုက်သည်။

"ဘာလဲဟင် ကိုကိုရဲ့ မမနေရီ စိတ်ကောက်မှာစိုးလို့လားဟင်''

တော်တော်လည်း စကားကြောရှည်သည့် ကောင်မလေးဖြစ် သည်။ သူ့အပေါ် နေရီ မကြာခဏ စိတ်ကောက်တတ်တာ သိနေတာမို့ အနေသေး၏။ သူ့နှုတ်က မဖြေဘဲ မျက်မှောင်ကြီးကုပ်ကြည့်တော့မှ တ်ကလေးပု လျှာကလေးထုတ်ကာ ငြိမ်သွား၏။

တစ်ခါတစ်ခါတော့လည်း သူ အရိပ်အကဲကို သိရှိလွန်းနေသော ဒီကောင်မလေးကို သူ ခင်မင်မိသည်။ သူ့ညီမအရင်းအချာဆိုလျှင် ဘယ်လောက်ကောင်းမည်လဲ။ ဒါပေမဲ့ ဒေါ်ခင်သက်ခြယ် မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ပြေးမြင့်မိတော့ သူ့စိတ်တွေ မှုန်းကြုပ်သွားသည်။

အရင်က ဖေဖေ့ကြောင့်ပဲ သူမကို မခင်တွယ်တာဖြစ်သည်။ မုန်းတီးတာမျိုး မရှိခဲ့ပါ။ အခုတော့ အိမ်ပေါ်ကို သင့်ပဏ္ဍာ ခေါ်တင်လာသည့်ကိစ္စကြောင့် သူ မုန်းနေသည်။

"ကိုကို"

"ဘာလဲဟာ နှင် တော်တော် စကားများပါလား"

"မဟုတ်ပါဘူး ကိုကိုရဲ့၊ ဟိုလေ မမ ပဏ္ဍာကိစ္စ ပြောချင်လို့ပါ"

ပဏ္ဍာ နာမည်ကို ကြားလိုက်ရုံနှင့် သူ မျက်မှောင်ကြီးကုပ်သွားတာကိုလည်း ချစ်ရိပ်မြွယ် သတိထားမိသွားမှာ သေချာသည်။

"ဟိုလေ ကိုကိုနဲ့မမပဏ္ဍာ ဖြစ်တဲ့ကိစ္စကို ချစ်ကပဲ ကြားထဲက တောင်းပန်ပါတယ် နော် ကိုကို"

"နှင်နဲ့ဘာဆိုင်လို့လဲ နှင် တောင်းပန်စရာ မလိုပါဘူး။ နောက်ဆုံး သူ တောင်းပန်လာရင်တောင် ငါ ကျေနပ်မယ် ထင်သလား၊ သူ့မာနကို ငါ ရိုက်ချိုးပြဦးမှာ"

သူ့စကားကြောင့် ချစ်ရိပ် ပင့်သက်လေး ရှိုက်သည်။ ကြားက ဝင်ညှိနှိုင်းစေ့စပ်မရဘူးဆိုတာ သူမ နားလည်သွားဟန်နှင့် ခေါင်းလေးခါရမ်းရင်း

"ကိုကို အရမ်းစိတ်ဆိုးသွားမယ်ဆိုတာ ချစ် သိပါတယ်၊ အင်း မမ ပဏ္ဍာက မာန နည်းနည်းရှိတယ်"

"နည်းနည်း မဟုတ်ဘူး၊ အများကြီးရှိနေတာ၊ သူက ဘယ်လောက်အထိ ပြီးပြည့်စုံလို့ မာနတွေ ခေါင်ခိုက်နေတာလဲ မသိဘူး"

"မဟုတ်ဘူး မမပဏ္ဍာရဲ့ မာနက ငွေကြေးဥစ္စာကြောင့် မဟုတ်ပါဘူး၊ ဘဝနာခဲ့လို့ မမ ပဏ္ဍာ မာနကြီးနေတာပါ"



ချစ်ရိပ်မြွယ်က အစ်မဖြစ်သူဘက်က ကာကွယ်ပြောနေတာလားဘူ မသိပါ။ သူကတော့ တိတ်ဆိတ်စွာပဲ နားထောင်နေလိုက်၏။

"မမပဏ္ဍာရဲ့ အဖေဘက်က ဘိုးဘွားတွေက ချမ်းသာတယ်၊ ဒါပေမဲ့ သူတို့သဘောမတူတဲ့ မေမေရဲ့ အစ်မကို လက်ထပ်လိုက်တဲ့ သားကို အမွေပြတ်စွန့်လိုက်ကြတယ်၊ မိဘတွေကော ညီအစ်ကို မောင်နှမတွေကပါ လုံးဝ ဥပေက္ခာပြုလိုက်ကြတာလေ၊ နောက်ဆုံး သူတို့သား မမပဏ္ဍာရဲ့ဖေဖေ ဆုံးတဲ့အထိ ဥပေက္ခာပြုထားခဲ့ကြတာ၊ မမ ပဏ္ဍာကို အမေဖြစ်သူကပဲ မပြည့်မစုံတဲ့ကြားက ကျွေးမွေးစောင့်ရှောက်ခဲ့ရတာ၊ မမ ဆယ်တန်းအောင်တော့ ဆေးတက္ကသိုလ် ဝင်တဲ့အထိ စာတော်ခဲ့တာ၊ မမ ပဏ္ဍာကို ဆေးကျောင်းထားဖို့ဆိုတာ မုဆိုးမ မိခင်တစ်ယောက်အတွက် အိပ်မက်ဆန်လွန်းပါတယ်၊ ဒီမှာပဲ မမရဲ့အမေက ယောကျ်ားဘက်က ဆွေမျိုးတွေဆီမှာ သမီး ပညာရေးအတွက် အကူအညီသွားတောင်းတယ်၊ သားအရင်းအချာကိုတောင် သေခန်းပြတ် ဖြတ်ခဲ့တဲ့ မမရဲ့ အဖေ့ဘက်က ဘာအကူအညီမှ မပေးခဲ့ဘူး၊ ခါးခါးသီးသီး ငြင်းလွှတ်လိုက်ခဲ့တာတဲ့"

ချစ်ရိပ်မြွယ် စကားတွေကို နားထောင်နေရင်း သူ့ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်အထိ ခံစားလိုက်ရတာ အမှန်။

"မမရဲ့ အမေဆို ဘယ်လောက်ခံစားရမလဲ ကိုကို စဉ်းစားကြည့်၊ ဒါပေမဲ့ သမီးကို မဖြစ်ဖြစ်အောင် ဆေးကျောင်းပို့မယ်ဆိုပြီး အလုပ်လုပ် ငွေရှာခဲ့တာ နေပူမရှောင် မိုးရွာမရှောင် ဈေးဘမ်း ခေါင်းရွက်ရောင်းဖို့လည်း မတွန့်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီဒဏ်တွေကြောင့်ပဲ မမ ကျောင်းမတက်ခင် အိပ်ရာထဲလဲပြီး ပြန်နလန်မထူနိုင်တော့တာ၊ မေမေက အစ်မ ဒုက္ခရောက်နေတော့ အိမ်ပေါ်ခေါ်တင်ပြီး စောင့်ရှောက်ခဲ့တာလေ၊ ဒါပေမဲ့ မမ ပဏ္ဍာကို ဆေးကျောင်းပို့ပေးနိုင်လောက်အောင်လည်း မမေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံပါဘူး။ အင်္ဂလိပ်စာ မေဂျာနဲ့ ပညာရေးဘွဲ့ တစ်ခု ရအောင်ပဲ ကျောင်းထားပေးခဲ့နိုင်တာ''

''အခု သင့်ပညာ အမေကော''

''မမ ပညာ ဒုတိယနှစ်မှာပဲ ဆုံးသွားခဲ့တာလေ''

''ဪ သူက မင်းတို့နဲ့ အတူနေခဲ့တာပေါ့''

''ဟုတ်တယ် ကိုကို၊ ဘွဲ့ရမှ မမပညာ ကိုယ့်ကိုကိုယ် ရပ်တည်မယ်ဆိုပြီး နေရစ်ခဲ့တာ ချစ်တို့ ကိုကိုတို့ အိမ်ပြောင်းလာတော့ လိုက်ခဲ့ဖို့ ခေါ်ပါသေးတယ်၊ မမ ပညာက ဖွတ်ငြင်းပြီး နေခဲ့တာ''

''အင်း မာနက တော်တော်ကြီးပါလား၊ နေပါဦး အခု သူက ဘာတွေလုပ်နေတာလဲ ကုမ္ပဏီ ဝန်ထမ်းလား''

''အင်း ခရီးသွား အေဂျင်စီ တစ်ခုမှာ အလုပ်လုပ်နေတာလေ၊ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံပြောဆိုရတဲ့ ဧည့်ကြိုသဘောမျိုးပေါ့၊ မမ ပညာက အင်္ဂလိပ်စာ အရမ်းကျွမ်းကျင်တယ်''

''ဘာလဲ ပညာမာနနဲ့ တံခွန်ထူနေတာလား''

''မမ ပညာမှာ အဲဒီလို မာန မရှိပါဘူး၊ ဘဝနာခဲ့တာကို မခံချင်စိတ်နဲ့ ကြိုးစားနေရှာတာပါ၊ ဘွဲ့ရပြီး အလုပ်တစ်ဖက်နဲ့ အခု သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်နေတာ၊ မမကိုကြည့်ပြီး ချစ် တောင် ကြားက မောတယ်''

ခေါင်းလေးခါကာ ပင့်သက်မောလေးချပြီး ပြောသည့် ချစ်ရိပ်ခြယ်ကို ကြည့်ကာ သူ ပြုံးမိသည်။ ချစ်ရိပ် ပြောမယ်ဆိုလည်း ပြောလောက်သည်။ သင့်ပညာကို သူ သတိထားမိသလောက် အိမ်မှာတွေ့ရသည့်ရက်က ခပ်ရှားရှားပဲ ဖြစ်သည်။

မနက် သူနိုးလျှင် သူမထွက်သွားပြီ။ ညနေ သူပြန်လာတော့ သူမ ပြန်မရောက်သေး။ ငါးနာရီကျော် ခြောက်နာရီမှ ပြန်ရောက်သည်။



တစ်ခါတလေ မိုးတောင်ချုပ်နေတတ်၏။

အလုပ်တွေထဲမှာ အာရုံတွေနစ်၊ မာနတွေ တံခွန်ထူနေသည့် မိန်းမ။ ဘဝနာခဲ့တာနဲ့ လူတိုင်းကို မာနစိတ်ကြီးနဲ့ ဆက်ဆံနေတာ မှန်တယ် ထင်နေသည်လား။

လှည်းတန်းလမ်းဆုံ ရောက်တော့ သူ ကားကို ထိုးရပ်ပေးလိုက်၏။

''ကိုကို မလိုက်တော့ဘူးလား''

''မလိုက်ပါဘူး ဖယားတွေ မရှုပ်စမ်းပါနဲ့''

''ကိုကိုက ချစ်ဆို ဘယ်တော့မှ မလိုက်လျောဘူး ဟွန်း''

မကျေမနပ်လေး ဆိုပြီး ချစ်ရိပ်ခြယ် ကားတံခါးဖွင့် ဆင်းသွားသည်။ ပလက်ဖောင်းပေါ်မှာ ရပ်နေသော ယောက်ျားလေး နှစ်ယောက် မျက်ဝန်းတွေက ချစ်ရိပ်ခြယ်ဆီ ကပ်ပါသွားကြသည်။

ဒီကောင်မလေး ကလေးမဟုတ်တော့တာ သေချာ၏။ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ကလေးတစ်ယောက်ဟုပဲ သတ်မှတ်ထားမိတာ အမှန်။

ကားကို မောင်းထွက်ခဲ့ရင်း ဖျတ်ခနဲ သတိရလိုက်မိတာ နေရီကိုပဲ ဖြစ်သည်။ ဟိုတစ်ခါ ဆိုင်မှာဆုံပြီးကတည်းက နေရီ သူ့ကိုဖုန်းတောင် မဆက်တော့ပါ။ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ စိတ်ကောက်နေသော နေရီကို သူ စိတ်ကုန်ချင်နေပြီ။

ဒါကြောင့်လည်း ဖုန်းမဆက်ဘဲ ပစ်ထားလိုက်မိသည်။

ဒုတိယနှစ်ကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြသော နေရီကို သူ့နှလုံးသားက သွေးအေးနေခဲ့ခြင်းက ဘာကြောင့်လဲ။

တွေးတော့ တွေးချင်စရာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မမ မမပဏ္ဏာ"

အခန်းတံခါးကို ခပ်အုပ်အုပ် ခေါက်ခေါ်နေသော ချစ်ရိပ် အသံလေးကြောင့် နိုးနေလျက် မဖွင့်ဖြစ်သော ပဏ္ဏာ့မျက်ဝန်းတွေ ပွင့်လာသည်။

"မမ ပဏ္ဏာ နိုးပြီလားဟင်"

"အင်း လာပြီ ချစ်ရိပ်"

အသံပေးပြီး ပဏ္ဏာ ခုတင်ပေါ်က ဆင်းခဲ့သည်။ အခန်းတံခါးကို ဖွင့်လိုက်တော့ မြင်လိုက်ရသော ချစ်ရိပ်က အားကစားဝတ်စုံ အပြာရောင်လေးနှင့် ဖြစ်သည်။ လည်ပင်းကပ် လက်ပြတ်အပြာရောင်လေးနှင့် ဂါဝန်လေးကလည်း အပြာရောင်လေး ခြေအိတ်ကိုလည်း အပြာရောင်လေး ဆင်ထား၏။

"မမ ပဏ္ဏာ ဒီနေ့ ဘယ်မှမသွားဘူး မဟုတ်လားဟင်"

"အင်း အလုပ်တော့ မသွားရပါဘူး"

"ဟင် အလုပ်တော့ မသွားရဘူးဆိုတော့ ဘယ်သွားစရာ ရှိသေးလို့လဲ၊ ဒီနေ့က တပ်မတော်နေ့ကြီးလေ"



"နေ့လယ်ပိုင်းမှာ ချိန်းထားတဲ့ကိစ္စလေး ရှိသေးတယ် ချစ်ရိပ်ရဲ့"

"နေ့လယ်မှမို့လား အခု မမနဲ့ တင်းနစ်ကစားမလို့ ချစ်လာခေါ်တာ၊ မမနဲ့ချစ် မကစားဖြစ်တာ ကြာပြီ၊ ကစားရအောင်နော် မမပဏ္ဏာ"

ပဏ္ဏာ့ပခုံးလေးကို ပုတ်ကာ ချစ်ရိပ် ဆိုနေသည်။ ဟိုးအရင်ကတည်းက ပဏ္ဏာနှင့်ချစ်ရိပ်တို့ တင်းနစ်အတူ ကစားဖြစ်ကြသည်။ ပဏ္ဏာရဲ့ သူငယ်ချင်းတစ်ယောက် အိမ်မှာရှိသော တင်းနစ်ကွင်းလေးမှာ ကစားဖြစ်တာပဲ ဖြစ်၏။

"မမက မကစားဖြစ်တာ ကြာပြီ ချစ်လေးရဲ့"

"ဒါကြောင့် ကစားဖို့ ခေါ်တာပေါ့၊ မမကို အရင်လက်ရည်နဲ့ဆို ချစ်က ဘယ်လိုယှဉ်နိုင်မှာလဲ၊ လာပါနော် မမ ပဏ္ဏာ အရင်လက်ရည် မျိုး ရှိသေးလား သိချင်လို့"

သူမ လက်မောင်းကို ဖွတ်ဆွဲခေါ်နေသော ချစ်ရိပ်ကို ကြည့်ပြီး ပဏ္ဏာ ပြုံးမိသည်။ ဟိုတုန်းက ချစ်ရိပ်ကို သူမပဲ ခေါ်သွားကာ ရိုက်တတ်အောင် သင်ပေးခဲ့တာ ဖြစ်သည်။

ချစ်ရိပ် တင်းနစ်အားကစားကို ဝါသနာပါသွားတာ ပဏ္ဏာကြောင့်ပဲ ပြောရမည်။

"လာလေ မမရဲ့ ကစားကြမယ်နော်"

"အင်း ခဏလေးစောင့် မမ မျက်နှာသစ်ပါရစေဦး။ ချစ်လေး ဧည့်ခန်းက စောင့်နော်၊ အဝတ်အစားလဲပြီး လာခဲ့မယ်"

"မြန်မြန်လေးနော် မမ"

ချစ်ရိပ် ပြောပြီး အခန်းရှေ့က ထွက်သွားတော့ သူမ ရေချိုးခန်းဘက် ထွက်ခဲ့ကာ မျက်နှာသစ် ကိုယ်လက်သန့်စင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တင်းနစ်မကစားဖြစ်တာ ကြာပြီဆိုပေမယ့် အားလပ်ရက်တွေမှာတော့ ပဏ္ဏာ ကစားဖြစ်နေဆဲဆိုတာ ချစ်ရိပ် မသိရှာပါ။ သိမ်ဖြူတင်းနစ်ကွင်းမှာ ပဏ္ဏာ သူငယ်ချင်းတစ်ယောက် ရှိနေတာမို့ပဲ ဖြစ်၏။

သူမမှာ ရှိနေသော အနက်ရောင် စပို့ရှပ်လက်တိုလေးနှင့် အားကစား ဘောင်းဘီတိုလေးကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ညှော်ခန်းထဲရောက်တော့ ချစ်ရိပ် သူမကို မျက်ဝန်းလေးတွေ ဝိုင်းစက်ကြည့်နေရင်း

"မမပဏ္ဏာမှာ အားကစားဖိနပ် ရှိနေတာလား။ မရှိရင် ချစ်လေးဆီက ဝတ်စုံ ယူဝတ်လို့ အခုပဲ လာပြောမလို့"

"ရှိပါတယ် ချစ်လေးရဲ့၊ ကဲ သွားကစားရအောင်"

ခြံလေးဘက်က တင်းနစ် ကစားကွင်းလေးဆီ နှစ်ဦးသား ထွက်ခဲ့တော့ ချစ်ရိပ် တက်ကြွနေတာ သတိထားမိသည်။ အတူ မကစားဖြစ်တာ ကြာပြီဆိုတော့ ချစ်ရိပ် လက်ရည်တွေ ဘယ်လောက် တက်နေပြီလဲ သိချင်မိသည်။

■ ■ ■

ဘယ်လိုမှ မျှော်လင့်မထားသော မြင်ကွင်းမို့ သူ အံ့သြစွာ ငေးကြည့်နေမိတာ ကြာပြီ။

ချစ်ရိပ်နှင့်အတူ တင်းနစ် ကစားနေသူက သင့်ပဏ္ဏာ ဖြစ်နေတာပဲ အံ့သြစရာကောင်းနေသည်။ အပေါ်ထပ် ဝရန်တာလေးက သူ ကြည့်နေတာကို မသိရှာဘဲ နှစ်ယောက်သား ကစားပွဲထဲမှာ အာရုံနစ်နေကြသည်။

စောင့်ကြည့်လိုက်ရုံနှင့် သင့်ပဏ္ဏာရဲ့ လက်ရည်ကို သူ ချက်ချင်း သိလိုက်သည်။ သာမန်လက်ရည် မဟုတ်။ တင်းနစ်ကို ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်သူ ဆိုတာ သိသာလွန်းသည်။



ရိုက်ချက်တွေက ပြင်းထန်သည်။ ချစ်ရိပ်ခြယ်တောင် အတော်ကစားနေရတာက သက်သေပါပဲ။

သူ ကြည့်နေတုန်းမှာပဲ သင့်ပဏ္ဏာရဲ့ ရိုက်ချက်ကို မဆယ်မနိုင်ဘဲ လွင့်စင်သွားသော တင်းနစ်ဘောလုံးလေးကို ချစ်ရိပ် အပြေးလေး လိုက်ကောက်နေသည်။

ချက်ချင်းပဲအကြည့်တို့ လွှဲပစ်ကာ သူ ဝရန်တာလေးက ခွာခဲ့သည်။ မျက်လုံးထဲမှာတော့ သူမ ပုံရိပ်က မဖိတ်ခေါ်ပါဘဲ ကပ်ငြိပါလာ၏။

သင့်ပဏ္ဏာ ဆိုသော မိန်းမတစ်ယောက် အကြောင်းကို သူ လုံးဝ မစဉ်းစားချင်တာ အမှန်။ ဒါပေမဲ့ မစဉ်းစားပါဘဲ ခေါင်းထဲ အလိုလို ရောက်လာတာ ခက်သည်။

ချစ်ရိပ်က သူမအကြောင်း ပြောပြတော့ သနားမိသည်။ သနားမိပေမယ့် မာတင်းတင်း သူမအသွင်နှင့် မျက်နှာကြောကို မြင်တော့ သနားစိတ်က ချက်ချင်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။

သူမ ဘဝလေးက သနားစရာပေမယ့် ဒါကိုပဲ ဘဝနာသည်ဆိုကာ တွေ့တဲ့လူတိုင်းကို အပေါ်စီးက ဆက်ဆံပြနေတာ မဖြစ်သင့်ပါ။ လူတွေရဲ့ ဘဝတွေဆိုတာ တူတာမှ မဟုတ်တာ။

ဒါကို မင်းသိသင့်တယ် သင့်ပဏ္ဏာ။

■ ■ ■

"မမ ပဏ္ဏာ ချစ်ကို ညာထားတာပဲ"

သုံးပွဲပြတ် ရှုံးနိမ့်တော့ ချစ်ရိပ် နှုတ်ခမ်းလေးစူကာ မကျေမနပ် ပြောသည်။ ကွင်းနံဘေးက ခုံတန်းလေးပေါ်မှာ တင်ထားသော ချွေးသုတ်သဘက်လေး နှစ်ထည်ကို ပဏ္ဏာ လှမ်းယူပြီး ချစ်ရိပ်ကို တစ်ထည် လှမ်းကမ်းပေးရင်း

"မညာပါဘူး ချစ်လေးရဲ့၊ မမမှာ အားချိန်ဆိုလို့ ဘယ်မှာ ရှိ

www.burmeseclassic.com



လို့လဲ၊ အဲ အားလပ်ရက်လေးတော့ ကစားကွင်းနဲ့ မပြတ်အောင် ကစားတာပေါ့လေ"

ချစ်ရိပ်က သဘက်နှင့် ချွေးတွေကို ပွတ်သုတ်ရင်း ပဏ္ဏာနံဘေးမှာ ဝင်ထိုင်သည်။ ပဏ္ဏာ ရေဘူးလေးဖွင့်ကာ တစ်ငုံသောက်ရင်း ချစ်ရိပ်ကို ပြုံးပြုံးလေး ကြည့်သည်။

"ချစ်လေးလည်း တော်ပါတယ်၊ လက်ရည်တက်လာတာပဲ"

"ဒီခြံထဲမှာ ကစားကွင်းကြီး ရှိပြီး ချစ်လေး မကစားရပါဘူး။ သူငယ်ချင်းတွေကလည်း ဝါသနာပါတဲ့သူ မရှိဘူး။ ဒါကြောင့် မမပဏ္ဏာနဲ့ ကစားချင်နေတာ"

"ဒီခြံထဲမှာ တင်းနစ်ကွင်းကြီးရှိပြီး ကစားတတ်တဲ့သူ မရှိဘူးလား ချစ်လေးရဲ့"

"ကိုကိုက ကစားတတ်တယ်၊ အရင်က သူ့သူငယ်ချင်းတွေနဲ့ တနင်္ဂနွေနေ့တိုင်း ကစားတယ်၊ ဒါပေမဲ့ ချစ်လေးနဲ့ မကစားဘူး"

ချစ်ရိပ် စကားကြောင့် ပဏ္ဏာ မျက်မှောင်လေး တွန့်ကုပ်သွားခဲ့ရင်း

"ဘာလို့ ချစ်လေးနဲ့ မကစားတာလဲ"

"လက်ရည်မရှိတဲ့သူတွေနဲ့ မကစားဘူးတဲ့၊ လက်ပျက်တယ်တဲ့လေ"

"အဲဒီလို ပြောသလား၊ သူက ဘယ်လောက် တော်လို့လဲ"

"ကိုကို ကစားတာ ချစ် ကြည့်ဖူးတယ်၊ သူ့သူငယ်ချင်းတွေ တစ်ယောက်မှ ကိုကို့ကို မနိုင်ကြဘူး"

ချစ်ရိပ် စကားကို သူမ မျက်နှာလေးမဲ့၍ ပြုံးမိသည်။ ဘွဲ့ဂုဏ်ထူး တဲ့။ နာမည်မှာကိုက မာန်တွေ တက်နေတဲ့ ယောက်ျား။ ဘယ်လိုမှကို ပဏ္ဏာ မျက်ဝန်းထဲမှာ ကြည့်လို့မရတာ အမှန်ပဲ ဖြစ်သည်။



စောစောကလည်း ပဏ္ဏာတို့ ကစားနေကြတာကို ဝရန်တာက ရပ်ကြည့်နေသေးသည်။ ပဏ္ဏာ မော့ကြည့်တော့ မတွေ့မတောန်သလိုနဲ့ ပြန်လှည့်ဝင်သွားခဲ့သည်။

ရုပ်ကလေးက ချောမောလွန်းသလောက် တစ်ဖက်သားအပေါ်မှာကျတော့ လူလူချင်းဆိုတဲ့ စာနာသနားမှု တစ်စက်လေးမှ မရှိပါ။

"မမပဏ္ဏာ ကိုကို့ကို ဘာလို့ မုန်းနေတာလဲဟင်"

ချစ်ရိပ် စကားကြောင့် ပဏ္ဏာ လှည့်ကြည့်မိ၏။ ချစ်ရိပ် မျက်ဝန်းလေးတွေ သူမကို စူးစူးနစ်နစ် စိုက်ကြည့်ပြီး မေးနေတာ ဖြစ်သည်။ ပဏ္ဏာ ပြုံးလိုက်ရင်း ခေါင်းကို ဖြည်းဖြည်းလေး ခါသည်။

"မုန်းတာ မဟုတ်ဘူး၊ ကြည့်မရတာ"

"ဟင် အတူတူပဲ မဟုတ်ဘူးလား"

"မတူဘူးလေ ချစ်လေးရဲ့၊ ဘာလို့ လူတစ်ယောက်ကို မမက အလကားနေရင်း မုန်းတီးနေရမှာလဲ၊ အခုဟာက ကြည့်မရတာ၊ ဘွဲ့ဂုဏ်ထူးရဲ့ မာနတက်နေတဲ့ ပုံစံကို လုံးဝ ကြည့်မရတာ"

"ကိုကိုက အဲဒီလိုမျိုးတော့ မဟုတ်ပါဘူး"

ချစ်ရိပ်က ဘွဲ့ဂုဏ်ထူးနှင့်ပတ်သက်လာလျှင် အမြဲတမ်း ဖေးဖေးမမ ရှိတတ်တာ ပဏ္ဏာ သတိထားမိပါသည်။

"ဘာလဲ ချစ်လေး၊ သူ့ကိုကြောက်လို့ ကာကွယ်ပေးနေတာလား၊ တို့ကတော့ လုံးဝကို ကြည့်မရတာ၊ စတွေ့ကတည်းက ကြည့်မရတာ လူကို မတူမတန်သလို ပုံစံမျိုး ဆက်ဆံတာကို လက်မခံဘူး၊ တို့ဒီမှာ နေဖို့ ဆုံးဖြတ်ဖြစ်တာ ဘွဲ့ဂုဏ်ထူးကြောင့်လည်း ပါတယ်"

"ကိုကို့ကြောင့်ပါတယ် ဟုတ်လား မမ ပဏ္ဏာ"

"ဟုတ်တယ် သူက တို့ကို မနေစေချင်ဘူးဆိုတဲ့ ပုံစံကို ပြလို့ နေမယ်လို့ ဆုံးဖြတ်ပစ်လိုက်တာ၊ သူနဲ့ပတ်သက်ပြီး ဆန့်ကျင်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြတာ''

"မမနဲ့ကိုကိုက အလျော့မပေးတတ်။ မာနတွေ ပြိုင်နေတာပဲ''

ချစ်ရိပ် ဝေဖန်စကားကြောင့် ပဉ္စာ ယဲ့ယဲ့လေး ပြုံးမိသည်။ မာနတွေ ပြိုင်နေတာတဲ့လား။ ပဉ္စာ ပြိုင်တဲ့ မာနဆိုတာက ဘွဲ့ဂုဏ်ထူးလို ဂုဏ်မာန၊ ငွေမာန မဟုတ်ပါဘူး။

အဲဒီလို ဂုဏ်မာန်တွေ မြင့်နေတဲ့သူတွေကို မုန်းတီးတဲ့ စိတ်တွေက ပဉ္စာ ရင်ထဲမှာ နိုင်နိုင်မာမာ စွဲနေခဲ့ဖူးတာ ရှင်မှမသိဘဲ။

"ကဲ မမ သွားစရာရှိသေးတယ် ချစ်လေး၊ ရေမိုးချိုးပြီး သွားရမယ်၊ နောက် အားလပ်ရက်ကျမှ ချစ်လေးနဲ့ ထပ်ကစားကြတာပေ့ါနော်''

"အင်း မမကိုကြည့်ပြီး ချစ် တကယ်မောလိုက်တာ၊ မမ မှာ အားရက်ဆိုတာ မရှိသလောက်ပဲနော်''

ချစ်ရိပ် ဝေဖန်စကားကို အပြုံးလေးနှင့်ပဲ ပဉ္စာ တုံ့ပြန်ဖြစ်သည်။ သဘက်လေးကို ပခုံးပေါ် လွှားတင်ကာ ထွက်ခဲ့သည်။

ကိုယ့်ဘဝမှာ နာကျင်ခံစားခဲ့ရတာတွေက အများကြီးပါပဲ။ တွေးမိတိုင်း ခံစားရတဲ့ ခံစားမှုက ရင်ထဲမှာ တနုံ့နုံ့ ခံစားရတဲ့အထိလေ။

လူဆိုတာ ကိုယ့်ဘဝကိုယ်သိ ဆင်ခြင်ကာ တိုးတက်အောင် ကြိုးစားဖို့ပဲ မဟုတ်လား။

ဒါတွေကို ချစ်ရိပ်လေး ခံစားတတ်မှာ မဟုတ်။

■ ■ ■

## အခန်း (၁၁)

"ဘွဲ့ မင်းနဲ့နေရီက ရန်ဖြစ်ကြပြန်ပြီလား''

ဆိုင်ကို ရောက်လာသော အီလက်ထရောနစ် ပစ္စည်းစာရင်းတွေကို သူ စစ်ဆေးနေခိုက်မှာ ကျော်လွှမ်း အနားကို ရောက်လာပြီး မေးသည်။

ကော်ဖီဆိုင်လေးထဲမှာ နေရီနှင့်သူ ဆုံတွေ့ကြပြီးသည့် နောက်ပိုင်းမှာ နောက်ထပ် နေရီနှင့်ထပ်မဆုံဖြစ်တော့သလို နေရီဆီက ဖုန်းမဆက် သူကလည်း ဖုန်းမဆက်ဖြစ်ခဲ့ပါ။

"မင်းကို နေရီ ပြောလို့လား''

"ကိုရွှေကို အေမီ ပြောလိုက်တာ၊ မင်းတို့ကလည်း မြန်တည့်တာက တစ်ရက် ရန်ဖြစ် စိတ်ကောက်ကြတာက တစ်ပတ် ဆယ်ရက် ဖြစ်နေပြီ''

"ဘာမှ ရန်ဖြစ်တာ မဟုတ်ဘူး။ သူ့ဘာသာ ကောက်ပြီး ငါ့ဆီ ဖုန်းမဆက်တော့တာ''

"မင်းကလည်း မဆက်ဘူးဆို''

"သူမှ မဆက်တာ ငါက ဘာလို့ ဆက်ရမှာလဲ၊ ဘာမှ မဟုတ်တာလေးကို ခဏ ခဏ ကောက်နေတာ ငါ စိတ်ကုန်နေပြီ''

www.burmeseclassic.com

www.burmeseclassic.com



"အေဓိကို ပြောတော့ မင်းက အရင်လို မဟုတ်တော့ဘူးတဲ့"

သူ ကွန်ပျူတာ ခလုတ်ကို ပိတ်လိုက်ရင်း ထိုင်ခုံမှာ ကျောမှီ ထိုင်ပြီး ကျော်လွှန်းကို လှမ်းကြည့်လိုက်သည်။ အေဓိကတစ်ဆင့် နေရီ ပြောလိုက်သော ထိုစကားကြောင့် သူ မျက်မှောင်ကြီး ကုပ်ပစ်ရင်း

"အရင်လို မဟုတ်ဘူးဆိုတာ ဘာလဲ ငါက သူစိတ်ကောက် တိုင်း လိုက်ပြီး မချော့မော့တာကို ပြောတာလား၊ ငါတို့ ကလေးတွေ မဟုတ်တော့ဘူး ကျော်လွှန်း၊ ကျောင်းတွေပြီးလို့ စီးပွားရေးလောကထဲ ရောက်နေပြီ၊ ကျောင်းတုန်းကလို သူ စိတ်ကောက်သမျှ ငါက အလျှော့ ပေး ချော့ပေးနေရမှာလား"

"ဒါတော့ အရင်ကလည်း မင်း နေရီကို ချော့မော့နေခဲ့ရတာပဲ ကွာ"

"အေး အရင်က ချော့မော့တိုင်း ငါ အခု မချော့မော့နိုင်ဘူး သူလည်း ရင့်ကျက်သင့်ပြီ"

"ဒါကြောင့် နေရီက ပြောတာ၊ မင်း အရင်နဲ့မတူဘူးတဲ့"

ကျော်လွှန်း စကားကြောင့် သူ မကျေမနပ် ခေါင်းကို ခါပစ်ရင်း

"လာပြန်ပြီ ဒီစကား၊ ဘာကို အရင်ကနဲ့ မတူတာလဲ"

"နေရီက သူ မင်းကို အရင်လို ဂရုမစိုက်တော့ဘူးလို့ ထင်နေ တာ၊ နှစ်ယောက်အတူ ရှိနေတာတောင် မင်းစိတ်က သူ့ဆီမှာ မရှိဘူး တဲ့"

နောက်ဆုံး ဆုံခဲ့ကြစဉ်က နေရီ ပြောခဲ့သော စကားကို ကျော် လွှန်း ပြန်ပြောနေပြန်သည်။ နေရီက အေဓိကို ရင်ဖွင့် အေဓိကတစ်ဆင့် ကျော်လွှန်းနှင့်ရွှေမော်င် သိခဲ့ကြတာ ဖြစ်မည်။

ထိုနေ့က နေရီ မကျေမနပ် ဖြစ်သွားတာ အနားမှာ သူမ ရှိ နေရက်နှင့် သူ့အတွေးတွေ လွင့်သွားတာကို ဖြစ်သည်။



"နေရီ ပြောတိုင်း မင်းတို့ ယုံမနေနဲ့ သူက သူ့စိတ် အလိုမကျ တိုင်း သူများကို အပြစ်မြင်နေတာကွ၊ ငါ တော်တော် စိတ်ကုန်နေပြီ"

"ဘွဲ့ မင်းစကားက ဘာလဲ၊ နေရီကို မင်းစိတ်ကုန်နေပြီဆိုတာ"

"အေး အမှန်ပဲ သူ့ရဲ့အတ္တတွေကို ငါမြင်နေရတယ်၊ ချစ်သူ ရည်းစားဘဝတစ်လျှောက်လုံး သူပဲ အမြဲတမ်း အတ္တဆန်ခဲ့တာ၊ ငါ ဘယ်လောက် အလျှော့ပေးပေး သူ နားမလည်ခဲ့ဘူး။ ယောကျ်ားတစ် ယောက်ကို သူ စိတ်ကြိုက် ရွေးချယ်နိုင်တဲ့ အလှရှိတယ်၊ ဓနဂုဏ် ရှိ တယ်ဆိုတဲ့ အတွေးနဲ့ ငါ့ကို အနိုင်ယူနေတာ ငါ လက်မခံဘူး"

"မင်း လက်ခံနိုင်ခဲ့လို့ ကျောင်းမှာတုန်းက အမြဲတမ်း သည်းခံ ခဲ့တာပဲ မဟုတ်လား ဘွဲ့ရာ"

"အဲဒါ အတိုင်းအတာ တစ်ခုအထိပဲ ရှိတယ်လေ"

"ဒါဆို နေရီကို မင်း အပြီးစွန့်လွှတ်လိုက်ပြီလို့ ဆိုလိုတာလား ဘွဲ့"

ကျော်လွှန်းက သူ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ကာ မေး သည်။ သူ လွန့်ခနဲ တစ်ချက်ပြုံးရင်း

"နေရီရဲ့အတ္တတွေ ကြီးမားနေသရွေ့တော့ နှန်းနေရီဆိုတဲ့ မိန်းမ ဟာ ငါ့ရဲ့ အိမ်ထောင်ဘက် ဖြစ်မလာနိုင်တာ သေချာတယ် ကျော်လွှန်း"

ကျော်လွှန်း တိတ်ဆိတ်စွာနှင့် သူ့ကိုငေးကြည့်နေခဲ့သည်။ နေရီ အပေါ်မှာ ပြတ်သားသွားသော သူ့စိတ်ကို အံ့သြနေတာလားတော့ မသိပါ။

တကယ်ဆို သူလည်း ကိုယ့်စိတ်ကိုယ် အံ့သြမိတာ အမှန်ပဲ ဖြစ်သည်။ နေရီရဲ့ အပေါ်မှာ သူ့နှလုံးသားက အရင်လို မဟုတ်တော့တာ သေချာနေသည် ကျောင်းမှာတုန်းက နေရီအပေါ်မှာ သူ နှောင်တွယ် ခဲ့မှုခဲ့တာ နေရီရဲ့ မြင်သူငေးလောက်အောင် လှသော အလှကြောင့် လား။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံးမှာ ပေါ်ပြူလာဖြစ်သော နေရီရဲ့ သတင်းကြောင့်လား။ ပြန်စဉ်းစားနေမိတာ ကြာပြီ။

နှလုံးသားက အချစ်ဆိုတာ နေရီအပေါ်မှာ ပေါက်ဖွားခဲ့ခြင်းမှ ရှိပါရဲ့လား။ တွေးစရာတော့ အကောင်းသား။

■ ■ ■

အခန်း (၁၂)

ကော်ဖီခန်းတံခါးဝ ရောက်ချိန်မှာပဲ စကားသံတွေကို သူ ကြားရသည်။ ခြေလှမ်းတွေ တုံ့ခနဲ ရပ်ကာ နားတို့အလိုလို စွင့်မိပြီးသားဖြစ်သွား၏။

"သမီး ပဏ္ဍာအတွက် အန်ကယ် ဂုဏ်ယူချီးကျူးပါတယ် သမီး"

"ဟုတ်တယ် သမီး၊ အန်တီသက်လည်း သမီးအတွက် အရမ်းဝမ်းသာနေတာ၊ သမီး ပင်ပင်ပန်းပန်း ကြိုးစားခဲ့သမျှ အရာထင်သွားပြီပေါ့ကွယ်၊ သမီးက အရမ်းတော်ပါတယ်ကွယ်"

ဖေဖေကော ဒေါ်ခင်သက်ခြယ်ရဲ့ ချီးကျူးစကားတွေကကော သင့်ပဏ္ဍာဆီမှာပဲ ဖြစ်နေကြ၏။ ဘာတွေဖြစ်နေတာလဲ။ သူမကို ဘာတွေများ ချီးကျူးနေကြတာလဲ သူ သိချင်တာမို့ ရပ်နေမိသဲ။

"သမီးလည်း အရမ်းဝမ်းသာကျေနပ်ပါတယ် အန်တီသက်၊ ဒီအလုပ်ကို ရချင်လို့ သမီး အချိန်တွေ အများကြီး ရင်းနှီးကြိုးစားခဲ့ရတာပါ၊ အင်တာဗျူး လူတွေ့စစ်ဆေးပြီးပေမယ့် မယုံရဲသေးဘူးလေ၊ အလုပ်

www.burmeseclassic.com



ခန့်ကြောင်း စာရောက်လာမှ ယုံသွားတာ''

"မမပဏ္ဏာက တော်ပြီးသားပဲဉစ္စာ၊ ရမယ်လို့ ချစ်လေးက ယုံပြီးသားပါ၊ မမပဏ္ဏာ ကျွမ်းကျင်တတ်မြောက်ထားတဲ့ ဘာသာစကားတွေကပဲ လေးငါးမျိုးဉစ္စာ''

ချစ်ရိပ်ကလည်း ချီးကျူးနေပြန်သည်။ သင့်ပဏ္ဏာ အလုပ်တစ်ခု ရသွားတာကိုများ ချီးကျူးနေကြတာ မဆုံးတော့တာမို့ သူ အခန်းထဲ လှမ်းဝင်လိုက်သည်။

အားလုံးရဲ့မျက်ဝန်းတွေ သူ့ဆီရောက်လာသည်။ ဖေဖေက သူ့ကို လှမ်းကြည့်ရင်း

''သား လာလေ ထိုင်ကွာ၊ ဒီမှာ နန်းကြီးသုပ်စားရအောင်''

သူ နန်းကြီးသုပ် ကြိုက်တာ သိသော ဖေဖေက အားရဝမ်းသာ ခေါ်သည်။ ဒီနေ့ ပိတ်ရက်မို့ ဖေဖေ စီစဉ်ခိုင်းထားဟန် တူသည်။ ပိတ်ရက်တောင် မနားတတ်သော သင့်ပဏ္ဏာပါ ကော်ဖီဝိုင်းမှာ ရှိနေတာ နည်းနည်းထူးခြားသည်။

ဒေါ်ခင်သက်ခြယ်က သူ့အတွက် နန်းကြီးသုပ်ကို စီစဉ်ပေးသည်။ သူ့အကြိုက် ဘဲဥစိတ် လှီးထားတာလေးတွေကို ပန်းကန်တစ်ခုထဲမှာ ထည့်ပေးထားသည်။

ဗိုက်ကလည်း ဆာနေတာမို့ သူ ဖွန်းနှင့်ခက်ရင်းကို ကောက်ကိုင်ပြီး စားလိုက်သည်။ သင့်ပဏ္ဏာနှင့်သူက မျက်နှာချင်းဆိုင်ပေမယ့် မော့မကြည့်ဖြစ်ပါ။

''ကိုကို ကောင်းတယ်မို့လား၊ ဒီနန်းကြီးသုပ်က ဒီမနက် မမပဏ္ဏာရဲ့ အလှူဒါနလေ''

ချစ်ရိပ် စကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားသည်။ ဖေဖေ စီစဉ်ထားတာဟု သူ ထင်နေတာ သင့်ပဏ္ဏာ ကျွေးမွေးသည့် နန်းကြီးသုပ်



ဖြစ်နေပါလား။

"ဟုတ်တယ် သား၊ သမီး ပဏ္ဏာလေးက ဒံရုံးမှာ သူ လျှောက်ထားတဲ့အလုပ်ခန့်စာ မနေ့က ရတယ်၊ ဒါကြောင့် ဖေဖေတို့မိသားစုကို ဒါနပြုတာကွဲ့''

သူ မျက်ခုံးတွေ ပင့်တက်သွားကာ သင့်ပဏ္ဏာကို မော့ကြည့်မိသည်အထိ အံ့သြသွားမိသည်။ သူမက ဒံရုံးမှာ အလုပ်ရသွားသည်တဲ့လား။

''မမ ပဏ္ဏာက အဲဒီအလုပ်ရချင်လို့ သင်တန်းတွေ မနားစတမ်း တက်ပြီး ကြိုးစားခဲ့တာ ကိုကိုရဲ့၊ အခု လျှောက်တဲ့သူက အယောက်သုံးဆယ်ကျော်တယ်၊ မမပဏ္ဏာကို ရွေးလိုက်တယ်ဆိုတော့ မမပဏ္ဏာ တော်လို့ပေါ့နော်''

ချစ်ရိပ်က သူ့ရှေ့မှောက်မှာ ထပ်ပြီး ချီးကျူးနေ၏။ သူ ခေါင်းညိတ် ခေါင်းမခါမိဘဲ ခေါင်းငုံ့ စားနေလိုက်သည်။ စိတ်ထဲကတော့ သင့်ပဏ္ဏာရဲ့ အရည်အချင်းကို ချီးကျူးမိတာ အမှန်။

ဒီလိုအလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ပါ။ ပညာရေးအဆင့်တစ်မကဘဲ နိုင်ငံခြားဘာသာစကား လေးငါးမျိုးလောက် ကျွမ်းကျင်ပိုင်နိုင်ဖို့လိုသည်။ သင့်ပဏ္ဏာရဲ့ အနေအထားနှင့် ဒီလောက် ထူးချွန်သွားခဲ့တာ ချီးကျူးစရာတော့ ကောင်းပါသည်။

''အန်ကယ်တို့ မိသားစုအားလုံး သမီးအတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ အခုလို နန်းကြီးသုပ် ဒါနပြုတာလည်း ကျေးဇူးတင် သာဓုခေါ်ပါတယ် သမီး၊ သမီးကို အန်ကယ် တစ်ခုတော့ အကြံပေးချင်တယ်''

''ပြောပါ အန်ကယ်၊ အန်ကယ့်စကားကို သမီး နားထောင်ပါမယ်၊ အန်ကယ့်ကျေးဇူးတွေ သမီးအပေါ် ရှိပါတယ်၊ အန်ကယ်တို့အိမ်မှာ နေထိုင်ခွင့်ပေးတဲ့ ကျေးဇူးကို သမီး မမေ့ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး သမီးရယ်၊ သမီးကို နေထိုင်ရုံ မကာဘူး၊ ဒီမှာ မိသားစုလို စားသောက်ဖို့ အန်ကယ် ခွင့်ပြုခဲ့တာပဲလေ၊ သမီးက ကို မစီအစဉ်နဲ့ကိုယ် စားမယ်လို့ ပြောလို့သာ ခွင့်ပြုပေးခဲ့တာပါ"

"သမီးကြောင့် ဘယ်သူမှ ဝန်ပိုမပိစေချင်လို့ပါ အန်ကယ်

ပြီးတော့ သမီးက အလုပ်နဲ့သင်တန်းမှာပဲ အချိန်ပြည့်ကုန်တာလေ၊ ကြောင့် အဆင်ပြေသလို စားဖြစ်တာပါ၊ အန်ကယ်တို့အပေါ် မာန တာ မဟုတ်ပါဘူး"

သူ ဖျပ်ခနဲ မော့ကြည့်မိသည်။ သူမ မျက်ဝန်းတွေက တကယ် မာနတွေကင်းစင်နေခဲ့သလား။ သူနဲ့တုန်းကတော့ ကက်ကက်လန် ခွန်းမခံ ပြန်ပြောခဲ့တာ မမေ့သေးပါ။

"သမီးစိတ်ကို အန်ကယ် သိပါတယ်၊ အခုလည်း အန်ကယ် သမီးအတွက် အလုပ်က နေစရာ စီစဉ်ပေးတယ်လို့ ကြားတယ်"

"ဟုတ်ကဲ့ အန်ကယ်၊ အင်တာဗျူးတုန်းက သမီးကိုမေးတော အမှန်ပဲပြောပြခဲ့တယ်၊ သူတို့က သမီးဆန္ဒရှိရင် နေဖို့ ကွန်ဒိုတိုက်ခ ၊တစ်ခု စီစဉ်ပေးမယ် ပြောတာပါ"

"အန်တီသက်က သမီးတစ်ယောက်တည်း နေတာ စိတ်မချ ဒီမှာပဲ နေစေချင်တယ်"

"ဟုတ်တယ် သမီး၊ သမီးကို အန်ကယ်က ကိုယ့်တူမလေး သံယောဇဉ်ရှိတယ်၊ သမီးက ထက်မြက်တယ်၊ ကိုယ့်ခြေထောက်ပေ ကိုယ်ရပ်တည်နိုင်တယ်ဆိုပေမယ့် တစ်ယောက်တည်းနေလို့ မသင့်တော် တာ အမှန်ပဲလေ၊ ဒါကြောင့် ဒီမှာပဲ နေပါ၊ သမီး အလုပ်သွားပြန်ကို အတွက်လည်း ပူစရာ မရှိပါဘူး၊ အိမ်က ကားတစ်စီး စီစဉ်ပေးမယ်

ဖေဖေကတော့ သင့်ပဏ္ဏာအပေါ်မှာ တကယ် စေတနာ ပိုမိုနေ၏။ ဖေဖေ့ရဲ့ စိတ်ကိုတော့ သူ နားလည်မိပါသည်။ သင့်ပဏ္ဏ



ဘဝအကြောင်းကို ချစ်ရိပ် ပြောလို့ သူ သိခဲ့သလို ဖေဖေလည်း သိရှိထားမှာ မလွဲ။

သင့်ပဏ္ဏာရဲ့ မခံချင်စိတ်နဲ့ ကြိုးပမ်းမှုကို သူ ချီးကျူးလေးစားချင်ပေမယ့် သူနှင့်ဆုံလျှင် ချီထားသော မျက်နှာပေါ်က မာနတွေကိုတော့ ကြည့်မရပါ။

"အဲဒီလောက် ပဏ္ဏာ့အတွက် မလိုပါဘူး အန်ကယ်၊ ဒီမှာပဲ ပဏ္ဏာ ဆက်နေမယ်ဆိုရင် အလုပ်က ကြိုပို့ကား ရှိပါတယ်၊ ပြီးတော့ သမီးအလုပ်က နေ့စဉ် သွားရတာမျိုး မဟုတ်ပါဘူး၊ အချိန်ပိုင်းနဲ့လိုအပ်တဲ့ ရက်တွေမှာ ဆင်းပေးရုံပါ"

"ဒါဆိုလည်း သမီး ဒီမှာပဲ ဆက်နေပါလို့ အန်ကယ် အကြံပေး ပါရစေ"

"ဟုတ်ပါတယ်နော် မမပဏ္ဏာ ချစ်တို့နဲ့ ဆက်နေပါနော်"

ချစ်ရိပ်ကလည်း တောင်းပန်သလိုလေး ဝင်ပြောနေသည်။ သူမ က ချစ်ရိပ်ကို လှည့်ကြည့်ရင်း သူ့ဆီလည်း တစ်ချက် အကဲခတ်သလို ကြည့်၏။

သူကတော့ နန်းကြီးသုပ်ကိုပဲ ဆက်စားရင်း သူမ အဖြေကို နားစွင့်ထားမိ၏။ ဖေဖေက ခွင့်ပြုချက်ပေးနေတာတောင် သူမ ဘယ်လို ဆုံးဖြတ်မှာလဲ၊ မထားအပ်တဲ့ မာနတွေ သူမမှာ ကြီးမားနေတုန်းပဲလား။

"အင်း လောလောဆယ် သမီး ဒီမှာပဲ ဆက်နေမှာပါ၊ ရေရှည် အတွက်တော့ နောက်ပိုင်းမှ စဉ်းစားပါ့မယ် အန်ကယ်"

"သမီး ဆုံးဖြတ်ချက်အတွက် အန်ကယ် ကျေးဇူးတင်တယ် သမီး၊ အန်ကယ်တို့ဆီမှာ သမီး ပျော်သလောက် နေပါကွယ်"

"သမီးဒီမှာ အရမ်းပျော်ရွှင်တယ်၊ ကျေနပ်ပါတယ် အန်ကယ်၊ ဘာလို့လဲဆိုတော့ သမီးဘဝမှာ ဖြူစင်နွေးထွေးတဲ့သူတွေနဲ့အတူ နေခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရလို့ပါ၊ တကယ်ဆို သမီးရဲ့ ခွေမျိုးရင်းချာတွေတောင် အန်တီသက်နဲ့ အန်ကယ်တို့လောက် မချွေးထွေးခဲ့ဘူးလေ”

သင့်ပဏ္ဏာ လေသံတိမ်တိမ်လေးနှင့် ပြောနေတာကို ဒီတစ်ခါလဲ သူ ကြားဖူး၏။ အမြဲတမ်း လေသံက မာမာ၊ လူက ကပိုကရိုနှင့် ချိုထားသော မျက်နှာနှင့် သင့်ပဏ္ဏာသည် အခုတော့ မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေသည်လား။

“သမီးရယ် သမီးရင်ထဲက ခံစားချက်တွေကို မေ့ပစ်နိုင်အောင် ကြိုးစားလို့ မရခဲ့ဘူးသေးဘူးလား ဟင်”

အန်တီသက်က စာနာသလိုလေး ပြောတော့ သင့်ပဏ္ဏာ ပင့်သက်လေးရှိုက်ကာ ပြုံးသည်။ အပြုံးတို့က အတိတ်ရဲ့ ခံစားချက် အရိပ်တို့ ဖုံလွှမ်းနေဆဲဆိုတာတော့ သေချာနေခဲ့သည်။

“သမီး မေ့နိုင်အောင် ကြိုးစားပါတယ် အန်တီသက်၊ ဒါပေမဲ့ တစ်ခါ တစ်ခါတော့ သမီးရဲ့ခွေမျိုးရင်းချာတွေ ရှိရက်နဲ့ အပစ်ပယ်ခံရတဲ့ ဘဝကို ခံစားနာကျင်မိတယ်”

မျိုသိပ်ထားသော ခံစားချက်တွေကြောင့်လား မသိ၊ သင့်ပဏ္ဏာ အသံလေးတွေ တုန်ခါနေခဲ့သည်။ မျက်ဝန်းတွေထဲမှာက စိုလဲ့သော မျက်ရည်တွေ ဝဲတက်လာ၏။

“သမီးပဏ္ဏာ ခံစားချက်တွေကို အန်ကယ်တို့ စာနာ နားလည်နိုင်တယ်၊ အန်ကယ်တို့အပေါ်မှာ သမီး မိသားစုလို သဘောထားနိုင်တယ် တစ်ယောက်နဲ့တစ်ယောက် မေတ္တာတရားနဲ့ ကြင်နာစိတ်လေးတွေ ထားရင် နွေးထွေးစေပါတယ်ကွယ်”

“အန်ကယ်ကို သမီး တကယ် ကျေးဇူးတင်ပါတယ်၊ အရိုးသားဆုံး ဝန်ခံရရင် သမီးအပေါ်မှာ အန်တီသက်လို အန်ကယ်က နွေးထွေးပါ့မလားလို့ သံသယ ဝင်ခဲ့မိပေမယ့် အန်ကယ်ရဲ့ စေတနာစိတ်ကို သမီး



သိခဲ့ပါတယ်၊ အဲဒီကျေးဇူးတွေကို သမီးတစ်သက်လုံး မမေ့ပါဘူးရှင်”

ဝဲတက်လာသော မျက်ရည်တွေကို မျက်တောင်ကြီးတွေနဲ့ ပုတ်ခတ်ပြီး သင့်ပဏ္ဏာ ဆိုနေသည်။ သူ အံ့သြနေမိတာက ဒီမိန်းမ ရင်ထဲမှာ ဒီလို ဝမ်းနည်းအားငယ်တတ်တဲ့စိတ် ရှိပါ့မလားဟု ထင်ခဲ့မိ၏။

မာနတွေနဲ့ မျက်နှာလေးက အခုတော့လည်း တကယ် သနားစရာပါလား။ မျက်ရည်တွေကို ထိန်းထားတဲ့ သင့်ပဏ္ဏာရဲ့ မိန်းမဆန်သော မျက်နှာလေးကို ဒါ သူ့ဘဝမှာ ပထမဆုံး မြင်ဖူးတာ ဖြစ်သည်။

ထိုတဒင်္ဂမှာ သင့်ပဏ္ဏာသည် ကားပေါ်မှာ သူဆုံခဲ့သော မာနတွေနဲ့ သူ့ကိုစိန်ခေါ်ခဲ့သော မိန်းကလေး မဟုတ်တာတော့ သေချာပါသည်။

မင်းမှာဒီလို ခံစားတတ်တဲ့ နှလုံးသားနုနုလေး ရှိမှန်း ကိုယ် အခုမှ သိလိုက်ရတယ် သင့်ပဏ္ဏာ။

အင်း အံ့သြစရာတော့ အကောင်းသား။ မင်းရဲ့ခံစားချက်တွေကို မာနတွေနဲ့ သိုဝှက်ထားခဲ့တာလား သင့်ပဏ္ဏာရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ရေချိုးခန်းဘက် ချိုးသည့်အခန်းအကွေ့မှာ ထိပ်တိုက် ရင်ဆိုင်လိုက်ရသူက သင့်ပဏ္ဏာ ဖြစ်နေတာမို့ သူ တွန့်ခနဲ ဖြစ်သွားကာ ခြေလှမ်းတို့ ရပ်သွား၏။ သူမကလည်း သူ့ကိုမြင်တော့ ခြေလှမ်းတွေ ရပ်သွားကာ မော့ကြည့်သည်။

ပန်းပေါ် လွှားတင်လာသော သဘက်ကြီးကို ပဏ္ဏာ ပန်းလေး နှစ်ဖက် လုံခြုံအောင် ဖုံးသည်။ ဆံနွယ်တွေကို သိမ်းကာ အနောက်ဘက်မှာ စုချည်ထုံးထားတာမို့ မျက်နှာလေးက ထင်းရှင်းနေသော သင့်ပဏ္ဏာ ရှက်ကိုးရှက်ကန်း ဖြစ်နေတာ သေချာသည်။

"မင်း ရေချိုးမလို့လား"

"ဟုတ် အဲ ရှင် အရင်ချိုးချင်ချိုးပါ၊ ရတယ် ကျွန်မ ပြီးမှ ချိုးတော့မယ်"

သူ့ကို ဦးစားပေး ပြောရင်း သူမ ပြန်လှည့်ထွက်ဖို့ ပြင်တော့ သူ လက်ကာတားမြစ်ရင်း

"ဒီမှာ မင်းအရင်ချိုးပါ၊ ကိုယ်က အချိန်ရသေးတယ်၊ မင်း အလုပ်သွားရမှာမို့လား"



"ဟုတ်တယ် ဒါပေမဲ့ အချိန်ရပါသေးတယ် ရှင် အရင်ချိုးပါ"

သူ့ကို အားနာတာကြောင့်လား။ ထိပ်တိုက် ဒီပုံစံတွေနှင့် ဆုံနေတာကြောင့် သူမ ရှက်နေတာလား မသိ။ သူမ မျက်ဝန်းတွေ သူ့ကို ကြည့်ဘဲ တွန့်ဆုတ်ဆုတ် ဖြစ်နေတာ သူ ပြုံးမိသည်။

"သင့်ပဏ္ဏာ"

သူ ခေါ်လိုက်တာကြောင့် ပဏ္ဏာ လှည့်ထွက်မည်ပြင်ပြီးမှ သူ့ကို ပြန်လှည့်ကြည့်ရင်း

"ဘာပြောစရာရှိလို့လဲ ဘွဲ့ဂုဏ်ထူး"

"မေးစရာလေး ရှိလို့ပါ၊ မင်း ဒီမှာနေဖို့ ဆုံးဖြတ်ပြီးပြီလား"

သူ့အမေးစကားကြောင့် သူမ မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့သွားရင်း ကြည့်နေ၏။

"ဩော် မနေ့က ကော်ဖီဝိုင်းမှာ မင်းပြောတာ ကြားလို့ပါ"

"ဘာလို့ မေးတာလဲ ဘွဲ့ဂုဏ်ထူး၊ ကျွန်မ ဒီမှာ ဆက်နေမှာကို ရှင် အလိုမရှိလို့လား"

"မင်း ဘာလို့ ကိုယ့်အပေါ် အမြဲတမ်း မကောင်းမြင်နေတာလဲ၊ ကိုယ်က မင်းဆုံးဖြတ်ချက်ကို သိချင်လို့ မေးတဲ့သဘောပါ"

"အမှန်ဝန်ခံရရင် ကျွန်မ မဆုံးဖြတ်ရသေးဘူး၊ အန်တီသက်နဲ့ အန်ကယ်က နေစေချင်ပေမယ့် ကျွန်မ အလေးအနက် စဉ်းစားရမယ်လေ"

"နေပါဦး မင်းက ဘာကိုဆိုလိုတာလဲ သင့်ပဏ္ဏာ၊ ဖေဖေက တောင် မင်းကိုနေခွင့်ပြုနေတာကို မင်းက အလေးအနက် စဉ်းစားမယ် ဆိုတော့ မင်းက ဘယ်သူ့အပေါ်မှ ကျေးဇူးတင်မခံချင်တဲ့ သဘောလား"

"ဒါတော့ ရှင်ကျွန်မအပေါ် မကောင်းမြင်နေတာ သက်သက်ပဲ ဘွဲ့ဂုဏ်ထူး"

www.burmeseclassic.com



သူ ပြောခဲ့သော စွပ်စွဲချက်အတွက် သူမ ချက်ချင်း ပြန်တုံ့
တာမို့ သူ မကျေမနပ် မျက်မှောင်ကြီး ကုပ်သွားရ၏။

"မင်းကို ကိုယ် မကောင်းမြင်တာ မဟုတ်ဘူး၊ မင်းကသ
မလိုအပ်တဲ့မာနတွေနဲ့ တိုက်ခိုက်ဖို့ အမြဲအသင့်ဖြစ်နေတာ သင့်ပဏ္ဏာ

"မလိုအပ်တဲ့ မာန ဟုတ်လား၊ ကျွန်မ ဘဝက တွယ်ရာ
တစ်ကောင်ကြွက်လေး ရှိသင့်တဲ့မာနတော့ ရှိရမှာပေါ့ ဘွဲ့ဂုဏ်ထူး၊ အ
လည်း ရှင် အလိုမရှိဘဲ ကျွန်မ ဒီမှာဆက်မနေချင်ပါဘူး"

"ဟော့ မင်းကိုကိုယ် , ဘာမှမပြောဘူးနော်၊ မင်းကိုယ့်
ခုတုံး မလုပ်နဲ့"

သူ ချက်ချင်းငြင်းဆိုတော့ သင့်ပဏ္ဏာ ပြုံးသည်။

"ကျွန်မ ဘယ်သူ့ကိုမှ ခုတုံးမလုပ်ခဲ့ဘူး၊ ကျေးဇူးတရား
လည်း သိနားလည်တယ်၊ ကျွန်မအပေါ်မှာ အန်တီသက်ကော အန်ကယ်
ရဲ့ကျေးဇူးတွေပါ ကြီးမားခဲ့တာ ကျွန်မ မမေ့ပါဘူး၊ အန်ကယ်
လက်ခံပေးတဲ့အထိ ဒီမှာဆက်နေဖို့ ကျွန်မ ကြိုးစားမယ်ဆိုရင်
ဘာပြောဦးမှာလဲ"

"မင်းဆန္ဒကို ကိုယ် မဖျက်ပါဘူး သင့်ပဏ္ဏာ၊ မင်းက မိန်း
သားတစ်ယောက်မို့ မိသားစုနဲ့နေတာက ပိုကောင်းပါတယ်၊ ကိုယ်မင်း
မကြည်ဖြူဘူးလို့ မင်းစိတ်က ထင်မနေနဲ့ဦး"

"ကျေးဇူးတင်တယ် ဘွဲ့ဂုဏ်ထူး ရှင်ကြည်ဖြူတဲ့အတွက် ကျွန်
ဒီမှာ ကြာကြာတော့ နေဖြစ်မယ် ထင်တယ်၊ ကဲ ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး သူမ ပြန်လှည့်ထွက်သွားမှ သူ ပြုံးရင်း ရေ
ခန်းထဲ လှမ်းဝင်ခဲ့သည်။

ဘာကြောင့်များ သူမအပေါ်မှာ စာနာစိတ်တွေနဲ့ သူ နားလည်
ပေးလိုက်မိတာလဲ မသိပါ။



သင့်ပဏ္ဏာ ဆိုသော သူမရဲ့ စိတ်ကို ကော်ဖီဝိုင်းမှာ စမြင်တွေ့
သိခဲ့တာကြောင့်ပဲလား မသေချာပါ။

သေချာသည်က သူမအပေါ် နားလည်စိတ်တွေနဲ့ သူ အရင်လို
ဥပေက္ခာမပြုရက်နိုင်တော့တာပဲ ဖြစ်သည်။ ဘာကြောင့် အပြောင်းအလဲ
တွေ သူ မြန်ဆန်သွားရလဲဆိုတာတော့

ကိုယ့်ကိုကိုယ် ပြန်ဆန်းစစ်ရဦးမည် ထင်ရဲ့။

■ ■ ■

သူ ရေမိုးချိုး အဝတ်အစားလဲပြီး ကော်ဖီဝိုင်းမှာ ထိုင်နေစဉ်
မှာပဲ ချစ်ရိပ် ဝင်လာရင်း

"ကိုကို့ကို တွေ့ချင်လို့တဲ့ ဧည့်သည် ရောက်နေတယ်"

"ဘယ်သူလဲ ချစ်ရိပ်"

"နန်းနေရီ လေ"

သူ အံ့ဩသွားမိတာ အမှန်ဖြစ်သည်။ ဖုန်းလည်းမဆက်ပါဘဲ
အိမ်အထိ နေရီ လိုက်လာမည် ထင်မှတ်မထားခဲ့ပါ။

"အေး ခဏစောင့်ခိုင်းထားလိုက် လာခဲ့မယ်"

တမင်ပဲ ကော်ဖီကို စိမ်ပြေနပြေ သောက်နေတော့ ချစ်ရိပ်
အံ့ဩနေပုံရ၏။ အရင်ကဆို နန်းနေရီ ရောက်လာသည်နှင့် ကသော
ကမျော ထွက်တွေ့တတ်သည့် သူ့ပုံစံကြောင့် ဖြစ်မည် ထင်ပါသည်။

ဧည့်ခန်းထဲ သူရောက်တော့ နန်းနေရီ တစ်ယောက်တည်း ထိုင်နေသည်။
သူ မျှော်လင့်ထားသလို မကျေမနပ်အရိပ်တွေ နေရီ မျက်နှာပေါ်မှာ
မရှိပါ။ ခါတိုင်းဆို မိနစ်ပိုင်းလေး စောင့်ရတာကိုတောင် မျက်နှာကြီး
စူပုပ်ထားတတ်သော နေရီ အခုတော့ ပြုံးပြုံးလေး ကြိုဆိုရင်း

"ဘွဲ့ ဆိုင်မရောက်သေးဘူးဆိုတာ သိလို့ အိမ်ကို လာခဲ့တာ"

"အခုပဲ ကိုယ် ဆိုင်သွားရတော့မှာ နေရီ ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



တမင် မေးပစ်လိုက်တာ ဖြစ်ပေမယ့် နေရီ မျက်နှာတစ်ချက် ပျက်မသွားခဲ့ဘဲ

"ကိစ္စရှိမှ လာရမှာလား ဘွဲ့ရယ်၊ သူစိမ်းတွေမှ မဟုတ်တာ၊ ဘွဲ့ တို့ကို စိတ်ဆိုးနေတုန်းပဲလား"

နေရီ ထူးထူးခြားခြား ပြောင်းလဲနေတာ သူ အံ့ဩမိသည်။ ဟိုကောင်တွေ ဘာတွေများ ပြောလိုက်လို့လဲ မသိ။

"ကိုယ်က ဘာကို စိတ်ဆိုးရမှာလဲ ဘာမှစိတ်ဆိုးစရာ မရှိဘူး"

"ဟုတ်ပါတယ် တို့က စိတ်ဆိုးကြည့်တာ ဖုန်းလေးများ ပြန်ဆက်မလား မျှော်လည်း မဆက်ဘူး၊ ဘွဲ့ နေရက်လိုက်တာ"

နေရီအသံကော အမူအယာတွေပါ ပြောင်းလဲနေသည်။ ဝင်းမွတ် ချောမွေ့နေသော မျက်နှာလေးက အပြုံးတွေကြောင့် ပိုပြီး ကြည်လင်နေ၏။ ဘယ်တော့ကြည့်ကြည့် အပြစ်ဆိုရက်စရာ မရှိအောင် လှပနေတာက နေရီရဲ့ မပြောင်းလဲသော အရာတစ်ခုပဲဖြစ်သည်။

ထိုအခိုက်မှာပဲ ဧည့်ခန်းထဲ ထွက်လာတာက သင့်ပဏ္ဏာ ဖြစ်သည်။ နေရီကော သူပါ သူမဆီ အာရုံရောက်သွားသည်။

မီးခိုးရောင် ကုတ်အင်္ကျီကို ကြယ်သီးအပြည့်တပ်ထားပြီး စကပ်အကျပ်အနက်ရောင်က ခြေသလုံးတစ်ဝက်ခန့် ရှည်သည့် ဝတ်စုံ။

ဆံပင်အညိုတွေကို နဖူးမှ အပြောင်သိမ်းကာ နောက်ဘက်မှာ မျှော့ကွင်းလေးနှင့် စုချည်ထားတာမို့ မျက်နှာက ကြည်လင်နေ၏။

အမြဲတမ်း ပြောင်သလင်းခါကာ အဆီပြန်နေသော မျက်နှာလေးက လွန်ကျုံအောင် ခြယ်သထားတာ မဟုတ်ဘဲ ဝင်းမွတ်မွတ်လေး လှနေ၏။ ပန်းနုဖျော့ဖျော့ ဆိုးဆေးလေးက နှုတ်ခမ်းအလှကို ထင်ရှားစေ၏။

ဧည့်ခန်းထဲမှာ သူနှင့်နေရီ ထိုင်နေတာကို သိပေမယ့် တစ်ချက်



လှည့်မကြည့်ဘဲ ဖိနပ်စင်လေးက ဒေါက်ဖိနပ် အညိုလေးကို စီးသည်။ ပြီးတော့ ကျောခိုင်း ထွက်သွား၏။

အရပ်မြင့်မြင့် သေသပ်ကျော့ရှင်းသော ယူနီဖောင်းနှင့်မို့ ငေးကြည့်လောက်အောင်ပဲ သင့်ပဏ္ဏာ တင့်တယ်နေတာ သေချာ၏။ အနားမှာ ရှိနေသော နေရီတောင် ငေးငေးလေး ကြည့်နေတာ အကြာကြီး။

ခြံတံခါးဝလောက်ကို သူမ ရောက်သွားမှ နေရီ သူ့ကို လှည့်ကြည့်ရင်း

"ဘွဲ့"

သူ့ကို တအံ့တဩအသံလေးနှင့် နေရီ ခေါ်တော့ သူ မထူးဆန်းသလို မေးဆတ်ပြီး ကြည့်နေလိုက်၏။

"အဲဒါ ဟိုမိန်းမ မဟုတ်လား"

"ဟုတ်တယ် သင့်ပဏ္ဏာ ပဲ၊ ဘာဖြစ်လို့လဲ"

"အရင်တစ်ခါ တွေ့ရတဲ့ပုံစံနဲ့ လုံးဝ ခြားနားနေလို့၊ ဒါနဲ့ သူ့ယူနီဖောင်းက ကုမ္ပဏီ ဝတ်စုံလား၊ စတိုင်က မိတယ်နော်"

နေရီ စိတ်ဝင်တစား စပ်စုနေတော့လည်း သူ ရှင်းပြမိ၏။

"မဟုတ်ဘူး အဲဒါ သံရုံးဝန်ထမ်း ယူနီဖောင်း။ သူက သံရုံးမှာ အလုပ်လုပ်နေတာ"

"ဟင်"

သင့်ပဏ္ဏာကို လျှော့တွက်ထားပုံရသော နေရီ အံ့ဩအထင်ကြီးသွားခဲ့မှန်း မျက်ဝန်းတွေက သက်သေတည်နေ၏။ အံ့ဩနေတာကြောင့် ပါးစပ်လေး အဟောင်းသားဖြစ်ကာ ဘာမှချက်ချင်း မပြောနိုင်ခဲ့။ အတော်ကြာမှ

"သူက အခု ဘွဲ့တို့အိမ်မှာပဲ နေတုန်းလား"

"အင်း ဖေဖေက သူ နေချင်တဲ့အချိန်ထိ နေဖို့ ခွင့်ပြုပေးထား

www.burmeseclassic.com

www.burmeseclassic.com



တယ်''

အလိုမကျသလို နေရီ မျက်ခုံးလေးတွေ စုကျုံ့သွားတာ မြင်ပေမယ့် သူ မမြင်ဟန်ဆောင်နေလိုက်သည်။ နေရီ ဘာမှထပ်မမေးတော့ဘဲ သူ့ကို မော့ကြည့်သည်။

''ဘွဲ့ ဆိုင်သွားမှာမို့လား၊ သွားရအောင်နော်''

''နေရီ ဆိုင်ကို လိုက်မလို့လား''

''ဟုတ်တယ် ညှော်ခန်းထဲက မီးပန်းဆိုင်းကို အသစ်လဲတာပ်မလို့လေ၊ မပျက်သေးပေမယ့် မာမီက မော်ဒယ်အောက်နေလို့ ဒီဇိုင်းအသစ်နဲ့ လဲတပ်ချင်နေလို့''

''ဒါဆိုလည်း သွားကြမယ်လေ၊ နေရီမှာ ကားပါတယ် မဟုတ်လား''

''မပါဘူး ဘွဲ့ကားနဲ့ လိုက်မှာမို့ ပြန်လွှတ်လိုက်ပြီ၊ မာမီက ဆိုင်ကို လိုက်လာမှာလေ၊ အဲဒီကျမှ အတူပြန်ကြမှာ''

သူ့ကားလေးနှင့်ပဲ နေရီကို ခေါ်ခဲ့ရ၏။ လမ်းထိပ်ရောက်တော့ သံရုံးက လာကြိုသော ကားလေးပေါ် လှမ်းတက်သွားသည့် သင့်ပဏ္ဏာကို နေရီလည်း မြင်တွေ့မှာ သေချာ၏။

နေရီ နှုတ်ခမ်းလေးတွေ တင်းတင်းလေး စေ့ထားတာ ဘာကြောင့်မှန်း မသိပါ။

သင့်ပဏ္ဏာအပေါ်မှာ နေရီ အုံ့ညြအထင်ကြီး စိတ်တွေနှင့် တစ်လမ်းလုံး သူ့ကိုတောင် စကားမပြောနိုင်ဘဲ ငြိမ်သက်လို့နေခဲ့၏။

သူကိုယ်တိုင်လည်း အနားမှာ နေရီ ရှိနေပေမယ့် သင့်ပဏ္ဏာအကြောင်းတွေပဲ ခေါင်းထဲ ဝင်လာ၏။

ဒီမိန်းမ ထက်မြက်တာတော့ အမှန်။

■ ■ ■

## အခန်း (၁၄)

''မမပဏ္ဏာက အရမ်းလှတာပဲ''

ပဏ္ဏာ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား စုန်ဆန်ကြည့်ပြီးတော့ ချစ်လေး ရေရွတ်တော့ ပဏ္ဏာ တွန့်ခနဲ ဖြစ်သွားသည်။

''တကယ်ပြောတာ မမ ပဏ္ဏာ ခြံထဲလှမ်းဝင်လာကတည်းက ချစ်လေး လှမ်းကြည့်နေတာ၊ မမ လမ်းလျှောက်တာကအစ စမတ်ကျတယ်၊ မမ ဝတ်ထားတဲ့ ယူနီဖောင်းလေးနဲ့ဆိုတော့ ပိုပြီး ကြည့်ကောင်းတယ်''

ပဏ္ဏာ အနားအထိ လျှောက်လာကာ ချစ်ရိုဝ် ထပ်ချီးကျူးလို့ နေပြန်သည်။ ပဏ္ဏာ မျက်နှာမဲ့ပြုံးလေး ဖြစ်သွားခဲ့ကာ ခေါင်းကို ဖြည်းဖြည်းလေး ခါမိ၏။

''ဟင့်အင်း အဲဒီလှတယ်ဆိုတဲ့ အသံကို တို့ကြားကို မကြားချင်တာ ချစ်လေးရဲ့''

''ဟင် မမကလည်း လှလို့ လှတယ်ပြောတာကို မကြားချင်ဘူးရယ်လို့ ရှိရမလား။ မမက နဂိုလှပြီးသားပါ''

မကြားချင်ပါဘူးဆိုနေရက်နဲ့ ချစ်လေးက ထပ်ပြီး [illegible]နေပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပဏ္ဏာ ပင့်သက်လေးချရင်း စကားလမ်းကြောင်း ပြောင်းရသည်။

"ချစ်လေး ကျောင်းကပြန်လာပြီလား စောသားပဲ"

"နာရီဝက်လောက် ရှိပြီ မမပဏ္ဏာ၊ မမ စောစောပြန်ပါစေလို့ ဆုတောင်းနေတာ အတော်ပဲနော် ချစ်လေးနဲ့ တင်းနစ် ကစားရအောင်"

"အင်း ခဏတော့ ကစားတာပေါ့"

"မမ အမြန်ထွက်ခဲ့နော်၊ ချစ်လေး ကွင်းထဲက စောင့်မယ်နော် မမ"

adeladis အားကစား ဝတ်စုံလေးကို ချစ်ရိပ် ဝတ်ထားကတည်းက တင်းနစ်ကစားဖို့ ခေါ်တော့မည်ဟု ပဏ္ဏာ သိထားပြီး ဖြစ်နေသည်။ မကစားဖြစ်တာ ကြာပြီမို့ ပဏ္ဏာ ခေါင်းညိတ်ပြီး အခန်းဘက် လှမ်းခဲ့သည်။

အခန်းတံခါးဖွင့်ပြီး ဝင်ခဲ့တော့ အလှပြင် မှန်မှ ကိုယ့်ပုံရိပ်ကို ပြန်မြင်လိုက်မိသည်။ မှန်ထဲမှာ ဆံပင်တွေ အပြောင်သိမ်းထားသော ကိုယ့်မျက်နှာကို ပြန်မြင်တွေ့ရ၏။

ဝင်းမွတ်ကြည်လင်နေသော ဒီမျက်နှာကို မြင်ကြသူတိုင်းက ပဏ္ဏာရဲ့ အလှကို နှုတ်က ထုတ်ဖော် ချီးကျူးကြစမြဲဖြစ်သည်။

စတီတ်ကျောင်းတုန်းကအထိတော့ လှတယ်ဟု ချီးကျူးစကားကို ပဏ္ဏာ ကျေနပ်စွာ ခံယူမိသည်။ နှစ်သက်သဘောကျမိ၏။

"နင်က အရမ်းလှတယ် ပဏ္ဏာ၊ နင့်မေမေနဲ့ တူတာကိုး"

ကျောင်းက သူငယ်ချင်းတွေ အိမ်ကို လိုက်လည်ရင်း မေမေ့ကို မြင်တွေ့သွားတော့ ပြောကြသည်။ တကယ်လည်း သင့်ပဏ္ဏာက မေမေ့ရဲ့ အလှတွေကို ပိုင်ဆိုင်တူညီခဲ့သော သမီးတစ်ယောက်ပဲ ဖြစ်ခဲ့၏။

မေမေကသာ ချောမောသည်။ ဖေဖေကတော့ ချောသည်ဟု ပြောလို့မရအောင် သာမန်ရုပ်သွင်ကိုပဲ ပိုင်ဆိုင်သူ ဖြစ်သည်။ အသားက



ညိုပြီး မျက်နှာက ကြမ်းသယောင်ရှိသော ဖေဖေနှင့်တူတာဆို၍ ပဏ္ဏာသည် အရပ်အမောင်း မြင့်မားတာပဲ ရှိသည်။

ဒီလို ဖေဖေနှင့် တစ်စက်လေးမျှ မတူတာကြောင့်ပဲ ဖေဖေ့ရဲ့ အသိုင်းအဝိုင်းက ပဏ္ဏာကို ခင်တွယ်မှု မရှိတာဟု ပဏ္ဏာ သိခဲ့ရသည်။

ဖေဖေ့ရဲ့ အသိုင်းအဝိုင်းက ချမ်းသာကြွယ်ဝသည်ဟု ပဏ္ဏာကို မေမေ ပြောဖူးသည်။ ဒါပေမဲ့ ဖေဖေသည် မေမေ့ကို မိဘတွေ သဘောမတူဘဲ ယူခဲ့တာကြောင့် အမွေပြတ်စွန့်ခံခဲ့ရ၏။

ဖေဖေကလည်း မေမေ့ကို ချစ်စိတ်တစ်ခုနဲ့တင် အားလုံးကို စွန့်လွှတ် ဥပေက္ခာပြုခဲ့သည်။

မေမေကလည်း မာနနှင့် အောက်မကျို့ဘဲ ဖေဖေ့ကိုပဲ အားကိုး ယုံကြည်ခဲ့သည်။ ဖေဖေ ဆုံးပါးသည်အထိ တစ်ခါမျှ ရောက်မလာသော ဖေဖေ့ရဲ့ ဆွေတော်မျိုးတော်များကို ပထမဆုံး ပဏ္ဏာ မြင်ဖူးခဲ့တာ ဖေဖေ့အလောင်း မြေချသည့် တစ်ရက်မှာပဲ ဖြစ်သည်။

နောက်ဆုံးအချိန် မကောင်းတတ်၍ ရောက်လာပုံမှန်း သိသာသည်။ ပူဆွေးသောကတွေနှင့် မေမေ့ကိုလည်း မနှစ်သိမ့်ကြသလို ဖေဖေ့ရဲ့ တစ်ဦးတည်းသော သမီး သင့်ပဏ္ဏာကိုလည်း သူတို့တွေ တူမ တစ်ယောက်ဟု သတ်မှတ်ကြပုံ မရပါ။

သင်္ဂြိုဟ်ရက်တစ်ရက်ပဲ ရောက်လာကာ ရက်လည်ဆွမ်းသွတ်မှာလည်း ရောက်မလာကြပါ။

"မေမေ ဖေဖေ့ရဲ့ ဆွေမျိုးတွေက မေမေ့ကို ဘာလို့ စကား မပြောကြတာလဲဟင်"

ထိုစဉ်တုန်းက အသက် တစ်ဆယ့်နှစ်နှစ်မျှသာ ရှိသေးသော ပဏ္ဏာ အမေးစကားကို မေမေက မချိုပြုံးလေးနှင့် ခေါင်းခါပြီး

"မသိချင်ပါနဲ့ သမီးရယ်၊ နောက်တော့ သမီး အားလုံး သိမှာပါ

www.burmeseclassic.com



ရလာမှာပေါ့ကွယ်''

မေမေ နှစ်သိမ့်စကား ဆိုခဲ့တာကို ပဏ္ဏာ နားမလည်နိုင်ခဲ့ပါ။ အခြေအနေအားလုံးကို ပဏ္ဏာ သိလိုက်ရတာ ဆယ်တန်းအောင်ပြီးချိန်ကျမှပဲ ဖြစ်ပါသည်။

''မေမေ သမီး ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားချင်တယ်နော် မေမေ၊ သမီး ဆေးကျောင်းတက်ရမှာလားဟင်''

တကယ်ဆို မေမေ ရှုန်းကန်နေရသောဘဝကို ပဏ္ဏာ သိတတ်နေပြီဖြစ်ပေမယ့် မျှော်လင့်ချက်လေးနှင့် ဆိုခဲ့မိသည်။

''သမီး တက်ချင်တဲ့ ဆေးတက္ကသိုလ်ကို တက်ခွင့်ရ ရပါစေမယ် သမီးရယ်''

ကတိစကားနှင့်အတူ မေမေ တစ်သက်လုံး တင်းခံထားသောမာနကို လွှင့်ပစ်ပြီး ဖေဖေ့ရဲ့ မိဘတွေ အရိပ်ဆီကို ပထမဆုံး သွားခဲ့သည်။ သူမလက်ကို ဆွဲကာ ဖေဖေ့ရဲ့ မိဘတွေ နေထိုင်သော ခြံကျယ်ကြီးထဲရောက်တော့ မေမေ လက်ဖဝါးတွေ အေးစက်နေခဲ့သည်။

သူမ ကိုယ်တိုင်လည်း ခမ်းနားထည်ဝါလှသော အိမ်ကြီးကို ကြည့်ကာ အံ့ဩမဆုံး ဖြစ်ရသည်။ ပဏ္ဏာတို့ နေထိုင်သော အိမ်လေးနှင့် တိုက်ကြီးက သိပ်ကို ကွာခြားလွန်းပါသည်။

ဒါ ဖေဖေ နေခဲ့တဲ့ အိမ်ကြီးတဲ့လား။ ဖေဖေ့ရဲ့မိဘတွေရဲ့ ကြွယ်ဝချမ်းသာမှုက ဒီလောက်အထိ ကြီးမားခဲ့သည်လား။

ပဏ္ဏာ အံ့ဩမျက်ဝန်းလေးတွေနှင့် မေမေ လက်ကိုဆွဲကာ ဧည့်ခန်းထဲရောက်တော့ စိမ်းစိမ်းခါးခါး စိုက်ကြည့်နေသော မိန်းမကြီးရဲ့ မျက်ဝန်းတွေကို ရင်ဆိုင်ရသည်။

နားနှစ်ဖက်မှာ ပန်ဆင်ထားသော စိန်နားကပ်ကြီးတွေလိုပဲ ထိုမိန်းမကြီး မျက်ဝန်းတွေက စူးရှတောက်ပလွန်းနေကြသည်။



''မင်းဘာကိစ္စ ငါ့အိမ်အရိပ်ထိ ရောက်လာတာလဲ ခင်သက်နီ''

မျက်နှာက မာထန်နေသလို လေသံကလည်း မာထွန်နေသည်။ မေမေ ခေါင်းငုံ့ရင်း သူမ လက်ဖဝါးလေးကို တင်းတင်းဆုပ်ကိုင်ထား၏။

''အမေ့ကို သမီး အကူအညီတစ်ခု တောင်းချင်လို့ပါ''

''မခေါ်နဲ့ အမေလို့မခေါ်နဲ့၊ မင်းနဲ့ငါ ဘာမှမပတ်သက်ဘူး၊ ငါ့သားကိုတောင် ငါ သားအဖြစ်က စွန့်ခဲ့ပြီးမှ မင်းကို ဘာလို့ သမီး အဖြစ် တော်ရမှာလဲ''

''ကျွန် ကျွန်မ တောင်းပန်ပါတယ်ရှင်၊ သမီးလေးအတွက် သတယ် အခက်အခဲ ဖြစ်နေလို့ပါ၊ အခု သမီးလေး ဆေးကျောင်းတက်ခွင့် ရထားတယ်၊ အဲဒါ ကျောင်းစရိတ်အတွက်''

''ဘာရယ် နင့်သမီးကို ငါက ထောက်ပံ့ရမှာလား၊ လုံးဝ မထောက်ပံ့နိုင်ဘူး ခင်သက်မွန်''

ဒေါသမျက်နှာနှင့် မိန်းမကြီး ခါးခါးသီးသီး ငြင်းဆန်သည်။ မေမေ့မျက်ရည်တွေကို ပဏ္ဏာ ငေးကြည့်ရင်း ရင်ထဲမှာ တကယ်မကောင်း။

''သဲ သမီးလေး အနာဂတ်အတွက် ကူညီပါရှင်၊ သမီးလေးက မေမေ အဲ အဒေါ့်သားရဲ့ သွေးသားပဲရှင်''

''ဘာရယ် ဒါ ငါ့မြေး ငါ့သွေးသားလို့ နင်ပြောတာလား၊ ငါ လုံးဝ လက်မခံနိုင်ဘူး ခင်သက်မွန်၊ ဟောဒီ ကလေးကကော ငါ့သားနဲ့ ရတာပါလို့ မင်း ကျိန်တွယ်ပြောရင်တောင် ငါ မယုံဘူး''

''ရှင်''

''ဟုတ်တယ် မင်း ငါ့သားကို မင်းရဲ့အလှနဲ့ လှည့်စားသိမ်းသွင်းသွားတာ ငါ သိတယ်၊ ငါ့သားကို ပိုင်ရင် မင်း ရွှေဘုံပေါ် စံရပြီလို့ ယုံကြည်နေခဲ့သလား ခင်သက်မွန်''

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဟုတ်ပါဘူး။ ကျွန်မ အဲဒါတွေ မမက်မောခဲ့ဘူး"

"မင်း မက်မောလည်း ဘာမှ တစ်ပြားတောင် မျှော်လင့်ခွင့် မရှိဘူး။ ငါ့သားရဲ့ သွေးသားပါလို့ ပြောလာတဲ့ မင်းသမီးကိုလည်း ငါ့ မြေးအဖြစ် မသတ်မှတ်နိုင်ဘူး။ ငါ့သားနဲ့ မင်း နီးရာလိုက်ပြီး ငါးလကျော် နဲ့ မွေးလာတဲ့ ကလေးက ငါ့သားသမီး ဖြစ်နိုင်ပါ့မလား"

"အို"

ခါးခါးသီးသီး စကားလုံးတွေနှင့် ပြင်းထန်သော စွပ်စွဲချက်တွေ ကို မေမေ မျက်ရည်တွေ စီးကျလျက် ခေါင်းခါငြင်းဆိုနေတာ ကြည့်ရင်း ပဏ္ဏာ တုန်လှုပ်ချောက်ချားနေမိသည်။

ပဏ္ဏာက ဖေဖေ့ရဲ့ သမီး မဟုတ်ဘူးတဲ့လား။ ဒီမိန်းမကြီး စကားရေတွက မှန်နေသည်လား။

"မင်း ငါ့အရိပ်က ထွက်သွားပါ၊ မင်း တောင်းဆိုလာတဲ့ အကူအညီကိုလည်း ငါ မပေးနိုင်ဘူး။ မင်းသမီးက မင်းရုပ်နဲ့ တစ်ထေရာ တည်းပဲလေ၊ အဟင်း ငါ့သားခမြာ လှည်းကျိုးထမ်းတဲ့ နွားလုံးလုံး ဖြစ်ခဲ့ရတာ ငါ တွေးမိတိုင်း စိတ်နာတယ်"

"တော် တော်ပါတော့ ဒေါ်ဒေါ်ရယ် အဟင့် ဟင့်"

မေမေ့မျက်ရည်တွေကို မြင်နေရတော့ ပဏ္ဏာ ပိုလို့နာကျင်ခံစား ရ၏။ ခါးခါးသီးသီး စကားတွေနှင့် မေမေ့ကို တိုက်ခိုက်နေသော မိန်းမ ကြီးကို ပဏ္ဏာ ရွံရှာမုန်းတီးစွာ စိုက်ကြည့်ရင်း

"ဒီမှာ အဘွား မေမေ မျက်ရည်ကျအောင် မလုပ်ပါနဲ့တော့"

"အံမယ် နင်က နင့်အမေထိတော့ ဆတ်ဆတ်ခါ နာတယ်ပေါ့ လေ"

အကြည့်ရူးရူးတွေ သူမဆီ ရောက်လာရင်း ရန်လိုမုန်းတီးစွာ ဆိုနေတော့ ပဏ္ဏာလည်း ခါးခါးသီးသီး ပြန်ကြည့်မိ၏။ မေမေက ပဏ္ဏာ



သက်ကို သတိပေးသလို လှမ်းဆွဲရင်း

"သမီး မေမေတို့ ပြန်ရအောင်"

"သွားကြ ငါ့အိမ်အရိပ်ကိုတောင် ဘယ်တော့မှ မနင်းကြနဲ့၊ ဒါတို့အသိုင်းအဝိုင်း စာရင်းထဲမှာ နင်တို့ ဘယ်တော့မှ မပါဘူး။ မှတ် ထားကြ"

ငွေဂုဏ် နေဂုဏ်တွေနှင့် ပြည့်မောက်နေသော မိန်းမကြီးကို ကြည့်ရင်း ပဏ္ဏာ ရင်ထဲမှာ နာကျင်မုန်းတီးသွားခဲ့သည်။ ဒါ ပဏ္ဏာရဲ့ အဘွားတဲ့လား။ ဖေဖေ့ရဲ့ အမေတဲ့လား။

မျက်ရည်တွေနှင့် နင့်သီးကြေကွဲခဲ့ရသော အဖြစ်ကို ပဏ္ဏာ ရင်ထဲက တစ်သက်မေ့နိုင်မည် မဟုတ်တာ သေချာခဲ့ပါသည်။

အိမ်ရောက်တော့ ပဏ္ဏာ ရင်ထဲက ခံစားချက် ဝေဒနာတွေ အတွက် မေမေ့ကို ဖွင့်မေးမိသည်။

"မေမေ ဒီမိန်းမကြီး ပြောသလို သမီး ဖေဖေက ဖေဖေ မဟုတ်ဘူးဆိုတာ အမှန်ပဲလား"

"အို သမီးရယ် အဲဒီစကားအတွက် သမီး သံသယ လုံးဝ မဖြစ်ပါနဲ့ကွယ်၊ သမီး ဖေဖေက အဖေရင်းချာပါပဲ၊ တကယ်ဆို သမီး ဖေဖေဘက်က မိဘတွေ သဘောမတူလို့ မေမေတို့ တိတ်တဆိတ် လက် ထပ်ထားခဲ့ကြတာ သမီးကိုယ်ဝန်ကြီးနဲ့ကြမှ သမီး ဖေဖေက မိဘတွေ ဆန့်ကျင်ပြီး မေမေ့ကိုပဲ လက်ထပ်မယ် ပြောတော့ သမီး အဘွားတွေက လုံးဝ သဘောမတူဘူး။ အရင်ကတည်းက မေမေတို့ လက်ထပ်ပေါင်းသင်း နေခဲ့တာ မသိတော့ ငါးလကျော်နဲ့ သမီးကို မွေးခဲ့တာကို သူတို့ လက်မခံ ကြဘူး"

မေမေ့ စကားတွေကို ပဏ္ဏာ ယုံကြည်ပါသည်။ ဖေဖေ့ရဲ့ မိဘတွေဘက်က တစ်ဖက်သတ် စွပ်စွဲချက်တွေကို မေမေ ရင်ဆိုင်ခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"သမီးက သမီးဖေဖေနဲ့မတူဘဲ မေမေနဲ့ပဲ ချွတ်စွပ်တူနေတော့ သူတို့ပိုပြီး သံသယ ဝင်ခဲ့ကြတာပေါ့ကွယ်၊ မေမေက အလှအပနဲ့ သမီးဖေဖေကို စွဲဆောင်ခဲ့တာလို့ သူတို့ ထင်ခဲ့ကြတယ်၊ သမီးသာ သမီးဖေဖေနဲ့ တူရင်တောင် သူတို့ လက်ခံကြမှာပေါ့"

ဒီအဖေ ဒီအမေ မွေးတဲ့သမီး အမေနဲ့တူပြီး ရုပ်ရည်ချောမောတာကို အပြစ်တစ်ခုလို မြင်နေသတဲ့လား။ ဖေဖေ့အသိုင်းအဝန်းရဲ့ မာန်မာနကြီးမားမှုတွေကို ပဏ္ဏာ ရွံမုန်းသွားခဲ့ရသည်။

"သမီး ဖေဖေကို မေမေ လက်ထပ်ခဲ့တာ ချစ်ခြင်းတရားတစ်ခုတည်းကြောင့်ပါ သမီးရယ်၊ သူတို့ ထင်သလို ချမ်းသာပြည့်စုံတဲ့ဘဝကို ရောက်ချင်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ မေမေက ရုပ်ရည်အလှကို ဘန်းပြပြီး သမီး ဖေဖေကို သိမ်းသွင်းတယ်ဆိုတဲ့စကားတော့ ဆိုးလွန်းပါတယ်"

"တော်ပါတော့ မေမေရယ်၊ ဖေဖေ့ရဲ့ အသိုင်းအဝန်းမှာ ဒီလို စိတ်ဓာတ်တွေ ရှိနေရင် သမီးတို့ သွားစရာတောင် အကြောင်းမရှိဘူး။ အဲဒီလူတွေကို သမီးလည်း ဆွေမျိုးအဖြစ် မသတ်မှတ်နိုင်ပါဘူး"

ပဏ္ဏာ နာကျည်းခါးသီးစွာပဲ ဆိုမိသည်။ မျက်ဝန်းထဲမှာ ပဏ္ဏာတို့ သားအမိကို ရွံမုန်းစွာ စိုက်ကြည့်နေသော မိန်းမကြီး မျက်နှာ အိမ်ထဲက ခွဲထုတ်မတတ် မောင်းထုတ်ခဲ့သော စကားသံတွေကို ကြားနေမိသေး။

"သမီးလေး ပညာရေးအတွက် မေမေ့ရဲ့ မာနနဲ့သိက္ခာတွေကို လျှော့ပစ်ပြီး ခေါင်းငုံ့တောင်းပန်ခဲ့တာပါ သမီးရယ်"

"ဟင့်အင်း ဘယ်တော့မှ သူတို့ အကူအညီကို မတောင်းပါနဲ့



တော့ မေမေ— သမီး ဆေးကျောင်းမတက်ရရင် နေပါစေတော့"

"မေမေ့သမီးအတွက် မေမေ ကြိုးစားကြည့်ပါဦးမယ်ကွယ်"

မေမေ့ရင်ထဲမှာ နာကျည်းခံစားချက်တွေနှင့် ပဏ္ဏာအတွက် ရုန်းကန်ကြိုးစားခဲ့တာ ပဏ္ဏာ သိပါသည်။ မနက်မိုးမလင်းခင် ထကာ မေမေ ဈေးရောင်းသည်။ ညဘက်ကျတော့ အပ်ထည်တွေ မေမေ ချုပ်တာ ညဥ့်နက်သန်းခေါင်အထိ။

နေ့စဥ်ရက်ဆက် ပင်ပန်းမှုတွေကို မေမေ ကြာရှည် အံမတုနိုင်တော့ဘဲ အိပ်ရာထဲ လဲတော့သည်။

ဒီအချိန်မှာ ပဏ္ဏာတို့ သားအမိကို ကူညီပေးခဲ့တာ အန်တီ ဒေါ်ခင်သက်ခြယ်ပဲ ဖြစ်သည်။ သမီးတစ်ယောက် အမေ မေမေ့လိုပဲ မုဆိုးမဖြစ်သူ အန်တီ ဒေါ်ခင်သက်ခြယ်က ပဏ္ဏာရဲ့ ပညာရေးအတွက်ပါ အတတ်စွမ်းသမျှ ကူညီပေးခဲ့သည်။

ဆေးကျောင်းကို တက်ခွင့်မရခဲ့ပေမယ့် ပညာရေးဘွဲ့တစ်ခုကို ပိုင်ဆိုင်နိုင်အောင် အန်တီ ခင်သက်ခြယ်က ထောက်ပံ့ပေးခဲ့တာ ဖြစ်သည်။

ဆရာဝန်တစ်ယောက် ဖြစ်ခွင့်ရလျက် မဖြစ်ခဲ့ရသော သူမအတွက် အမေ ဘယ်လောက် ခံစားရမည်လဲဆိုတာ ပဏ္ဏာ သိပါသည်။

လောကကြီးထဲက အရှုံးတွေနှင့် စွန့်ခွာသွားခဲ့ရသော မေမေ့ကို ပဏ္ဏာ ပြုစုကျွေးမွေးခွင့်လေးတောင် မရလိုက်နိုင်ခဲ့ပါ။

ဒါတွေကို တွေးမိတိုင်း ရင်မှာ နာကျင်မိသည်။

အလှအပဆိုတာကိုလည်း ပဏ္ဏာ မတွယ်တာချင်တော့ပါ။ ဒီအလှကြောင့် မေမေ့ခမျာ ယောက္ခမနှင့် အသိုင်းအဝန်းရဲ့ အထင်သေး ရှုတ်ချမှုတွေကို ခံခဲ့ရတာဟူသော အသိကြီးက ရင်မှာ စွဲနေခဲ့ပြီ။

ပဏ္ဏာ ဘဝကိုလည်း အလှအပတွေထဲမှာ နှစ်မြှုပ်မထားခဲ့ပါ။

www.burmeseclassic.com



သင့်ပဏ္ဏာဆိုသော မိန်းမတစ်ယောက်ဘဝကို အမြင့်ဆုံးရောက်အောင် ကြိုးစားပြချင်သည်။ ထိုစိတ်ကပဲ သူမ ရင်မှာ ခိုင်မာနေခဲ့၏။

အခုတော့ သူမ မျှော်လင့်သော ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ပြီ။

ကိုယ် ရပ်တည်ရှင်သန်ရသော နေရာနှင့် လိုက်ဖက်သင့်တင့်သော ပြင်ဆင်မှုတော့ ပဏ္ဏာ ပြင်ဆင်ခြယ်သရ၏။ ပဏ္ဏာ အလှကို ချစ်လေးက ချီးကျူးတော့ ပဏ္ဏာ မေမေ့ကို သတိရကာ ရင်ထဲမကောင်း။

ဖြစ်နိုင်လျှင် အလှတရားတွေနှင့် ကင်းဝေးသော နေရာတစ်ခုမှာ ပဏ္ဏာ ရှင်သန်ချင်ပါသည်။

"မမ မမ ပဏ္ဏာ"

အခန်းအပြင်က ချစ်လေး အသံကြားမှ အတွေးတွေထဲက ပဏ္ဏာ လန့်နိုးသည်။ ဟုတ်ပါရဲ့ ချစ်လေးက တင်းနစ်ကစားဖို့ ခေါ်ထားတာတောင် မေ့နေ၏။

"ခဏလေး ချစ်လေး လာပြီ လာပြီ"

ချစ်လေးကို အော်ပြောရင်း အဝတ်အစားကို ကပျာကသီ လဲလိုက်ရသည်။ ချိုင်းပြတ်တီရှပ်နှင့် အားကစား ဘောင်းဘီရှည်ကိုပဲ ဝတ်ဖြစ်သည်။

ဆံပင်တွေကို စုစည်းကာ မျော့ကွင်းနှင့် စည်းသည်။ ဘာမှ ထွေထွေထူးထူး ပြင်ဆင်မနေချင်တော့ပါ။

မမပဏ္ဏာက သိပ်လှတာပဲ ဆိုသော ချစ်ရိပ်ရဲ့ ချီးကျူးစကားကိုလည်း ထပ်မကြားချင်တော့တာ အမှန်။

အလှဆိုတာ တစ်ခါ တစ်ခါ ဘဝအတွက် မလိုအပ်တာ ချစ်လေး မသိသေးတော့ အခက်။

■ ■ ■

## အခန်း (၁၅)

"သမီးတို့ သွားကြမယ်ဆိုရင် သွားလေ၊ ကိုနိုင်တူးကို လိုက်ပို့ခိုင်းကြပေါ့"

"ဦးနိုင်တူးက ဖေဖေ့ကို လိုက်ပို့ပေးရမှာ မဟုတ်လား"

"ရတယ် သမီး၊ ဖေဖေ့ဘာသာ မောင်းသွားလို့ ရတာပဲ၊ သမီးတို့ပဲ လိုက်ပို့ခိုင်းလိုက်ပါ"

ညွှန်ခန်းထဲမှာ ဖေဖေနှင့် ချစ်ရိပ်တို့ ပြောနေကြသော စကားတွေကို သူ ကြားသည်။ ချစ်ရိပ် ဘယ်ကိုသွားမှာမို့ ဖေဖေ ဦးနိုင်တူးကို ကားမောင်းပို့ခိုင်းနေသည် မသိ။

ဒီကောင်မလေး ကျောင်းပိတ်ရက်တွေဆို အကြောင်းမရှိ အကြောင်းရှာ အပြင်ထွက်တတ်သည်။ ဖေဖေကလည်း လိုက်လျောပြီး နှစ်ခြိုက်နေသည်။ တကယ်ဆို တနင်္ဂနွေပိတ်ရက်လေး တစ်ရက်ပဲ ဖေဖေမှာ ဂေါက်ကွင်းသွားကစားရရှာတာ ဖြစ်၏။

ပြီးတော့ ဖေဖေက မျက်စိမကောင်းတာမို့ ကိုယ်တိုင် ကားမမောင်းဖြစ်တာ ကြာပြီ။ ဦးနိုင်တူးကပဲ ဖေဖေ့ကို ကြိုပို့လုပ်ပေးနေတာ သိရက်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ တွေးရင်း ဧည့်ခန်းထဲ ထွက်ခဲ့သည်။ ဧည့်ခန်းထဲမှာ တွေ့လိုက်ရတာ ချစ်ရိပ် တစ်ယောက်တည်း မဟုတ်ပါဘဲ သင့်ပဏ္ဏာ လည်း ရှိနေသည်။

ကြည့်ရတာ နှစ်ယောက်စလုံး အပြင်သွားကြမှာ ထင်သည်။ ပြင်ဆင်ဝတ်စားထားကြသည်။ ထုံးစံအတိုင်း ချစ်ရိပ်ကတော့ မှန်အေ အောင် ပြင်ဆင်ထားပေမယ့် သင့်ပဏ္ဏာကတော့ ထူးထူးခြားခြား ပြင်ဆင် ထားတာမျိုး မရှိပါ။

ပေါင်ဒါအရောင်ကြောင့် မဟုတ်ပါဘဲ နုဂို ဝင်းညက်နေသော မျက်နှာလေးက မပြင်ဆင်ဘဲ လှနေသည်။ မျက်ခုံးတန်းတန်းလေးက ထင်းနေကာ နှာတံစင်းစင်းလေးက ချွန်မြနေတာ မဟုတ်ဘဲ ကျစ်ကျစ် လေးနဲ့ ပေါ်လွင်တာ ဖြစ်သည်။

နှုတ်ခမ်းလေးမှာ ပန်းနုရောင်ဆိုးဆေးက ဆိုးထားသည်လို့ မထင်ရအောင် နဂိုနှုတ်ခမ်းရောင် စိုစိုလေးအတိုင်းပါပဲ။

"ဟော သား ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားပါဘူး ဖေဖေ၊ ဒီနေ့ သား အားတယ်"

"ဒါဆို အတော်ပဲ၊ ဖေဖေ့ကို ဂေါက်ကွင်းလိုက်ပို့ပေးလို့ရမလား အပို့ပဲလိုတာ အပြန်ကျရင် ဖေဖေ့မိတ်ဆွေကို ပြန်ပို့ခိုင်းလို့ ရတယ်"

"ဒီလိုမလုပ်နဲ့ အန်ကယ်၊ ပဏ္ဏာတို့ တက္ကစီငှားသွားလည်း အဆင်ပြေပါတယ်၊ အန်ကယ်တာသာ သွားပါ၊ ပဏ္ဏာတို့အတွက် မပူနဲ့"

ကြားထဲက ပဏ္ဏာ ဝင်ပြောသည်။ ဖေဖေက ခေါင်းကိုခါရင်း

"အိမ်မှာ ကားတွေ ရှိတာပဲ သမီးရဲ့၊ ကိုယ့်ကားနဲ့ဆို သွားရ လာရ ပိုအဆင်ပြေတာပေါ့"

"ခဏလေး ဖေဖေ အခု ဘာအခက်အခဲ ဖြစ်နေလို့လဲ၊ ချစ်ရိပ် တို့က ဘယ်သွားကြမှာလဲ"



"ဘုရားကို သွားမလို့ ကိုကို၊ မမပဏ္ဏာ သွားချင်လို့တဲ့"

"ဒါဆိုလည်း ဖေဖေ့ဘာသာ သွားစရာရှိတာ သွားပါ၊ ချစ်ရိပ် တို့ကို ကျွန်တော်ပဲ လိုက်ပို့ပေးလိုက်မယ်"

ဖေဖေ အံ့ဩသလို သူ့ကိုကြည့်သည်။ ပြီးမှ ခေါင်းညိတ်ပြရင်း

"ဒါဆိုရင် ပိုအဆင်ပြေတာပေါ့၊ ချစ်ရိပ်က ကားမောင်းသိပ် မကျွမ်းကျင်သေးလို့ မြို့ထဲလမ်းကို ဖေဖေ စိတ်မချဘူး။ သား လိုက်ပို့ ပေးနိုင်ရင် အဆင်ပြေတာပေါ့"

"ကျွန်တော် ပို့ပေးလိုက်မယ်၊ ခဏလေးစောင့်၊ ကိုယ် အဝတ် အစား သွားလဲဦးမယ်"

ချစ်ရိပ်တို့ကို ပြောပြီး သူ့ အခန်းဆောက် ထွက်ခဲ့သည်။ ပြောင်း လဲနေသော သူ့အသွင်ကြောင့် ဖေဖေ အံ့ဩနေမှာ သေချာသည်။ ဘယ်တုန်းကမှ ချစ်ရိပ်ခြယ်ရဲ့အရေးကိစ္စတွေကို သူ မကူညီခဲ့ပါ။

အခုကျမှ သူ ခေါင်းညိတ်လက်ခံလိုက်မိတာ သင့်ပဏ္ဏာကြောင့် ပဲလား။ သူမအပေါ်မှာ အရင်ကလို မုန်းတီးမှုတွေ မရှိတာတော့ သူ သေချာနေခဲ့သည်။ သူမအပေါ် စာနာစိတ်လေး ရင်ထဲမှာ ခံစားတတ်လာ တာ ဘာကြောင့်မှန်း မသိ။

ဘုရားသွားမည်ဆိုတာကြောင့် ရှပ်ဖြူလက်ရှည်နှင့် လေးညှင်း ရောင် ချည်ချောပုဆိုးကိုပဲ ဝတ်ဆင်ပြီး ထွက်ခဲ့သည်။

ဧည့်ခန်းထဲမှာ ဖေဖေ မရှိတော့ဘဲ ချစ်ရိပ်နှင့် သင့်ပဏ္ဏာတို့ နှစ်ယောက်ပဲ သူ့ကိုစောင့်နေကြသည်။ ချစ်ရိပ်က သူ့ကိုသေသေချာချာ ကြည့်နေပေမယ့် သင့်ပဏ္ဏာက တစ်ချက်ပဲကြည့်ကာ မျက်နှာလွှဲသွား ခဲ့၏။

"တို့ကိုကိုက ဒီလိုကျတော့လည်း တကယ့် ခန့်ချောချောတာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရိပ် စကားကြောင့် သူ့မျက်နှာ ပူခနဲ ဖြစ်သွားသည်။ ဒီကောင်မလေး စကားကို လွှတ်ခနဲ ပြောတတ်တာ သိပြီးသား။ ဒါပေမဲ့ သင့်ပဏ္ဏာ ရှေ့မှာဆိုတော့ ထူထူပူပူကြီး ဖြစ်သွားတာ အမှန်။

"ချစ်ရိပ် လူကြီးကို ပြောင်ချော်ချော် မလုပ်နဲ့နော်၊ နင်တို့ ဘုရားသွားမှာမို့ ငါ လိုက်ပို့ပေးတာ"

ချစ်ရိပ် ဖက်ကလေးပုကာ ငြိမ်သွားသည်။ သူ ညှော်ခန်းနံရံမှာ ချိတ်ထားသော ကားသော့ကို ယူပြီး ထွက်ခဲ့သည်။

သူ ကားနားရောက်တော့ ချစ်ရိပ်နှင့်သင့်ပဏ္ဏာ အနောက်က ကပ်လိုက်လာကြသည်။

"ဪ ဘွဲ့ဂုဏ်ထူး ကျွန်မတို့ကို လိုက်ပို့ဖို့ ရှင် အဆင်ပြေရဲ့လားဟင်၊ ဟို သွားစရာရှိရင် သွားနော်၊ ကျွန်မကြောင့် ရှင် ဝန်ပိမှာ စိုးလို့"

ဘွဲ့ မျက်မှောင်ကြီး ကုပ်သွားမိသည်။ သင့်ပဏ္ဏာနှင့်သူ အဆေးမကပ်တာ အဲဒါတွေကြောင့် ဖြစ်သည်။ ဖေဖေ့ရှေ့မှောက်မှာ လိုက်ပို့ပြောခဲ့ပြီးပြီ။ ဒါကို သူမက အခုမှ ထပ်မေးနေ၏။

"ကိုယ့်အတွက် ဘာဝန်ပိမှာလဲ၊ မင်းတို့ကို ထမ်းပိုးသွားရတာမှ မဟုတ်တာ"

"ဒါတော့ ရှင့် စကားကို ကပ်ပြောနေတာပဲ၊ ပဏ္ဏာဆိုလိုတာက ရှင်သွားစရာရှိရင် ကျွန်မတို့ကြောင့် ပျက်မှာစိုးလို့ ရှင့်မှာလည်း နားရေး ဆိုလို့ ဒီတစ်ရက်ပဲ ရတာလေ"

"ကိုယ် ဒီနေ့ သွားစရာ မရှိလို့ မင်းတို့ကိုလိုက်ပို့ပေးတာ ဘာလဲ ဒီအတွက် မင်းက ကျေးဇူးတင်ရမှာစိုးနေတာလား။ ရတယ် ကျေးဇူးတင်စရာ မလိုဘူး"

"ဟာ ကိုကိုကလည်း မပြောပါနဲ့ မမပဏ္ဏာလည်း ဘာမှမပြော



နဲ့တော့နော်၊ လာ ဝင်ထိုင်လေ သွားရအောင်"

ကြားထဲက ချစ်ရိပ်က ဝင်ဖြေပေးသည်။ ပဏ္ဏာကိုလည်း ကားနောက်ခန်း တံခါးဖွင့်ပြီး တွန်းတင်ပေးနေသည်။ သူလည်း ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

စိတ်ထဲကတော့ နည်းနည်း ကသိကအောက် ဖြစ်သွားတာ အမှန်။ ကိုယ်က တကယ့်စေတနာနှင့် ကူညီတာ။ သင့်ပဏ္ဏာရဲ့ မာနစိတ်လေးက ခေါင်းထောင်လာတော့ လိုက်ပို့မိတာကိုတောင် နောင်တက ရချင်ချင် ဖြစ်သွား၏။

မင်းမာနတွေကို ဘာလို့ ကိုယ်နဲ့ဆုံရင် မောင်းတင်ထားတာလဲ သင့်ပဏ္ဏာ။ ဒီပုံစံဆိုရင်တော့ မင်းနဲ့ကိုယ်ကြားမှာ မလွယ်ဘူး ထင်ရဲ့။

■ ■ ■

"ကိုကိုလည်း ဘုရားပေါ် လိုက်မှာမဟုတ်လား"

ရွှေတိဂုံဘုရားရောက်တော့ ချစ်ရိပ်က သူ့ကိုလှမ်းမေးသည်။ တစ်လမ်းလုံး သူ တိတ်ဆိတ်နေတာမို့ ချစ်ရိပ် သူ စိတ်တိုနေတာကို ရိပ်မိပုံရ၏။

"လိုက်ခဲ့ပါ ကိုကိုရာ၊ ဘုရားပေါ်ရောက်ပြီးမှ ဘုရားတော့ ဖူးလိုက်ပါဦးနော်"

စိတ်ကတော့ နည်းနည်းညစ်ထေးနေသည်။ ကားပေါ်က ဝုတ်ရတာလည်း ထိုင်စောင့်မနေချင်တာမို့ တံခါးဖွင့်ဆင်းခဲ့သည်။

ဓာတ်လှေကားကပဲ ရင်ပြင်ပေါ်အထိ တက်ခဲ့ကြသည်။ လက်ထဲမှာ ဒိတ်လေးတစ်ဖက် ဆလင်းဘတ်အဖြူလေးတစ်ဖက် ကိုင်ထားသော သင့်ပဏ္ဏာသည် ရင်ဖုံးအင်္ကျီဆင်စွယ်ရောင်လေးနှင့် အနက်မှာ အဖြူရောင် ပန်းလေးတွေ ကနုတ်ပန်းခက်လေးတွေ ဖောက်ထားသော ချိတ်ထဘီလေးနှင့် ယဉ်ယဉ်လေး လှပနေ၏။

www.burmeseclassic.com



ကိုယ်ဟန်ကျော့ရှင်း သွယ်လှတာမို့ ဘာပဲဝတ်ဝတ် သူမ ကြည့် ရတာ အဆင်ပြေနေသည် ထင်သည်။

လည်တိုင် ရှင်းရှင်းလေးမှာ ပလက်တီနမ် ကြိုးမျှင်လေး တစ် ကုံးနှင့် နားကပ်လေးက သေးသေးလေးပဲ ဆင်ထားသည်။

ချစ်ရိုပ်ကတော့ ဟန်းချိန်းတွေကော လက်စွပ်တွေနှင့်ပါ ပြင် ဆင်ထားတာ ဖြစ်ပေမယ့် သင့်ပဏ္ဍာရဲ့ အလှကြောင့် မှေးမှိန်သွားသလို ရှိ၏။

"ဘွဲ့ဂုဏ်ထူး ခဏလေး စောင့်ပေးပါနော်၊ မေမေ့အတွက် ပဏ္ဍာ ကုသိုလ်လေး ပြုချင်လို့"

သူ့ကို တောင်းပန်သလို ပြောလိုက်တာကြောင့် ခေါင်းညိတ်ပြ ရင်း ရပ်စောင့်ပေးလိုက်ရ၏။ ချစ်ရိုပ်က သူ့အနားမှာ အတူရပ်နေရင်း

"ကိုကို ဘုရားတစ်ပတ် လျှောက်ပူဇော်ရအောင်၊ မမပဏ္ဍာက အချိန်ပုတီးစိပ်ဦးမှာ"

ချစ်ရိုပ် စကားကို ခေါင်းညိတ်ပြရင်း ရင်ပြင်တစ်ပတ် လျှောက် ဖြစ်သည်။ သူ မမေးပါဘဲ ချစ်ရိုပ်က ပြောပြနေတာ သင့်ပဏ္ဍာအကြောင်း

"မမပဏ္ဍာက သူ့မေမေအတွက် ကုသိုလ် ဒါနပြုတာလေ ဒီနေ့ သူ့မေမေဆုံးတာ လေးနှစ်တင်းတင်း ပြည့်ပြီလေ"

လောကကြီးထဲမှာ မရှိတော့သော မိခင်အတွက် သင့်ပဏ္ဍာ ရည်စူးကုသိုလ်ပြုခြင်းအတွက် သူ သာဓုခေါ်မိ၏။ သူမလိုပဲ မေမေ့ နှစ်ပြည့်နေ့တိုင်းမှာလည်း ဖေဖေက ကုသိုလ်ဒါနတော့ ပြုတတ်သည်

သူ့ မွေးနေ့လျှင်တောင် ဖေဖေက ကြိုပြောကာ သတိပေ စီစဉ်တတ်သည့်အတွက် ကျေးဇူးတော့ တင်ရသေးသည်။

သူတို့ တစ်ပတ်လျှောက်ပြီးတော့ သင့်ပဏ္ဍာလည်း မိခင်ဖြစ် မွေးနာမ်ထောင့်က ကုသိုလ်ပြုပြီးလို့ နေပြီ။



"မမပဏ္ဍာ ရင်ပြင်ကို ပတ်ဦးမှာလား"

"ချစ်တို့ လျှောက်ပြီးပြီမို့လား။ အလှူခံဌာနမှာ ပိုက်ဆံသွားလှူ ပြီး ပြန်ကြတာပေါ့၊ မေမေ့အတွက် ပဏ္ဍာ တစ်နှစ်လုံး စုထားတဲ့ ငွေ လေး သီးသန့် လှူချင်လို့ပါ"

မိခင်အတွက် ရည်စူးပြီး အလှူခံဌာနမှာ ပဏ္ဍာ ငွေတစ်သိန်း တိတိ လှူသည်။ ထို့အတွက် သူလည်း သာဓု ခေါ်မိသေးသည်။

"မမပဏ္ဍာက တစ်သိန်းတောင် စုထားတာလား"

"လစဉ်တိုင်း မေမေ့အတွက် တစ်သောင်းစီ သီးသန့်စုထားတာ လေ ချစ်လေးရဲ့၊ မေမေ့ကို ပဏ္ဍာ့လစာနဲ့ မကျွေးမွေးလိုက်ရတော့ ကုသိုလ်ဒါနပဲ ရည်စူးပြုရတာပေါ့"

ချစ်ရိုပ် မေးတာကို သူမ ရှင်းပြနေတာ နားထောင်ရင်း သူမရဲ့ ည်းစနစ်ရှိမှုကို သူ ချီးကျူးမိသေးသည်။

"မမပဏ္ဍာရဲ့ လခက ကောင်းတာပဲ၊ မမ ပဏ္ဍာ ဝင်ငွေတွေ ကို ဘယ်လိုသုံးသလဲ"

ချစ်ရိုပ်က စပ်စပ်စုစု မေးနေသည်။ သင့်ပဏ္ဍာကလည်း ပြုံး လေးနှင့် ရှင်းပြနေ၏။

"မမပဏ္ဍာ ဘဝမှာ ပိုင်ဆိုင်တဲ့အိမ် မရှိသေးဘူးလေ၊ တိတ် တိတ် အေးချမ်းတဲ့ ခြံနဲ့အိမ်လေး ပိုင်ဆိုင်ချင်တယ်၊ အဲဒါအတွက် မမ ဏ္ဍာ စုထားတယ် ချစ်လေးရဲ့၊ အသုံးစရိတ်အတွက်တော့ ချွေချွေ တာပဲ သုံးရတာပေါ့"

ကားပေါ်ရောက်သည်အထိ ချစ်ရိုပ် အင်တာဗျူးက အဆုံး သတ်။ သူကပဲ ကြားဖြတ်ကာ မေးရ၏။

"မင်းတို့ ဘယ်သွားကြဦးမှာလဲ ပြောလေ၊ ကိုယ် လိုက်ပို့ပေး မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရမယ်ဆိုရင် junction ကို ဝင်ချင်တယ်၊ အန်ကယ်နဲ့ အန်တီသက်တို့အတွက် တစ်ခုခု ဝယ်ချင်လို့၊ ပဏ္ဏာ ပထမဆုံးရတဲ့ လခနဲ့ လူကြီးတွေကို ကန်တော့မလို့"

"ဟင် မေမေတို့ပဲလား၊ ချစ်အတွက်ကော ဟင် မမပဏ္ဏာ"

"အဟင်း ချစ်လေး ဘာလိုချင်လဲ၊ မမ ဝယ်ပေးမှာပေါ့ ပြော"

"ဟင့်အင်း ဘာမှမယူပါဘူး မမရယ်၊ ချစ်က နောက်တာပါ။ ချစ်အလုပ်ကျရင် မမလိုပဲ မိဘတွေအပေါ် သိတတ်လိမ္မာတဲ့ သမီး ဖြစ်အောင် ကြိုးစားမှာပါ"

ဒီကောင်မလေး တကယ်ပဲ အသိတရား ရနေတာလား။ ဒါဆို ရင်တော့ သင့်ပဏ္ဏာရဲ့ အပြုအမူတွေအပေါ် သူမ အားကျအတုယူချင် နေတာကြောင့်ပဲ ထင်သည်။

ဖေဖေနှင့်ဒေါ်ခင်သက်ခြယ်အတွက် စားစရာမုန့်တွေကို junction မှာ သင့်ပဏ္ဏာ ဝယ်သည်။ သင့်ပဏ္ဏာရဲ့ စိတ်ထားလေးကို သ လေးစားချီးကျူးမိသည်က ဒရိုင်ဘာ ဦးနိုင်တူးအတွက် ပုဆိုးနှင့်အင် တစ်စုံ၊ ထမင်းချက် ဒေါ်ညွှန့်အတွက် တစ်စုံကိုပါ သတိတရ ဝယ်ယူ တာကြောင့်ပဲ ဖြစ်သည်။

"စောင့်ရတာ ကြာလို့ စိတ်တိုနေပြီလား ဘွဲ့ဂုဏ်ထူး၊ ဆော နော်"

"ရတယ် သင့်ပဏ္ဏာ၊ ဒီနေ့ မင်းပြုတဲ့ ကုသိုလ်တွေကို ဝေ ခံစားခွင့်ရတာနဲ့ ကိုယ် ဝမ်းသာကျေနပ်ပါတယ်"

သူ့ရင်ထဲက ဆန္ဒအတိုင်း ဆိုမိတာ ဖြစ်သည်။ ချစ်ရိပ် ကျေနပ်ပြုံးလေးနှင့် သူ့ကိုကြည့်နေ၏။ သင့်ပဏ္ဏာက

"ချစ်လေးနဲ့ရှင့်ကို မနက်စာ ပဏ္ဏာ ကျွေးပါရစေ ဘွဲ့ဂုဏ်ထူ

"ဟာ အားနာစရာ မင်း ဒီနေ့ ကုန်ကျတာတွေ များ



သင့်ပဏ္ဏာ၊ လက်ခံမယ်ဆိုရင် ကိုယ်ကပဲ မနက်စာအတွက် ရှင်းပါရစေ"

"ဒီလိုတော့ မလုပ်နဲ့ ဘွဲ့ဂုဏ်ထူး၊ ဒီနေ့ ကျွန်မ ပြုတဲ့ကုသိုလ် တွေကို ရှင် ပြည့်ဝသွားအောင် ကူညီတဲ့အနေနဲ့ ကျွန်မ ဆန္ဒကို ခွင့်ပြုပါ"

"မမပဏ္ဏာ ပြောတာ မှန်တယ်၊ ကိုကို ကျွေးချင်ရင် နောက် တစ်ခါကြုံဦးမှာပေါ့၊ အဲဒီကျမှ ချစ်တို့ စားမယ်၊ အခု မမကို အလှည့် ပေးလိုက်"

"အံမယ် နင်က ဆင်ဖြူတော်ရှိပြီး ကြိုစုပ်ချင်နေချင်တာလား နင့်အလှည့်က မပါဘူးပေါ့"

"ကိုကို အလှည့်ပြီးရင်၊ ချစ် အလှည့်လာမှာပေါ့ ကိုကိုရဲ့ အဟင်း ဟင်း"

ချစ်ရိပ် စကားကြောင့် သူနှင့်ပဏ္ဏာ ပြုံးမိသည်။ ထိုနေ့က ပဏ္ဏာ ကျွေးမွေးသော မနက်စာကို သူနှင့်ချစ်ရိပ်တို့ လိုက်စားဖြစ်သည်။

စားသောက်ပြီး ပြန်ခဲ့ကြချိန်မှာ သူနှင့်သင့်ပဏ္ဏာကြားမှာ နား လည်နိုင်မှုတွေနှင့် ရင်းနှီးမှုတွေ ပိုမိုခဲ့တာတော့ အသေအချာ ဖြစ်သည်။

သင့်ပဏ္ဏာရဲ့ ဖြူသော စိတ်ကလေးနှင့် အကျင့်စရိုက်လေးတွေ ကို သူ တဖြည်းဖြည်းနှင့် ပိုမိုနားလည်လာမိတာ အမှန်။

မင်းရဲ့ မာနတွေက မင်းရဲ့ နဂိုစိတ်တွေကို ဖုံးကွယ်ထားသလို ဖြစ်နေခဲ့ပေမယ့် ကိုယ် မြင်တတ်ခဲ့ပြီ သင့်ပဏ္ဏာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တစိမ့်စိမ့် တွေးကြည့်လေလေ တနုံ့နုံ့ ခံစားရလေလေပါပဲ။

တစ်ပါးသူက ပြောလာလျှင်တောင် သူမ ယုံကြည်ဖို့ ခက်ခဲမှာ သေချာသည်။ အခုတော့ သူမ ကိုယ်တိုင် အသေအချာမြင်ရသည့် မြင်ကွင်း။

ရက်စတောရင့် ရှေ့မှာ ရပ်ထားသော ကားလေးကို သူမ သတိထားမိချိန်မှာ ဘွဲ့ရဲ့ကားပဲဟု သိလိုက်သည်။ ဘွဲ့တစ်ယောက် တည်းပဲလား၊ ကျော်လွန်းနှင့်ရွှေမောင်တို့ပါ ပါသည်လား၊ တွေးနေတုန်း ဆိုင်ထဲက ထွက်လာတာ ဘွဲ့ တစ်ယောက်တည်း မဟုတ်ခဲ့ပါ။

နံဘေးမှာ ချစ်ရိုပ်ခြယ်နှင့်အတူ သင့်ပညာ ဆိုသည့် မိန်းမကို မြင်တွေ့လိုက်ရ၏။

မယုံနိုင်စရာ ကောင်းသော မြင်ကွင်းကို သူမ မင်သက်စွာ ငေးကြည့်နေမိခဲ့၏။ သုံးယောက်စလုံး မျက်နှာက အပြုံးရိပ်တွေ ဖြာလျက် ကြည်နူးနေကြသည်။

ဒါလား ဘွဲ့ဂုဏ်ထူးလို့ မေးရလောက်အောင် ဘွဲ့ရဲ့ အပြုံး တွေက ချိုလွန်းနေခဲ့သည်။



သင့်ပညာ ဆိုသော မိန်းမတစ်ယောက်ကို ကြည့်မရအောင် ...န်းသည် ဆိုသော ဘွဲ့က အခုတော့ အနားမှာ ကျေကျေနပ်နပ်ကြီး ...နေသည်။

မဆုံဖြစ်ကြသည့် တစ်ပတ်ကျော် ကာလလေးမှာ အခြေအနေ ...များက ဒီလောက်အထိတောင် လျင်မြန်စွာ ပြောင်းလဲသွားစေသည်လား။

သင့်ပညာ ဆိုသော မိန်းမကို ရေသည်မလို့တောင် နှိမ်ချ ...ခဲ့တတ်ခဲ့တဲ့ ဘွဲ့က အခုမှ ဘာကြောင့် ငြိတွယ်သွားခဲ့တာလဲ။

အာရုံထဲကို သင့်ပညာ မုံရိပ်လေးက တိုးဝင်လာ၏။

...ဲ့ ပြောတုန်းကတော့ နှုတ်ကြမ်း အာကြမ်းနှင့် ရှက်ကြမ်းရေ ကျိုး ...ပ်သွင်ဟုပဲ ထင်ခဲ့သည်။ ဘွဲ့အိမ်ကို ရောက်ကာ ထိပ်တိုက် မြင် ...ိုက်တော့ သူမ မင်သက်သွားလောက်အောင် သင့်ပညာက စွဲဆောင်မှု ...သည်။

အဖုအပိန့် အစက်အပျောက် ကင်းစင်သော မျက်နှာက ...ျောင်းသလင်းခါနေပေမယ့် မျက်ခုံး မျက်လုံးတွေက ဘာဆေးအခြယ် ...သမှ ကူစရာ မလိုအောင် နဂိုလှပသူ ဖြစ်သည်။

ဆေးကူစရာ မလိုသော သဘာဝအလှမျိုးဆိုတာ မိန်းမသား ...င်းမှ မြင်ရုံနှင့် သူမ သိခဲ့သည်။ တကယ်ဆို သင့်ပညာလို မျက်နှာ ...ျောင်နှင့် သူမတောင် အပြင်မထွက်ရဲပါ။

ထိုမျှလောက်အထိ သင့်ပညာက ဆုတောင်းပြည့်အောင် လှပ ...။ ဘွဲ့က လုံးဝကြည့်မရတာ သူမရဲ့ မာဆတ်ဆတ် အသွင်နှင့် ဖြစ် ...လို နေတတ်သော ပုံစံကြောင့်ဟု တွက်ဆမိခဲ့ပြီး ဖြစ်သည်။

ဘွဲ့အလှအပနှင့် အသန့်အပြန့်ကို နှစ်သက်တာ နေရီ အသိ ...း ကင်တင်းနိုက အစားအသောက်မျိုးတောင် မထိမ့်မထိအောင် ရှောင် ...ို့ ဗီဇကြောင်သည်ဟုတော့ တချို့က ဆိုကြသည်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ဂုဏ်ထူး ဆိုသော ယောက်ျားက အမူအကျင့်နှင့် အသွင်စရိုက် တူညီသူဟု ဆိုရမည်။

ဘယ်တော့ကြည့်ကြည့် အမြဲတမ်း သပ်ရပ်သန့်ရှင်းစွာ နေတတ်သူ။ အဝတ်အစားဆို သန့်ပြန့်တောက်ပြောင်ပြီး စတိုင်ကျကျ ဝတ်ဆင်ထားတတ်သူ ဖြစ်သလို ဘီးတီပပ လိမ်းဖြတ်ထားသော ခြေသည်း လက်သည်းလေးတွေပေါ်မှာတောင် ဖုန်တစ်စက် မတင်အောင် နေတတ်သူ ဖြစ်၏။

အဆီပြန် မျက်နှာမဆိုထားနှင့် ချွေးတစ်စက်တောင် မစို့တတ်သော မျက်နှာက နုဖတ်သန့်ရှင်းပြီး ချောမောသူလည်း ဖြစ်သည်။ တခြားသော ဘယ်ယောက်ျားလေးနှင့်မှ မတူသော အမူအကျင့်တွေ ရှိတာကြောင့်လည်း နေရီ ရွေးချယ်ခဲ့တာ ဖြစ်သည်။

ချစ်သူဘဝမှာလည်း နေရီ အပေါ်မှာ ဘွဲ့က သည်းခံချစ်တတ်သူ ဖြစ်ခဲ့သည်။

ဘယ်လောက် စိတ်ဆိုးစိတ်ကောက်ပါစေ ဘွဲ့ကပဲ အရင်ဆုံး ချော့မော့တတ်စမြဲ။ နေရီအပေါ် ဒီလို အစဉ်ရှိခဲ့သော ဘွဲ့က လပိုင်းကလေးမှာပဲ ပြောင်းလဲသွားခဲ့တာ ဖြစ်သည်။

အမြဲတမ်း အနိုင်ယူခဲ့သော သူမဘက်ကလည်း မာနနှင့် အလျှော့မပေးခဲ့ပါ။ အချိန်တန်လျှင် ဘွဲ့တစ်ယောက် သူမအနား ပြန်ဦးညွှတ်လာမည်ဟုပဲ ထင်ခဲ့မိ၏။ ဒါပေမဲ့

အခုတော့ နေရီ သိလိုက်ရပြီ။ ဘွဲ့ ပြောင်းလဲသွားခဲ့တာ သင့်ပဏ္ဍာဆိုသော မိန်းမကြောင့်ပဲ ဖြစ်ရမည်။

ရေသည်မ ဆိုသော မိန်းမက ထက်မြက်ပြီး ပညာတော်သည် နဂိုမပြင်မဆင် မျက်နှာက အနည်းငယ် ပြင်ဆင်လိုက်ရုံနှင့် ထင်းခနဲ ပေါ်လွင်လာတော့ ဘွဲ့အာရုံတွေ ညွှတ်ပါသွားတာ ဖြစ်ရမည်။



ဒါကြောင့် ဘွဲ့အချိုးတွေ ပြောင်းလဲသွားခဲ့တာကိုး။

"တောက်"

"ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ သမီး"

ကိုယ့်အတွေးနဲ့ဒေါသတွေကို တက်ခေါက် ဖွင့်ထုတ်မိတာကြောင့် မာမီက အခန်းထဲဝင်လာရင်း မေးသည်။

မာမီ အမေးကို ပြန်မဖြေနိုင်သေးခင်မှာဘဲ သူမ နံဘေး ထောင်စွန်းမှာ ဝင်ထိုင်သည်။

"ဘွဲ့ ဘွဲ့ကို မကျေနပ်တာ မာမီ"

"အင်း သမီးပြောမှ သတိထားမိတယ်၊ မောင်ဘွဲ့တောင် အိမ်မလာတာကြာပြီ၊ ဘာလဲ သမီးက/ စိတ်ကောက်ပြီး မခေါ်မပြောနေတာလား"

မာမီက ဘွဲ့နှင့်သူမ အကြောင်းကို သိနေသူမို့ မေးနေသည်။ ဘာကြောင့်ဆို ဘွဲ့ရဲ့အခြေအနေ အဆင့်အတန်းက မာမီတို့ လက်ခံနိုင်သော အခြေအနေမို့လည်း သူမ ချစ်သူအဖြစ် လက်ခံခဲ့တာ ဖြစ်သည်။

မာမီကလည်း ဘွဲ့ကိုကြည်ဖြူလက်ခံသည့်အရိပ်တွေ ပြခဲ့တာ သူမ အသိဆုံး။

"ဘွဲ့လေးက. သမီးကို ခင်မင်ကြင်နာရှာပါတယ် သမီးရယ်"

မာမီ ဆိုတော့ သူမ မျက်နှာကို မဲ့ပစ်ရင်း ခေါင်းကို ခါရမ်းလိုက်၏။

"အခု သူ အချိုးပြောင်းနေတယ် မာမီ၊ အရင်က ဘွဲ့ မဟုတ်တော့ဘူး"

"ဘယ်လို သမီး"

"ဟုတ်တယ် မာမီ၊ သမီးကို လာမတွေ့ဘူး။ အရင်နဲ့ လုံးဝ တူတော့တာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



မာမီ သူမစကားကို မျက်ခုံးလေးတွေ တွန့်ကွေးပြီး နားထောင်နေသည်။ သူမ ရင်ထဲက မကျေနပ်ချက်တွေကို မာမီ့ကို ပွင့်လင်းစွာပဲ ရင်ဖွင့်ဖြစ်သည်။

သူမ စကားဆုံးတော့ မာမီ ခေါင်းတညိတ်ညိတ်နှင့်

"ဒါဆိုလည်း သမီး ခေါင်းထဲက သူ့ကိုထုတ်ပစ်လိုက်ပေါ့ကွယ် သမီးစိတ်ကြိုက် ရွေးစရာတွေ အများကြီးပဲဥစ္စာ၊ မာမီ့ သမီးရဲ့ အလှ အဆင့်အတန်းနဲ့ သူ့ထက်သာတာတွေ တစ်ပုံကြီးပါကွယ်"

မာမီ့စကားကြောင့် သူမ တွေခနဲ ဖြစ်သွားသည်။ ဘွဲ့ကို ကျောခိုင်းပစ်လိုက်ရမည်တဲ့လား။ နည်းနည်းတော့ ရင်ထဲမှာ ခံရခက် ခက် ဖြစ်နေ၏။

ဘွဲ့ ဘာကြောင့် ဒီလို အလွယ်တကူ ပြောင်းလဲသွားတာလဲ။ သင့်ပဏ္ဍာ ဆိုတဲ့ မိန်းမကပဲ သူမထက် သာနေလို့လား။ သွားစမ်းပါ။

နန်းနေရီနဲ့ သင့်ပဏ္ဍာ ဆိုတာ အကွာကြီး ကွာသည်။ ကျန် တာတွေမှာ သာတယ်ဆိုဦးတော့ အဆင့်အတန်းခြင်းက ဘာမှမဆိုင်။ နန်းနေရီ ဆိုတာ ရွှေမှဲ့မျိုးမှဲ့ တစ်ကောင်ကြွက်ဘဝမှ မဟုတ်တာ။

"သမီး မာမီပြောတာ ကြားရဲ့လား"

"ကြားပါတယ် မာမီ၊ ဒါပေမဲ့ ဘွဲ့ကို ခဲ့ပစ်လို့ မဖြစ်သေးဘူး"

"ဟင်"

"ဟုတ်တယ် နန်းနေရီရဲ့ ရာဇဝင်မှာ ယောကျ်ားတစ်ယောက် က ဥပေက္ခာပြု ထားရစ်ခဲ့တယ်ဆိုတဲ့ သမိုင်း မရှိစေရဘူး၊ ဘွဲ့ သမီး အနားကို ပြန်ရောက်လာရမယ်၊ သမီး အလိုမရှိမှ သူ ထွက်သွားရတာမျိုး ပဲ ဖြစ်ရမယ်"

သူမ စကားကို မာမီ နားထောင်ရင်း လက်ခံသလို ခေါင်းညိတ် သည်။



"ဟုတ်တယ် မာမီ့သမီးကို သူ ဒီလို ဆက်ဆံသွားတာ မာမီ လည်း လက်မခံနိုင်ဘူး၊ သမီး ဆုံးဖြတ်ချက် မှန်တယ် သမီး"

သူမ ကျေနပ်စွာ ပြုံးရင်း ခေါင်းတညိတ်ညိတ် ပြုံးမိသည်။

ရင်ထဲမှာတော့ မာနနှင့် မခံချင်စိတ်တွေ တလှုလှု လှုံ့နေ၏။

ဘယ်ယောကျ်ားနဲ့မှ အသွင်ကော စတိုင်ပါ မတူဘူးလို့ ရှင့်ကို ရှင် မာနတွေ မြင့်မြင့်မားမား ထားချင်ထားစမ်းပါ ဘွဲ့ဂုဏ်ထူး။

ရှင် ကျွန်မအနားက ခေါင်းမော့ ထွက်သွားတာမျိုး ဘယ်တော့မှ မရှိစေရဘူး။ စောင့်ကြည့်လိုက် နန်းနေရီ ရှေ့မှာ ရှင် ပြန်ဦးညွှတ်ရောက် လာစေရမယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကိုကို တင်းနစ် ကစားရအောင်"

ခြံထဲမှာ ဒရင်းဘတ် တစ်လုံးချပြီး သံတင်းစာ ဖတ်နေတုန်း ချစ်ရိပ် အနားကို ရောက်လာပြီး ဆိုသည်။

သူ မော့ကြည့်တော့ အနီရောင် တီရှပ်လက်တိုလေးနှင့် ဂါဝန် အနီလေးကို တွဲဝတ်ဆင်ထားသော ချစ်ရိပ်ခြယ်ကို တွေ့သည်။ လျှာထိုး ဦးထုပ်ဖြူလေးကို ဆောင်းထားပြီး လက်ကောက်ဝတ်မှာ addidas တံဆိပ် လက်ပတ်လေးတွေကို ဆင်ထားသေးသည်။

"နေပါဦး နင်က တင်းနစ် ကစားမှာလား မော်ဒယ်ရှိုးပြမှာ လား"

ချစ်ရိပ်ကို မျက်မှောင်ကြီး ကျုံ့ကြည့်ပြီး သူ မေးတော့ ချစ်ရိပ် နှုတ်ခမ်းလေး စူမို့မို့လုပ်ရင်း

"ဟင် ကိုကိုကလည်း ဒါ အားကစား ဝတ်စုံပဲဟာ"

"နင် ကစားမှာ အပျင်းပြေ ကျန်းမာရေး လေ့ကျင့်ခန်း သဘောလေ၊ နင့်ကိုယ်နင် ရှာရာပိုဗာတို့ ဝီလျံညီအစ်မတို့လို ထင်နေ သလား"



"ဟာ ကိုကိုကလည်း ချစ်လေးဆို အပြစ်မြင် မျက်လုံးတွေနဲ့ ကြည့်နေတာပဲ၊ တင်းနစ်ကစားတာ ရင်ဖုံးနဲ့လုံချည်တိုတိုဝတ် ကစား လို့ ရမလား၊ ကစားရအောင် နော်၊ ဟိုမှာ မမပဏ္ဏာတောင် လာပြီ"

ချစ်ရိပ် စကားကြောင့် သူလှမ်းကြည့်တော့ အိမ်ထဲက ထွက်လာ သော ပဏ္ဏာကို မြင်တွေ့လိုက်သည်။ ပဏ္ဏာသည်လည်း အဖြူရောင် အောက်လံနှင့် တီရှပ်လက်တိုလေးကို အနက်ရောင် ဘောင်းဘီတို အပြင် အင်္ကျီထုတ်ဝတ်ထားသည်။

ဆံနွယ်တွေကို နဖူးပြေပြေလေးပေါ်အောင် လှန်သိမ်းပြီး ခပ် တင်းတင်းလေး စည်းနှောင်ထားသည်။ ကင်းဘတ်စ် ဖိနပ်အဖြူရောင် လေးနှင့် ရှင်းရှင်းလေးပဲ ဖြစ်သည်။

"ချစ်နဲ့ကိုကို လက်ရည်မမျှပေမယ့် မမပဏ္ဏာနဲ့တော့ လက်ရည် တူမှာပါ၊ မထင်မှတ်ရင် ကိုကိုတောင် ရှုံးသွားနိုင်သေးတယ်"

ချစ်ရိပ်က သူ မခံချင်အောင် ပြောနေတာမှန်း သူ သိပါသည်။ သင့်ပဏ္ဏာ တင်းနစ်ကစားတာကိုလည်း သူ မြင်ဖူးထားသည်။

"ကောင်းပြီလေ ကစားကြည့်တာပေါ့၊ နင့် မမပဏ္ဏာ ဘယ် လောက် လက်ရှိသလဲ သိရတာပေါ့၊ ကွင်းကစောင့် ငါ အခု လာခဲ့မယ်"

ချစ်ရိပ် မျက်နှာလေး ဝင်းပသွားသည်။ အရင်ကဆို ချစ်ရိပ် တင်းနစ်ကစားဖို့ ခေါ်တိုင်း သူ ခပ်ပြတ်ပြတ် ငြင်းတတ်စမြဲ ဖြစ်သည်။ ဒီတစ်ခါတော့ သင့်ပဏ္ဏာ ပါနေတာမို့ သူကစားကြည့်ချင်တာ အမှန်။

ကျော်လွှမ်းတို့နှင့်ချိန်းဆိုပြီး မကစားဖြစ်တာလည်း ကြာပြီမို့ ကစားကြည့်ချင်တာလည်း ပါသည်။ တင်းနစ်ကစားတာကို သူငယ်စဉ် ကတည်းက ဝါသနာပါထားမို့ ခြံထဲမှာ တင်းနစ်ကွင်း ဖောက်ထားခြင်း ဖြစ်သည်။

အခန်းထဲဝင်ခဲ့ကာ အားကစားဝတ်စုံ လဲဖို့ ဗီရိုကိုဖွင့်ပြီးကာမှ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရိပ်ကို သူ ရှိုးများလွန်းသည်ဟု ပြောခဲ့တာ ပြန်သတိရ၏။

ဗီရိုထဲမှာ ရှိနေသော အားကစားဝတ်စုံတွေက အရောင်စုံ နေပေမယ့် သူ မဝတ်ဖြစ်တော့ပါ။ camel ရှိုင်းပြတ်အင်္ကျီအပြာလေးကို ထုတ်ကာ အဖြူရောင် ဘောင်းဘီတိုလေးနှင့် တွဲဝတ်ဆင်လိုက်၏။

အားကစားဖိနပ်လေးနှင့် ခြေအိတ်လေး ဝတ်ကာ သူ ထွက်ခဲ့ တော့ ကွင်းထဲမှာ ချစ်ရိပ်နှင့်သင့်ပဏ္ဏာ နွှဲနေပြီ။

"ဟော ကိုကို လာလေ၊ မမပဏ္ဏာနဲ့ ကစား၊ ချစ်က ဒိုင် လုပ်ပေးမယ်"

သူ့ကိုတွေ့သည်နှင့် ချစ်ရိပ်က ကွင်းထဲက အပြေးလေး ထွက် လာကာ ပြောသည်။ သူ ဘက်တံကို တဆဆ လုပ်ရင်း သင့်ပဏ္ဏာကို လှမ်းကြည့်မိ၏။

"မင်း ကစားတဲ့လက်ရည်ကို ကိုယ် မြင်ဖူးတယ် ပဏ္ဏာ၊ အသက်ဝင်တဲ့ ပြိုင်ပွဲလေးဖြစ်အောင် ကြေးတော့ပါမှ ဖြစ်မယ် ထင်တယ်"

သူ့စကားကြောင့် ပဏ္ဏာ နှုတ်ခမ်းလေးတွေ တွန့်ကွေးပြီးသည်။ ပြီးတော့ ထိုအပြုံးရိပ်လေးတွေ မပြယ်သေးသော မျက်ဝန်းတွေနှင့် စိုက် ကြည့်ရင်း

"ရတယ်လေ အလောင်းအစား ပမာဏ မမည်တဲ့ ကြေး လောက်ဆိုရင် အဆင်ပြေပါတယ်"

"အိုကေ ရှုံးတဲ့သူက ဝမ်းတေဘယ်လ်ဆို ဖြစ်မလား"

"လက်ခံတယ် ပွဲငယ် သုံးပွဲကစားမယ်"

သူ ခေါင်းညိတ်ပြရင်း ကွင်းထဲဝင်လိုက်သည်။ ပိုက်တန်းညာ ဘက်တိုင်နားမှာ ရပ်ရင်း ဒိုင်လုပ်မည့် ချစ်ရိပ်က

"ဝမ်းတေဘယ်လ်မှာ ချစ်လည်းပါတယ်နော်၊ ဘယ်သူ ကျေးရှုံး ကျေးရှုံး ချစ်လေးက လိုက်စားမှာ ဒိုင်နော် ဒိုင်"



"နင် မညစ်နဲ့နော်၊ အသေအချာကြည့် ကဲ စရအောင် ပဏ္ဏာ"

သူ တင်းနစ်ဘောလုံးလေးကို ပဏ္ဏာထံ ပစ်ပေးလိုက်သည်။ ပဏ္ဏာ စပေးသော ရိုက်စေလိုသည့် ဆန္ဒနှင့်ဖြစ်သည်။

တင်းနစ် ဘောလုံးလေးကို မြှောက်တင်ကာ ဘက်တံလေးကို လွှဲရိုက်လိုက်သည့် ပဏ္ဏာကို သူ ငေးကြည့်မိသည်။ လှပကျော့ရှင်းသော ကိုယ်ဟန်လေးက ငေးမောလောက်အောင် လှပါသည်။

သူမ ရိုက်ချက်ကို ပြန်တုံ့ပြန်တော့မှ သူ မခံနိုင် ဖြစ်သွားမိတဲ့ အထိ။ ရိုက်ချက်က အားပါပြီး ပြင်းထန်သည်။ သူ့ရဲ့ တုံ့ပြန်ရိုက်ချက် တွေကိုလည်း ပဏ္ဏာ အသာအယာပဲ ပြန်ဆယ်မ ရိုက်နိုင်၏။

သူ ထင်မှတ်ထားသည်ထက်အောင် သင့်ပဏ္ဏာရဲ့ လက်ရည်က အဆင့်အတန်းမြင့်ပါသည်။ ဆက်တိုက် ရမှတ် သုံးမှတ်တိတိကို ပဏ္ဏာ အသာရအောင် ရိုက်ယူသွား၏။ သင့်ပဏ္ဏာကို သူ ပေါ့ပေါ့မတွက်ခဲ့တော့ ဘဲ အသေအချာ ကစားသည်။

ဒါပေမဲ့ မကစားဖြစ်တာ ကြာပြီဖြစ်သော လက်က ပျက်နေ တော့ ဘယ်လိုမှ သူ မယှဉ်နိုင်ခဲ့ပါ။ ပထမ ပွဲငယ်မှာပဲ သူ ရှုံးနိမ့်၏။

"ဟေး မမ ပဏ္ဏာကွ၊ လေးမှတ်အသာနဲ့ နိုင်တယ်"

ချစ်ရိပ်က လက်ခုပ်တီးပြီး သင့်ပဏ္ဏာကို အားပေးသည်။ သူ ညည်းနည်းတော့ ရှက်သွားမိသည်။ ချစ်ရိပ်ရှေ့မှောက်မှာမှ အရှက် တော့ အကွဲမခံနိုင်ပါ။

"ရော့ ကိုကို ချွေးတွေ သုတ်လိုက်ဦး"

ချစ်ရိပ် သဘက်တစ်ထည်နှင့် ရေဘူးကို ကမ်းပေးတာ ယူရင်း သူ သစ်ရိပ်အောက်က ခုံလေးမှာ ခဏထိုင်နားလိုက်သည်။ ပဏ္ဏာကလည်း ရေဘူးလေးကို ဖွင့်သောက်ရင်း ခဏ ထိုင်နားနေ၏။

"ကိုကို ဒုတိယပွဲက အရေးကြီးနေပြီနော်၊ ကိုကို ဆော့ရှုံးရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဝမ်းတောဘယ်လ် ပဲ"

"ဝတ်ကြီးကျမနေနဲ့ မိချစ် နင်က ဘယ်သူ့ရှုံးရှုံး စားရမှာ"

သူ စိတ်အချဉ်ပေါက်ပေါက်နှင့် ဆိုတော့ ချစ်ရိပ်ခြယ် ပခုံးလေး ကျုံ့ လျှာလေးထုတ်ပြကာ ပြောင်နေသေးသည်။

"ချစ်က ဒိုင်လေ ဒိုင်ကတော့ နိုင်နိုင်ရှုံးရှုံး စားမှာပဲ အဟင်း ဟင်း"

သင့်ပဏ္ဏာကတော့ သူတို့နှစ်ယောက် ပြောနေတာကို ပြုံးပြုံး လေး နားထောင်နေသည်။

ဒုတိယပွဲတော့ သူ ရှုံးနိမ့်လို့ မဖြစ်တော့ပါ။ နှစ်ပွဲပြတ်ဆိုသည့် ရလဒ်က ရှက်စရာကောင်းသည်။ ပဏ္ဏာကို လျော့တွက်လို့မရမှန်း သူ သိလိုက်ပြီ။

"ကဲ ဒုတိယပွဲ စမယ်"

ပြောရင်း သူ ဘက်တံကို လှမ်းယူကာ ကွင်းထဲဝင်လိုက်သည်။ ဒီတစ်ခါတော့ စပေးဘောကို သူ စတင်ရိုက်ရမည့် အလှည့်။

ပွဲစကတည်းက သူ ရိုက်ချက်ပြင်းပြင်းနှင့် ဆားဗစ်တွေ ပေး သည်။ ပဏ္ဏာကလည်း ပြန်ဆယ်မ တုံ့ပြန်သည်။ ပွဲက အပြန်အလှန်နှင့် အမှတ်တစ်မှတ်ရဖို့အတွက် ခက်ခဲလွန်းနေသည်။

"ဖိုး သရီး"

သူ တစ်မှတ် သာသွားချိန်မှာ ချစ်ရိပ်က အမှတ်ကို အသံရှု ရှုးလေးနှင့် အော်ပြောသည်။

သူ့လက်ရည် ပုံမှန်ပြန်ရလာတာမို့ သင့်ပဏ္ဏာကို အမြန်ရိုက် ချက်တွေနှင့် ဘယ်ညာမောင်းပြီး အမှတ်ယူဖို့ ကြိုးစားသည်။

ဘေးစည်းနားတွေအထိ သူ ကပ်ပြီး ကျအောင် ရိုက်နေတာကို သင့်ပဏ္ဏာကလည်း ဘယ်ညာ အလျင်အမြန် ပြေးပြီး ဆယ်မလို့ နေသ



"ဖိုက် သရီး"

သူ နှစ်မှတ်သာသွားခဲ့ပြီ။ သင့်ပဏ္ဏာ မျက်နှာလေး ချွေးစို့နေ သလို သူလည်း ချွေးတို့ စို့နေခဲ့ပြီ။

ဘယ်ကို အယောင်ပြကာ ညာဘေးစည်းနားကို သူရိုက်လိုက် သည့် ဘောလုံးလေးကို သင့်ပဏ္ဏာ လိုက်ဆယ်မဖို့ ကြိုးစားရင်း ခွေလဲ ကျသွား၏။

"ဟာ မမပဏ္ဏာ"

ခြေခေါက်လဲကျသွားတာကို သူလည်း အသေအချာ မြင်လိုက် တာမို့ ချစ်ရိပ်နှင့်အတူ သင့်ပဏ္ဏာ အနားရောက်သွားခဲ့မိ၏။

ချက်ချင်း ပြန်ရပ်ဖို့ ကြိုးစားပေမယ့် သင့်ပဏ္ဏာ မျက်နှာလေး ရှုံ့ကာ ပြန်ထိုင်လိုက်တာမို့

"အရမ်း မထလိုက်နဲ့ ပဏ္ဏာ၊ မင်း ခြေဆစ် ခေါက်သွားတာ ထင်တယ်"

"အင်း ဟုတ်တယ် ခြေကျင်းဝတ်အဆစ်က နာနေတာ"

"လာ မမ ပဏ္ဏာ၊ ချစ်လေး လက်ကို အားယူပြီး ထနော် သာ"

ချစ်ရိပ်က ပဏ္ဏာ့ပခုံးလေးကို တွဲထူဖို့ ကြိုးစားသည်။ ယိုင်ခနဲ ဖြစ်သွားသော ပဏ္ဏာ့ ပခုံးတစ်ဖက်ကို သူလည်း စိုးရိမ်စွာ လှမ်းထိန်း ကိုင်ထားပေးလိုက်မိ၏။

"ဟိုနားက ထိုင်ခုံလေးမှာ ခဏထိုင်နေလိုက် ပဏ္ဏာ"

သစ်ရိပ်အောက်က ခုံလေးဆီ သင့်ပဏ္ဏာကို ချစ်ရိပ်နှင့် တွဲခေါ်ခဲ့တော့ ထော့နဲ့ ထော့နဲ့ ပါလာသည်။

ဝေဒနာကြောင့် ပဏ္ဏာ မျက်နှာလေး ရှုံ့မဲ့နေသည်။ ခြေဆစ် ခေါက်သွားသည့် ဒဏ်ရာက ချက်ချင်း ယောင်ကိုင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရိပ် အိမ်ထဲက ဆေးသေတ္တာ မြန်မြန်သွားယူ"

"ဟုတ်ကဲ့ ကိုကို"

ချစ်ရိပ်ခြယ် အပြေးလေး ထွက်သွား၏။ နူတီခမ်းလေး တင်း တင်းစေ့ထားကာ ဝေဒနာကို အံကြိတ်ထားသော ပဏ္ဏာကိုကြည့်ကာ သူ့ သနားသွားမိ၏။ အနိုင်ရချင်စိတ်နှင့် သူ မညှာမတာ ကစားလိုက်မိ တာကိုလည်း နောင်တရချင်မိ၏။

ပဏ္ဏာ ရှေ့မှာ သူ ဒူးထောက် ထိုင်ချလိုက်ကာ ဖိနပ်ကြိုးကို ဆွဲဖြည်လိုက်တော့ ပဏ္ဏာ ကသောကမျော တောင်းပန်၏။

"ဟင့်အင်း မလုပ်ပါနဲ့ ဘွဲ့ဂုဏ်ထူး"

"ဘာလို့လဲ ပဏ္ဏာ၊ ဖိနပ်ချွတ်မှ ဖြစ်မှာပေါ့၊ မင်းဒဏ်ရာက ရောင်လာပြီ"

"ဟို ပဏ္ဏာ ဘာသာ ချွတ်ပါ့မယ်"

ပဏ္ဏာ အသွင်က အားတုံ့အားနာ ဖြစ်နေပုံရသည်။ သူ ဂရု စိုက်မနေတော့ဘဲ ဖိနပ်ကြိုးတွေကို ဆွဲဖြုတ်ပေးလိုက်သည်။

"အ နာတယ် အ ကျွတ် ကျွတ်"

ဖိနပ်ကို ဆွဲချွတ်ပေးရုံနှင့်တောင် ပဏ္ဏာ အထိမခံနိုင်အောင် နာကျင်နေတော့ သူ စိုးရိမ်သွားမိသည်။ ညာဘက်ခြေကျင်းဝတ်လေးက ရဲရဲနီလျက် ရောင်ရမ်း လာတာက ချက်ချင်း သိသာသည်။

"ကိုကို ဒီမှာ ဆေးသေတ္တာ ယူလာတယ်"

"ဒဏ်ရာက ဆေးလူးရုံနဲ့ ရမယ် မထင်ဘူး။ ဒေါက်တာ ဖေယျာ နိုင်ခေါ် သွားမှ ဖြစ်မယ်"

"ရ ရပါတယ် အဲဒီလောက် မဟုတ်ပါဘူး"

"မဟုတ်ဘူး မပြောနဲ့ ပဏ္ဏာ၊ မင်း ခြေထောက်က ချက်ချင်း ရောင်ကိုင်းလာတာ ကြည့်လေ၊ ဖေယျာနိုင်က ကိုယ့်သူငယ်ချင်း



အမှိုးအကြော အထူးကုဆရာဝန်၊ သူ့ဆေးခန်းသွားတော့ ကောင်းမယ်"

"ဟုတ်တယ် မမပဏ္ဏာ၊ မမဒဏ်ရာက အတော် ရောင်သွား တာ၊ တော်ကြာ မမ ပဏ္ဏာ အလုပ်တွေ ပျက်နေရင် ခက်မယ်"

"အင်း အလုပ်တော့ ပျက်လို့မဖြစ်ဘူး။ စဝင်ရတာဖြင့် တစ်လ ကျော်လေးပဲ ရှိသေးတယ် မကောင်းဘူး"

"ကဲ ဒါဆိုလည်း ကိုယ်ပြောတာ နားထောင်၊ ချစ်ရိပ် ဆေး သေတ္တာ ပြန်သယ်ခဲ့၊ လာ ပဏ္ဏာ မင်းကို ကိုယ် တွဲခေါ်မယ်"

ပဏ္ဏာ ကို သူ လက်မောင်းနှစ်ဖက်က သိုင်းထူ မရင်း တွဲဖို့ ပြင်တော့ ပဏ္ဏာ ခြေထောက်နိုင်စွမ်း မရှိဘဲ နာကျင်စွာ မဲ့ကျသွား၏။

"အင်း ထောက်လို့မရဘူး နာနေတယ်"

"ဒါဆိုလည်း ကိုယ် ပွေ့ခေါ်သွားမယ်"

"အို မလုပ်ပါ နဲ့ အို"

ပဏ္ဏာ ငြင်းဆို စကားတောင် မဆုံးလိုက်ဘဲ သူ ဆတ်ခနဲ ပွေ့ချီလိုက်ပြီး ဖြစ်နေသည်။ ပဏ္ဏာ မျက်နှာလေး ရဲရဲနီသွားသလို ချစ်ရိပ် သူ့ကို မျက်ဝန်းလေး ဝိုင်းစက်ကြည့်နေသည်။

သူ ဘာကိုမှ သတိမထားမိနိုင်ဘဲ သင့်ပဏ္ဏာကို အိမ်ထဲအထိ ပွေ့ချီခေါ်ခဲ့သည်။

"ချစ်ရိပ် နင် ပဏ္ဏာ့အခန်းထဲအထိ လိုက်ခဲ့ပြီး အဝတ်အစား လဲပေးလိုက်၊ ပြီးရင် ဆေးခန်းသွားမယ်"

"ဟုတ် ဟုတ်ကဲ့ ကိုကို"

သင့်ပဏ္ဏာ အခန်းက ချစ်ရိပ်အခန်းနှင့် ကပ်လျက် အောက် ထပ်မှာပဲ ရှိတာမို့ သူ ပွေ့ချီခဲ့သည်။ ချစ်ရိပ်က အနောက်က ကပ်လိုက် လာ၏။

အခန်းထဲအထိ သူ လျှောက်ဝင်ခဲ့ကာ ခုတင်ပေါ်မှာ ပဏ္ဏာ့ ခန္ဓာကိုယ်ကို ညင်သာစွာပဲ ချပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဏာ မျက်နှာလေး ရဲရဲနီကာ သူ့ကို မော့တောင် မကြည့်ရဲပါ။

"ချစ်ရိပ် အဝတ်အစား ကူလဲပေးလိုက်ဦး"

အနောက်က ပါလာသော ချစ်ရိပ်ကို သူ ပြောပြီး အခန်းထဲက ထွက်ခဲ့သည်။ ရေတောင်မချိုးနိုင်တော့ဘဲ ကပျာကသီ အဝတ်အစားလဲသည်။ ပြီးသည်နှင့် အိမ်အပေါ်ထပ်က သူ ဆင်းခဲ့သည်။

ဧည့်ခန်းထဲကို ချစ်ရိပ်တို့ မရောက်သေးပါ။ လမ်းမလျှောက်နိုင်တာမို့ ထင်သည်။ သင့်ပဏ္ဏာ အခန်းဆီ သူ ခပ်သုတ်သုတ် လှမ်းခဲ့၏။

အခန်းထဲ ချစ်ရိပ် တစ်ယောက်တည်း တွဲထွက်လာသော ပဏ္ဏာ အဝတ်အစား လဲပြီးနေပြီ။ ခြေထောက် တစ်ချက်ထောက်တိုင်း မျက်နှာလေး မဲ့သွားတာ သူ မြင်နေတော့လည်း

"အရမ်းနာနေရင် မလှမ်းနဲ့ ကိုယ် ပွေ့ချီသွားပေးမယ်"

"အို မလုပ်ပါနဲ့ ရပါတယ်"

"အခုမှတော့ အားနာမနေနဲ့ ကဲ ချစ်ရိပ် ဖယ်"

ပြောပြောဆိုဆိုနှင့်ပဲ ဓွေ့ခနဲ ပွေ့ချီကာ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ သူ လှမ်းခဲ့သည်။

ချစ်ရိပ်က အပြေးလေး လိုက်ခဲ့ကာ နောက်ခန်းတံခါး ဖွင့်ပေးတော့ သူ အသာပွေ့တင်လိုက်သည်။

"ကိုကို ချစ်ပါလိုက်ခဲ့မယ်နော်"

အခုချိန်အထိ အားကစားဝတ်စုံ တိုနံ့နံ့လေးကို မလဲထားရသေးသော ချစ်ရိပ်ကို သူ မျက်မှောင်ကုပ်ကြည့်ရင်း

"ဒီပုံကြီးနဲ့ နင် ဆေးခန်းအထိ လိုက်မလို့လား။ နေခဲ့တော့ နင့်ကိုလည်း မစောင့်နိုင်တော့ဘူး"

သူ ခပ်ပြတ်ပြတ်ပြောတော့ ချစ်ရိပ် ဘာမှ အထွန့်မတက်ရဲဘဲ ကျန်ရစ်ခဲ့သည်။ ကားတံခါး ဆွဲဖွင့်တက်ပြီး သူ အမြန်မောင်းထွက်ခဲ့



လိုက်တော့သည်။

ချစ်ရိပ်ကတော့ ဆင်ဝင်အောက်က ငေးငေးလေး ရပ်လို့ ကျန်ရစ်ခဲ့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဆေးခန်းရောက်တော့ ဒဏ်ရာက တော်တော် ရောင်ကိုင်းနေပြီ ချစ်လေးရဲ့၊ အဆစ်လွဲသွားတာတဲ့လေ"

"မမ ပဏ္ဏာ ဒီလောက်ဖြစ်သွားမယ်လို့ ချစ်လေး မထင်တာ"

"မမ ကိုယ်တောင် မမ မထင်ဘူး၊ တော်သေးတာပေါ့၊ ဘွဲ့ဖွတ်ဆေးခန်းခေါ်သွားတော မှန်သွားတယ်၊ ခြေထောက်က လုံးဝ ထောက်မရတာ"

"ဟင် ဒါဆို ကိုကိုကပဲ မမ ပဏ္ဏာကို ဆေးခန်းထဲအထိ မွေ့ချီခေါ်သွားရတာလား"

ချစ်ရိပ် မေးတော့ သင့်ပဏ္ဏာ မျက်နှာ ရဲခနဲ သွေးရောင်လွှမ်းသွားခဲ့သည်။

"ဟုတ်တယ် ချစ်လေးရဲ့၊ ဆေးခန်းထဲက လူတွေ ဝိုင်းကြည့်နေတာ မမဖြင့် ရှက်လွန်းလို့ ထူပူနေတာပဲ"

မမ ပဏ္ဏာကို ကြည့်ကာ ချစ်ရိပ် ပင့်သက်လေး ခိုးရှိုက်မိမ်ရင်ထဲမှာ နင့်နင့်သီးသီး ခံစားနေခဲ့ရတာ အမှန်ဖြစ်သည်။



သူမအပေါ်မှာကျတော့ ကိုကို အဲဒီလို ယုယကြင်နာမှုမျိုး တစ်ခါ မှ မရှိခဲ့ပါ။ မမပဏ္ဏာနှင့်ကျတော့ ကိုကိုရဲ့ စိုးရိမ်မှု စွက်သော အမူအယာ တွေက မဖုံးမဖိနိုင်အောင် ပေါ်လွင်နေခဲ့သည်။

ပတ်တီးဖြူဖြူလေးတွေ စည်းနှောင်ထားသော ခြေထောက်လေးကို ငုံ့ကြည့်နေသော မမပဏ္ဏာ မျက်နှာကို ချစ်ရိပ် ငေးငေးလေး ကြည့်မိသည်။

ဘာမှ မပြင်ဆင်ထားဘဲနှင့်ကို မမပဏ္ဏာက လှပလွန်းပါသည်။ ...မွတ်ကြည်လင်နေသော မျက်နှာလေးက ဘာအစက်အပြောက် အမှ ...ပိန့်မှ ထင်မနေအောင် လှပလွန်းသည်။

ဒါကြောင့် ကိုကို့ရဲ့ ဆက်ဆံမှုတွေက ပြောင်းလဲသွားခဲ့တာလား။ ...ရှေ့ကို ရောက်တုန်းကတော့ ကိုကိုသည် မမပဏ္ဏာကို ခါးခါးသီးသီး ... မမ ပဏ္ဏာကလည်း မာတင်းတင်း။

သူတို့နှစ်ဦး ဒီလိုဖြစ်နေတာကို ချစ်ရိပ်တောင် စိတ်မချမ်းသာလို့ ...ဆင်ပြေစေချင်ခဲ့သည်။ ပြေမယ့် ပြေတော့လည်း မြန်လိုက်သည့် ... ခြင်း။

"မမ ပဏ္ဏာ"

"ဟင်"

ချစ်ရိပ် ခေါ်တော့ မမပဏ္ဏာ ခေါင်းလေးမော့ပြီး ကြည့်သည်။

"ကိုကိုနဲ့မမ အဆင်ပြေသွားပြီပေါ့နော်၊ မမ အရင်လို ကိုကို့ကို ...းတော့ဘူး မဟုတ်လား"

ချစ် အမေးစကားကြောင့် မမပဏ္ဏာ နှုတ်ခမ်းလေးတွေ ပြုံး...သည်။ ညီညာသွယ်တန်းသော သွားလေးတွေကို ချစ် ငေးကြည့်နေ...

"အဟင်း အရင်ကလည်း မမ မုန်းခဲ့တာမဟုတ်ပါဘူး ချစ်

www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့၊ သူနဲ့ခုံတုန်းက အပြုအမူတွေကြောင့် ကြည့်မရခဲ့တာပါ၊ သူ့ကို ငွေဂုဏ်မောက်ပြီး ကြီးကျယ်တဲ့လူလို့ ထင်နေတာ၊ ရင်းရင်းနှီးနှီး ပေါင်း ကြည့်တော့မှ သူ့စိတ်ကို သိလိုက်တာ ဘွဲ့က မာန်မာန ကင်းပါတယ်"

"ကိုကို့ကို မမ နားလည်သွားတာ ချစ် ဝမ်းသာပါတယ်"

"ဘွဲ့ကလည်း မမကို နားလည်သွားပါပြီ၊ အခုတောင် မမ အလုပ်နားခွင့်ယူထားတဲ့ တစ်ပတ်မှာ လုပ်စရာရှိတဲ့ အလုပ်တွေ ကူလုပ် ပေးမယ် ပြောနေသေးတာ"

"ချစ်လည်း ကူလုပ်နိုင်တာဆို လုပ်ပေးမယ်လေ မမပဏ္ဏာ"

"ရပါတယ် ချစ်လေးရယ်၊ ဘာမှလုပ်စရာ မရှိပါဘူး၊ စာရင်းဖိုင် တွေနဲ့ နည်းနည်းပါးပါး ရေးရ မှတ်ရမှာလေးပဲ ရှိပါတယ်"

"ချစ်ရိပ်နဲ့ ကိုယ်တို့ ကူရေးမှတ်ပေးလို့ရရင် ကူမယ်လေ မင်း အကြာကြီး စာထိုင်ရေးတာမျိုး မလုပ်နဲ့နော် ပဏ္ဏာ၊ ထိုင်ခုံမှာ ကြာကြာ ထိုင်ရင် သွေးကျမှာပေါ့"

အခန်းထဲဝင်လာသည့် ဘွဲ့ဂုဏ်ထူး လက်ထဲမှာက လက်ဆွဲ အိတ်ကြီး ပါလာသည်။ ပဏ္ဏာနှင့်ချစ်ရိပ်တို့ ပြောနေတာ ကြားကာ ပြောသည်။

"ဒဏ်ရာက တော်တော်သက်သာနေပါပြီ ဘွဲ့ရဲ့၊ ခွင့်ရက် တစ်ပတ်တောင် ဆိုတော့ ရေးရမှတ်ရမယ့် စာရင်းဖိုင်တွေတော့ လုပ် ထားရမယ်၊ ပဏ္ဏာ ကိုယ်တိုင်လုပ်မှ ရမယ့်အလုပ်တွေမို့ပါ"

"အင်း ဒါဆိုလည်း နားနားနေနေ လုပ်ပေါ့၊ ဒီမှာ လိမ်းဆေး တွေ ကိုယ် ဝယ်လာတယ်၊ သောက်ဆေးနဲ့ အားဆေးတွေလည်း ပါတယ်"

"ဘယ်လောက်ကျသလဲ ဘွဲ့"

ပဏ္ဏာ မေးတော့ ဘွဲ့ဂုဏ်ထူး မကျေမနပ် မျက်ဝန်းတွေနှင့် မျက်မှောင်ကြီးကုပ်ကြည့်သည်။



"ဘာလို့ မေးတာလဲ ပဏ္ဏာ၊ ဘာလဲ ကိုယ့်စေတနာကို မင်း ငွေကြေးနဲ့ တန်ဖိုးဖြတ်မလို့လား"

"မဟုတ်ပါဘူး ဘွဲ့ရဲ့၊ ဟို ဘွဲ့ဝယ်လာတာ အားနာလို့ပါ"

"အားနာစရာလား မင်းအတွက် လိုအပ်လို့ ကိုယ် ဝယ်ခဲ့တာ ချစ်ရိပ် နင်လည်း ဆေးလေးဘာလေး ဂရုစိုက် လိမ်းပေးလိုက်ဦး ာ်"

"ဟုတ်ကဲ့ ကိုကို"

အဝတ်အစားတွေတောင် မလဲရသေးပုံရသည့် ဘွဲ့ဂုဏ်ထူး န်းထဲက ပြန်ထွက်သွားတော့ ချစ်ရိပ် မမပဏ္ဏာ မျက်နှာကို မော ည့်မိသည်။ မမ မျက်နှာက ပြုံးရိပ်သမ်းနေသည်။

ကိုကို့ရဲ့ ဒီလိုကြင်နာယုယမှုလေးတွေကို မှတ်တမိတာက ။ ဒါပေမဲ့ ကိုကို့ရဲ့ကြင်နာမှုတွေကို ပိုင်ဆိုင်နေရတာက မမပဏ္ဏာပဲ လို့နေသည်။

ဝန်တိုစိတ်လေးတွေ ချစ်ရိပ် ရင်ထဲ တိုးဝင်လာတာ မမ ဏ္ဏာကတော့ သိနိုင်မှာမဟုတ်။

ဖြစ်နိုင်လျှင် မမ ပဏ္ဏာအစား ချစ်ရိပ်ပဲ ဒီဒဏ်ရာကို ရလိုက် ည်။ အဲဒီအခါကျရင် ချစ်ရိပ်ကို ကိုကို တကယ် ပြုစုကြင်နာပေါ့ ။

ချစ်ရိပ် သိချင်လိုက်တာ ကိုကိုရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ခြံထဲမှာ ပဏ္ဏာ တစ်ယောက်တည်း လမ်းလျှောက်နေတုန်း ဘွဲ့ဂုဏ်ထူးရဲ့ လင်ခရူဆာ ကားဖြူလေး မောင်းဝင်လာသည်။

ဆင်ဝင်အောက်ကို ကားလေး ထိုးရပ်သွားတော့ တံခါးပွင့်သွားပြီး ဘွဲ့ဂုဏ်ထူး ဆင်းလာသည်။ တစ်ယောက်တည်း လမ်းလျှောက်နေသော ပဏ္ဏာကိုမြင်တော့ အိမ်ထဲမဝင်သေးဘဲ လျှောက်လာ၏။

အပြာရင့်ရင့် ရှမ်းလက်ရှည်ကို တံတောင်ဆစ်အနားထိ ခေါက်တင်ထားပြီး အနက်ရောင် စတိုင် ဘောင်းဘီနှင့်မို့ ဖြူသော အသားအရည်က ထင်းနေသည်။

ဂုတ်မထောက်တထောက် ဆံပင်တွေက သေသေသပ်သပ်နှင့် ဘယ်ဘက်ကို အမြဲတမ်း ဖြီးသင်ထားး၏။ ချောမောသော ရုပ်သွင်နှင့် မျက်ခုံးတွေက စိမ်းမြပြီး ညီညာသွယ်တန်းနေသည်။

တိုစိပ်စိပ် မျက်တောင်တွေနှင့် မျက်ဝန်းတွေက စွဲဆောင်မှုကာ ကျစ်လစ်ပေါ်လွင်သော နှာတံက စင်းနေသည်။ ပန်းနုရောင် စိုသော နှုတ်ခမ်းတွေက ပိပိရိရိနှင့် ထက်အောက်ညီသည်။

ဝင်းဖန့်နေသော မျက်နှာသည် စိမ်းရေးရေး ထင်သော ပါးသို



နာတွေကြောင့် ပိုပြီး ယောကျ်ားပီသ ခန့်ထည်လွန်း၏။

"ပဏ္ဏာ မင်းတစ်ယောက်တည်း လမ်းလျှောက်နေပြီလား"

"ဟုတ်တယ် ဘာမှလုပ်စရာ မရှိတော့ ပျင်းလာလို့လေ၊ ဒဏ်ရာက သက်သာနေပါပြီ"

"နည်းနည်းတော့ ဂရုစိုက်နော်၊ ဒဏ်ထပ်ဖြစ်သွားရင် ပိုခံစားရမှာ"

"ပျောက်သလောက် ရှိနေပါပြီ ဘွဲ့ရဲ့၊ သိပ်တောင် မနာတော့ဘူး အဆင်ပြေတယ်"

ငါးရက်လောက် ဆေးလိမ်း ဆေးသောက်ထားခဲ့သည်ဆိုတော့ ဒဏ်ရာက အတော်သက်သာနေခဲ့ပြီ။ သုံးရက်လောက် အိမ်ထဲမှာပဲ ထော့ကျိုးထော့ကျိုးနှင့် လျှောက်ခဲ့ရတာဖြစ်သည်။

"လာမယ့် မန်းဒေး အလုပ်ပြန်ဆင်းနိုင်ပြီလား"

"ဆင်းမှာပေါ့ ခွင့်ရက်ပြည့်ပြီပဲလေ၊ တစ်နေ့ တစ်နေ့ အိမ်ထဲမှာ နေနေရတာ ပျင်းလာပြီ"

ပဏ္ဏာ မျက်နှာလေးရှုံ့ကာ ပြောတော့ ဘွဲ့ သဘောကျသလို တစ်ချက် ပြုံးကြည့်ရင်း

"ပဏ္ဏာက အမြဲတမ်း အလုပ်တွေနဲ့ ရှုပ်နေရတာကို ပျော်နေတတ်တာကိုး၊ စတွေ့ကတည်းက သဘောပေါက်တယ်"

"ဘာလဲ ကားပေါ်မှာတုန်းက ခြေထောက်နင်းမိတာကို အခုထိ စိတ်မကြေသေးဘူးလားဟင် ဘွဲ့"

"မဟုတ်ပါဘူး အဲဒီတုန်းက ကိုယ် အလိုလို စိတ်တိုနေလို့ပါ"

"ချစ်လေး ပြောပြပါတယ်၊ ရှင့်ချစ်သူ မိန်းကလေးနဲ့ ပြဿနာ ဖြစ်သွားတယ် မဟုတ်လား"

ပဏ္ဏာ စကားကြောင့် ဘွဲ့ဂုဏ်ထူး ပခုံးတစ်ချက် တွန့်ပြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလကားပါ နေရီက ဒီလိုပဲ စိတ်ကောက်တတ်တာ ရှိနေ
ပြီ"

"ရှင့်ချစ်သူက တော်တော် ချောတယ်လို့ ချစ်လေး ပြောတယ်"

ဘွဲ့ဂုဏ်ထူး မျက်ခုံးတွေတွန့်ပြီး သူမကို ကြည့်သည်။ မျက်
စူးစူးတွေက သူမ မျက်နှာဆီက လွှဲဖယ်မသွားခဲ့ဘဲ စက္ကန့်ပေါင်းများ
ကြာနေတော့ ရင်ထဲမှာ လှုပ်ခနဲ ဖြစ်သွားခဲ့၏။

"နေရီ ချောတာ ပြင်တတ်ဆင်တတ်လို့ပါ၊ ပြောရရင်
လောက်ချောမယ် မထင်ဘူး"

"ဟင်"

ဘွဲ့ဂုဏ်ထူး နှုတ်က ဒီလို ချီးကျူးစကားကြီး ထွက်လာမည်
ထင်မှတ်မထားတာကြောင့် ပဏ္ဏာ မျက်နှာလေး ရဲရဲတွတ်သွားသည်

"ဟုတ်တယ် အဲဒါ အမှန်ပဲ၊ နေရီက အလှအပကို မက်
ပြင်ဆင်တတ်တယ်၊ အိမ်နေရင်းတောင် မျက်နှာပေါ်မှာ ပေါင်ဒါလေး
ဖို့ထားလိုက်ရမှ ကျေနပ်တဲ့သူ အင်း ပဏ္ဏာကတော့ ဘာမှကို မပြင်
ဘူးနော်"

"အလှအပကို ပဏ္ဏာ မမက်မောတတ်တာ ကြာပြီ"

"ဘာလို့လဲ ပဏ္ဏာ၊ မပြင်ဆင်ဘဲလည်း မင်းက လှပြီးသား
ကိုယ့်ကိုယ်ကို ယုံကြည်ထားလို့လား"

ဘွဲ့ စကားကြောင့် ပဏ္ဏာ ပြုံးသည်။ သေချာသည်က အ
ရိပ်တို့သည် မှဲ့ရိပ်ဆန်နေလိမ့်မည်။

"အလှအပဆိုတာ မိန်းကလေးတိုင်း မက်မောကြတာ မှန်
ဒါပေမဲ့ ပဏ္ဏာအတွက်တော့ အလှအပကို ကြောက်နေမိတာ အမှ

"ဘာရယ် အလှအပကို ကြောက်တယ် ဟုတ်လား"

ပဏ္ဏာ ခုံတန်းလေးမှာ ဝင်ထိုင်ရင်း နှင်းဆီပန်းတွေကို



ကြည့်နေတော့ ဘွဲ့လည်း ခုံတန်းအစွန်းလေးမှာ ဝင်ထိုင်သည်။ အလှကို
ကြောက်သည်ဆိုသော ပဏ္ဏာ စကားကြောင့် ဘွဲ့ အံ့ဩနေမှာ သေချာ၏။

အတိတ်က ခံစားချက်တွေက ပဏ္ဏာ့ရင်ထဲ ဝင်လာတာ
ချက်ချင်းပါပဲ။

မေမေ့ခမြာ ဒီအလှကြောင့်ပဲ ဖေဖေ့အသိုင်းအဝိုင်းရဲ့ အထင်
လွဲမှုကို ခံခဲ့ရသည်။ အလှကြောင့် ဖေဖေ့ကို စွဲဆောင်သိမ်းပိုက်နိုင်ခဲ့တာ
တဲ့ စွပ်စွဲခံခဲ့ရသည်။

ထိုအကြောင်းတွေကို ပဏ္ဏာ ပြောပြနေတော့ ဘွဲ့ ငြိမ်သက်
တိတ်ဆိတ်စွာပဲ နားထောင်နေခဲ့သည်။

"မေမေ့အပေါ်မှာ ဖေဖေ့ရဲ့ အသိုင်းအဝန်းက တစ်သက်လုံး
စွပ်စွဲချက်ကြီးနဲ့ အနိုင်ယူခဲ့ကြတာ မေမေနဲ့ ရုပ်ချင်းတူသွားတဲ့ ပဏ္ဏာ
အပေါ်မှာပါ သူတို့က သွေးသားရင်းချာလို မယုံကြည်ခဲ့ကြဘူးလေ"

"ဒီအကြောင်းတွေကို ချစ်ရိပ် ပြောပြလို့ ကိုယ် သိထားတယ်
ပဏ္ဏာ၊ ပဏ္ဏာရဲ့ ဖေဖေ့ဘက်က မိဘတွေက တစ်ဖက်သတ် အထင်လွဲ
မှန်းတီးမှုတွေကြောင့် ပဏ္ဏာ ခံစားနာကျင်ရတာ ကိုယ် နားလည်ပါတယ်"

ဘွဲ့က နားလည် နှစ်သိမ့်စကားတွေ ဆိုနေသည်။ ပဏ္ဏာ
ပေါ့ပါးစွာပဲ ပြုံးလိုက်ရင်း

"အခုချိန်မှာ အားလုံးကို ပဏ္ဏာ ရင်ဆိုင်ရဲနေပါပြီလေ၊ ဘဝကို
တစ်ယောက်တည်း ရင်ဆိုင်ရတဲ့ သတ္တိတွေလည်း ပိုင်ဆိုင်ပြီးခဲ့ပြီလေ၊
ဟဲ စကားတွေ ကောင်းနေတာနဲ့ ဘွဲ့တောင် အိမ်ထဲမဝင်ရသေးဘူး"

ပဏ္ဏာ သတိပေးစကားဆိုမှ ဘွဲ့ ထရပ်ရင်း ပဏ္ဏာကို သေသေ
ချာချာ နက်နက် မျက်ဝန်းတွေနှင့် စိုက်ကြည့်သည်။

"မင်းရဲ့ မာနတွေက မင်းဘဝရဲ့ ခွန်အားတွေလို့ ကိုယ် နား
လည်တတ်ခဲ့တာ ကြာပါပြီ၊ အရင်က မင်း မပြင်မဆင်ခဲ့နေတာ ဘာကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် နှာခေါင်းရှုံ့မိတယ်၊ အခုတော့ ပြောင်းလဲသွားပြီ ပဏ္ဏာ''

''ပြောင်းလဲသွားပြီ ဟုတ်လား''

''အင်း မင်း မပြင်မဆင်နဲ့ နေတတ်တာလေးက ဘယ်သူမှ မမီနိုင်တဲ့ မင်းရဲ့အလှပဲ၊ ပြီးတော့ မင်းမာနက မင်းရဲ့ အရည်အချင်း တစ်ခုလို ကိုယ် လေးစားသွားတာ''

စူးစူးနစ်နစ် စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေထဲကို ကြည့်ကာ ပဏ္ဏာ ရင်တွေ တလှပ်လှပ် ဖြစ်သွားတာမို့ ကပျာကသီ မျက်နှာလွှဲလိုက်မိသည်။

''ကိုယ့်ဘဝမှာ လေးစား အထင်ကြီးသွားမိတဲ့ မိန်းမတစ်ယောက်ပဲ ရှိတယ်၊ အဲဒီသူက မင်းပါပဲ''

တကယ့်ကို တည်တည်ကြည်ကြည်နှင့် အလေးအနက်ဆိုပြီး ဘွဲ့ လှည့်ထွက်သွားခဲ့သည်။

ခြေထောက်နှင့်ခါးကို တဖြောင့်တည်း မစိပ်မကျဲ ခြေလှမ်းတွေနှင့် လမ်းလျှောက်တတ်သော ဘွဲ့ကိုကြည့်ကာ ပဏ္ဏာ ရင်လေး တဒိတ်ဒိတ် ခုန်နေတာ ဘာကြောင့်မှန်းမသိ။

ထူးတော့ ထူးဆန်းနေသည်။ သင့်ပဏ္ဏာ ဘဝမှာ ဒါ ယောကျ်ား တစ်ယောက်အတွက် ပထမဆုံး ရင်ခုန်ဖူးတာ ဖြစ်သည်။

ကျွန်မကို ရှင် အထင်ကြီးလေးစားသတဲ့လား ဘွဲ့။

ကျွန်မအတွက်လည်း ရှင်ဟာ လေးစား ကြည်ညိုစရာ ယောကျ်ားတစ်ယောက်ပါပဲ။ မာနတွေနဲ့ ပြည့်နှက်နေမယ်ထင်တဲ့ ဘွဲ့ဂုဏ်ထူးရဲ့ နှလုံးသားမှာ ကြင်နာစာနာတတ်တဲ့ ဂရုစိုက်ယုယတတ်တဲ့ နှလုံးသား ရှိနေတာ ကျွန်မ သိခဲ့ရပြီးပြီလေ။

ဒါ အိပ်မက်မှ မဟုတ်ခဲ့ဘဲ။

■ ■ ■

## အခန်း (၂၀)

''ဘယ်လို နေရီ နေ့တိုင်း ကိုယ့်ဆိုင်ကို လာမယ် ဟုတ်လား''

အံ့ဩလွန်းတာထက် ထိတ်လန့်စွာ ပြန်မေးလိုက်မိတာက ပိုပြီး မှန်နေလိမ့်မည်။ နေရီက အပြုံးတွေ မပြယ်သော မျက်နှာလေးနှင့် ခေါင်းလေးကို ညိတ်ပြရင်း

''ဟုတ်တယ် ဘွဲ့၊ ဘွဲ့တို့ဆိုင်ကို နေ့တိုင်းလာပြီး လေ့လာချင်လို့လေ၊ နေရီလည်း ဒီအတိုင်း နေနေရတာကို ငြီးငွေ့လာပြီ၊ ဒါကြောင့် ဘွဲ့တို့လိုပဲ ဆိုင်ဖွင့်မလားလို့''

နေရီစကားတွေကို သူ ဘယ်လိုမှ မယုံကြည်ပါ။ နေရီ ပုံစံက စီးပွားရေးကို ဝါသနာပါသည့်ပုံစံလည်း လုံးဝ မရှိပါ။

''နေပါဦး နေရီက ကိုယ်တို့လို အီလက်ထရောနစ်ဆိုင် ဖွင့်မလို့လား''

''အင်း စိတ်ကူးကြည့်ရုံပဲ ရှိပါသေးတယ်၊ ဒါကြောင့် အရင်ဆုံး ဘွဲ့တို့ဆိုင်မှာနေပြီး လေ့လာကြည့်ချင်လို့''

သူ့စိတ်ထဲမှာတော့ အတော့်ကို ကသိကအောက် ဖြစ်သွားမိသည်။ နေရီ ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဒီလို စီစဉ်လာတာလဲဆိုတာ သိပ်သိချင်နေမိသည်။ ဒီအလုပ်က နေရီရဲ့ ဝါသနာလည်း မဟုတ်သလို

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ် စိတ်ကူးလည်း မဖြစ်နိုင်တာ သေချာသည်။

နေရီနှင့်မဆုံဖြစ်ကြတာတောင် ကြာနေခဲ့ပြီ။ သူကလည်း တမင် ဖုန်းမဆက် အဆက်အသွယ် မပြုဘဲ နေခဲ့၏။ အခုတော့ နေရီ သူ့ဆီ ရောက်လာသည်။ စိတ်ဆိုးစိတ်ကောက်ခဲ့တာကို ဘာမှမသိသလို နေ နေနေကတည်းက ထူးခြားသည်။

"ဘွဲ့ ဘာတွေတွေးနေတာလဲ နေရီ အစီအစဉ်ကို လက်ခံတယ် မဟုတ်လား"

သူ တွေဝေ တိတ်ဆိတ်သွားတာကို နေရီ မကျေနပ်သလို မျက်မှောင်လေး ကုပ်ကြည့်ကာ မေးနေသည်။

"ဆိုင်ကို လာလေ့လာတာ ဘာမှပြဿနာ မရှိပါဘူး နေရီ ကိုယ် အံ့သြနေတာက နေရီ စိတ်ကူးတွေကိုပါ၊ နေရီ တကယ် ဆိုင်ဖွင့် မယ်ဆိုရင် ကိုယ်တို့တွေ လိုတာ ဝိုင်းကူနိုင်ပါတယ်၊ လာလေ့လာတော့ ဘာထူးခြားမှာမို့လဲ"

"ဆိုင်ဖွင့်မဖွင့်က မဆုံးဖြတ်ရသေးဘူး၊ အရင်ဆုံး ဘွဲ့တို့ဆိုင် လုပ်ငန်းတွေကို သိချင်လို့ လေ့လာတာ၊ နေရီ လုပ်နိုင်တဲ့ အလုပ်တွေ ကူလုပ်ပေးမှာပါ၊ လုံးဝ လခငွေပေးစရာ မလိုပါဘူး ဘွဲ့ရဲ့ အဟင်း"

နောက်ပြောင်သလို နေရီ ရယ်ရယ်မောမောလေး ပြောပြန် သည်။ နေရီဆန္ဒတွေကို သူ ငြင်းလို့မရတာလည်း အမှန်မို့ ခေါင်းညိတ် လက်ခံရတော့၏။

"အင်းလေ နေရီ ဆန္ဒရှိရင် လာပါ၊ ဆိုင်မှာ ကိုယ်တစ်ယောက် တည်းမှ မဟုတ်တာ၊ ကျော်လွန်းနဲ့ရွှေမောင်တို့ပါ ရှိနေတာပဲ"

"အိုကေ ဘွဲ့၊ ဒါဆိုရင် မနက်ဖြန်ကစပြီး ဘွဲ့တို့ဆိုင်ကို လာခဲ့ မယ်နော်"

သူ ခေါင်းညိတ်ပြတော့ နေရီ ကျေနပ်စွာ ပြုံးရင်းထရပ်သည်။



နီပြာရောင် ထက်အောက် ဆင်တူဝတ်စုံလေးနှင့် နေရီ လှပလွန်းနေ ပေမယ့် သူ့စိတ်ထဲမှာ နေရီအလှက စွဲဆောင်စရာအဖြစ် ရှိမနေခဲ့ပါ။

"ဘွဲ့ တို့ကို လိုက်မပို့တော့ဘူးလားဟင်"

"မင်းမှာ ကားပါတာပဲ နေရီ လိုက်ပို့ပေးစရာ လိုသေးလို့လား"

"ကားနားအထိ လိုက်ပို့ပေးဖို့ ပြောတာပါ ဘွဲ့ရဲ့၊ ဘွဲ့ ဆက်ဆံ ရေးတွေက သွေးအေးသွားသလိုပဲ"

သူ့ကို နေရီ ဝေဖန်ထင်မြင်ချက် ပေးနေတာကို ပြန်ခွန်းတုံ့ မပြန်ဖြစ်ဘဲ သူ ဆိုဖာထိုင်ခုံက ထရပ်လိုက်သည်။ နေရီ စိတ်တိုင်းကျ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေးဆီ လိုက်ပို့ပေးလိုက်၏။

"ဘွဲ့"

ကားနားရောက်တော့ နေရီ တံခါးဖွင့်မဝင်ထိုင်သေးဘဲ သူ့ကို ကြည့်ကာ ခေါ်သည်။

"ဘာလဲ နေရီ"

"တို့နဲ့ဘွဲ့ကြားက နားလည်မှုတွေ ပိုနိုင်မြဲချင်လို့ တို့ အခုလို ဆုံးဖြတ်လိုက်တာ သိလား"

"ဟင်"

"ဟုတ်တယ်လေ တို့ ဘွဲ့ကို သိပ်ချစ်တယ်၊ အဲဒီချစ်စိတ်တွေနဲ့ ဘွဲ့ကို တို့ ဆုံးရှုံးရမှာ ကြောက်ခဲ့တယ် သိလား၊ အရင်ဘုန်းက အနိုင်ယူ သလို ဖြစ်ခဲ့တာတွေအတွက်လည်း နောင်တရမိတယ်၊ တို့ကို နားလည်ပါ ဘွဲ့ရယ်၊ စိတ်ဆိုးစိတ်ကောက်မိတာ ဘွဲ့ကို ချစ်လွန်းလို့ပါ"

နေရီ နှုတ်က စကားတွေအတွက် သူ မယုံနိုင်အောင်ဘဲ မင်သက်ကြောင်တွေနေမိသည်။ နေရီ တကယ်ပဲ ပြောနေတာလား။

နေရီ မျက်ဝန်းတွေထဲမှာ သူ အရင်က မြင်တွေ့ခဲ့ရသော မာန်မာနတွေ ကင်းစင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့နဲ့ဘွဲ့ကြားမှာ နားလည်မှုတွေ လွဲခဲ့တာပါ။ ဘွဲ့ကတို့ကို အမြဲတမ်း စိတ်ဆိုးစိတ်ကောက်နေတဲ့ မိန်းမလို့ ထင်နေခဲ့သလားဟင်၊ ဘွဲ့ရယ် သဝန်တိုတာ သိပ်ချစ်လို့ပါ။ ဘွဲ့ရဲ့အချစ်တွေ အေးစက်မသွားပါနဲ့နော်၊ ဘွဲ့နဲ့အမြဲတမ်းနီးနေချင်လို့ တို့ ဘွဲ့ဆီကို နေ့တိုင်းလာမှာ"

သူ့လက်မောင်းကို ဆုပ်ကိုင်ထားရင်း ဆိုနေသော နေရီ စကားတွေကြောင့် သူ ပင့်သက်ရှိုက်မိသည်။

"မင်းတကယ် နားလည်လာတာဆိုရင်တော့ ကိုယ် လက်ခံပါတယ် နေရီ အမြဲတမ်း စိတ်ကောက် ရန်ဖြစ်နေရတဲ့ဘဝကြီးကို ကိုယ် စိတ်ကုန်နေပြီ"

"နေရီလည်း နားလည်ပါတယ် ဘွဲ့၊ ဒီနေ့ကစပြီး နေရီတို့ နားလည်မှုတွေ ခိုင်မြဲချင်တယ်နော်"

သူ ခေါင်းညိတ်ပြတော့ နေရီ မျက်နှာလေး ကျေနပ်စွာ ပြုံးသွားခဲ့သည်။ လက်ဖဝါးလေးတစ်ဖက်ကို နေရီ သူ့လက်ဖဝါးထဲ ထိုးထည့်ပေးတော့ သူ ဆုပ်ကိုင်ထားလိုက်မိသည်။

နေရီနှင့်ပတ်သက်ပြီး ရင်ခုန်သံက အေးစက်နေပေမယ့်လည်း သံယောဇဉ်ဟူသောအသိနှင့် သူ ဥပေက္ခာမပြုရက်ပြန်ပါ။

သူ့အပေါ် နေရီ တကယ်ပဲ နားလည်တတ်ခဲ့ပြီ ဆိုလျှင်တော့ သံယောဇဉ် လက်ကျန်တွေနှင့် နှလုံးသားကို ပြန်လည်နွေးထွေးစေအောင် သူ ကြိုးစားရဦးမည်။

■ ■ ■

## အခန်း (၂၁)

အကျင့်ပါနေသော မျက်ဝန်းတွေက ပဏ္ဏာ ရှိတတ်သော လမ်းထိပ် နေရာလေးကို ဝေ့ဝဲကြည့်မိသည်။

ပလက်ဖောင်းမှာ ရပ်နေသော သင့်ပဏ္ဏာအသွင်က အားလုံးထဲမှာ ထင်ရှားပေါ်လွင်လို့နေ၏။ စကပ်အကျပ် အနက်ရောင်နှင့် မီးခိုးရောင် ကုတ်အင်္ကျီကို ကြယ်သီးအပြည့်တပ် ဝတ်ဆင်ထားပုံက ကျစ်လျစ်သော ကိုယ်ဟန်နှင့် တင့်တယ်နေ၏။

ဆံနွယ်တွေကို သေသေသပ်သပ် နဖူးအပြောင်သိမ်းကာ နောက်ဘက် ခပ်မြင့်မြင့်လေးမှာ စည်းနှောင်ထား၏။

အဝေးက လှမ်းမြင်နေရသော မျက်နှာလေးသည် ဝင်းမွတ်နေပေမယ့် မှုန်ညက်နေအောင် ခြယ်သ ပြင်ဆင်ထားတာ မဟုတ်ဆိုတာ သေချာသည်။ မပြင်ဆင်ဘဲ လှသော မျက်နှာလေးပါပဲ။

သူ့ကားကိုတောင် သတိမထားမိဘဲ တစ်ဖက် လမ်းမပေါ်က ကားကို မျှော်နေပုံထောက်လျှင် ဖယ်ရီကား မလာသေးတာကြောင့် ထင်သည်။

ခါတိုင်း ဒီအချိန်ဆိုလျှင် ဖယ်ရီကားက ရောက်ပြီ။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီအချိန်ထိ မလာသေးတာလဲ တွေးရင်း သူ ကားကို လမ်းဘေးမှာ ကပ်ရပ်လိုက်သည်။

ပဏ္ဍာ ရပ်နေတာက တစ်ဖက်လမ်းကြောမှာမို့ သူ ကားတံခါးဖွင့်ဆင်းကာ လမ်းမကို ဖြတ်ကူးခဲ့သည်။ သည်တော့မှပဲ ပဏ္ဍာ သူ့ကို မြင်တွေ့သွားခဲ့ကာ ပြုံးနှုတ်ဆက်၏။

"ဖယ်ရီ မလာသေးဘူးလား ပဏ္ဍာ"

"နောက်ကျနေလို့ ဖုန်းဆက်ကြည့်တာ ဖယ်ရီကားက ပျက်နေလို့တဲ့၊ တက္ကစီငှားသွားမလို့ စောင့်နေတာ ဘွဲ့ရဲ့"

"ဟုတ်လား ဒါဆို ငှားမနေနဲ့တော့ ကိုယ့်ကားနဲ့ လိုက်ပို့ပေးမယ်"

"ဟာ နေပါစေ ဘွဲ့နဲ့တစ်လမ်းစီပဲဟာ၊ တက္ကစီနဲ့သွားလိုက်ရင် အဆင်ပြေပါတယ်"

"ကိုယ့်ကားနဲ့လည်း ဘာလို့ အဆင်မပြေရမှာလဲ၊ ကိုယ် နောက်ကျရင်လည်း ပြဿနာ မရှိဘူး ရတယ်"

ပြောပြီး သူ ကားလမ်းကိုပြန်ဖြတ်ကူးပြီး ကားဆီလျှောက်ခဲ့သည်။ ရပ်ထားသော ကားလေးကို မောင်းကွေ့ပြီး ပဏ္ဍာရှေ့မှာ ရပ်ပေးလိုက်၏။

ပဏ္ဍာ အားတုံ့အားနာ မျက်နှာနှင့် ရပ်နေဆဲမို့ သူ ရှေ့ခန်းတံခါးကို အထဲကပဲ လှမ်းဖွင့်ပေးရင်း

"ကဲ တက်လေ ပဏ္ဍာ"

ပဏ္ဍာ လက်ထဲက ဖိုင်တွဲလေးကို ရင်ခွင်မှာ ပွေ့ပိုက်ပြီး ခေါင်းလေးငုံ့ကာ ဝင်ထိုင်သည်။ သည်တော့မှ သူ ကားလေးကို မောင်းထွက်ခဲ့သည်။

"ဖယ်ရီကားက ဒီလိုပဲ ခဏ ခဏ ပျက်တာလား"



ကားကို မောင်းရင်း ဘွဲ့က လှည့်မကြည့်ဘဲ မေး၏။ ပဏ္ဍာ ခေါင်းလေးခါပြရင်း

"ဟင့်အင်း မပျက်တတ်ပါဘူး၊ ဒီနေ့မှ ဖြစ်တာ၊ ရုံးက တက္ကစီ အဆင်ပြေရင် လာခဲ့ဖို့ ပြောတယ်လေ၊ တက္ကစီစရိတ် သူတို့ရှင်းပေးမှာ"

"ဒါဆိုရင် အခု ပဏ္ဍာရဲ့ တက္ကစီခ ကိုယ့်ကို ပေးရမှာပေါ့"

ပဏ္ဍာ့ဘက် တစ်ချက်လှည့်ကြည့်ရင်း ဘွဲ့ပြုံးပြုံးလေး ဆိုသည်။ ပဏ္ဍာလည်း ပြုံးလိုက်ရင်း ခေါင်းညိတ်၏။

"ရတယ်လေ ပေးမှာပေါ့ အဟင်း"

"နောက်တာပါ ပဏ္ဍာ ဒီနေ့ ဘယ်အချိန် ပြန်ရမှာလဲဟင်"

"ညနေ သုံးနာရီလောက်ဆို ပြန်လို့ရပြီ၊ ဒီမနက်ပိုင်း အစည်းအဝေးကပဲ အရေးကြီးတာ"

"ဒါဆိုရင် ကိုယ် လာကြိုမယ်လေ"

သူ ပြောတော့ ပဏ္ဍာ အံ့ဩသလို မျက်လုံးလေး ဝိုင်းကြည့်တာကို နောက်ကြည့်မှန်ထဲက မြင်လိုက်ရ၏။

"မင်း သုံးနာရီ ပြန်မှာဆို၊ သုံးနာရီ မထိုးခင် ကိုယ် အရောက်လာခေါ်မယ်"

"တသီးတသန့်ကြီး လာမကြိုပါနဲ့ ဘွဲ့ရဲ့၊ ပဏ္ဍာ ပြန်လို့ အဆင်ပြေပါတယ်"

"ကိုယ်က တသီးတသန့်ကို လာချင်တာ၊ ဘာလို့လဲဆိုတော့ ပဏ္ဍာနဲ့ ညနေစာ စားမလို့လေ"

"ညနေစာ"

"ဟုတ်တယ် ဟိုတစ်ခါ တင်းနစ်ကစားတုန်းက ပဏ္ဍာ ကိုယ့်ကို ညစာ မဆုံးပေမယ့် ပဏ္ဍာ လက်ရည်ကို ကိုယ် ချီးကျူးတယ်၊ အဲဒီအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ကျွေးမွေးချင်လို့ပါ''

''မဟုတ်တာ အဲဒီတုန်းက အနိုင်အရှုံးမှ မပေါ်တာ၊ တကယ်ဆို ပွဲကို ဆက်မကစားနိုင်တဲ့ ပဏ္ဏာက ရှုံးတာလေ''

''ကဲ ထားတော့ကွာ ဘယ်သူပဲရှုံးရှုံး အရေးကြီးတာက ဒီညနေ ပဏ္ဏာနဲ့ကိုယ် ဆုံချင်တယ် ပဏ္ဏာ လက်ခံသလား''

ပဏ္ဏာ ဘက် တစ်ချက်လှည့်ကြည့်ကာ သူ ဖြစ်ချင်တာကိုပဲ တဖွတ်ထိုး တောင်းဆိုပစ်လိုက်သည်။

''ပဏ္ဏာအတွက် အခက်အခဲမရှိပါဘူး ဘွဲ့ သီးသန့်ကြီး လာကြို ရမှာကိုပဲ အားနာမိတာ''

''အားနာတာတွေ ဘာတွေ ကိုယ်နဲ့ပဏ္ဏာကြားမှာ မရှိပါဘူး ဒီတော့ ကိုယ် ပဏ္ဏာ့ကို သုံးနာရီ အရောက်လာကြိုမယ် ဟုတ်လား''

ပြောပြီး ကားလေးကို သံရုံးအဆောက်အဦးရဲ့ ရှေ့မှာ သူ ထိုးရပ်ပေးလိုက်သည်။ ပဏ္ဏာ ကားတံခါးဖွင့် ဆင်းလိုက်ရင်း

''ကျေးဇူးပဲ ဘွဲ့၊ ညနေ ပဏ္ဏာ စောင့်နေပါ့မယ်၊ ဘွဲ့ကျေနပ်ပြီ လား''

တဖွတ်ထိုး တောင်းဆိုသော ကလေးတစ်ယောက်ကို အလို လိုက် နှစ်သိမ့်လိုက်သူ တစ်ယောက်လို ပဏ္ဏာ ပြုံးပြုံးလေး ပြောသည်။ ပြီးတော့ ဖိုင်တွဲတစ်ထပ်ကို ပွေ့ကိုင်ကာ ဂိတ်တံခါးဆီ လျှောက်သွားသည်။

အရပ်မြင့်ရသည့်အထဲ ဒေါက်မြင့်ဖိနပ်အချွန်ကြီးစီးထားသော ပဏ္ဏာသည် အကြည့်ရဆိုးသွားတာမျိုး မဟုတ်ပါဘဲ တစ်မျိုး ကြည့် ကောင်းနေသည်။ ခါးမတ်မတ် ကိုယ်ဟန်မန္တသော ပဏ္ဏာသည် သူ ပထမဆုံး ဆုံဖူးခဲ့သော ရေသည်မမှ ဟုတ်ပါရဲ့လားဟု တွေးမိတဲ့အထိပါ ပဲ။

စိတ်ပျက်အောင် လုပါသည်ဆိုသော သင့်ပဏ္ဏာသည် အံ့ဩ



အောင်းလောက်အောင် သူ့ကိုပြောင်းလဲသွားစေခဲ့တာ ဘာကြောင့်လဲ သိ။

ကားလေးကို သူ မောင်းထွက်ခဲ့စဉ်မှာပဲ ဒက်ရှ်ဘုတ်ပေါ်တင် ထားသော ဟန်းဖုန်းလေးက ထမြည်သည်။

သူ နောက်ကျလို့ ကျော်လွန်းတို့ ဖုန်းဆက်တာ ထင်သည်။ ဖုန်းလေးကို ဖွင့်နားထောင်လိုက်တော့ ကြားရတာ နေရီ အသံဖြစ်နေ၏။

''ဘွဲ့''

''ပြော နေရီ ဘာကိစ္စလဲ''

''ဆိုင်ကို ဘွဲ့ ရောက်မလာသေးလို့ ဖုန်းဆက်တာ''

''ကိုယ် အခု လာနေပြီ''

''နေရီလည်း ဆိုင်ရောက်နေပြီ၊ ဒီမှာ နေရီ အိမ်က ယူလာတဲ့ မုန့်ဟင်းခါက်ဆွဲတွေ စားဖို့ ဘွဲ့ကိုစောင့်နေတာ မြန်မြန်လာခဲ့ ဘွဲ့ရဲ့''

''အင်း ခဏနေရင် ကိုယ်ရောက်မှာပါ၊ ဒါပဲနော် ကားမောင်း နေလို့''

ပြောပြီး သူ ဖုန်းလေးကို ပြန်ပိတ်လိုက်သည်။ ဒီနေ့ကစပြီး နေရီ ဆိုင်ကိုလာမှာကိုတောင် မေ့လို့နေသည်။

နေရီကို မေ့ကာ သင့်ပဏ္ဏာကို လိုက်ပို့နေမိတာ တွေးမိတော့ စိတ်က လိပ်ပြာမလုံချင်ပါ။ နေရီဘက်က အလေးပေးနေချိန်မှာ သူ စိတ်တွေက ဘာကြောင့်လျော့ကျမသွားခဲ့တာလဲ။

သင့်ပဏ္ဏာ ကြောင့်ပဲလား။

သူ့စိတ်တွေ ထွေပြားနေတာ မဟုတ်သေးဟု ထင်မိသော် သည်။ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သံရုံးအဆောက်အဦးရှေ့ လမ်းမတစ်ဖက်ခြမ်း ပလက်ဖော လေးမှာ သူ့ကားလေး ရောက်နေတာ နှစ်နာရီခွဲကတည်းက ဖြစ်သည်။

ပဏ္ဏာနှင့်ချိန်းထားတာ သုံးနာရီဆိုပေမယ့် ဆိုင်မှာကတည်း သူ့စိတ်တွေ အာရုံတွေပြားနေခဲ့သည်။ နေရီက တမော့င်။

"ဘွဲ့ ညနေပြန်ရင် လိုက်ပို့နော်၊ ကြေးအိုးသောက်ရင်း စကား တွေ ပြောရအောင်"

နေရီက တောင်းဆိုတော့ သူ စိတ်ရှုပ်သွားသည်။ ဆိုင် တစ်နေ့လုံး ရှိနေခဲ့ကာ လိုအပ်တာတွေ ကူညီပေး၊ နေ့လယ်ခင်း သူတို့တွေအတွက် ကော်ဖီတွေဖျော်ပေး ရှိနေသော နေရီကို ကျော်လွှ တို့တောင် အံ့သြနေ၏။

"ဘွဲ့ နေရီ တော်တော် ပြောင်းလဲနေပါလား၊ ဘာလဲ မင်း မောင်တစ်ယောက် မယ်တစ်ရှက် ကြိုးစားပြနေတာလား"

"နေရီက မင်းအပေါ် အတော့်ကို သံယောဇဉ်ရှိမှန်း ငါ အခုမှ လက်တွေ့သိလိုက်ရတာကွ လုံးဝ အရင်ပုံစံနဲ့ တခြားစီပဲ"



ကျော်လွှန်းတို့ နှစ်ယောက်စလုံးက နေရီကို ချီးကျူးအံ့သြမဆုံး ဖြစ်နေကြသည်။ တကယ်လည်း နေရီရဲ့ပြောင်းလဲမှုကို သူ မယုံနိုင်အောင် ဖြစ်ခဲ့ရ၏။

ဒါပေမဲ့ သူ့စိတ်ရဲ့ပြောင်းလဲမှုတွေကို သူ မလွန်ဆန်နိုင်ခဲ့ပါ။

"ဒီနေ့ ကိုယ်မအားဘူး နေရီ၊ သူငယ်ချင်းတစ်ယောက်နဲ့ အရေး ကြီးကိစ္စတစ်ခုအတွက် ချိန်းထားလို့၊ နေရီ မနက်ဖြန်မှ ဆုံကြစို့ကွာ နော်"

နေရီ မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ဒါပေမဲ့ ချက်ချင်းပဲ နေရီ အပြုံးတွေနှင့် ပြန်ဖုံးကွယ်ရင်း

"အင်းလေ အရေးကြီးကိစ္စဆိုတော့လည်း ထားလိုက်တော့ နောက်နေ့တွေမှပဲပေါ့"

ခွင့်လွှတ်နားလည်ပေးမှုတွေ နေရီဘက်က ရှိလေလေ သူ ဒီး လိပ်ပြာမလုံ ဖြစ်နေမိသည်။ နှစ်နာရီလေးက်မှာ နေရီနှင့် ကျော်လွှန်း တို့ကို လိမ်ညာပြီး သူ ထွက်ခဲ့တာဖြစ်သည်။

အခုတော့ သင့်ပဏ္ဏာရဲ့ ရုံးရှေ့မှာ သူ ရောက်နေသည်။ ဒါကို သာ နေရီ သိသွားလျှင်တော့ တကယ်မလွယ်။

ဖျပ်ခနဲ မြင်လိုက်ရသော ဂိတ်တံခါးဝက အရိပ်ကလေးက သူ့အတွေးတွေကို ရပ်တန့်သွားစေသည်၊ ဂိတ်တံခါးဝမှာ ပဏ္ဏာ ခပ်သုတ် သုတ်ကလေး လှမ်းလျှောက်လာသည်။

သားရေဖိုင်အနက်က ညာလက်မှာ ပွေ့ပိုက်ထားပြီး ဘယ် ဘက်မှာက ဆလင်းဘက်အိတ်နက်လေးကို လွယ်ပိုးထား၏။ ကားလမ်း ကို ခြေလှမ်းကျဲကျဲလေးတွေနှင့် ကသုတ်ကရိုက် လှမ်းလာပုံက သင့် ပဏ္ဏာရဲ့ ပင်ကိုယ်စတိုင်ဖြစ်နေသည်လား။

ဒီတစ်ခါတော့ သူ နှာခေါင်းရှုံ့ အပြစ်မတင်ရက်ပါဘဲ သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျွှာတောင် ပြုံးမိသည်။

နာရီကို ငုံ့ကြည့်တော့ သုံးနာရီထိုးဖို့ ဆယ်မိနစ်လောက်တော
လိုသေးသည်။ သူ့ကားကြိုရောက်နေတာကြောင့် ပဏ္ဏာ အားနာ
လှမ်းလာတာ ဖြစ်မည်ထင်သည်။

"ဘွဲ့ ရောက်နေတာ ကြာပြီလား"

"အင်း မိနစ်နှစ်ဆယ်လောက်ပဲ ရှိပါသေးတယ်"

"ဆောရီး ဘွဲ့ရယ်၊ သုံးနာရီမှဆိုတော့ စောသေးလို့ ထွ
မလာတာ၊ အခုတောင် အပြင်လှမ်းကြည့်ရင်း ဘွဲ့ကားကို တွေ့လိုက်လို့

"ပဏ္ဏာ နောက်ကျတာမှ မဟုတ်တာ၊ ကိုယ်က တမင်စော
ထွက်ခဲ့တာ၊ ကိစ္စမရှိဘူး တက်လေ"

ကားတံခါးဖွင့်ကာ ပဏ္ဏာ ဝင်ထိုင်သည်။ မျက်နှာလေး
မနက်တုန်းက ခပ်ပါးပါးပေါင်ဒါတို့ မရှိတော့ပါ။ ဒါပေမဲ့ ဝင်းစက်နေ
နေတာပဲ ဖြစ်၏။ ဒီအချိန်မှာ သူ့မ ချွေးတစိုစိုနှင့်ဆိုလည်း သူ အပြ
တင်ရက်မည် မဟုတ်ပါ။

"ဘယ်ကိုသွားမှာလဲ ဘွဲ့"

"ကိုယ် ကြိုတင်မှာထားတဲ့ ဟိုတယ်ကို သွားကြမယ်လေ
ဟိုရောက်ရင် အကြာကြီး မစောင့်ရအောင် ကြိုမှာထားတာ"

ပဏ္ဏာ အမေးကို ဖြေရင်း ကားလေးကို သူ မောင်းထွက်ခဲ့လို
၏။ မနက်ကတည်းက ဟိုတယ်ကို ဖုန်းဆက်ကာ သူ မှာကြားစီမံထာ
တာကို ပဏ္ဏာကတော့ သိမှာမဟုတ်။

■ ■ ■

ဟိုတယ်ကြီးရဲ့ သီးသန့်စားသောက်ခန်းထဲကို ရောက်တော
အသင့်ပြင်ဆင်ထားသော စားပွဲဝိုင်းကြီးမှာ ဟင်းလျာတွေက ပုပ္ပမ
စားပွဲဝိုင်းအပြည့် ရှိနေ၏။



ပဏ္ဏာ မျက်ဝန်းလေးတွေ မင်သက်အံ့ဩသွားတာ သူ သတိ
ထားမိ၏။

"ပဏ္ဏာ ထိုင်လေ"

အသင့်စောင့်နေသည့် ဝိတ်တာချာတိတ်က သူတို့အတွက်
အမင်းပွဲတွေ ပြင်ဆင်ပေးသည်။

"ဘာလိုအပ်ဦးမလဲ ပဏ္ဏာ လိုအပ်တာ မှာနော်"

"ပြည့်စုံနေပြီလေ ဘွဲ့ရဲ့၊ အများကြီးပဲဥစ္စာ တော်ပါပြီ"

ပဏ္ဏာ ပန်းကန်ထဲကို သူ ဟင်းတွေ ခပ်ထည့်ပေးတော့ ဝိတ်
တာလေးက အလိုက်တသိ အနားက ရှောင်ထွက်သွားခဲ့၏။

"တကယ်ဆို ဒီပွဲက ချစ်ရှိလေးပါ ပါရမှာ၊ သူ သိရင်တော့
စိတ်ကောက်သွားတော့မှာပဲ"

ချစ်ရိပ်ကို သတိတရနှင့် ပဏ္ဏာ ဆိုသည်။ သူတို့နှစ်ဦး ကစား
သည့်နေ့က ချစ်ရိပ်က ဒိုင်အဖြစ် လုပ်ပေးခဲ့တာကြောင့်ဖြစ်သည်။ ဒါပေမဲ့
ချစ်ရိပ်ကို သူ တမင်မခေါ်ခဲ့တာ ဖြစ်၏။

ဒီကောင်မလေးက နှုတ်စောင့်တတ်တာ မဟုတ်။ ဟိုပြော ဒီ
ပြော လျှောက်ပြောနေမှာစိုးရသည်။

"သူ မသိစေနဲ့ပေါ့ကွာ၊ တမင်ကို မခေါ်ခဲ့တာ၊ စကားပြောရင်
ဟိုပြော ဒီပြောနဲ့မို့"

"ချစ်လေးက ခင်စရာကောင်းပါတယ် ဘွဲ့ရယ်၊ ငယ်သေးတော့
နည်းနည်း ဆိုးနွဲ့ချင်တာပါ"

ချစ်ရိပ်အပေါ် ပဏ္ဏာက နားလည်ပေးနိုင်ပေမယ့် သူကတော့
နဂိုကတည်းက ခပ်ကင်းကင်းနေခဲ့တာမို့ သိပ်မခင်တွယ်မိပါ။ ပြီးတော့
အခုချိန်မှာ ချစ်ရိပ် အကြောင်း ခေါင်းထဲ မတွေးချင်။

"ပဏ္ဏာကို မေးရဦးမယ်၊ ဒီဆန်းဒေး ဘယ်သွားဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း မနက်ပိုင်းတော့ သံရုံးက ဧည့်သည်မိသားစုကို ရွှေတိဂုံဘုရား ပို့ပေးရမယ်၊ နေ့လယ်ပိုင်းလောက်ပဲ အားမှာ ဘာဖြစ်လို့လဲ ဘွဲ့"

"ဘာမှမဖြစ်ပါဘူး ညနေပိုင်းလောက်ကျရင် ကိုယ်တို့ တင်းနစ်ကစားကြမလားလို့၊ ဒီတစ်ခါတော့ အပျော်သဘောလောက်ပဲပေါ့"

သူ ပြောတော့ ပဏ္ဏာ အသားတစ်ဖတ်ကို ခက်ရင်းလေးနှင့် ထိုးယူစားရင်း ပြုံးသည်။

"ဒီတစ်ခါ ခြေခေါက်လဲစရာ အကြောင်းမရှိပါဘူး၊ ရှုံးချင်ရှုံးပါစေ နောက်ထပ် အလုပ်ပျက်လို့ မဖြစ်တော့ဘူး ဘွဲ့ရဲ့ အဟင်းဟင်း"

ပဏ္ဏာ မျက်နှာလေးကို ငေးရင်း သူ့ရင်ထဲမှာ ကျေနပ်ကြည်နူးနေမိသည့်စိတ်က ထူးတော့ ထူးဆန်းသည်။ တကယ်ဆို နေရီနှင့် ပတ်သက် ပြီးပဲ သူ ကျေနပ်ပျော်ရွှင်နေရမှာ ဖြစ်သည်။

အခုတော့ နေရီကိုမေ့ကာ ပဏ္ဏာအနားမှာ နေနေရတာကို ကြည်နူးကျေနပ်ခြင်းက ဖြစ်သင့်ပါရဲ့လား။

■ ■ ■

အခန်း (၂၃)

"သက် အံ့လည်းအံ့သြတယ်၊ ဝမ်းလည်း ဝမ်းသာတယ် ဒီလို ပဏ္ဏာလေးနဲ့ သားဘွဲ့ အဆင်မပြေကြမှာကို တွေးပြီး စိုးရိမ်နေခဲ့

ဒေါ်ခင်သက်ခြယ် ဆိုတော့ ဦးမြတ်ဘုန်းသူ ခေါင်းတညိတ်ညိတ် လက်ခံပြုံးရင်း

"ဟုတ်တယ် ပဏ္ဏာလေး ရောက်မလာခင်ကတည်းက သားက နပ်ပုံမပြလို့ ကိုယ်လည်း စိုးရိမ်ခဲ့တာပဲ၊ အခုတော့ ယုံရခက်ခက် င် ဖြစ်မိတယ်၊ ကိုယ့်သားက ပဏ္ဏာရဲ့ ဘဝကို စာနာ နားလည် ာ ထင်တယ်"

"ဟုတ်မယ် ကို ပဏ္ဏာလေးစိတ်က ဖြူစင်မယ့် မဟုတ်မခံ လေးရှိတော့ သက်က သားဘွဲ့နဲ့ အဆင်မပြေမှာ ကြောက်နေတာ၊ ို အဆင်ပြေပြေဆိုတော့လည်း ဝမ်းသာစရာပဲပေါ့ ကိုရယ်"

"ကိုယ့်သားက စာနာတတ်တဲ့စိတ်လေးတော့ ရှိပါတယ်၊ ပဏ္ဏာ ာလည်း စိတ်ရင်းကောင်းတော့ သူ နားလည်သွားတာ ဖြစ်မှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝလေး အေးအေးချမ်းချမ်း ရှိရင် ကိုယ် ကျေနပ်ပါပြီ"

မေမေနှင့်ဦးဦးဖေတို့ ပြောနေကြတာ နားထောင်ရင်း ချစ် စိတ်ထဲက ဝမ်းသာရမလိုလို ဝမ်းနည်းရမလိုလို ခံစားနေရတာ အမှန်ပဲ ဖြစ်သည်။ မမပဏ္ဍာနှင့် ကိုကို အဆင်ပြေငြိမ်းချမ်းနေတာ အမှန်ပါပဲ။

ကိုကိုက မမပဏ္ဍာကိုတောင် ညနေစာ ကျွေးခဲ့သည်တဲ့။

မမ ပဏ္ဍာ ပြန်ပြောပြ အသိပေးစဉ်က ချစ်ရိပ် ဟန်မဆော နိုင်အောင် မျက်နှာလေး ညှိုးကျသွားခဲ့၏။ ဒါကို သတိထားမိသော မမ ပဏ္ဍာက ချစ်ရိပ်ကို နှစ်သိမ့်စကားတော့ ဆိုသေး၏။

"အစီအစဉ်က မထင်မှတ်တဲ ဖြစ်သွားတာ ချစ်ရိပ်ရဲ့၊ အဲ က မမကို ကြိုမယ့် ဖယ်ရီကားပျက်နေလို့ ဘွဲ့က လိုက်ပို့ပေးရင်း စ ခေါ်တာလေ၊ ချစ်လေးနဲ့ နောက်တစ်ခါကျမှ ဆုံဖြစ်ကြတာပေါ့"

သူတို့ နှစ်ဦးအစီအစဉ်မှာ ချစ်ရိပ် မပါတာမို့ မမပဏ္ဍာ အား စွာနှင့် ဆိုနေခဲ့တာ ဖြစ်သည်။

ချစ်ရိပ် ရင်ထဲမှာတော့ ဘယ်သူမှမသိနိုင်ဘဲ ကြေကွဲဝမ်းနည် စိတ်နှင့် မျက်ရည်လည်မိတဲ့အထိပါပဲ။

မမပဏ္ဍာ အပေါ်မှာ ကိုကို အချိန်တိုအတွင်းမှာ နားလည်သွ ခဲ့သလိုမျိုး ချစ်ရိပ်အပေါ်မှာကျတော့ ဘာလို့ မခင်တွယ်ရတာလဲ။

ကိုကို့အပေါ်မှာ ချစ် ဘယ်လောက် ခင်တွယ်သလဲဆို ကိုကို အသိဆုံးပဲ ဖြစ်မှာပါ။ အမြဲတမ်း ကိုကို ဘာပြောပြော ဘာဆို တစ်ချက်လေး မျက်နှာ မပျက်ခဲ့တာ ကိုကို အသိ။

ချစ်ရိပ်ဘက်ကပဲ စာနာ နားလည်မှုတွေ ပေးခဲ့တာပါ။ ကို ကတော့ အမြဲတမ်း ချစ်ရိပ်အပေါ် မျက်နှာသာတောင် မပေးခဲ့။ ဘယ် ယှဉ်ကြည့်ကြည့် မမပဏ္ဍာအပေါ်မှာပဲ ပိုမိုနေခဲ့၏။



နှစ်ဦးအတူတောင် ညနေစာ စားဖြစ်ကြသည်တဲ့လား။

ကိုကိုရယ် ဒီလို အခွင့်အရေးမျိုး ချစ် အပေါ်မှာကျတော့ ကိုကို ပေးဖို့ သိပ်ဝန်လေးနေခဲ့တယ်နော်။

ချစ်ရိပ်ရဲ့ ကြင်နာတရားတွေက ကိုကို့အတွက် တန်ဖိုးကင်းမဲ့ လွန်းနေခဲ့တာကြောင့်လား။

အချစ်ဆိုတာ တမ်းတမ်းမက်မက် လိုချင်မိလေလေ မရနိုင်တဲ့ အရာဖြစ်နေသည်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

တကယ်ဆို ခြံထဲကို သူမရဲ့ကားလေး မောင်းဝင်လာကတည်းက ဘွဲ့ သိဖို့ကောင်းပါသည်။ ဧည့်ခန်းထဲရောက်တော့ ကြားလိုက်ရသည့် စကားက သူမ ရင်ကို စို့သွားစေ၏။

"သားဘွဲ့ တင်းနစ် ကစားနေတယ် သမီး"

"ဟင် ဟုတ်လား သမီး သွားလိုက်မယ် အန်တီ"

ဒေါ်ခင်သက်ခြယ် အသိပေးတော့ ကျော်လွန်းနှင့်ရွှေမောင်တို့ ရောက်နေသည်ဟုပဲ သူမ ထင်ခဲ့မိ၏။ ခြံထဲက တင်းနစ်ကွင်းဆီ လျှောက်ခဲ့တော့မှ မထင်မှတ်သော မြင်ကွင်းကို ရင်ဆိုင်လိုက်ရတာ ဖြစ်သည်။

တင်းနစ်ကစားနေသူတွေက သင့်ပဏ္ဏာနှင့် ဘွဲ့ဖြစ်နေသည်။ ကွင်းဘေးက ဒိုင်လုပ် အားပေးနေသူက ချစ်ရိပ်ခြယ်ပဲ ဖြစ်၏။

"ဟင် မမနေရီ လာလေ"

ချစ်ရိပ်ကပဲ သူမကို မြင်တွေ့ပြီး လှမ်းခေါ်သည်။ ဒါပေမဲ့ ဘွဲ့က တစ်ချက်လှမ်းကြည့်ပြီးပြကာ မပြီးသေးသော ပွဲကို ဆက်ကစားနေသည်။

"မမနေရီ ထိုင်လေ"

ချစ်ရိပ်ခြယ်က အလိုက်တသိနှင့် ပလပ်စတစ် ကျောမှီထိုင်ခုံလေး ယူလာကာ ပေးသည်။ နေရီ ရင်ထဲမှာ ဘွဲ့ လုပ်ရပ်အတွက်



အဆစ်ဆစ် ခံစားရသည်အထိ နာကျင်လှသည်။

ဘွဲ့အပြုအမူတွေက သိပ်ကို ဆိုးလွန်းသည်။ သူမ တစ်ယောက်လုံး ရောက်လာတာတောင် အလေးအနက် မရှိတာ ခံရခက်စရာပါပဲ။

မကြည့်ချင်ပေမယ့် ဘွဲ့နှင့်သင့်ပဏ္ဏာတို့ ကစားနေသောပွဲကို သူမ ထိုင်ကြည့်နေရ၏။ အနီရောင်တီရှပ်လက်ပြတ်လေးနှင့် အားကစားဘောင်းဘီတို့ အနက်ရောင်လေး ဝတ်ဆင်ထားသော သင့်ပဏ္ဏာကိုပဲ နေရီ ကြည့်နေမိတာ ဖြစ်၏။ အသားလေးတွေက ချွေးစိုစိုနှင့် ရွှေရောင်ဝင်းနေစ်နေ၏။

ပခုံးလယ်လောက်အထိပဲ ရှည်လောက်မည့် ဆံပင်အညိုတွေကို နောက်မှာစုသိမ်းပြီး မျှော့ကြိုးအဖြူလေးနှင့် အလှယ်တကူ ချည်နှောင်ထားပုံလေးကပဲ သူမရဲ့ မျက်နှာအလှကို ထင်ပေါ်စေ၏။

အရပ်က မြင့်မြင့် ကိုယ်ဟန်က ကျော့ရှင်းတာမို့ သင့်ပဏ္ဏာရဲ့ လှုပ်ရှားမှုတိုင်းက ကြည့်ကောင်းလွန်းနေသည်။ တစိမ့်စိမ့် ထိုင်ကြည့်လေလေ သင့်ပဏ္ဏာရဲ့အလှက ထင်ပေါ်လေလေပါပဲ။

ဒါကြောင့်လည်း ဘွဲ့ အချိုးတွေ ပြောင်းလဲသွားခဲ့တာ ဖြစ်မည်ထင်၏။ တွေးရင်းနဲ့ ထိုင်နေရာက ချက်ချင်းပဲ လှည့်ပြန်သွားချင်စိတ်တွေ နေရီ ရင်ထဲ တိုးဝင်လာ၏။

"ဒီပွဲ မမ ပဏ္ဏာ ရှုံးပြီ၊ ကိုကို နိုင်တယ်"

ချစ်ရိပ်ခြယ် အော်သံလေး ထွက်လာဖြီးမှ တစ်ပွဲပြီးဆုံးပြီဟု နေရီ သိတော့၏။ ကိုယ် တင်းနစ်လည်း မကစားတတ်သလို ဝါသနာလည်း မပါတော့ ဘာမှမသိပါ။

"ဒါဆို တစ်ပွဲနိုင်ဆီနဲ့ သရေပဲနော် ပဏ္ဏာ၊ နောက်တစ်ပွဲက အဆုံးအဖြတ်ပေါ့"

နောက်တစ်ပွဲတဲ့။ သူမကို ဒီအတိုင်း ငုတ်တုတ်ထိုင်ခိုင်းထားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပွဲ ကစားကြဦးမည်တဲ့လား။ ဒါတော့ ဘွဲ့ သိပ်လွန်နေပြီ။

"လက်ကျန်ပွဲကို နောက်တစ်ပတ် နားရက်မှ ဆက်ကစားကြမယ် ဘွဲ့ရာ"

"ဟင် ဘာလို့လဲ တစ်ခါတည်း အနိုင်အရှုံး ပေါ်မှာပဲဥစ္စာ"

"ပဏ္ဏာ တကယ် မကစားနိုင်တော့လို့ပါ"

သင့်ပဏ္ဏာက သူမဆီကို ဖျပ်ခနဲ တစ်ချက်လှည့်ကြည့်ပြီး ပြုံးနေသည်။ သည်တော့မှ ဘွဲ့က ခေါင်းညိတ်ပြရင်း

"ဒါဆိုလည်း အဆုံးအဖြတ်ပွဲကို နောက်တစ်ပတ် ဆန်းဒေးမှ ကစားတာပေါ့"

ချစ်ရိပ် ကမ်းပေးသည့် ချွေးသုတ်သဘက်လေးကို လှမ်းယူပြီး ဘွဲ့ သူမ အနားကို လျှောက်လာချိန်ထိ သူမ တိတ်ဆိတ်နေမိတုန်း။

"ဘယ်က လှည့်လာတာလဲ နေရီ"

"ဒီကို တမင်ပဲ လာတာ ဘွဲ့၊ တို့က ဘွဲ့ ကျော်လွန်းတို့တွေနဲ့ ရှိနေမယ် ထင်နေတာ"

"ဒီကောင်တွေ တင်းနစ် မကစားတာ ကြာပြီ၊ ဒါကြောင့် ပဏ္ဏာတို့နဲ့ ကစားနေတာ နေရီရဲ့"

သူမ ရင်ထဲက ခံစားချက်တွေကို နေရီ မျိုသိပ်ထားလိုက်ပါသည်။ အခုလို အချိန်မျိုးမှာ ဘွဲ့နှင့် စကားမများချင်ပါ။

"ဘွဲ့ ရေမိုးချိုးတော့လေ၊ အပြင်သွားမလို့ လာခေါ်တာ"

"ဘယ်သွားမလို့လဲ နေရီရဲ့"

"ကော်ဖီဆိုင်ထိုင်ချင်လို့ပေါ့ ဘွဲ့ရဲ့၊ စကားတွေလည်း ပြောချင်လို့"

ထိုင်ခုံလေးက ထရပ်ရင်း ဘွဲ့ပခုံးလေးကို လှမ်းကိုင်ပြီး သူမ ပြောတော့ ဘွဲ့ တွန့်ခနဲ ဖြစ်သွားရင်း



"ကိုယ့်မှာ ချွေးတွေနဲ့လေ နေရီရဲ့"

"ချွေးတွေလည်း ရွံစရာလား ဘွဲ့ရဲ့၊ ကိုယ့်ချစ်သူပဲဟာ အဟင်းဟင်း"

တမင်ပဲ ဟိုနှစ်ယောက် ကြားအောင် နေရီ ပြောပစ်လိုက်မိသည်။ နှစ်ယောက်စလုံး မော့ကြည့်သည့် မျက်ဝန်းတွေကို မြင်လိုက်ရ၏။ သင့်ပဏ္ဏာ နှုတ်ခမ်းလေးတွေ တွန့်ခနဲ ပြုံးသွားတာ မြင်သည်။

"လာ နေရီ ဧည့်ခန်းမှာ ခဏထိုင်စောင့်၊ ကိုယ် ရေမိုးချိုး အဝတ်အစား လဲလိုက်ချင်လို့"

ဘွဲ့ပြောရင်း လှည့်ထွက်တော့ နေရီ အနားကကပ်ပြီး လိုက်ခဲ့သည်။ စိတ်တွေကတော့ ဟိုနှစ်ယောက်ဆီမှာ ကျန်ရစ်ခဲ့သည်။ ချစ်ရိပ်ခြယ်ဆိုတဲ့ တစ်ယောက်ကလည်း တမျောင့်။ ဘွဲ့ကို ခေါ်ပုံကိုက ကိုကိုတဲ့။ တကယ့် ပိုင်စိုးပိုင်နင်းပါလား။

အရင်တုန်းက တစ်ယောက်တည်းမို့ သိပ်ပြဿနာ မရှိလှပေမယ့် အခုချိန်မှာ သူမ ကြုံဆုံနေရသော အန္တရာယ်တွေက နှစ်ယောက်ဖြစ်နေခဲ့ပြီ။

အထူးသဖြင့် သင့်ပဏ္ဏာ ဆိုတဲ့ မိန်းမ။ အချိန်တိုလေးမှာပဲ ဘွဲ့ကို ဘယ်လို စွဲဆောင်လိုက်သည် မသိ။ ကြည့်မရအောင် မုန်းသည်ဆိုသော ဘွဲ့က သူမနဲ့အတူ တင်းနစ်ကစားသည်။ တစ်ခါတုန်းကလည်း စားသောက်ဆိုင်ထဲက အတူ ယှဉ်တွဲထွက်လာဖူးသည်။

ဘွဲ့ ရှင့်ခြေလှမ်းတွေက ထင်ရှားနေပြီ။

နန်းနေရီ ဆိုတဲ့မိန်းမကို ရှင် ဒီလို လှည့်စားဖို့ ကြိုးစားမယ်ဆိုရင်. . .။

■ ■ ■

"မဟုတ်သေးဘူး နေရီ၊ မင်း အထင်လွဲနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အထင်လွဲတယ် ဟုတ်လား ဘွဲ့၊ အရင်က ဘွဲ့ ကြည့်မရအောင် မုန်းတယ်ဆိုတဲ့ မိန်းမတစ်ယောက်နဲ့ ဘွဲ့ ဒီအခြေအနေဖြစ်နေတာ နေရီ မအံ့သြသင့်ဘူးလား"

သူမ မေးခွန်းအတွက် ဘွဲ့ ခေါင်းကို ခါရမ်းသည်။ ဘွဲ့ နှုတ်ခမ်းက စကားတစ်ခွန်းကို သူမ နားထောင်နေလိုက်သည်။

ရှင် ဘာလိမ်ညာဦးမလို့လဲ ဘွဲ့ဂုဏ်ထူး။

"ဒါ အံ့သြစရာမဟုတ်ပါဘူး နေရီ"

"ဘာရယ် အံ့သြစရာ မဟုတ်ဘူး ဟုတ်လား ဘွဲ့"

"ဟုတ်တယ် နေရီ သင့်ပဏ္ဏာအကြောင်းကို ကိုယ် ဘာမှ မသိခင်က လုံးဝကို ကြည့်မရခဲ့တာ နေရီတောင် အသိပဲဥစ္စာ၊ ဒါပေမဲ့ အဲဒါတွေက ကိုယ် မှားယွင်းခဲ့တာပါ၊ တကယ်ဆို ပဏ္ဏာဘဝအကြောင်းက သနားစရာကောင်းတယ်"

သူ့စကားကြောင့် နေရီ နှုတ်ခမ်းလေးတွေ မဲ့ပစ်တော့ ဘွဲ့ မျက်မှောင်ကြီးကုပ်ကာ အလိုမကျသလို စိုက်ကြည့်၏။

"မင်း ကိုယ့်ကို လှောင်သလို မကြည့်နဲ့ နေရီ၊ အရင်ဆုံး ကိုယ်ရှင်းပြတာ မင်း နားထောင်သင့်တယ်"

ဘွဲ့ လေသံတွေက မာထန်ထန်။ အရင်တုန်းက အခြေအနေမျိုးဆို နေရီ ဘာမှ နားထောင်စရာ မလိုဘဲ ထပြန်ရုံသာ ရှိ၏။ ဒါပေမဲ့ ခုချိန်မှာတော့ နေရီ သည်းခံဖို့ပဲ ဆုံးဖြတ်ထားသည်။

သူမ ရှေ့မှောက်မှာ ရှိနေသော ဘွဲ့ဂုဏ်ထူးဆိုသည့် ယောကျ်ား တစ်ယောက်သည် အရင်တုန်းက ဘွဲ့ဂုဏ်ထူး မဟုတ်တာ သေချာ၏။

"ကဲ ပြောပါဦး ဘွဲ့ နေရီ နားထောင်နေပါတယ်"

စိတ်မဝင်စားစရာ အကြောင်းတွေကို နားထောင်အပြီးမှာတော့ နေရီ တကယ်ကိုပဲ စိတ်ပါဝင်စားစွာ မင်သက်အံ့သြနေခဲ့၏။



သင့်ပဏ္ဏာ ဆိုတာ နေရီ သိထားသော မိန်းကလေး တစ်ယောက် ဖြစ်နေခြင်းက ထူးခြားသော တိုက်ဆိုင်မှု တစ်ခုတဲ့လား။ ဒါကို ဘွဲ့ကတော့ သိမှာမဟုတ်သလို သူမ နှုတ်ကလည်း ဖွင့်မပြောနိုင်အောင် အံ့သြနေခဲ့ရ၏။

အာရုံထဲမှာ သင့်ပဏ္ဏာ ပုံရိပ်က အိမ်ပြန်ရောက်သည်အထိ စိုးမိုးပါငြိလာဆဲ။

■ ■ ■

"ဘာရယ် သင့်ပဏ္ဏာဆိုတာ အဲဒီ မိန်းကလေး တဲ့လား"

သူမ ပြန်ပြောပြတော့ မာမီလည်း တအံ့တသြ ရေရွတ်သည်။ မာမီမျက်ဝန်းတွေ ပိုင်းကာ နှုတ်ခမ်းလေးတွေတောင် ပြန်ပိတ်ဖို့ မေ့နေတဲ့အထိ။

"ဟုတ်တယ် မာမီ၊ ဘွဲ့တို့အိမ်မှာ ရောက်နေတဲ့ သင့်ပဏ္ဏာ ဆိုတာ မာမီ သမီးကို တစ်ခါပြောပြဖူးတဲ့၊ သမီးအန်ကယ်ရဲ့ သမီး တဲ့"

မာမီ ခေါင်းကို ခါရမ်းသည်။

"မဟုတ်ဘူး လုံးဝ မဟုတ်ဘူး သမီး။ သူက မာမ့်အစ်ကိုရဲ့ သွေးသားရင်းချာ လုံးဝ မဟုတ်ဘူး။ မာမီတို့ အသိုင်းအဝန်းက ဘယ်လိုမှ လက်မခံနိုင်ခဲ့ကြတာ ဘာလို့လဲဆိုတော့ အစ်ကို့ကို ခင်သက်မွန် ဆိုတဲ့ မိန်းမက အလှနဲ့ ဖြားယောင်းသိမ်းပိုက်ခဲ့တာ သမီး"

ဒီအကြောင်းတွေကို နေရီ ကြားဖူးခဲ့ပြီးသား ဖြစ်သည်၊ 'မာမီရဲ့ အစ်ကို အန်ကယ် ဦးမြင့်ဖော်သည် မိန်းမတစ်ယောက်ရဲ့ ဖြားယောင်းမှုမှာ နစ်မွန်းခဲ့သူ တစ်ယောက်။

မိန်းမတစ်ယောက်ရဲ့ အလှမှာ ယစ်မူးကာ မိဘအသိုင်းအဝန်းကို ဆန့်ကျင်ခဲ့တာမို့ အားလုံးက ဥပေက္ခာပြု စွန့်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ့ အမေ သမီးတို့တွားဆိုရင် တော်တော် စိတ်နာလွန်းလို့ သားအရင်းအချာ အဖြစ်က အမွေပြတ် စွန့်လွှတ်ခဲ့တယ်၊ ခင်သက်မွန် ဆိုတဲ့ မိန်းမနဲ့အစ်ကို ယူပြီး ငါးလုမပြည့်သေးဘူး သမီး မိန်းကလေး တစ်ယောက် မွေးတယ်ဆိုကတည်းက လက်ခံစရာမှ မရှိတာ၊ အဲဒီ ကလေးက အစ်ကိုရဲ့ သွေးသားမဟုတ်ဘူးဆိုတာ မာမီလည်း ယုံကြည် တယ်"

"အန်ကယ်ကို သင့်ပဏ္ဏာ အမေက လိမ်ညာခဲ့တယ်ထားဦး အန်ကယ်က မသိခဲ့ဘူးလား မာမီ"

"အစ်ကိုက မသိဘဲ နေမလား သမီးရယ်၊ ဒါပေမဲ့ ရှန်းထွက် မရအောင် ဒီမိန်းမက အစ်ကို့ကို ထိန်းချုပ်ထားနိုင်တာကိုး၊ ခင်သက်မွန် ဆိုတာ မိန်းမချင်းတောင် ငေးကြည့်ရအောင် လှတယ်၊ သမီး အန်ကယ် က အဲဒီအလှမှာယစ်မူးပြီး ဒီမိန်းမရဲ့ သမီးကိုတောင် အဖေ နာမည်ခံ ပေးခဲ့တာ ကြည့်ပေါ့"

အန်ကယ့် လုပ်ရပ်အတွက် ဘွားကော မာမီတို့အားလုံး နာကျည်း ခါးသီးခဲ့တာ နေရီ အသိဆုံး ဖြစ်သည်။ အာရုံထဲမှာ သင့်ပဏ္ဏာ မျက်နှာကို မြင်ယောင်လာပြန်တော့ မာမီ့စကားတွေကို ပြန်ယုံကြည် လက်ခံမိပြန်သည်။

ဒေါ်ခင်သက်မွန်ဆိုတာ သင့်ပဏ္ဏာနှင့် တစ်ထေရာတည်း တူညီ သည်ဟု မာမီနှင့်ဘွားက ပြောပြဖူးသည်။ ဘွားဆီကို သမီးဖြစ်သူ ပညာရေးအတွက် အကူအညီလာတောင်းတုန်းက မာမီနှင့်သူမ အဝင် ဖြေခရီး ထွက်နေချိန်မို့ မမြင်ဘူးခဲ့ကြပါ။

"သူဟာ ခင်သက်မွန် သမီး အမှန်ဆိုရင် မောင်ဘွဲ့ကိုလည်း အလှနဲ့ သိမ်းပိုက်သွားမှာ သေချာတယ် သမီး"

မာမီ့စကားက ရင်ထဲအထိ ထိရှစေသော မြှားတစ်စင်း



နှုးနှစ်နှစ် ခံစားရစေသည်။ ဘွဲ့ကို သင့်ပဏ္ဏာက အလှနှင့် သိမ်းပိုက် သွားမည်တဲ့လား။

"သူ့အမေတုန်းကလည်း သမီး အန်ကယ်ကိုအရယူပြီး သူ့ချွေး ချွေးမဖြစ်အောင် ကြိုးစားခဲ့တာပဲလေ၊ မာမီတို့ အသိုင်းအဝန်းက လက် ခံလို့ မအောင်မြင်ခဲ့တာ၊ အခု သူတို့တွေက တကယ့်အပိုင် ကြံစည် နေကြတာ ဖြစ်မယ်၊ အဒေါ်က အဖေကို အရယူ၊ တူမက သားကို ချိုင် ဒါပဲဖြစ်မှာပေါ့"

"ဟင့်အင်း ဘွဲ့ကို သင့်ပဏ္ဏာ ဘယ်တော့မှ မရစေရဘူး မာမီ"

"ဘာလဲ သမီး သမီးက ဒီမိန်းမနဲ့ ယှဉ်ပြိုင်မလို့လားကွယ်"

"သမီးက ယှဉ်ပြိုင်တာ မဟုတ်ပါဘူး မာမီ၊ အခု သူက ဘွဲ့ ဂုဏ်ထူးကို သမီးဆီက လုယူဖို့ ကြိုးစားနေတာ၊ သမီးက အရှုံးပေး နောက်ဆုတ်လိုက်ရမှာတဲ့လား"

"သမီးရယ် မာမီ့သမီးအတွက် ရွေးချယ်ခွင့်တွေ အများကြီး ရှိနေတာပဲ၊ ဒီလို အရှုပ်ထုပ်တွေနဲ့ ကင်းကင်းရှင်းရှင်း နေပါ သမီးရယ်"

မာမီ့စကားကြောင့် သူမအံကို တင်းတင်းလေး ကြိတ်ထားမိ သည်။ အာရုံထဲမှာ သင့်ပဏ္ဏာ မျက်နှာကိုမြင်ယောင်လာသည်။

နင် သိပ်မိတယ် ချောတယ်ဆိုတိုင်း ငါ့ကို ယှဉ်ပြိုင်နိုင်မှာတဲ့ လား သင့်ပဏ္ဏာ။ ဘွဲ့ဂုဏ်ထူး ဆိုတဲ့ယောကျ်ားကိုတော့ နင် ငါ့လက်ထဲ က ဘယ်တော့မှ လုယူသွားလို့ မရစေရဘူး။

နင့်ရဲ့အလှတွေ မာယာတွေနဲ့ ဘွဲ့ကို သိမ်းပိုက်ဖို့ ကြိုးစား နေတယ်ဆိုရင် နင့်ရည်ရွယ်ချက်တွေ ဖြစ်မလာစေရဘူး သင့်ပဏ္ဏာ

နင့်အမေလိုပဲ နင် ရှုံးနိမ့်မှုတွေနဲ့ ကျန်ရစ်ခဲ့စေရမယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"သား ခဏလာဦးကွာ၊ ဖေဖေ ပြောစရာလေးရှိလို့"

ရေချိုးခန်းထဲက အထွက်မှာပဲ ဖေဖေ လှမ်းခေါ်တာမို့ သူ သဘက်တစ်ထည် မြန်မြန်ပြင်ပြီး ဝင်ထိုင်လိုက်ရ၏။

"ဘာကိစ္စလဲ ဖေဖေ၊ ဘာပြောစရာရှိလို့လဲ"

"မန္တလေးက သားဦးလေး ဆေးရုံတင်ထားရတယ်လို့ နေ့လယ်က ဖုန်းဆက်တယ် သား"

"ဟင် ဦးမြတ် ဆေးရုံတင်ထားရတယ် ဟုတ်လား ဖေဖေ"

"ဟုတ်တယ် သား အဲဒါ ဖေဖေတို့ လိုက်သွားမှ ဖြစ်မယ်"

ဦးမြတ်တုန်းနိုင် ဆိုတာ ဖေဖေ့ရဲ့ အစ်ကို လူပျိုကြီးတစ်ယော ဖြစ်၏။ မန္တလေးမှာပဲ တစ်ယောက်တည်း နေသည့် ဦးမြတ်က အရင်က ဆို ရန်ကုန်ကို တစ်နှစ်တစ်ကြိမ် နှစ်ကြိမ်လောက် အလည်လာတတ်သည

သူကလည်း အရင်တုန်းက ကျောင်းပိတ်ရက်တွေဆို ဦးမြ ရှိသည့် မန္တလေးကို သွားလည်တတ်စမြဲ ဖြစ်သည်။ သင်္ကြန်ရက်တွေ တောင် ကျော်လွှမ်းတို့နှင့် သွားလည်ဖူးသည်။

"ဆေးရုံတင်လိုက်ရတယ်ဆိုတော့ ဘာဖြစ်တာလဲ ဖေဖေ အခြေအနေက စိုးရိမ်ရသလား"

"စိုးရိမ်စရာ အခြေအနေတော့ မရှိပါဘူး။ မူးလဲလို့ ဆေးရုံ



လိုက်ကြတာ၊ အခုတော့ သက်သာနေပြီတဲ့၊ ဒါပေမဲ့ ဖေဖေတို့ လိုက်သွား မှ ဖြစ်မှာပေါ့၊ ပြင်ဦးလွင်က သားအဒေါ်လည်း ဆင်းလာပြီတဲ့"

ဖေဖေ ပြောပြမှ သူ စိတ်ပူပန်မှုတွေ နည်းနည်းတော့ လျော့ပါး သွားရ၏။ ဦးမြတ်က တစ်ကိုယ်တည်းသမားမို့ ညီဖြစ်သူ ဖေဖေနှင့် ညီမဖြစ်သူ ပြင်ဦးလွင်က အဒေါ်တို့က စိတ်မချနိုင် ဖြစ်နေကြသည်။

ဦးမြတ် တစ်ယောက်တည်း မန္တလေးမှာ အခြေချနေတာကို စိတ်မချနိုင်ကြပေမယ့် ဦးမြတ်က မန္တလေးကို မခွဲနိုင် ဖြစ်နေတာကြောင့် ခက်၏။

"အခု ဖေဖေ လိုက်သွားမယ် သား၊ သက်လည်း လိုက်မှာ၊ သမီးလေး ချစ်ရိပ်လည်း ကျောင်းပိတ်ထားတော့ လိုက်မယ်တဲ့"

"သားပါ လိုက်ခဲ့ရဦးမှာလား ဖေဖေ၊ ဆိုင်မှာ ကျော်လွှမ်း မရှိဘူး၊ ရွှေမောင်တစ်ယောက်တည်းနဲ့ နိုင်နင်းမှာ မဟုတ်တော့ ခက်နေ တယ်"

"သားမှာ ဆိုင်တစ်ဖက်နဲ့ မအားတာကို ဖေဖေ နားလည်တယ် သား။ သား မလိုက်နိုင်သေးရင် နေခဲ့လို့ ရပါတယ်"

"သား လိုက်ခဲ့မှာပါ ဖေဖေ၊ ကျော်လွှမ်း ခရီးက ပြန်လာတာနဲ့ လိုက်ခဲ့ပါ့မယ်၊ ဖေဖေတို့နဲ့တော့ ချက်ချင်းကြီး မလိုက်နိုင်သေးဘူး"

"ရတယ် သား၊ တစ်ခုပဲရှိတယ်၊ ဒီမှာ သားနဲ့ဒေါ်ညွှက်ရယ် နင်တူးရယ် အဲ သမီး ပဏ္ဏာ ကျန်ခဲ့မှာ သား"

"ရပါတယ် ဖေဖေ၊ အဆင်မပြေစရာ အကြောင်း မရှိပါဘူး"

ဖေဖေ စိတ်ပူနေတာ သူနဲ့သင့်ပဏ္ဏာ ပြဿနာဖြစ်မှာ စိုးရိမ် တာဟု ထင်သည်။ အခုချိန်မှာ ပဏ္ဏာနှင့်သူ အဆင်မပြေစရာ အကြောင်း ရှိတော့တာ ဖေဖေ မသိသေးဘူး ထင်၏။

"သားအတွက် အဆင်မပြေရင် ပဏ္ဏာက ရှု့သူငယ်ချင်း

www.burmeseclassic.com



တစ်ယောက်အိမ်မှာ သွားနေပေးမယ် ပြောနေတယ်''

ဖေဖေ့စကားကြောင့် သူ မျက်မှောင်ကြီး တွန့်ကုပ်သွားမိသည်။ ပဏ္ဍာက ဘာကြောင့် သည်စကားကို ပြောတာလဲ။ အိမ်မှာ ကျန်ရစ်ခဲ့တာလည်း သူတို့နှစ်ယောက်တည်း မဟုတ်ပါ။ ဒေါ်ညွှက်ကော ဦးနိုင်တူးပါ ရှိနေသည်ပဲ။

အခုတော့ ဖေဖေ့ကို ဒီစကား ပြောလိုက်ခြင်းက သူ့သိက္ခာကို ထိပါးလာတာနဲ့ မခြားပါ။

''ဒါဆိုလည်း သင့်ပဏ္ဍာ သဘောပဲပေါ့ ဖေဖေ၊ သား အဝတ်အစား သွားလဲဦးမယ်''

ပြောပြီး ဖေဖေ့အနားက သူ ထထွက်ခဲ့သည်။ စိတ်ထဲမှာတော့ အလိုမကျစိတ်နဲ့ ဒေါသထွက်ချင်နေသည်။

အဝတ်အစားလဲပြီး ဆင်းခဲ့တော့ ဧည့်ခန်းထဲမှာ ဖေဖေ ရှိမနေတော့ပါ။ သူ ခြံထဲကိုဆင်းခဲ့တော့ သစ်ရိပ်အောက်က ခုံတန်းလေးမှာထိုင်ကာ စာဖတ်နေသော သင့်ပဏ္ဍာကို တွေ့လိုက်၏။

ခြေလှမ်းတွေက သူမဆီ အလိုလို ဦးတည်ခဲ့မိပြီး ဖြစ်နေသည်။ စာအုပ်ထဲမှာ အာရုံ ဝင်စားနေသော သင့်ပဏ္ဍာ သူ့ကို မမြင်ပါ။

သူမ ဖတ်နေသော အင်္ဂလိပ်ဘာသာနှင့် စာအုပ်တစ်အုပ်ဟု သူ သိလိုက်သည်။ အနှောင့်အယှက် မပေးချင်တာမို့ ပြန်လှည့်ထွက်ဖို့ ပြင်ဆင်မှာပဲ သင့်ပဏ္ဍာ လှည့်ကြည့်သည်။

''ဘွဲ့''

''မင်း စာဖတ်နေတာလား ပဏ္ဍာ''

''အင်း သံရုံးက စာတမ်းတစ်စောင်အတွက် လေ့လာနေတာပါ ပြောစရာကိစ္စရှိလို့လား ဘွဲ့ လာလေ''

စာအုပ်လေးကိုပိတ်ကာ ထိုင်ခုံတစ်ဖက်စွန်းကို ပဏ္ဍာ ရွှေ့ထိုင်



တော့ သူ ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ရင်း ပဏ္ဍာကို လှည့်ကြည့်မိ၏။

ဘလောက်စ်အင်္ကျီအဖြူလေးနှင့် သရီးကွာတား ရှေ့ပင် မီးခိုးရောင်လေးကို ပေါ့ပါးစွာ ဝတ်ဆင်ထားသော သူမကိုကြည့်ကာ ရင်ထဲက ဒေါသတွေ လျော့ကျသွားခဲ့တာ အမှန်ဖြစ်သည်။

''ဘာပြောစရာရှိလို့လဲ ဘွဲ့ ပြောလေ''

''ဖေဖေတို့ ခရီးသွားရင် မင်းက ဒီအိမ်မှာ မနေဘဲ သူငယ်ချင်းအိမ် သွားနေမလို့ဆို''

သူ့လေသံမှာ ဒေါသတွေ ကင်းစင်နေပေမယ့် တွန့်ကုပ်ထားသော မျက်ခုံးတွေက မကျေနပ်မှုတွေ ပေါ်ဝင်နေတာ ပဏ္ဍာ သိမှာပါ။

''ဟုတ်တယ် ဘွဲ့၊ တို့ကြောင့် ဘွဲ့ အနေရကြပ်မှာစိုးလို့ပါ''

''ဘာကို အနေကြပ်မှာလဲ၊ မင်းစကားက ကိုယ့်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို မယုံသလို ဖြစ်သွားစေတယ်ဆိုတာ မင်း မတွေးမိဘူးလား ပဏ္ဍာ''

ပြောရင်း သူ့စကားမှာ မကျေနပ်မှုတွေ ဝင်လာတော့ ပဏ္ဍာ မျက်ဝန်းလေးတွေ ဝိုင်းကြည့်ရင်း ခေါင်းကိုခါသည်။

''မဟုတ်သေးဘူး ဘွဲ့၊ ပဏ္ဍာက ဒီအိမ်မှာ ခဏလာနေတဲ့သူပါ၊ အခြေအနေ အရိပ်အကဲကို နားလည်တွေးဆတတ်ရမယ်လေ၊ အန်ကယ်တို့အားလုံး မရှိဘဲ နေသင့်ပါ့မလား၊ အထူးသဖြင့် ဘွဲ့ဘက်ကို ထည့်တွက်ပေးတာပါ''

''ကိုယ့်ဘက်ကို ဟုတ်လား''

''ဟုတ်တယ် ဘွဲ့၊ ရှင့်ချစ်သူ နန်းနေရီက အထင်အမြင်လွဲသွားမှာကို ကျွန်မ မလိုချင်ဘူး''

''နေရီ ဘာမှမဆိုင်ဘူး ပဏ္ဍာ၊ နေရီက ကိုယ့်သိက္ခာ အကျင့်ကို ယုံကြည်တယ်၊ သူ သံသယမျက်ဝန်းတွေနဲ့ ကြည့်လာရင်တောင် ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ချမ်းနေမယ် မင်းထင်သလား။ ဒီတော့ မင်း ဒီမှာပဲ ဆက်နေပါ၊ ကိုယ်တို့နှစ်ယောက်တည်း ရှိနေတာမှ မဟုတ်တာ၊ ဒေါ်ညွှန့်နဲ့ ဦးနိုင်တူး နှစ်ယောက်စလုံးတောင် ရှိနေသေးတာပဲ၊ မင်းတခြားအိမ်ကို သွားနေမယ်ဆိုတာကမှ ကိုယ်တို့နှစ်ယောက်စလုံး သိက္ခာကို ထိခိုက်အထင်သေးစရာ ဖြစ်လာဦးမှာ''

''ဘွဲ့ အဲဒီလောက်အထိ ရှင် ဒေါသဖြစ်သွားစေအောင် ပဏ္ဍာ မရည်ရွယ်ပါဘူး။ ပဏ္ဍာ မှားသွားရင် တောင်းပန်ပါတယ်''

''ဆောရီး ပဏ္ဍာ ကိုယ် ဒေါသထွက်တာ မဟုတ်ပါဘူး။ ကိုယ့်ကြောင့် မင်းတခြားမှာ ခဏသွားနေပေးရတာမျိုး မဖြစ်စေချင်တာပါ။ ကဲ မင်းနဲ့ကိုယ့်ကြားက လေးစားမှုတွေ ရင်းနှီးမှုတွေ ဖြူစင်ပြီးသားဆိုတာ ကိုယ်တို့နှစ်ယောက် ယုံကြည်ဖို့ပဲ လိုတယ်''

ပဏ္ဍာ ပြုံးပြုံးလေး ခေါင်းညိတ်သည်။ သူလည်း ပဏ္ဍာကို ပြန်ပြုံးပြမိသည်။

''ကဲ မင်းအလုပ်ကို ဆက်လုပ်ပါ ပဏ္ဍာ၊ ကိုယ် သွားတော့မယ်''

ပဏ္ဍာကို နှုတ်ဆက်ပြီး သူ ထိုင်ခုံလေးက ထထွက်ခဲ့သည်။

အာရုံထဲမှာ နေရီ မျက်နှာကိုတော့ ပြေးမြင်လိုက်မိသေး၏။ ပဏ္ဍာ ပြောသလို နေရီက ဒီကိစ္စကို မကျေနပ်ဘူးဆိုခဲ့ရင်ကော

ဒီလောက်အထိ သံသယတွေ ယုံကြည်မှုတွေ နေရီမှာ ရှိမနေလျှင် သူ ဘာများ အရေးထား ဂရုစိုက်စရာ လိုမှာလဲ။

ဘွဲ့ဂုဏ်ထူး ဆိုတဲ့ကောင်က သိက္ခာတရားကို လွှင့်ပစ်ရလောက်အောင် မိုက်မဲမှာတဲ့လား။ ပြီးတော့ သင့်ပဏ္ဍာရဲ့ သိက္ခာနှင့် ကိုယ်ကျင့်တရားကို မထိခိုက်စေရ။

သူ ဆုံးဖြတ်ခဲ့တာ မမှားဘူးဟုပဲ ယုံပါသည်။

■ ■ ■

## အခန်း (၂၆)

''ဟင် ဒါဆို ဘွဲ့ လိုက်သွားရမှာပေ့ါ''

''ကိုယ် မလိုက်ဖြစ်ပါဘူး နေရီ၊ ဒီမှာက ကျော်လွှားမှု မရှိတာ ဆိုင်ကိစ္စတွေကို ရွှေမောင် တစ်ယောက်တည်း ဘယ်နိုင်မှာလဲ၊ ပြီးတော့ ဦးမြတ်ရဲ့ အခြေအနေက သိပ်အဆိုးကြီး မဟုတ်ဘူးလေ''

''ဘွဲ့အဖေနဲ့အတူ ဒေါ်ခင်သက်ခြယ် လိုက်သွားမှာလား''

''သူတို့ သားအမိနှစ်ယောက်စလုံး လိုက်သွားဖြစ်မယ်၊ ချစ်ရိပ်ခြယ်က ကျောင်းပိတ်ထားပြီဆိုတော့ အဆင်ပြေပါတယ်''

''ဟင် ဒါဆို သင့်ပဏ္ဍာ ကကော''

''သူ့မှာက သူ့အလုပ်နဲ့သူလေ၊ ဦးမြတ်နဲ့လည်း ရင်းနှီးသိကျွမ်းတာမှ မဟုတ်တာ၊ ဘာလိုက်လုပ်ရမှာလဲ''

နေရီ မျက်ဝန်းလေးတွေ့ တွန့်ကွေးပြီး စိုက်ကြည့်နေ၏။ သူ သိကျိုးကျွံပြုရင်း ဆိုင်ရဲ့ အရောင်းစာရင်းတွေကို အာရုံစိုက် စစ်ဆေးနေလိုက်၏။ နေရီ ကြာရှည်စွာ တိတ်ဆိတ်မနေနိုင်ဘဲ

''ဘွဲ့''

''ပြော နေရီ''

www.burmeseclassic.com

www.burmeseclassic.com



"သင့်ပဏ္ဏာက အန်ကယ်တို့တွေ မရှိဘဲ အိမ်မှာ ဆက်နေမှာတဲ့လား"

ပဏ္ဏာ ကြိုတွေးဆိုခဲ့သည့်အတိုင်း နေရီထံက သံသယ စကားတွေကို သူ ကြားရပြီ။ နေရီကို သူ မျက်မှောင်ကြီးကုပ်ရင်ဆိုင် ကြည့်ရင်း

"နေမှာပေါ့ အရင်ကတည်းက သူ အိမ်မှာ နေနေတာပဲ ဘာဖြစ်လို့လဲ"

"အများအမြင်မှာ မသင့်တော်ဘူးလေ ဘွဲ့ရဲ့၊ ဘွဲ့နဲ့သူက သွေးမတော် သားမစပ်ဘူး"

"အဲဒါ မင်း ကိုယ့်သိက္ခာကို သက်သက် စော်ကားလိုက်တာပဲ နေရီ"

"မဟုတ်တူး ဘွဲ့ ဘွဲ့အတွက် ပြောတာ၊ ဘွဲ့ရဲ့သိက္ခာကို ထိခိုက်နိုင်လို့ တို့ ပြောတာ"

"မင်း ထပ်မပြောနဲ့ နေရီ၊ တစ်အိမ်လုံးမှာ ကိုယ်နဲ့သင့်ပဏ္ဏာ နှစ်ယောက်တည်း ရှိမှာမဟုတ်ဘူး၊ ဒါကို သိရက်နဲ့ မင်း ဒီစကားပြောတာ ကိုယ့်သိက္ခာကို စော်ကားတာပဲ"

တစ်ချက်လေး သေးသေးထင်မခံဘဲ သူ တုံ့ပြန်တော့ နေရီ မျက်နှာ တင်းခနဲ ဖြစ်သွားတာ မြင်သည်။ ဒါပေမဲ့လည်း သူ ဂရုမစိုက်ဘဲ အပြင်ဘက်က အရောင်းခန်းမထဲ ထွက်ခဲ့သည်။

ဆိုင်အနောက်ဘက်ခန်းထဲမှာ နေရီ ဘယ်လောက် ဒေါသတွေ ထွက်ကျန်ရစ်ခဲ့မည်ဆိုတာ သူ မသိပါ။

နေရီအပေါ်မှာ အရင်ကနဲ့မတူဘဲ ဥပေက္ခာပြု သူ ပြတ်သားလွန်းနေတာ သူကိုယ်တိုင် သိသလို နေရီလည်း သိမှာမလွဲပါ။

ဒါနဲ့တောင် နေရီ သူ့အပေါ် စိတ်မကွက်ဘဲ ခွင့်လွှတ်ပေးနေခြင်းကတော့ အံ့ဩစရာကောင်းနေသည်။



နေရီရဲ့ ခွင့်လွှတ်နိုင်မှုကို သူ မကျေနပ်နိုင်ဘဲ သူ အနိုင်ယူသလို ဖြစ်နေပြီလား။ အထူးသဖြင့် ပဏ္ဏာနှင့်ပတ်သက်လျှင် နေရီကို သူ ဥပေက္ခာပြုထားချင်သည်။

ဒါ မဖြစ်သင့်ဟု သိပေမယ့် သူ ဥပေက္ခာပြု မေ့လျော့ထားခြင်းက ဘာကြောင့်လဲ။

■ ■ ■

ရင်ထဲမှာ ဒေါသတွေက အလိပ်လိုက်တက်နေတာ တော်တော်နှင့် မပြေနိုင်အောင် ရှိနေခဲ့သည်။

ဘွဲ့ရဲ့ တုံ့ပြန်စကားတွေ အမူအရာတွေအားလုံးက သူမကို အနားမှာ မနေနိုင်အောင် တုံ့ပြန်ပညာပြနေသလိုပါပဲ။

ခုလည်းကြည့် သင့်ပဏ္ဏာနှင့်အတူ အိမ်မှာ နှစ်ယောက်တည်း နေရစ်ခဲ့မည့်ကိစ္စကို ဘွဲ့ကိုယ်တိုင်က လိုလားနေသည်က ထင်ရှား၏။ သင့်ပဏ္ဏာလို မိန်းမတစ်ယောက်ရဲ့ သိက္ခာကို သူမ ဘယ်လိုမှ မယုံကြည်နိုင်ပါ။

ဘွဲ့ကို အကြွင်းမဲ့ ယုံထားနိုင်သည်ပဲထားဦး။ ဒီမိန်းမရဲ့ ရည်ရွယ်ချက်ကို သိနေသည့် သူမ လက်ခံနိုင်စရာမရှိ။

တွေးကြည့်ရုံနှင့် အခြေအနေတွေကို ကြိုတင် တွက်ဆနိုင်သည်။ ဘွဲ့ဂုဏ်ထူးကို သိမ်းပိုက်ခွင့်ရဖို့အတွက် ဒီအခြေအနေက သင့်ပဏ္ဏာအတွက် အကောင်းဆုံး အခွင့်အရေး ဖြစ်လိမ့်မည်။

အံကိုတင်းတင်းကြိတ်ရင်း မျက်ရည်တွေတောင် ဝဲတက်လာသည်အထိ နေရီ ခံရခက်နေဆဲ။

တစ်ခါက သူမအနားမှာ အမြဲရှိခဲ့သော ဘွဲ့သည် တစ်ခြားသော မိန်းမတစ်ယောက်ဆီမှာ အာရုံတွေ ရောက်နေတာ ရုက်စရာ ကောင်း

www.burmeseclassic.com



သည့် အဖြစ်။

နောက်ဆုတ် အရှုံးပေးလိုက်ရအောင်လည်း နန်းနေရီရဲ့ ရာဇဝင်မှာ သမိုင်းမတွင်စေချင်ပါ။

ဘွဲ့ကိုလည်း စိတ်နာသည်။ သင့်ပဏ္ဏာ ဆိုတဲ့ မိန်းမကိုလည်း မုန်းတီးသည်။ ဒီမိန်းမရဲ့ အမေက မာမှီရဲ့အစ်ကိုကို သိမ်းပိုက်ခဲ့သည်။ အခု သမီးက သူမအနားမှ အစဉ်ကျိုးနွံစွာ ရှိခဲ့သူကိုတောင် ဆွဲယူ ထုတ်သွားသည့်အဖြစ်က

ဘွဲ့ဂုဏ်ထူး ရှင့်ကို ကျွန်မ သိပ်နာကျည်းသွားပြီ။

အဲဒီအတွက် ရှင် တစ်ခုခုတော့ ပြန်ပေးဆပ်ရလိမ့်မည်။

သိက္ခာတရားတွေ ကြီးမြတ်ပါတယ်ဆိုတဲ့ ရှင့် ကြွေးကြော်မှုတွေ တန်ဖိုးမဲ့သွားအောင် ကျွန်မ လုပ်ပြမယ်။

ခံနိုင်ရည်ရှိအောင် ကြိုးစားထားပါ ဘွဲ့ဂုဏ်ထူး။

■ ■ ■

## အခန်း (၂၇)

ကိုယ့်အခန်းဆီ အဝတ်အစားလဲဖို့ ဝင်ခါနီးမှပဲ ရေချိုးခန်းထဲ ... လက်ပတ်နာရီ ကျန်ရစ်ခဲ့တာကို သတိရတော့သည်။

ဒီနေ့ အိပ်ရာထ နောက်ကျပါသည်ဆိုမှ အရာရာနှင့် အကြောင်း ... ကြောင်းတွေပဲ ကြုံနေရသည်။ ရေချိုးခန်းထဲအထိ လက်ပတ်နာရီကို ... တ်တဲ့ ပါလာ၏။ အခုလည်း ရေချိုးခန်းထဲမှာ မေ့ကျန်ခဲ့ပြန်ပြီ။

"ငါကွာ ပြဿနာပဲ"

ကိုယ့်ကိုကိုယ် မကျေမနပ် ရေရွှတ်မိရင်း အဝတ်အစားတောင် ... နိုင်သေးဘဲ ကိုယ်မှာ သဘက်စောင်ပတ်လျက်က ပြန်လှည့်ထွက်ခဲ့ရ၏။

ရေချိုးခန်းတံခါး လက်ကိုင်ဘုလေးကို လှည့်ဖွင့်ရင်း အခန်းထဲ ... ဝင်လိုက်ပြီးမှ ဘွဲ့ မျက်လုံးတွေ ပြူးသွားရ၏။

ရေစိုလုံချည်ရင်လျားနှင့် ပဏ္ဏာ ကတော့ သူ့ကိုမမြင်ရှာ။ ... လျှော်နေရင်း မျက်ဝန်းတွေထဲ ဆပ်ပြာရည်တွေ မဝင်အောင် ... ထား၏။

တဒင်္ဂ မင်သက်ငေးကြည့်နေပြီးမှ သူ ပြန်လှည့်ထွက်ဖို့ အပြင် ... ပဏ္ဏာ မျက်ဝန်းလေး ဖွင့်ကြည့်လာ၏။

"အို ဘွဲ့"

သူမ မမြင်ခင် အပြင်ကို ပြန်ထွက်ဖို့ ကြိုးစားမှုတွေ ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com



သွားကာ သူ့ မျက်နှာကြီး ထူပူစွာနှင့် ကသောကမျော တောင်းပန်ရ၏။

"ဆောရီး ပဏ္ဏာ မင်း ရေချိုးခန်းထဲမှာ မရှိဘူး ထင်လို့"

"ဟို ဟို အ အား"

သူမလည်း မျက်နှာလေး ရဲရဲနီကာ မျက်လုံးတွေ ကြောင်တက်ကြည့်နေမိတာမို့ ခေါင်းက ရှန်ပိုတွေ မျက်လုံးတွေထဲ စီးဝင်ကာ စပ်ဖျဉ်းသွားခဲ့၏။ မျက်လုံးတွေကို ချက်ချင်း ကျစ်ကျစ်ပါအောင် မှိတ်ပြီး လက်က ရေကန်ဘောင်လေးပေါ်က ရေခွက်ကို စမ်းယူသည်။

ပဏ္ဏာ စမ်းနေသော လက်တွေက ရေခွက်ရှိနေသော နေရာနှင့် တခြားစီ ဖြစ်နေတာမို့ သူ မနေနိုင်တော့ဘဲ ရေခွက်ကို လှမ်းယူပြီး ကိုယ်တိုင် ရေတစ်ခွက် ခပ်ယူလိုက်၏။

ပြီးတော့ ပဏ္ဏာ လက်ထဲ ရေခွက်ကို လှမ်းထည့်ပေးရင်း

"ရေခွက်က ဒီမှာ ပဏ္ဏာ၊ မင်းမျက်နှာတွေ သစ်လိုက်"

သူ ကမ်းပေးသော ရေခွက်ထဲက ရေနှင့် ပဏ္ဏာ မျက်နှာကို ကသောကမျော သစ်သည်။ ရေကုန်သွားတော့ နောက်တစ်ခွက် ခပ်ယူကာ ပြောင်စင်အောင် သစ်လိုက်ရသေး၏။

ပြီးမှ ပဏ္ဏာ မျက်လုံးလေးတွေ ပွင့်လာပြီး သူ့ကို ရှက်ရွံ့စွာ စိုက်ကြည့်ရင်း

"ဘွဲ့ အနောက်က သဘက်လေး တစ်ဆိတ်လောက် ယူပေးပါ ရှင်"

သည်တော့မှ သဘက်တင်ထားသော တန်းလေးက သူ့အနီး ရှိနေတာ သတိရတာ သူ လှမ်းယူပေးရင်း

"ကိုယ့်နာရီ ကျန်ခဲ့လို့ မင်းအထဲမှာ ရှိနေမှန်း မသိလိုက်ဘူး ကိုယ် တောင်းပန်ပါတယ်နော် ပဏ္ဏာ"

ထူထူပူပူနှင့်ပဲ သူ ထပ်တောင်းပန်မိသည်။ ပဏ္ဏာက သဘက်



လေးကို မလုံမခြုံသော သူမ ရင်ညွန့်လေးတွေ ကွယ်သွားအောင် သွားတင်ရင်း

"ပ ပဏ္ဏာလည်း တံခါးလော့ကျအောင် မပိတ်လိုက်မိဘူး ထင်တယ်"

"ရ ရတယ် မင်း ဆက်ချိုးပါ၊ ကိုယ် တကယ်တောင်းပန်ပါတယ် နော်"

တုန်တုန်ယင်ယင် ပြောပြီး သူ ရေချိုးခန်းထဲက ပြန်ထွက်ခဲ့ရ၏။ သူ့မျက်နှာကြီးသည် အခုချိန်ထိ ထူပူနေတုန်း ရှိသည်။

တကယ့်ကို ဆိုးလိုက်သည့်အဖြစ်။ သင့်ပဏ္ဏာရဲ့ မျက်နှာလေး ရဲရဲနီရှက်နေတာကို အခုမှပဲ ပြန်မြင်ယောင်မိသည်။ သူ့ခမြာ ရှက်သွားမှာ သေချာ၏။ ရှန်ပိုတွေလည်း မျက်လုံးတွေထဲဝင်ကာ ဝေဒနာ ခံစားလိုက်ရသေး၏။

ရင်ထဲမှာ စိတ်မကောင်းခြင်းတွေနဲ့ အခန်းထဲ ရောက်တဲ့အထိ သူ သနားနေမိဆဲ ရှိသည်။

သူမကို မျက်နှာချင်းဆိုင်ဖို့တောင် ခက်ခက်ပါပဲ။ မဆင်မချင်နဲ့ တံခါးကို အလောတကြီး ဆွဲဖွင့်လိုက်မိတာ ကိုယ့်အပြစ်။

အဝတ်အစား လဲပြီးတော့မှ နာရီလည်း ပြန်မယူခဲ့ဖြစ်တာ သတိရပြန်သည်။ ရေချိုးခန်းဆီ နောက်တစ်ခေါက် မပြန်ရဲတော့တာမို့ ကော်ဖီခန်းဆီ ထွက်ခဲ့၏။

"ဟော လာ မောင်ဘွဲ့ သားနဲ့ပဏ္ဏာတို့ စားဖို့ ဒေါ်သွက် မုန့်ဟင်းခါး ဝယ်ထားတယ်"

စားပွဲပေါ်မှာ အသင့်ပြင်ဆင်ထားသော မုန့်ဟင်းခါး ပွဲနှစ်ပွဲကို ကြည့်ကာ သူ ဝင်ထိုင်လိုက်သည်။

မနက်တိုင်း ကော်ဖီပိုင်းမှာ အတူ ဆုံ ကော်ဖီသောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စကားတွေပြောဖြစ်ကြပေမယ့် ဒီမနက်တော့ ပဏ္ဏာနှင့် မျက်နှာချင်းဆိုင်ဖို့ သူ မဝံ့မရဲ ဖြစ်နေ၏။

ပဏ္ဏာကလည်း သူ့လိုပဲ ရင်ဆိုင်ဖို့ ခက်နေဟန် တူ၏။ သူ စားပြီးချိန်အထိ ကော်ဖီဝိုင်းဆီ ရောက်မလာပါ။

"ဒီနေ့ သမီး ပဏ္ဏာလေး နောက်ကျလိုက်တာ"

ဘာမှ မသိရှာဘဲ ဒေါ်ညွှန့်က ပြောနေသေး၏။ သူ ကော်ဖီကို တစ်ကျိုက်တည်း မော့သောက်ပြီး ထရပ်လိုက်ရင်း

"ကျွန်တော် သွားတော့မယ် ဒေါ်ညွှန့်၊ နည်းနည်းနောက်ကျနေလို့"

"အေး အေး မောင်ဘွဲ့"

ကော်ဖီဝိုင်းက ခပ်သုတ်သုတ် ထွက်ခဲ့သည်။ ဧည့်ခန်းဝ ရောက်တော့ ပဏ္ဏာနှင့် ထိပ်တိုက်ကြီး ဆုံနေပြန်၏။

ယူနီဖောင်းလဲပြီးနေသော ပဏ္ဏာကို သူ မျက်နှာချင်းမဆိုင်ဝံ့ဘဲ ခြေလှမ်းတွေတောင် တွန့်ခနဲ ဖြစ်သွားသည်။

"ဘွဲ့ ဒီမှာ နာရီ"

"ဟင် အင်း ကျေးဇူးပဲ ပဏ္ဏာ"

ပဏ္ဏာ ကမ်းပေးနေသော နာရီကို လှမ်းယူရင်း မျက်နှာလေးကို သူ မဝံ့မရဲ ကြည့်မိ၏။ ပဏ္ဏာ ကိုယ်တိုင်လည်း မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ် ခပ်ကာ သူနှင့်အကြည့်ချင်း မဆုံအောင် ရှောင်နေ၏။

"ပဏ္ဏာ"

"ဟင်"

"စောစောကကိစ္စအတွက် ကိုယ် ထပ်တောင်းပန်ပါတယ် ဟို"

"ရပါတယ်ဘွဲ့ မတော်တဆ ဖြစ်တဲ့ကိစ္စပဲ၊ ပဏ္ဏာ နားလည်ပါတယ်၊ ဒီကိစ္စကြီးကို မေ့ထားလိုက်တာ ကောင်းမယ်"



"အင်း ကိုယ် သွားတော့မယ်"

ပြောပြီး ခြေလှမ်းတို့ကို ဆင်ဝင်အောက်က ကားဆီ လှမ်းခဲ့မိပေမယ့် စိတ်အာရုံက သူမဆီမှာ ကျန်ရစ်ခဲ့သလိုပါပဲ။

ကိုယ့်မှာသာ အားလည်းနာ၊ ရှက်လည်းရှက်ပြီး အခါခါ တောင်းပန်နေမိခဲ့သည်။

ဒီလို တောင်းပန်နေတာကပဲ သတိရအောင် အခါခါ ပြောသလို ဖြစ်နေစေတာ သတိမထားမိခဲ့။

ကိုယ့်အဖြစ်ကို တွေးကာ တစ်ယောက်တည်း ပြုံးမိပြန်သည်။ တိုက်ဆိုင်မှုဆိုပေမယ့် ဒီအဖြစ်ကို မေ့ပစ်ဖို့ဆိုတာ တော်တော့ခက်မှာ သေချာနေသည်။

မျက်ဝန်းထဲမှာ ပဏ္ဏာရဲ့ အရှက်သွေးစို့ဖြိုဖြင့် ရဲနေသော မျက်နှာလေးက အရိပ်ထင်နေဆဲ။

ထိုအချိန်တုန်းက ရင်ခုန်ဖို့ မေ့နေသော သူ ကိုယ်တိုင် ပြန်တွေးမိတော့မှ ရင်က တလှပ်လှပ် တုန်ချင်နေသည်။ ပဏ္ဏာ ကိုယ်တိုင်လည်း သူ့လိုပဲ ခံစားနေခဲ့သလား။

တွေးမိရင်း ရင်မှာ ကျေနပ်ကြည်နူးခြင်းတွေနဲ့ လှိုက်ဖိုသွားခြင်းက ဘာကြောင့်မှန်း မသိ။

ဒီလို ခံစားမှုမျိုး နေရီနဲ့တုန်းက သူ မခံစားရတာ အမှန်ပဲဖြစ်၏။ အသေအချာ ပြန်တွေးကြည့်လေလေ သူ ချစ်သည်ဟု ဆိုခဲ့သော အချိန်ထိလည်း ချစ်သူ ရည်းစားအဖြစ် မတင်မကျ ရှိနေဆဲ နန်းနေရီသည် ရင်ထဲမှာ ပျောက်ဆုံးသလောက် ရှိနေ၏။

ဒါ သင့်ပဏ္ဏာ ကြောင့်လား။

အခြေတစ်ခုကိုတော့ သူ တွေဝေစွာ စဉ်းစားနေမိတာ သေချာပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဒီနေ့ နေရီ အခုထိ ရောက်မလာသေးဘူး"

အမြဲတမ်း ကိုးနာရီ မထိုးခင် ဆိုင်ကို ပုံမှန်ရောက်တတ်သော နေရီ ရောက်မလာသေးတော့ ရွှေမောင် သူ့ကိုပြောသည်။

"ရောက်မလာတာ ကောင်းတာပေါ့ကွာ၊ တစ်ရက်တလေ နားအေးပါးအေး နေခွင့်ရတာပေါ့"

သူ့စကားကြောင့် ရွှေမောင် မျက်မှောင်ကြီးကုပ်ပြီး ကြည့်သည်။ သူ မမြင်ဟန်ဆောင်ရင်း စားပွဲမှာ လက်နှစ်ဖက်တင်ပြီး ခန္ဓာကိုယ်ကို ကိုင်းညွှတ်ထိုင်လိုက်သည်။

ရွှေမောင်က သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ရင်း သူ့မျက်နှာကို ဇွတ်ပိတ်တိုက် ရင်ဆိုင်ကြည့်သည်။

"မင်းကို ငါ မေးချင်နေတာ ကြာပြီ ဘွဲ့"

နေရီနှင့်ပတ်သက်သော မေးခွန်းတွေပဲဖြစ်မှာ သူ သိနေတာမို့ စိတ်တော့ညစ်သွားမိသည်။ ရွှေမောင်ကတော့ သူ့ခံစားချက်ကို မမြင်ဘဲ မေးခွန်းတွေ ထုတ်တော့၏။

"မင်း နေရီအပေါ် ဆက်ဆံပုံက အရင်ကနဲ့ လုံးဝ ခြားနားတယ်၊ မင်း ဘာဖြစ်နေတာလဲ ဘွဲ့"



"ငါ ဘာဖြစ်လို့လဲ ပုံမှန်အတိုင်းပဲ"

"လုံးဝ မဟုတ်တာ သေချာတယ် ဘွဲ့၊ မင်းအပြုအမူတွေကို ငါ အကဲခတ်နေတာ ကြာပြီ"

ရွှေမောင် အနိုင်အမာ ပြောဏ်။ တွဲလာသည့် သူငယ်ချင်းတွေမို့ သူ့အကြောင်း ဒီကောင် ကောင်းကောင်း သိတာမှန်သည်။ ပြီးတော့ သူ့ရဲ့ပြောင်းလဲမှုတွေက ဟန်ဆောင်ထားခဲ့တာလည်း မဟုတ်တော့ ညာလို့မရ။

"ငါ ပွင့်ပွင့်လင်းလင်း မေးမယ် ဘွဲ့၊ မင်း နေရီကို ခွာဖို့ ကြိုးစားနေတာလား"

"ငါ့ပုံစံက အဲဒီလောက်အထိ ဖြစ်နေလို့လား ရွှေမောင်"

"ငါ့အမြင်မှာတော့ အဲဒီထက်တောင် ဆိုးတယ်၊ အရင်က မင်းနဲ့နေရီ ပုံစံနဲ့ အခုပုံစံက လုံးဝ ဆန့်ကျင်ဘက်ကြီး ဖြစ်သွားတာ၊ အရင်က မင်း နေရီကို အမြဲတမ်း ခွင့်လွှတ်သည်းခံပေးတဲ့ကောင်၊ အခု မင်းနဲ့နေရီက ပြောင်းပြန်ဖြစ်သွားပြီ"

"ဒါတော့ ငါ အမြဲသည်းမခံနိုင်တော့ဘူးလေကွာ"

"နေရီဘက်က ဒီလောက်အထိ အလျှော့ပေးနေတာကို မင်းက ရှောင်တိမ်းဖို့ ကြိုးစားနေတာ ဘာကြောင့်လဲ၊ အဲဒါကို ငါ သိချင်တာ"

သူ့အဖြေစကားကို နားစွင့်နေသော ရွှေမောင်ကို သူ ပြန်စိုက်ကြည့်နေတုန်းမှာ စားပွဲပေါ် တင်ထားသော သူ့ဟန်းဖုန်းလေးက ထမြည်သည်။

သူ ကောက်ယူကြည့်တော့ နေရီဆီက ဆက်သွယ်လာတာဖြစ်သည်။

"ဘွဲ့လား"

"ဟုတ်တယ် နေရီ"

www.burmeseclassic.com

www.burmeseclassic.com



"တို့ ဒီနေ့ ဆိုင်မလာဖြစ်ဘူး ဖုန်းဆက်တာ"

"သြော် အင်း ရပါတယ်နေရီရဲ့၊ နေ့တိုင်းကြီး နေရီ ဘယ်လာနိုင်မှာလဲ နားချင်နားပါ"

"နားချင်တာ မဟုတ်ဘူး ဘွဲ့၊ တို့ နေမကောင်းဖြစ်နေလို့"

"နေမကောင်းဘူးလား ဒါဆို နေရီ သက်သာတဲ့အထိ နားပါ၊ သက်သာမှပဲ လာပေါ့"

"ဘွဲ့"

"ပြောပါ နေရီ"

"ကိုယ့်ချစ်သူ တစ်ယောက်လုံး နေမကောင်းတာတောင် ဘွဲ့ ပူပန်စိတ်လေးနဲ့မေးဖော် မရဘူးနော်"

"အာ နေရီကလည်း ကိုယ် အခုမှ သိတာလေ"

"ဘွဲ့ ဘွဲ့တို့အပေါ် ပြောင်းလဲနေတာ တို့ သိတယ်"

နေရီ စွပ်စွဲချက်ကို သူ ခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်နေမိတော့ ရှေ့မှာ သူ့ကို စိုက်ကြည့်နေသော ရွှေမောင်ကလည်း တိတ်ဆိတ်ငေးမော ကြည့်နေဆဲ။

"ဘာပဲဖြစ်ဖြစ် တို့ ဘွဲ့ကို နားလည်ပါတယ်၊ ဘွဲ့ကို တို့က သိပ်ချစ်မိတာကိုး၊ ဘွဲ့ဆီက အရင်ကလို ကြင်နာယုယမှုမျိုး တို့ အမြဲတမ်း မျှော်လင့်နေမှာပါ"

နေရီ တောင်းပန်သံစွက်သော စကားတွေကို ကြားနေရပေမယ့် သူ ရင်ခုန်သံက အေးစက်နေတာ အမှန်။ သူ့လုပ်ရပ်တွေက နေရီကို နှိပ်စက်နေသလို ဖြစ်နေခဲ့ပြီလား။

"တို့ နေကောင်းတာနဲ့ ဘွဲ့ဆီ ရောက်လာမှာပါ ဒါပဲနော် ဘွဲ့"

နေရီ ဖုန်းလေးပိတ်သွားမှ သူ ပင့်သက်ရှိုက်ရင်း ဖုန်းကို



...တ်ကာ စားပွဲပေါ် ပြန်တင်လိုက်၏။

"နေရီဆီက မဟုတ်လား"

"အေး သူ နေမကောင်းလို့ မလာချင်တဲ့ အကြောင်း ပြော ...တာ"

"အင်း နေရီကိုကြည့်ပြီး ငါတို့တောင် သနားလာတယ် ဘွဲ့၊ ...င်း ဆက်ဆံနေပုံတွေက မဟုတ်သေးဘူး။ ဘာလဲ မင်း တခြားတစ် ...ာက်အပေါ်မှာ အာရုံရောက်နေတာလား ဘွဲ့"

ရွှေမောင် အမေးစကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားတာ ...န်။ အာရုံထဲမှာ ဖျပ်ခနဲ မြင်လိုက်မိတာ ပဏ္ဏာရဲ့မျက်နှာ။

"မင်း ဝန်မခံချင်လည်း ရတယ် ဘွဲ့၊ မင်းဘက်က ငါ မေးတဲ့ ...ခွန်းအတွက် သေချာတဲ့အဖြေရှိနေတယ်ဆိုရင် မင်း နေရီကို စိတ်ညစ် ...အောင် မလုပ်သင့်ဘူး၊ တနွံနွံ ညှင်းနေရာထက်ဆာရင် ယတိပြတ် ...တ်လိုက်ကွာ၊ ဒါဆို နေရီလည်း တစ်ခါပဲ ခံစားနာကျင်ရမယ်"

သူ ခွန်းတုံ့မပြန်နိုင်ခဲ့ပါ။ ရွှေမောင်က သူ့ကို စိတ်ပျက်သလို ...င်းခါပြီး စားပွဲက ထထွက်သွားခဲ့သည်။

သူ တစ်ယောက်တည်း ထိုင်ခုံမှာ ငိုင်တွေစွာ ကျန်ခဲ့သည်။

သူ့အဖြစ်က လမ်းနှစ်ဖက်ပေါ်မှာ ခြေတစ်ချောင်းစီ ထောက် ...ာ ရပ်နေသူလို ဖြစ်နေပြီလား။

တစ်ခုခုကို ရွေးချယ်ဖို့အတွက် သူ ဘာကို တွန့်ဆုတ်နေခဲ့တာ ... အချစ်ကို ရွေးချယ်ဖို့အတွက် နှလုံးသားက ခံစားချက် အမှန်ကိုတော့ ... အဖြေထုတ်သင့်နေပြီ။

နေရီလား သင့်ပဏ္ဏာ လား။

ပွင့်လင်းစွာ ဆုံးဖြတ်ဖို့တော့ သူ သတ္တိရှိသင့်နေပြီ ထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သူ အိမ်ပြန်ရောက်တော့ လေးနာရီထိုးစပဲ ရှိသေးသည်။ ပဏ္ဏာကတော့ ပြန်မရောက်သေးပါ။

သည်တစ်ရက် နှစ်ရက်မှာ သူနှင့်ပဏ္ဏာ ထိပ်တိုက် မျက်နှာချင်းဆိုင် မဆုံဖြစ်တာတော့ အမှန်။ ရေချိုးခန်းထဲက ကိစ္စကြီးက ပဏ္ဏာနှင့်ဆုံတိုင်း သူ့အာရုံထဲ ဝင်လာတတ်သည်။

သင့်ပဏ္ဏာလည်း သူ့လိုပဲ ရှက်ရွံ့ရွံ့နှင့် တွန့်ဆုတ်နေမှာ သေချာသည်။ မဆုံမဖြစ် ထမင်းဝိုင်းမှာ ဆုံကြတော့လည်း အရင်ကလို စကားတွေဖောင်ဖွဲ့ဖို့ ခက်သလိုလို ဖြစ်နေ၏။

စားသောက်ပြီးလျှင် သူ ဧည့်ခန်းမှာထိုင်ကာ တီဗွီကြည့်ဖြစ်ပေမယ့် သင့်ပဏ္ဏာက ဒေါ်ညွှက်နှင့် မီးဖိုထဲမှာ ကူညီသိမ်းဆည်းပေးနေတတ်၏။ ပြီးတော့ ဧည့်ခန်းထဲတောင် ရောက်မလာဘဲ သူမ အခန်းထဲ တန်းဝင်သွား၏။

မနက်ဆိုလျှင်လည်း သင့်ပဏ္ဏာ သူ့ကိုရှောင်တိမ်းနေသလို သူ ခံစားရသည်။ ကော်ဖီဝိုင်းမှာတောင် ဆုံခဲ့သည်။

သည်လို အခြေအနေတွေ ကြုံလာတော့ သူ့ရင်ထဲမှာ တစ်စ



တစ်ရာကြီး လစ်ဟာနေသလို ခံစားရသည်။ တစ်အိမ်တည်း အတူရှိနေတာ် ရင်ဆိုင်ဖို့ ခက်ခဲနေတာကြီးကို သူ အလိုမရှိပါ။

ဒါကြောင့်လည်း ရေမိုးချိုး အဝတ်အစားလဲပြီးတော့ သူ ခြံထဲက ဆင်းပြီး စောင့်မိသည်။

မထင်မှတ်ဘဲ တိုက်ဆိုင်စွာ ဖြစ်ခဲ့သော ကိစ္စတစ်ခုအတွက် အနေစိမ်းသွားတာ သူနဲ့ပဏ္ဏာကြားမှာ မဖြစ်စေချင်။ ဖေဖေတို့ ပြန်လာချိန်အထိ ဒီအခြေအနေအတိုင်း ဖြစ်နေလျှင် ပိုဆိုးတော့မည်။

ပဏ္ဏာကို သူ ကိုယ်တိုင်ပဲ နှုတ်ဆက်စကားပြောကာ အရင်လို နွေးထွေးမှုမျိုး ပြန်ရယူရမည်။

လေးနာရီခွဲကျော်ကျော်လောက်မှာ ပဏ္ဏာ ပြန်ရောက်လာသည်။ ဒါပေမဲ့ မထင်မှတ်သော မြင်ကွင်းနှင့်ဖြစ်သည်။ ပရာဒိုကားအဖြူလေးနှင့် ပဏ္ဏာ ပြန်လာမည်ဟု သူ မထင်မှတ်ထားပါ။

အံ့သြမယုံနိုင်စွာဖြင့် သူ ရပ်ကြည့်နေတုန်း ကားတံခါးဖွင့်ဆင်းလာတာ ပဏ္ဏာ တစ်ယောက်တည်း မဟုတ်ဘဲ လူရွယ်တစ်ဦးပါသည်။ ကားတံခါးနားမှာပဲရပ်ကာ နှစ်ဦးသား ရယ်ရယ်မောမော စကားပြောနေကြပုံက ရင်းနှီးကျွမ်းဝင်သည့် အနေအထား။

ဘာကြောင့်မှန်းမသိ ဝန်တိုစိတ်က သူ့ရင်ထဲကို တိုးဝင်လာသည်။ လည်ကတုံးရှပ်ဖြူနှင့် အနက်ရောင် ယောပုဆိုးကို ဝတ်ဆင်ထားသော လူရွယ်ကို သူ အသေအချာ ကြည့်မိ၏။

ဆံပင်ကတိုတို သပ်သပ်ရပ်ရပ်နှင့် အသားက လတ်ပြီး သောက်ျားပီသ ချောမောသူတစ်ယောက်ပါပဲ။ သူ့ထက်တော့ အသက်တစ်နှစ် နှစ်နှစ်ခန့် ကြီးပုံရှိသည်။

သူ ကြည့်နေတုန်းမှာ နှုတ်ဆက်ပြီး ထိုလူကားပေါ် ပြန်တက်သွားခဲ့သည်။ ပဏ္ဏာက ခြံထဲဝင်မလာသေးဘဲ ကားလေး မောင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်အထိ ရပ်စောင့်ပြီးမှ ဝင်လာ၏။

စလင်းဘတ်လေး တစ်ဖက် ဖိုင်တွဲတစ်ထပ် ပိုက်လျက် ... လှမ်းမှန်မှန်နှင့် လျှောက်လာသော ပဏ္ဍာရဲ့ အသွင်က မပြောင်းလဲ... မယ့် သူ အကဲခတ်စိုက်ကြည့်နေမိ၏။

သူ့ကိုမြင်တော့ ပဏ္ဍာ နှုတ်ခမ်းလေးတွေ လှုပ်လှုပ်ပပလေး ပြ... ရိပ်သမ်းသွားကာ နှုတ်ဆက်သည်။

"ဘွဲ့ ပြန်ရောက်နေပြီလား"

"အင်း ဓလေးနှစ်ရီလောက်ကတည်းက ပြန်ရောက်တာ ပဏ္ဍာ... ဒီနေ့ ဖယ်ရီပျက်လို့လား"

"ဟင့်အင်း မပျက်ပါဘူး။ လမ်းကြုံလို့ ကိုစကြာ လိုက်ပို့တာ"

စကြာ ဆိုသော အမည်ကို ပဏ္ဍာ ထည့်ပြောတာမို့ သူ မျက်... မှောင်ကြီး ကုပ်သွားခဲ့သည်။

"စောစောက လိုက်ပို့ပေးတဲ့ ပုဂ္ဂိုလ်လား"

"ဟုတ်တယ် ကိုမင်းစကြာ တဲ့၊ ပဏ္ဍာ အထက်က အရာ... တစ်ယောက်ပါ၊ လမ်းကြုံလို့ သူ လိုက်ပို့ပေးတာ"

သူ ဘာမှမပြောနိုင်ဘဲ ပဏ္ဍာကိုပဲ ငေးစိုက်ကြည့်နေမိ... ပဏ္ဍာက ညာဘက်လက်မှာ ပိုက်ထားသော ဖိုင်တွဲတွေကို ဘယ်ဘ... လက် ပြောင်းလွှဲပိုက်ယူရင်း

"ပဏ္ဍာ ရေချိုးလိုက်ချင်လို့"

"အင်း သွားလေ ကိုယ် ချိုးပြီးပါပြီ"

သူ့စကားကြောင့် ပဏ္ဍာ ပါးပြင်လေး ပန်းရောင်ထင်သွား... တကယ်ဆို သူ့နှုတ်က ရိုးသားစွာပဲ ပြောလိုက်မိတာ ဖြစ်ပေမယ့် တိ... ဆိုင်မှုကို ပြန်အစဖော်ပေးသလို ဖြစ်သွားသည် ထင်၏။

ပဏ္ဍာ လှည့်ထွက်သွားတာကြည့်ရင်း သူ ပင့်သက်ရှိုက်မိပြန်...



...ခင်းစကြာ ဆိုသော ထိုလူမျက်နှာကို ပြန်မြင်ယောင်လာ၏။

ပဏ္ဍာတို့ အထက်က အရာရှိတစ်ယောက်တဲ့လား။ ရင်းနှီး... ကျွမ်းဝင်မှုနှင့် ထိုပုဂ္ဂိုလ် မျက်ဝန်းတွေ အမြုံးတွေက ပဏ္ဍာအပေါ်မှာ ...မိုလွှမ်းနေသည် ထင်မိသည်။

သူ ထင်ထားတာထက် ပိုလွှမ်းနေခဲ့ရင်

အတွေးနဲ့တင် ရင်ထဲမှာ လစ်ဟာ ဝမ်းနည်းသွားသည်။ ပဏ္ဍာ... မှာ ချစ်သူရည်းစား ရှိနေခဲ့ပြီလား။ ဒါဆိုရင်တော့ သူ ကြေကွဲခံစားရမှာ သေချာ၏။

ကိုယ် နောက်မကျပါရစေနဲ့ ပဏ္ဍာရယ်။

■ ■ ■

ထမင်းဝိုင်းမှာ ပဏ္ဍာနှင့်သူဆုံပေမယ့် စကားမပြောဖြစ်ဘဲ ကိုယ်စီ စားနေမိကြ၏။ ဒေါ်ညှက်က လိုအပ်တာတွေ စီစဉ်ပေးရင်း အနားမှာရှိနေတာမို့ သူ စကားပြောခွင့် ခက်နေ၏။

ကိုယ့်ရှေ့က ထမင်းပန်ကန်ထဲကို ခပ်စားနေရပေမယ့် သူ့ အာရုံက မရှိဘဲ ပဏ္ဍာဆီပဲ ရောက်နေ၏။

ဒေါ်ညှက် ဘေစင်လေးဘက် လှည့်ထွက်သွားမှ ပဏ္ဍာကို သူ ခပ်တိုးတိုး ပြောမိ၏။

"ပဏ္ဍာ ပြီးရင် ခြံထဲခဏ ဆင်းခဲ့ပါလား"

ပဏ္ဍာ ခေါင်းလေးမော့ကာ တအံ့တသြလေး ကြည့်၏။ ပြီးမှ ခေါင်းလေးညိတ်ပြသည်။ ရင်ထဲမှာ ကျေနပ်သွားတာမို့ စားလက်စ ထမင်း ...ကိုတောင် ဆက်စားလို့မရအောင် သူ့ရင်တွေ ပြည့်နေခဲ့၏။

"ဟင် မောင်ဘွဲ့ ဝပြီလား"

"ဟုတ်တယ် ဒေါ်ညှက် အိမ်အပြန် ရွှေမောင်တို့နဲ့ ...ချက်တစ် ...ခွဲ ဝင်စားထားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်ပဲ လိမ်ညာကာ သူ ထမင်းဝိုင်းလေးက ထထွက်ခဲ့တော့ ပဏ္ဍာ ငေးငေးလေး ကြည့်ကျန်ရစ်ခဲ့သည်။

ခြံထဲက ခုံတန်းလေးဆီ သူ တစ်ယောက်တည်း ဆင်းခဲ့သည်။ ပဏ္ဍာ ရောက်မလာသေးခင်ကတည်းက ရင်တွေက တလှပ်လှပ် ဖြစ်နေ၏။

ပဏ္ဍာကို ပြောဖို့ သူ့ရင်ထဲမှာ စကားလုံးတွေက အပြည့် ဖြစ်နေခဲ့၏။ ပဏ္ဍာ ကြားလျှင် အံ့သြသွားခဲ့မည်လားတောင် မသိပါ။

သင့်ပဏ္ဍာ ဆိုသော မိန်းမတစ်ယောက်ကို သူ့နှလုံးသားက မြတ်နိုးစွာ ချစ်ခင်သွားခဲ့မည်ဆိုတာ သူ ကိုယ်တိုင်လည်း မယုံခဲ့။ မတွေးခဲ့ဘူးပါ။ ဒါပေမဲ့

ညနေက ပဏ္ဍာနှင့်အတူ သူစိမ်းယောကျ်ားတစ်ယောက်ကို ယှဉ်တွဲမြင်လိုက်ရချိန်မှာ သူ တကယ်ပဲ ရင်ထဲမှာ ခံစားလိုက်ရသော ဝေဒနာက အဖြေပါပဲ။

ပဏ္ဍာ့ကို သူ ဆုံးရှုံးရမှာ ကြောက်သည်။ တစ်ပါးသော ယောကျ်ားတစ်ယောက်နှင့် ပိုင်ဆိုင်သွားမှာ စိုးသည်။ ပြီးတော့ နေ့ထက် ပိုမိုသော သံယောဇဉ်တွေနှင့် ပဏ္ဍာအပေါ် နှောင်တွယ်နေခြင်းက

ချစ်ခြင်းတရားပဲ ဖြစ်လိမ့်မည်။ ဒါကို ပဏ္ဍာ သိအောင် သူ ဖွင့်ပြောမှ ဖြစ်တော့မည်။

မျက်လုံးထဲမှာ အရိပ်တစ်ခုကို ရိပ်ခနဲ မြင်မှ အတွေးတွေထဲက သူ လန့်နိုးမိ၏။

သူရှိရာ သစ်ပင်အောက်က ခုံတန်းလေးဆီ လှမ်းလာသော ပဏ္ဍာ ပုံရိပ်လေးက ငေးလောက်အောင် လှပလွန်းနေသည်။ ပန်းနုရောင် ခါးစည်းဂါဝန်ရှည်လေးက ခြေသလုံးတစ်ဝက်လောက်အထိပဲ ဖြစ်၏။

ဆံနွယ်တွေကို စည်းနှောင်နေမြဲအတိုင်း မျှော့ကွင်းလေးနှင့်



အနောက်မှာ စည်းနှောင်ထားတာမို့ ဝင်းညက်သော မျက်နှာလေးက ပေါ်လွင်စေသည်။

ဝင်းညက်နုဖတ်နေသော မျက်နှာလေးမှ အနက်ရောင် ကတ္တီပါ ခြေညှပ်ဖိနပ်လေးပေါ်က ခြေဖမိုးလေးတွေအဆုံး သူ တရှိုက်မက်မက် ငေးမောနေမိဆဲ။

"ဘွဲ့ တို့ကိုပြောစရာရှိလို့လား"

သူ့ရှေ့မှောက်မှာ နွဲ့နွဲ့လေး ရပ်ကာ ပဏ္ဍာ ဆိုတော့မှ သူ နစ်မျောနေသော အာရုံတွေကို သိမ်းဆည်းရင်း

"ဟုတ်တယ် ပဏ္ဍာ ခဏ ထိုင်ပါဦး"

ခုံတန်းလေးအစွန်းမှာ ပဏ္ဍာ ညင်သာစွာပဲ ဝင်ထိုင်သည်။ သင်းခနဲ ရှူရှိုက်ခွင့်ရသော ရနံ့လေးက နေရီဆီကလို အမွှေးရနံ့မျိုး မဟုတ်တာ သေချာ၏။

ဘေးတိုက်မြင်နေရသော မျက်နှာလေးက တစိမ့်စိမ့်ငေးကြည့်ချင်စရာကောင်းသည့်အလှတွေ ပိုင်ဆိုင်ထားသည်။

နဖူးပြေပြေလေးနှင့် မျက်ခုံးတန်းတန်းလေးအောက်က မျက်တောင်ကော့ကြီးတွေနှင့် မျက်ဝန်း။ နှာတံလေးက စင်းပြီး သွယ်သွယ်လေး ချွန်နေတာမို့။ နှုတ်ခမ်းလေးတွေ စိုလဲ့ပြီး မေးရိုးလေးက ပြေပြေဝန်းဝန်းလေး။

ဘာမှဆင်ယင်မထားသော လည်တိုင်နုနုလေးဆီက သွေးကြောစိမ်းလေးတွေက အလှတစ်ပါးလို ဖြစ်နေပြန်၏။

"ကိုယ် ပဏ္ဍာ့ကို ချစ်တယ်"

"ဟင်"

မရည်ရွယ်ပါဘဲ နှုတ်က ထွက်ခနဲ ထွက်သွားသော သူ့စကားကြောင့် ပဏ္ဍာ မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး လှည့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘွဲ့ ရှင်ဘာပြောလိုက်တယ်"

"ဟုတ်တယ် ပဏ္ဍာ ကိုယ် ပဏ္ဍာကို ချစ်နေမိတာ ဝန်ခံချင်လို့ပါ"

ဝိုင်းစက်နေဆဲ မျက်ဝန်းက မျက်တောင်ကြီးတွေ ဖျပ်ခနဲ ပုတ် ခတ်သည်။ ပြီးတော့ ပဏ္ဍာ ခေါင်းလေးကို ဖြည်းဖြည်းလေး ခါရမ်းရင်း

"ဘွဲ့ ရှင် ဘာဖြစ်နေတာလဲ၊ ရှင့်မှာ နန်းနေရီ ဆိုတဲ့ ချစ်သူ မိန်းကလေး ရှိနေတာ ရှင် မေ့မထားပါဘူးနော်"

"ဟင့်အင်း နေရီက ကိုယ့်ချစ်သူ တကယ်မဟုတ်ခဲ့ပါဘူး ပဏ္ဍာကသာ ကိုယ့်နှလုံးသားထဲက ချစ်မိတဲ့ ချစ်သူပါ"

သူ့ကို တုံ့ပြန်စိုက်ကြည့်နေသော မျက်ခုံးလေးတွေ တွန့်ခနဲ ဖြစ်သွား၏။ နှုတ်ခမ်းလေးတွေက ပြုံးလိုက်တာလား၊ မဲ့ကျသွားတာလား ခန့်မှန်းရခက်အောင် တစ်ခဏလေးပဲ ဖြစ်သည်။

"ဘွဲ့ ဘယ်လိုအရာက ရှင့်စိတ်တွေကို မှိုင်းဝေသွားစေတာလဲ၊ ဘာလဲ နန်းနေရီရဲ့အလှက ရှင့်အတွက် ရိုးအီသွားခဲ့လို့လား"

"ဟာ မင်း ဒီလိုမထင်ပါနဲ့ ပဏ္ဍာ"

"ဟုတ်တယ်လေ ရှင့်အနားမှာ နန်းနေရီ ရှိနေရက်နဲ့ ပဏ္ဍာကို ရှင် ဒီစကားပြောတာ ပဏ္ဍာ အံ့ဩမိတယ်"

"အဲဒါ မင်းမြင်နေတဲ့ အမြင်ပါ ပဏ္ဍာ၊ ကိုယ့်အနားမှာ ကိုယ့်ရင်ထဲမှာ တစ်ချိန်လုံး မင်းရှိနေတာ မင်းမမြင်နိုင်ခဲ့ဘဲ"

"ဘာလဲ ကျွန်မ ရှင့်ကို အဲဒီလောက် ညို့ငင်သလို ဖြစ်နေခဲ့သလား ဘွဲ့"

"လုံးဝ မှားတယ် ပဏ္ဍာ၊ မင်း ဘာမှမစွဲဆောင်ဘဲ ကိုယ် မင်းကို တွယ်ငြိနေခဲ့တာ၊ ဒါ အခုမှ မဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ မင်းရှိနေခဲ့တာ ကြာပြီ၊ ကိုယ်ကိုယ်တိုင်တောင် မသိနိုင်ဘဲ မင်းက ကိုယ့်ရင်ထဲ ဝင်နေခဲ့တာ၊ ညနေတုန်းက မင်းကို တခြားယောကျ်ားတစ်ယောက်နဲ့ မြင်တွေ့လိုက်ရချိန်မှာ မင်းကို ဆုံးရှုံးရမှာ ကိုယ် သိပ်ကြောက်သွားတယ်"



သူ့စကားတွေကို ပဏ္ဍာ နားထောင်ရင်း တိတ်ဆိတ်စွာ စိုက်ကြည့်နေဆဲ။

"မင်း အဲဒီလို သံသယတွေနဲ့ မကြည့်ပါနဲ့ ပဏ္ဍာရယ်၊ ကိုယ် မင်းကို ချစ်တာ ဘဝတစ်ခုလုံးအတွက်ပါ၊ ကိုယ့်နှလုံးသားအတွက် မင်းမရှိလို့ မဖြစ်ဘူး"

"ခဏလေး ဘွဲ့၊ နန်းနေရီအတွက်ကော ရှင် မေ့ပစ်ထားသလား"

"သူနဲ့ကိုယ် ချစ်သူတွေဖြစ်ခဲ့ကြတာ ကျောင်းတုန်းကပါ ပဏ္ဍာ၊ နေရီက ကျောင်းမှာ စတားတစ်ယောက်၊ အားလုံးက ကိုယ်နဲ့လိုက်ဘက်ညီတယ်လို့ သတ်မှတ်ကြတယ်၊ ကိုယ်ကလည်း သံယောဇဉ် ရှိခဲ့တယ်၊ အဲဒီမှာပဲ ဖွင့်ပြောရင်း ချစ်သူတွေ ဖြစ်ခဲ့ကြတာ၊ ဒါပေမဲ့ အသေအချာ ပြန်စဉ်းစားကြည့်မှ နေရီကို ကိုယ်ချစ်တာ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုတွေကြောင့်ပါ၊ ခုချိန်မှာ သူနဲ့ပတ်သက်ပြီး ကိုယ့်နှလုံးသားက ပုံမှန်အတိုင်းပဲ၊ သူငယ်ချင်းတစ်ယောက်ထက် မပိုတော့ဘူး"

သူ့ဖြေရှင်းချက်တွေကို ပဏ္ဍာ တည်တည်ငြိမ်ငြိမ်လေး နားထောင်နေခဲ့သည်။

"ပဏ္ဍာ မင်းကို ကိုယ်စတွေ့ကတည်းက ကြည့်မရခဲ့ဘူး၊ မင်းရဲ့ မာနတွေကို ထပ်တွေ့ရတော့ ပိုပြီး ခါးသီးခဲ့တယ်၊ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ မယုံနိုင်စရာပဲ ကိုယ် မင်းကို နှောင်တွယ်သွားခဲ့တာ၊ ဘာပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုမှမပါဘဲ မင်းကို ကိုယ်ချစ်ခဲ့တာပါ ပဏ္ဍာရယ်"

ရင်ထဲက ခံစားချက်တွေအတွက် အခုချိန်မှာ သူ့ရဲ့မာနတွေ

www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးကိုလည်း ခေါ်ချထားခဲ့သည်။ ဘွဲ့ဂုဏ်ထူး ဆိုသော ယောကျ်ား တစ်ယောက်ရဲ့မာနတွေ အချစ်အတွက်တော့ ကြွေဆင်းဖို့အသင့်ပါပဲ။

ဒါကို ပဏ္ဍာ နားလည်နိုင်ပါ့မလား။

"မင်းကို ကိုယ် လက်ထပ်ခွင့်ရစေ ပဏ္ဍာ"

"ဘွဲ့ ရှင့်စကားတွေက အဆင့်တွေ ကျော်နေပြီ"

"ပဏ္ဍာကို ကိုယ့်ဘဝတစ်ခုလုံးအတွက် ချစ်ခဲ့တာလေ၊ ပဏ္ဍာ ခေါင်းတစ်ချက်ပဲ ညိတ်"

သူ အလေးအနက် တည်ငြိမ်စွာ ဆိုတော့ ပဏ္ဍာ ငေးငေးလေး စိုက်ကြည့်နေရာမှ ပင့်သက်လေး ခိုးရှိုက်သည်။

"ပဏ္ဍာ ကိုယ့်စကားတွေအတွက် ပဏ္ဍာ အဲဒီလောက်အထိ ပင့်သက်ရှိုက်စရာ ဖြစ်သွားခဲ့လားဟင်"

"ဘွဲ့ရယ် ရှင်ဖော်ဆိုနေတာ ဘဝတစ်ခုလုံးနဲ့ ချီနေတဲ့ကိစ္စ ကြီးလေ၊ ပြီးတော့ ရှင်နဲ့နန်းနေရီရဲ့ အခြေအနေမှန်ကို ကျွန်မ သိချင် တယ်"

သူ တွေဝေသွားစေသော မေးခွန်းကို ပဏ္ဍာက မေးနေသည်။ ချက်ချင်းမဖြေနိုင်ဘဲ သူ ခဏ္ဍ အသွားခဲ့၏။

"ဘွဲ့ ရှင်နဲ့ နန်းနေရီ ချစ်သူတွေအဖြစ် ရှိနေတုန်းပဲ မဟုတ် လား"

"ကိုယ် မညာဘူး ပဏ္ဍာ၊ ကိုယ့်ဘက်က သူ့ကိုသူငယ်ချင်း တစ်ယောက်ထက် သံယောဇဉ် မပိုတော့ဘူး။ သူကတော့ ပြောင်းလဲသွား ပြီး ကိုယ့်အနားမှာ နေခွင့်ရဖို့ ကြိုးစားနေတယ်၊ အရင်တုန်းကဆို ကိုယ့်ကို အမြဲတမ်း အနိုင်ယူခဲ့တဲ့သူက အခုဆို အရာရာ သည်းခံခွင့်လွှတ် ပေးနေတယ်"

"ဒါဆိုရင် ရှင် သူ့ကို နားလည်ပေးသင့်တာပေါ့၊ ကိုယ့်ကို



ခွင့်လွှတ်ချစ်နေတဲ့ မိန်းမတစ်ယောက်ကို ရှင် အနိုင်မယူသင့်ဘူး"

"ဟင့်အင်း မင်းထင်သလို ကိုယ် မယုံကြည်ဘူး ပဏ္ဍာ၊ သူ ကိုယ့်ကို အခုလို ဆက်ဆံနေတာ သူ့ဆန္ဒအရင်းအမှန် မဟုတ်ဘူး။ သူ့ရဲ့ မာနတွေကို ကိုယ်အသိဆုံးပါ၊ သူ ပြောင်းလဲသွားတာ တစ်စုံတစ် ယောက်ရဲ့ ပယောဂကြောင့်ပဲ ဖြစ်ရမယ်"

"တစ်စုံတစ်ယောက်ရဲ့ ပယောဂ ဟုတ်လား"

"ဟုတ်တယ် မင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ် ပဏ္ဍာ"

"ဘယ်လို"

ပဏ္ဍာ မျက်လုံးလေးတွေ ဝိုင်းစက်ပြီး နားမလည်နိုင်သလို မေးသည်။ သူ့စကားက သူမကို ချာလည်သွားစေသည်ထင်၏။

"ဟုတ်တယ် နေရီက ကျောင်းမှာကတည်းက အလှမာန်ကော နေမာန်ပါ ဝင့်ထည်နေခဲ့တာ၊ သူ့အနားမှာ ဝိုင်းဝိုင်းလည်နေတဲ့သူတွေ အများကြီးထဲက ကိုယ်က သူ့အချစ်ကို ရခဲ့တာ၊ အဲဒီအတွက် သူ စိတ်ဆိုးစိတ်ကောက် အနိုင်ယူသမျှ ကိုယ်က ခွင့်လွှတ်ပေးခဲ့ရတယ်လေ"

"အဲဒီ ခွင့်လွှတ်စိတ်ကလေး အခု ဘွဲ့ ရင်မှာမရှိတော့ဘူးလား"

"မရှိတော့တာ ကြာပြီ၊ ကိုယ့်စိတ်အာရုံတွေ အားလုံး မင်းဆီ ရောက်သွားခဲ့တာ သူ သိတယ်၊ ဒီအတွက် သူ ခံရခက်ပြီး ကိုယ့်ကို ပြန်ချုပ်နှောင်ဖို့ ကြိုးစားနေတာလို့ ထင်တယ်"

"ဘွဲ့ရယ် မပြတ်သားသေးတဲ့ ရှင့်ဇာတ်လမ်းတွေကို အရင်ရှင်း အုံး"

"ပဏ္ဍာ"

ထိုင်ခုံက ထရပ်သည့် ပဏ္ဍာကို သူ ခေါ်တော့ ပဏ္ဍာ လှည့် ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို ချစ်တာ အိပ်ကို သေချာတယ်၊ ဒီအတွက် နေရီနဲ့ကိုယ် အပြတ်သားဆုံး ရှင်းမယ်၊ အဲဒီအခါကျရင် မင်းရင်ထဲက စကားကို ကိုယ် သိခွင့်ပေးပါ၊ ကိုယ် မင်းကို ဆုံးရှုံးရမှာ ကြောက်တယ် ပဏ္ဏာ"

ဂူးဂူးနစ်နစ် အကြည့်လေးတွေကလွဲလို့ ဘာမှခွန်းတုံ့ပြန် မသွားခဲ့သော ပဏ္ဏာကိုငေးကြည့်ရင်း သူ ခုံတန်းလေးမှာ ကျန်ရစ်ခဲ့၏။

ရင်ထဲမှာ မောဟိုက်သွားမိတာ အမှန်။ ပဏ္ဏာနှင့်သူ့ကြားမှာ နေရီသည် အနှောင့်အယှက်တစ်ခု ဖြစ်နေတာ အမှန်။

မင်းနဲ့ငါ့ကြားမှာ ပြတ်သားမှုတစ်ခုတော့ လိုအပ်နေပြီ နေရီ။

■ ■ ■

## အခန်း (၃၀)

"ဘာရယ် ဘွဲ့ ဘာပြောလိုက်တယ်"

"ကိုယ်တို့နှစ်ယောက်ရဲ့ ဖာတ်လမ်းကို အရှင်းဆုံးဖြစ်စေချင် နေရီ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ်နဲ့မင်း သူငယ်ချင်းတွေ ဖြစ်ပဲ ဆက်ရှိသင့်တယ်"

ဘွဲ့နှုတ်က ဒီစကားမျိုး ကြားရမည်ဟု သူမ မထင်ခဲ့မိတာ အမှန်။ အခုတော့ မကြားချင်သော စကားကို သူမ ကြားနေရတာ [illegible]က် မဟုတ်ပါ။

"ဘွဲ့ ဘွဲ့ဒီလို လုံးဝ မပြောသင့်ဘူး၊ ဘွဲ့နဲ့တို့ကြားမှာ ဘာ ပြဿနာများ ရှိခဲ့လို့လဲ"

"အဲဒါတွေကြောင့် မဟုတ်ဘူး နေရီ၊ တကယ်ဆို မင်းနဲ့ကိုယ် အခြေအနေက ဘယ်လိုမှ မဖြစ်သင့်တာ"

"ဘာပြောတယ် ဘွဲ့၊ မဖြစ်သင့်ရအောင် ဘွဲ့နဲ့တို့ အခြေအနေ မှာ ဘယ်လောက်အထိ ကွာခြားနေလို့လဲ၊ နန်းနေရီဆိုတဲ့ မိန်းမက [illegible] မထိုက်တန်လို့လား"

"ကိုယ်ဆိုလိုတာ ဒါမဟုတ်ဘူး နေရီ၊ မင်းနဲ့အနေနီးနေပေးမယ့် [illegible]စိတ်တွေက အဝေးဆုံးဖြစ်နေတာ ကိုယ် ဝန်ခံတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘွဲ့နှုတ်က ဝန်ခံရဲလောက်အောင် အခြေအနေတွေ ပြောင်းလဲနေခဲ့ပြီလား။ သင့်ပဏ္ဏာ ဆိုသော မိန်းမနှင့် ဘွဲ့အခြေအနေက နီးစပ်ခဲ့ပြီလား။

"နှစ်ယောက်တာဝတစ်ခုကို တည်ထောင်ဖို့အတွက် အရေးကြီးဆုံးက နှလုံးသားက ခံစားချက်တွေမဲ လိုအပ်တာပါ နေရီ၊ ငွေကြေးအသိုင်းအဝန်းတွေဆိုတာ အဓိက မကျတဲ့အရာတွေပါ"

သေချာနေပြီပေါ့။ သင့်ပဏ္ဏာ ဆိုတဲ့ တစ်ကောင်ကြွက်မိန်းမတစ်ယောက်အတွက် ဘွဲ့ရဲ့ခံယူချက်တွေပဲ ဖြစ်လိမ့်မည်။ ဘွဲ့ဂုဏ်ထူးဆိုတဲ့ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ရဲ့အလှမှာ အနက်ကယ်လို့ပဲ ယစ်မူးသွားခဲ့သူ ဖြစ်လိမ့်မည်။

"မင်းနဲ့ကိုယ်တို့စိတ်တွေကို ဘယ်လိုမှ ပြန်ညှိနှိုင်းမရနိုင်တာ သေချာတယ် နေရီ"

"အဲဒါ ဘွဲ့ ယုံကြည်မှုလား၊ မဖြစ်နိုင်ဘူး ဘွဲ့အပေါ် နေရီအားလုံး နားလည်ပေးနိုင်တယ်ဆိုရင်ကော"

ပြောစမ်း ဘွဲ့ဂုဏ်ထူး။ နန်းနေရီဆိုတဲ့ မိန်းမက အရှုံးကိုအလွယ်တကူ လက်ခံမယ် ရှင်မထင်လိုက်ပါနဲ့။ ရှင့်ကို အနိုင်ရဖို့အတွက် မာနတွေအားလုံးကို သိုဝှက်ထားရမယ်ဆိုတာ နားလည်ပြီးပြီ။

"စိတ်မကောင်းပါဘူး နေရီ၊ အရိုးသားဆုံး ဝန်ခံရရင် မင်းကိုကိုယ် သူငယ်ချင်းတစ်ယောက် သံယောဇဉ်ထက် ပိုလို့မရဘူးဆိုတာ သေချာတယ်"

"ဘွဲ့ ဘွဲ့ ဒီထက်ဝန်ခံရဲတယ်ဆိုရင် တို့မေးတာကို ဖြေစမ်းပါ"

သူမ စကားကြောင့် ဘွဲ့ လှည့်ကြည့်၏။ ကုပ်ထားသော မျက်ဝန်းတွေမှာ သူမအပေါ် သံယောဇဉ်အရိပ်တွေ ကင်းစင်လွန်းနေခဲ့တာ



တော့ သိပ်ကို သေချာနေခဲ့ပြီ။

"ဘွဲ့ ရင်ထဲမှာ နေရီကို ဖယ်ထုတ်နိုင်အောင် ငြိတွယ်နေတဲ့သူရှိနေသလား"

ဘွဲ့ နှုတ်ဆိတ်စွာ ငြိမ်သက်နေတဲ့။ အံကလေး တင်းတင်းကြိတ်ရင်း နေရီ တစ်ချက် ပြုံးသည်။

"ဖြေလေ ဘွဲ့၊ တို့ သိချင်လွန်းလို့ပါ၊ အဲဒီမိန်းမ ဘယ်သူလဲဆိုတာ တို့ သိခွင့်မရှိဘူးလား"

"ရှိပါတယ် နေရီ၊ ကိုယ် တကယ်ချစ်မိသွားတာ သင့်ပဏ္ဏာပဲ"

ရင်ထဲကို ဆူးနဲ့ထိုးစိုက်ချလိုက်တာထက်တောင် ဒီနာမည်ကိုကြားရတာက ခံရခက် နာကျင်သည်။

"သင့်ပဏ္ဏာ တဲ့လား၊ အဟင်း တစ်ခါတုန်းက ခါးခါးသီးသီးနဲ့ခဲ့တဲ့မိန်းမက ဘွဲ့ရင်ထဲကို ငြိတွယ်သွားစေသတဲ့လား။ ဒါဆို ဒီမိန်းမရဲ့ ...ယာက ပေါ့သေးသေး မဟုတ်နိုင်ဘူး"

"နေရီ"

စူးခနဲ ဟစ်အော်လိုက်သည့် ဘွဲ့အသံက နားထဲမှာ အူသွား၏။ ...ငြိမ်နေသော မျက်နှာမှာလည်း ဒေါသရောင်စဉ်တွေက ရူးရူးရှရှ ...ာင်စဉ်ဖြာနေသည်။

"မင်း တစ်ပါးသူကို မစော်ကားနဲ့၊ အထူးသဖြင့် ပဏ္ဏာလို ...မတစ်ယောက်ကို ဒီလို မစော်ကားနဲ့"

နှုတ်က ဆိုလိုက်မိတာနဲ့တောင် ဒေါသတွေ ဆူဝေပြီး ခံရခက် ...ဖြစ်သွားလောက်အောင် ဘွဲ့ဂုဏ်ထူးက သူမဘက်က နာလွန်းနေခဲ့၏။

"စော်ကားတာ မဟုတ်ဘူး ဘွဲ့၊ ဒီမိန်းမ ဘွဲ့တို့အိမ်ပေါ် ...က်လာကတည်းက ဘယ်လိုရည်ရွယ်ချက်နဲ့ဆိုတာ တို့ သိတယ်၊ ...ည်လေး ဖန်းပြပြီး အမေလို ယောကျ်ားတစ်ယောက်ကို အပိုင်ကြံ...သူ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

နေရီ နှုတ်က ခါးခါးသီးသီး လွှင့်ထွက်လာသော စကားလုံးတွေက သူ့ရင်ကို နာကျင်ခံရခက်စေသည်။

နေရီကို တစ်ခါက ပဏ္ဏာအကြောင်းတွေ ပြောပြခဲ့ဖူးပေမယ့် ဒီလို လူမှုရေးကိစ္စတွေကိုတော့ သူ ချန်ထားခဲ့၏။ ပဏ္ဏာအပေါ်မှာ နေရီ့အထင်အမြင်သေးမှာစိုးတာကြောင့် ဖြစ်သည်။

အခုတော့ နေရီရဲ့တိုက်ခိုက်မှုတွေက သိပ်ကို ပြင်းထန်သည်။

"နေရီ နင်သိပ်အောက်တန်းကျပါလား။ နင်နဲ့ ဘာအငြိုးမှ မရှိဘဲ ပဏ္ဏာကို ဒီလောက်အထိ ရင့်ရင့်သီးသီး မပြောသင့်ဘူး"

"ပြောရမယ် ဘွဲ့၊ အခုပဲ ဘွဲ့ကို တို့လက်ထဲက ကြောင်တောင်နိုက် လုယူသွားတဲ့မိန်းမ"

"တော်စမ်း နေရီ၊ ကြောင်တောင် နိုက်ယူတယ် ပြောရအောင် ကိုယ်က သက်မဲ့အရုပ်တစ်ရုပ် မဟုတ်ဘူး၊ ပြီးတော့ ပဏ္ဏာက ကိုယ့်အချစ်ကို ခေါင်းညိတ်လက်မခံသေးဘူး၊ ဒါပေမဲ့ ကိုယ်က မင်းနဲ့အရင်ရှင်းရှင်းပြတ်ပြတ် ဖြစ်ချင်တယ်"

"ရှင်တောင်းဆိုတာကို တို့မလိုက်လျောနိုင်ဘူးဆိုရင်ကော"

"အဲဒါ မင်းသမိုင်းပဲ နေရီ၊ ကိုယ့်ရင်ထဲမှာ နန်းနေရီဆိုတာ မရှိတော့တာ သေချာတယ်"

နေရီ အသားတွေ တဆတ်ဆတ် တုန်လာမိတဲ့အထိ နာကျင်ခံရခက်သွားသည်။ ဘွဲ့မျက်နှာကလည်း ဒေါသတွေနှင့် ရဲရဲနီကာ သူ့ပဏ္ဏာအတွက် အနာပေါ်တုတ်ကျ ခံရခက်နေတာ အထင်အရှား။

"ကိုယ့်ဘဝမှာ မင်းကို ချစ်ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ အဲဒီအချစ်က အလွယ်တကူနဲ့ပဲ ပြီးဆုံးသွားခဲ့တယ်၊ အခု ကိုယ် ပဏ္ဏာကို ချစ်ခဲ့တာ ဘဝတစ်ခုလုံးအတွက်ပဲ၊ ဒါသေချာတယ်၊ ကိုယ် လက်ထပ်



မိန်းမဟာ သင့်ပဏ္ဏာပဲ"

စကားအဆုံးမှာ ဘွဲ့ဂုဏ်ထူး ဆတ်ခနဲ ထရပ်သည်။ ဖြူသော အသားအရည်ကြောင့် သွေးရောင်ဆူဝေနေသော မျက်နှာက နီမြန်းနေသဲ့ ရှိ၏။

"ဘွဲ့"

သူမခေါ်တော့ တစ်ချက် ပြန်ငုံ့ကြည့်သည်။ စူးရှပြတ်သားနေသော မျက်ခုံးတွေထဲမှာ သံယောဇဉ် လက်ကျန်လေးတွေတောင် ရှိနိုင်တော့ဟု သူမ သိလိုက်သည်။

"အားလုံး ပြီးသွားပြီ နေရီ၊ မင်းနဲ့ငါ ဘာမှမပတ်သက်တော့ဘူး"

ယတိပြတ်စကားဆိုပြီး ဆိုင်ထဲက ဘွဲ့ ကျောခိုင်းထွက်သွားတာကို နေရီ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

တစ်ချက်ကလေး ပြန်လှည့်ကြည့်ဦးမလား မျှော်လင့်မိပေမယ့် ဘွဲ့ ခြေလှမ်းတွေက ဆိုင်ရှေ့မှာ ရပ်ထားသော ကားဆီကိုပဲ တန်းတန်းမတ်မတ် လျှောက်သွားခဲ့ကာ တံခါးဆွဲဖွင့် ဝင်ထိုင်ပြီး မောင်းထွက်သွားလေသည်။

"တောက်"

ရင်မှာမျိုသိပ်ထားသော ခံပြင်းဒေါသတွေကို တက်တစ်ချက် ခေါက်ပြီးပဲ နေရီ ဖွင့်ထုတ်နိုင်၏။

စားပွဲပေါ်မှာ သူမကော ဘွဲ့ပါ တစ်ငုံမျှမသောက်ဖြစ်သေးသော ချောကလက်မစ်ရှိတ် နှစ်ခွက်က အေးစက်စွာ သည်အတိုင်း ရှိနေ၏။ ဝဲတက်လာသော မျက်ရည်တွေကို သူမ အံကြိတ်ထားသည့်ကြား က ပါးပြင်ပေါ် လိမ့်ဆင်းကြွေကျသွားခဲ့၏။

ဘွဲ့ ရှင့်ကို နေရီ ကမ္ဘာမကြေစတမ်းပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"နေ့လယ်က ဖေဖေ ဖုန်းဆက်တယ် ဒေါ်ညွှက်"

သူ ဆိုင်က ပြန်ရောက်တော့ ဒေါ်ညွှက်ကို အသိပေးပြောပြမိ၏။ သူ့အတွက် ဖျော်ရည်ခွက်ကို လာချပေးရင်း ဒေါ်ညွှက် မော့ကြည့်ရင်း

"ဒေါ်ညွှက် သိတယ် မောင်ဘွဲ့၊ အိမ်ကိုလည်း မသက် လှမ်းဖုန်းဆက်တယ်"

"ဟုတ်လား ဘာတွေပြောသွားသေးလဲ ဒေါ်ညွှက်"

သူ့ဆီ ဖေဖေ ဖုန်းလှမ်းဆက်သလို ဒေါ်ခင်သက်ခြယ်က ဒေါ်ညွှက်ဆီ လှမ်းဆက်သည်ဆိုတာကြောင့် သူ မေးကြည့်မိ၏။

"ဪ သားရဲ့ဦးလေး သက်သာတယ်ဆိုတဲ့အကြောင်းနဲ့ သူတို့ ချက်ချင်း ပြန်မလာဖြစ်သေးတဲ့ အကြောင်းပါ"

"ဟုတ်တယ် ဒေါ်ညွှက်၊ ဦးမြတ် သက်သာနေပြီတဲ့၊ တစ်ပတ် လောက်နေရင် ဆေးရုံက ဆင်းတော့မယ်တဲ့၊ ဖေဖေတို့က ဦးမြတ်နဲ့ ခဏနေပေးကြဦးမှာဆိုတော့ ဖေဖေ့အလုပ်တွေကို မန်နေဂျာ ဦးကိုကြီး နဲ့ လွှဲထားဖို့ ကျွန်တော့်ကို သွားပြောခိုင်းတာလေ"

"မောင်ဘွဲ့ကော လိုက်သွားဦးမှာလား"



"ကျော်လွှန်း မနေ့က ပြန်လာပြီ ကျွန်တော် လိုက်မသွားတော့ ဘူး၊ ဦးမြတ်လည်း သက်သာနေပြီဆိုတော့ နောက်မှပဲ အေးအေး ဆေးဆေး သွားတော့မယ်၊ ဒီရက်မှာ ဆိုင်အလုပ်တွေက ပိနေတယ်"

"အင်း သား လိုက်သွားရင်လည်း အိမ်မှာ ဒေါ်ညွှက်တို့ပဲ ပျင်းကျန်ခဲ့မှာပေါ့"

"ကျွန်တော် မလိုက်ဖြစ်ဖို့ သေချာပါတယ်"

"မသက်ကတော့ မောင်ဘွဲ့နဲ့ ပဏ္ဏာလေး အဆွေ့မပြေဖြစ်မှာ စိုးရိမ်ပြီး ဒေါ်ညွှက်ကို မေးနေသေးတယ်ကွဲ့"

ဒေါ်ညွှက် စကားကြောင့် ဖျော်ရည်ကို မော့သောက်ရင်း သူ ရုတ်လှာပင့်ကြည့်မိ၏။ သူနှင့်ပဏ္ဏာ ပြဿနာဖြစ်မှာကို ဒေါ်ခင်သက်ခြယ် စိုးရိမ်နေသတဲ့လား။

"ဒေါ်ညွှက် ပြောလိုက်ပါတယ်၊ သူတို့နှစ်ယောက်က အဆင် ပြေပြေ ခင်ခင်မင်မင်ပါပဲလို့"

သူ ခေါင်းတစ်ချက် ညိတ်ကာ ပြုံးမိသည်။ ဖုန်းထဲမှာ ဖေဖေ ကလည်း ထိုကိစ္စကို စိုးရိမ်နေတာ သူ ရိပ်မိပါသည်။

သူနှင့်ပဏ္ဏာ အဆင်မပြေမှာကို ဖေဖေလည်း စိတ်ပူနေ၏။ ပြန်လာလျှင် ပြောင်းလဲနေသော အခြေအနေတွေကို ဖေဖေ သိသွားမှာ သေချာသည်။

သင့်ပဏ္ဏာ ခေါင်းတစ်ချက် ညိတ်ခဲ့ရင် ဖေဖေ့ကို အပူကပ်ကာ သက်ဆပ်ပေးဖို့ ခွင့်တောင်းရဦးမှာ ဖေဖေသိရင် ဘယ်လောက် အံ့သြသွား မည်မသိ။

"ကဲ မောင်ဘွဲ့ ဒေါ်ညွှက် မီးဖိုထဲသွားပြီး ဟင်းတွေ နွေးထား လိုက်ဦးမယ်နော်"

"သွားလေ ဒေါ်ညွှက်၊ လုပ်စရာရှိတာ လုပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ သောက်ပြီးသွားသော ဖျော်ရည်ခွက်လေးကို ကောက်ယူကာ ဒေါ်ညွှက် မီးဖိုခန်းဘက် ပြန်ထွက်သွားခဲ့သည်။

သည်တော့မှပဲ သူ ရေချိုးဖို့ ထွက်ခဲ့သည်။

ရေချိုးခန်းထဲမှာ ရှန်ပိုနှင့် ခေါင်းလျှော်ရင်း သတိရလိုက် မိတာ ပဏ္ဏာကိုပဲ ဖြစ်သည်။ ဒီရေချိုးခန်းထဲမှာပဲ သူနှင့်ပဏ္ဏာ အမှတ် ရစရာ အဖြစ်အပျက်လေး ကြုံဆုံခဲ့ရဖူးသည်။

ဇာကာယ်ကို မထင်မှတ်သော တိုက်ဆိုင်မှုလေးတစ်ခု။ ထိုစဉ်တုန်း က သူ ထူပူနေခဲ့သလို သူမလည်း ရှက်သွေးတွေ ဖြာကာ မျက်ဝန်းတွေ ထဲ ရှန်ပိုတွေ ဝင်တဲ့အထိ ဖြစ်သွားခဲ့၏။

အခုချိန်မှာ ပြန်တွေးကြည့်တော့ ရင်တွေ ခုန်ချင်စရာ ကောင်း နေ၏။ သူ့လိုပဲ ပဏ္ဏာလည်း ပြန်တွေးရင်ခုန်နေမည်လား။

အတွေးတွေ လွန်ကာ ရေစိမ်ချိုးနေမိတာ နည်းနည်းကြာ သွားခဲ့သည် ထင်သည်။ ရေချိုးခန်းထဲက ထွက်ခဲ့တော့ လူက ချမ်း စိမ့် ဖြစ်လာတာမို့ ဂျင်းဂျက်ကက် တစ်ထည်ကို တီရှပ်ပေါ်က ထပ်ထပ် လိုက်ရသည်။

နာရီကို ငုံ့ကြည့်တော့ လေးနာရီကျော်နေပြီ။

ညှော်ခန်းထဲမှာ တွေ့ရသော သတင်းစာကို ကောက်ယူကာ ခြံထဲ ဆင်းခဲ့သည်။ ပဏ္ဏာ ပြန်အလာကို စောင့်မည်ဆိုသည့် ရည်ရွယ် ချက်နှင့် ဖြစ်၏။

ခြံထဲရောက်တော့မှ မှိုင်းပြပြ ဖြစ်နေသော ရာသီဥတုကို သတိ ထားမိသည်။ ကောင်းကင်ကို မော့ကြည့်တော့ အနောက်ဘက်မှာ တိမ် သားတွေ မှိုင်းအုံ့နေ၏။

မိုးရွာတော့မည် ထင်သည်။ အချိန်အခါမဟုတ် ရွာသည်ဆို ဆိုတော့ မုန်တိုင်း အရိပ်များ ရှိသလား မသိ။



တွေးမိရင်း ခြံဝကို မျှော်ကာ ပဏ္ဏာ့အတွက် စိုးရိမ်သွားမိသည်။ သူမမှာ ထီးပါသွားမှာ မဟုတ်။ ဖိုင်တွဲတစ်ထပ် ဆလင်းဘတ်အိတ် တစ်ဖက်နှင့် အစဉ်သဖြင့် ကသုတ်ကရိုက် ရှိတတ်သော သင့်ပဏ္ဏာ ပုံရိပ်ကို မြင်တွေးကာ ပြုံးမိပြန်သည်။

သူ စတွေ့တုန်းက ပဏ္ဏာရဲ့အသွင်က ဒီပုံစံပဲ ဖြစ်သည်။ အဲဒီတုန်းက ကြည့်မရခဲ့သော သူမစတိုင်လေးကို အခုတော့ သူ စွဲစွဲ လန်းလန်း ဖြစ်နေခဲ့ပြီ။

အချစ်ဆိုတာ ဆန်းကြယ်လွန်းပါလား။

အတွေးစတွေ ဖြတ်ကာ အိမ်ထဲပြန်ဝင်ခဲ့တော့ ညှော်ခန်းကို ထွက်လာသော ဒေါ်ညွှက်နှင့် ရင်ဆိုင်တိုး၏။

"မိုးတွေ အုံ့လာသလိုပဲ မောင်ဘွဲ့၊ မိုးရွာမယ် ထင်တယ်"

"ဟုတ်တယ် ဒေါ်ညွှက် ပဏ္ဏာ့မှာ ထီးပါသွားပုံမရဘူး၊ ကျွန် တော် သွားကြိုမလို့"

"အေး ဒေါ်ညွှက်လည်း ဒါကိုပဲ စိုးရိမ်နေတာ ထီးပါမသွားတာ တော့ သေချာတယ်၊ ပဏ္ဏာလေးက သူ့စာရွက်တွေ ဖိုင်တွေနဲ့ လက်နှစ် ဖက်စလုံး ပြည့်နေတာ"

ဒေါ်ညွှက် ဆိုတော့ သူ ပြုံးမိပြန်၏။ ပဏ္ဏာရဲ့ အသွင်ကို ဒေါ်ညွှက်တောင် သတိထားမိနေပြီလေ။

ချိတ်ထားသော ထီးကောက်ကြီးယူကာ သူ ထွက်ဖို့ ပြင်တော့ ဒေါ်ညွှက် ရပ်ကြည့်နေရင်း

"တစ်လက်တည်း ဖြစ်မလား မောင်ဘွဲ့၊ မိုးက ရွာမယ့်ပုံနော်"

"ရပါတယ် ထီးက လုံပါတယ်"

"အေး အေး သွားကြိုလိုက်ပါကွယ်၊ ခုမြာ မိုးရေရွှဲ မိလာရင် အခက်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညှက် ကိုယ်တိုင်က သင့်ပဏ္ဏာကို စိုးရိမ်ပူပန်နေ၏။ ဒါ ကလည်း အိမ်ပြန်ရောက်လျှင် တစ်ယောက်တည်း အငြိမ်မနေတတ်ဘဲ ဒေါ်ညှက် လိုအပ်တာတွေကို ဝိုင်းဝန်းကူညီပေးတတ်သော ပဏ္ဏာရဲ့ အကျင့်လေးကြောင့် ဖြစ်သည်။

လခထုတ်ရက်တွေဆို ဒေါ်ညှက်နှင့်ဦးနိုင်တူးအတွက်ကအစ သတိရနှင့် ပဏ္ဏာ မုန့်တွေ စားစရာတွေ ဝယ်လာတတ်၏။ ဒီလို သိတတ်မှု စေတနာလေးတွေကြောင့် သူမကို ချစ်ကြတာ ဖြစ်မည်။

ပဏ္ဏာရဲ့ ဖယ်ရီကားရပ်သော လမ်းထိပ်အထိ သူ လျှောက်ခဲ့ ၏။ အိမ်နှင့်သိပ်မဝေးလှတာမို့ ကားကို ယူမလာခဲ့တော့ပါ။

ရှုရှိုက်မိသော လေရနံ့မှာ မိုးနံ့တို့ သင်းနေ၏။ ကောင်းကင်ကို မော့ကြည့်တော့ တိမ်တွေပိုပြီး မည်းညစ်မှိုင်းပြလာတာ အထင်အရှား

လမ်းထိပ်ရောက်တော့ သူ ထီးတစ်လက်နှင့် ရပ်စောင့်သည်။ မိုးရိပ်ကြောင့် ပလက်ဖောင်းပေါ်မှာ လျှောက်နေသော လူတွေ ကသုတ် ကရိုက် ဖြစ်နေကြ၏။

နာရီကို ငုံ့ကြည့်တော့ လေးနာရီခွဲလုပြီ။

ဖယ်ရီကားက နောက်ကျပြန်ပြီ ထင်၏။ သူ တမျှော်မျှော် ကြည့်နေတုန်း မိုးစက်တွေ ဖွဲခနဲ ပြိုဆင်းလာ၏။

ထီးကို ဖွင့်ကာ ဆောင်းထားလိုက်ရ၏။ ခါတိုင်းဆို နေရောင် မပြယ်သေးသော ညနေခင်းက ချက်ချင်းကြီးပဲ အလင်းရောင် ပျောက် ကာ မှိုင်းပြသွားခဲ့သည်။

မိုးနှင့်အတူ အေးစိမ့်နေသော လေပြင်းကပါ ပါလာသော ထီးဆောင်းထားပေမယ့် သူ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုသွား၏ ကားယူမလာခဲ့တာကိုတောင် နောင်တရသွားချင်၏။

ခွင့်ရက်တောင်းကာ ရွာပြန်သွားသည့် ဦးနိုင်တူးသာ ရှိလျှင်



တော့ သူ့ကို ကားနှင့်လာစောင့်ခေါ်မှာ သေချာ၏။ အခုတော့ အိမ်မှာ ဒေါ်ညှက် တစ်ယောက်တည်း။

တစ်စီးပြီးတစ်စီး မောင်းတက်လာသော ကားတွေထဲမှာ ပဏ္ဏာ ရဲ့ ဖယ်ရီကားကတော့ မပါပါ။

သူ့တစ်ကိုယ်လုံး မိုးတွေ စိုနေပြီ။ အောက်က ဝတ်ထားသော ဂျင်းဘောင်းဘီမှာသာမကဘဲ ဂျင်းဂျက်ကက်မှာတောင် ရေတွေစိုနေ၏။ ရွာသောမိုးက လေပြင်းနှင့်အတူ ဘယ်ညာဝှေ့ယက်နေတာမို့ ထီးကြီးလည်း မကာကွယ်ပေးနိုင်။

ရပ်စောင့်နေရတာ ခြေထောက်တွေတောင် အေးစက်ထုံကျင် လာ၏။ စောစောကပဲ ခေါင်းလျှော်ရေချိုးထားတာမို့ ပိုပြီး ချမ်းစိမ့်နေ သလားမသိ။

နာရီလက်တံတွေ ငါးနာရီကျော်အထိ ရွေ့သွားပေမယ့် ပဏ္ဏာရဲ့ ဖယ်ရီကားလေး ရောက်မလာသေးတော့ သူ စိုးရိမ်လာ၏။

အမှောင်လွှမ်းကာ သည်းသည်းရွာနေသော မိုးကြောင့် ကား တွေလည်း မီးတွေဖွင့်ကာ မောင်းနှင်နေကြ၏။

လမ်းမပေါ်မှာ လူကရှင်းလင်းသလောက် ဖြစ်နေ၏။ မိုးရေထဲ ထီးတစ်ချောင်းနှင့် ရွှဲရွှဲစိုရပ်နေတာ သူတစ်ယောက်တည်း။

တက္ကစီ တစ်စီး သူရပ်နေရာကို ဖြတ်ကျော်မောင်းသွားပြီးမှ ပြန်ပြီး နောက်ဆုတ်လာကာ အနားမှာ ရပ်သည်။

"ဘွဲ့"

"ပဏ္ဏာ"

"ဘာလုပ်နေတာလဲ ဘွဲ့"

"မင်းကို လာစောင့်နေတာ ဖယ်ရီ ကားပျက်ပြန်ပြီလား"

ပဏ္ဏာ သူ့အမေးကို မဖြေနိုင်ဘဲ ကားတံခါးဖွင့်ဆင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ဖိုင်တွဲတွေ ထည့်ထားသော ပလတ်စတစ် လက်ဆွဲအိတ်ကြီးက ပါသေး၏။

သူမ ကိုယ်ပေါ် မိုးတွေ မစိုအောင် သူ့ ထီးနှင့်အုပ်မိုးကာကွယ်ပေးထားလိုက်မိ၏။

"ဖယ်ရီ မပျက်ပါဘူး၊ ကိစ္စတစ်ခုရှိလို့ မြို့ထဲသွားနေတာ ဘွဲ့ရယ် ဘာလို့ လာစောင့်နေတာလဲ ပြန်လာမှာပေါ့"

"မိုးတွေ ရွာနေတယ်လေ၊ ခင်ဗျားလေး မိုးမိမှာစိုးလို့ပေါ့ ဖယ်ရီက ဒီနေရာပဲ ရောက်တာ မဟုတ်လား"

"ကြည့်ပါဦး ဘွဲ့ရယ်၊ တစ်ကိုယ်လုံး ရွှဲစိုနေတာပဲ၊ လာ တက္ကစီပေါ် တက်"

"မထူးတော့ပါဘူး အတူတူ လမ်းလျှောက်ပြန်ကြမယ်၊ ကိုယ် တစ်ကိုယ် စိုရွှဲနေပြီဥစ္စာ"

ရေရွှဲစိုနေသော သူ့ တက္ကစီကားထဲ ဝင်ထိုင်ရမှာလည်း အားနာတာမို့ ငြင်းမိသည်။ ပဏ္ဏာ ခေါင်းတစ်ချက် ညိတ်ကာ ကျသင့်ငွေ ထုတ်ရှင်းပေးသည်။

တက္ကစီလေး ထွက်သွားတော့ ပဏ္ဏာ သူ့ကို မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် မော့ကြည့်ရင်း

"ရောက်နေတာ ကြာပြီလား ဘွဲ့"

"လေးဆယ့်ငါးမိနစ်ကျော်လောက် ရှိပြီ၊ မိုးမရွာခင်ကတည်းက"

"ဟင် ဒုက္ခပါပဲ ဒီအတိုင်း ရပ်နေသလား ဖျားတော့မှာပဲ"

ပဏ္ဏာ ဆိုမှ လူက ချမ်းစိမ့်စိမ့်တောင် ဖြစ်လာသည်။ ဒါပေမဲ့ သူ မြုံးပြုံလိုက်ရင်း

"စိတ်မပူနဲ့ ကိုယ်က ရေစိုနေပြီ၊ ပဏ္ဏာပဲ လုံအောင်ဆောင်း"



"မဟုတ်တာ အတူတူ ဆောင်းမှာပေါ့"

ပြောရင်း ပဏ္ဏာက သူ့အနား တိုးကပ်လျှောက်သည်။ ရေစိုနေသော သူ့အဝတ်အစားတွေနှင့် ထိမိတော့ ပဏ္ဏာ တွန့်ခနဲ ဖြစ်သွား၏။

"မင်းက ရေမစိုသေးဘူး ရော့ မင်းပဲဆောင်းစမ်းပါ၊ ကိုယ့်အတွက် အရေးမကြီးဘူး"

ဖွတ်အတင်း သူ့ ထီးကိုကမ်းပေးတော့ ပဏ္ဏာ လှမ်းယူရင်း

"ဟင် လက်တွေက အေးစက်နေတာပဲ"

သူ့လက်ဖဝါးကို ထိမိသော ပဏ္ဏာ လက်ဖဝါးလေးတွေ နွေးထွေးနေသည်။

"ဘွဲ့ရယ် အလကား ဒုက္ခရှာတယ်"

ထီးကို သူ ခေါင်းလုံအောင် ဆောင်းလျှောက်ရင်း ပဏ္ဏာ မွစိမွစိပြောနေသည်။ သူကတော့ ရေစိုဂျာပင်ကိုပဲ အချမ်းလုံအောင် လက်နှစ်ဖက်နှင့် တင်းတင်းစေ့လျှောက်၏။

"ဒုက္ခရှာတာလား၊ မင်းကို စိုးရိမ်လို့ လာကြိုနေတာ"

"အခု ကျွန်မက ရှင့်အတွက် ပြန်စိုးရိမ်နေရလို့ ပြောနေတာပေါ့"

ကရုဏာ ဒေါသသံလေးနှင့် ပဏ္ဏာဆိုတော့ သူ စိတ်မဆိုးနိုင်ဘဲ ပြုံးပြုံးကြီး ခံယူမိ၏။

"အိမ်ရောက်ရင် ဆေးတော့ ကြိုသောက်နော် ဘွဲ့ ရှင်ဖျားမယ်"

"ဖျားချင်ဖျား ကျေနပ်တယ်"

"ဒုက္ခပဲ ရှင် ကန့်လန့်တွေ မပြောနဲ့နော် ဘွဲ့"

"သုခပါကွာ စိတ်ချ ကိုယ်ဖျားသွားရင်တောင် ကျေကျေနပ်နပ် ခံယူမှာ"

"စိတ်ညစ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"မညစ်နဲ့ ဒီနေ့ပဲ ကိုယ်နဲ့နေရီ ဖယားရှင်းခဲ့ပြီ၊ လုံးဝ ပြီးပြတ်သွားပြီ"

"အဲဒါတွေ ပြောမလို့ တမင်လာစောင့်နေတာလား"

"နီး စိုးရိမ်လို့ပါ၊ မိုးရွာထဲမှာ မင်းတစ်ယောက်တည်း လမ်းလျှောက် ပြန်လာမှာကို ကိုယ် ကြည့်ရက်မယ် ထင်သလား"

ပဏ္ဏာ့မျက်စောင်းလေး သူ့ဆီ ဒိုင်းခနဲ ရောက်လာ၏။ ခန္ဓာကိုယ်က ထုံကျင်အေးစက်နေပေမယ့် ရင်ထဲမှာ နွေးထွေးရှိန်းမြသွားခဲ့သည်။

မုန်းတီးခြင်းတွေမပါသော မျက်စောင်းလေးက ကြင်နာယုယမှုတွေ ပါနေမှာ သေချာ၏။

ဆင်ဝင်အောက်ကို သူတို့နှစ်ယောက် လှမ်းဝင်တော့ စိုးရိမ်စွာ ထွက်စောင့်နေသော ဒေါ်ညွှက် အနားရောက်လာရင်း

"ဟယ် မောင်ဘွဲ့ တစ်ကိုယ်လုံး စိုရွှဲနေပါလား"

"မိုးက လေပြင်းနဲ့ရွာတာကိုး ဒေါ်ညွှက်ရဲ့"

"သိတယ် သိတယ် မင်းမိုးမိတော့မယ်ဆိုတာ၊ ဒေါ်ညွှက်လည်း ဘာမှမတတ်နိုင်တော့ ရပ်စောင့်နေရတယ်၊ ပဏ္ဏာလေးကလည်း ဒီနေ့ကျမှ နောက်ကျတယ်"

"ဟုတ်တယ် ဒေါ်ညွှက် မြို့ထဲသွားနေလို့ ဘွဲ့ ရှင်အဝတ်အစားတွေ အမြန်လဲတော့"

"မင်းလည်း လဲလိုက်ဦး ပဏ္ဏာ"

ပဏ္ဏာကို ပြောပြီး သူ အဝတ်အစားတွေ လဲဖို့ အခန်းထဲ ခပ်သုတ်သုတ် ဝင်ခဲ့သည်။ ဒေါ်ညွှက်က သူ့ခန္ဓာကိုယ်မှ စီးကျကျန်ခဲ့သော ရေတွေကို လိုက်သုတ်ရင်း ကျန်ရစ်ခဲ့၏။

■ ■ ■



ထမင်းဝိုင်းမှာ ထိုင်မိတော့မှပဲ သူ ဗိုက်ဆာရောက်တော့သည်။ စားသောက်နေရင်း နှာက ချေချင်လာတာမို့ ဘောင်ကို ပြေးရ၏။

"ဟတ်ချိုး ဟတ်ချိုး"

"ဟော ရှင်တော့ ဖျားပြီထင်တယ် ဘွဲ့"

"ရတယ် ရတယ် ဟတ်ချိုး"

သူ လက်ကာပြီး ပြောပေမယ့် ထမင်းဝိုင်းက ထလာသော ပဏ္ဏာ သူ့အနားကို ရောက်လာသည်။

အိတ်ထဲက လက်ကိုင်ပဝါထုတ်ကာ သူ သုတ်နေတုန်း ပဏ္ဏာ လက်ဖဝါးလေးက သူ့နဖူးပေါ် ထိမိုးအုပ်စမ်းလာ၏။

"ဟုတ်တယ် အသားက ရှိန်နေပြီ"

"မိုးမိထားလို့ပါ ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူး မလုပ်နဲ့၊ ဆေးတော့ ကြိုသောက်ထားမှ ဖြစ်မယ်၊ ထမင်းစားလိုက်ဦးမလား"

"တော်ပြီ ကိုယ်ဝပြီ၊ တကယ် မစားချင်တာ"

"ဒါဆိုလည်း ကော်ဖီပူပူလေးနဲ့ မုန့်နဲ့စားလိုက်၊ ပြီးရင် ဆေးတော့ ကြိုသောက်ထားမှဖြစ်မယ်"

ပါးစပ်ကလည်းပြော ကိုယ်တိုင်ပဲ ကော်ဖီထဖျော်နေသော ပဏ္ဏာ့ကိုကြည့်ကာ ဒေါ်ညွှက် မတ်တပ်ကြီးပဲ ဖြစ်နေရှာ၏။

"မောင်ဘွဲ့ ဆရာဝန်ခေါ်မလား"

"ဟာ မလိုပါဘူး ဒေါ်ညွှက်ရဲ့၊ ဒီလောက်ဆိုးတာမှ မဟုတ်တာ နိုးထဲလေထဲ ဆရာဝန်ကြီး လာရမှာ အားနာစရာကောင်းပါတယ်"

ပဏ္ဏာက ကော်ဖီပန်းကန်ကို သူ့ရှေ့ချပေးခဲ့ကာ သောက်ဖို့ ဆေးတွေ သွားယူနေသည်။

ခဏကြာတော့မှပဲ ဆေးတွေ ယူကာပြန်ရောက်လာ၏။

"သောက်လိုက် ဘွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍာ ကမ်းပေးသော ဆေးနှစ်ပြားကို သူ မော့သောက်ပစ်လိုက်သည်။ လူက ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေတာ သိသည်။ ရေစိမ်ချိုးပြီး မိုးထဲလေထဲမှာ နာရီဝက်ကျော်တောင် နေခဲ့ရသည်ကိုး။

"ရှင် နွေးနွေးထွေးထွေး အိပ်လိုက်နော် ဘွဲ့"

"မအိပ်သေးပါဘူး၊ ကိုယ် ခြေ့ခန်းမှာ ခဏထိုင်ဦးမှာ"

ဒေါ်ညွှက်ရှေ့မှာမို့ သူ့စကားကို ပဏ္ဍာ မျက်လုံးတွေနှင့်ပဲ ငြင်းပယ်ပြရင်း

"အအေးမိထားတာ အိပ်လိုက်ပါ၊ ပဏ္ဍာလည်း မနက်ဖြန် စောစောသွားရမှာမို့ အိပ်တော့မှာ"

သူ စိတ်ညစ်သွားမိသည်။ ရည်ရွယ်ထားသည်က ဒီည ပဏ္ဍာနှင့် စကားတွေပြောဖို့ ဖြစ်သည်။ သူနှင့်နေရီကိစ္စ ပြီးပြတ်ခဲ့ပြီဆိုတော့ ပဏ္ဍာရဲ့ ရင်ခုန်သံတွေ ခံစားနားထောင်ချင်၏။

အခုတော့ လွဲချော်ကုန်ပြီ။

■ ■ ■

နေရီ မျက်ဝန်းတွေက ဒေါသမီးလျှံတွေနှင့် တောက်ပနေသည်။ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ဘာတွေပြောနေမှန်းမသိ။

စိတ်မှာ သိနေတာတော့ နေရီ သူ့ကို တူးတူးခါးခါး မုန်းသွားခဲ့ပြီ။ နေရီ အကြည့်တွေ စကားသံတွေက မီးတွေလို ပူလောင်ကာ သူ့တစ်ကိုယ်လုံး လောင်ကျွမ်းသွားမတတ်ပါပဲ။

"အင်း အင်း အင်း"

"ဘွဲ့ ဘွဲ့ ဘွဲ့"

နားထဲကို ခေါ်သံတိုးတိုးလေး ဝင်လာ၏။ သူ့မျက်ဝန်းတွေ ဖွင့်ကြည့်တော့

"ပ ပဏ္ဍာ"



"ဟုတ်တယ် ဘွဲ့၊ ရှင့်ကို စိုးရိမ်လို့ ပဏ္ဍာ လာကြည့်တော့ အခန်းတံခါးက ပိတ်မထားဘူး။ ရှင်အဖျားတွေ တက်ပြီး ညည်းနေတာ"

"အင်း ကိုယ် ကိုယ် အား ချမ်းလိုက်တာ"

"အသားတွေ ခြစ်ခြစ်တောက် ပူနေတယ် ဘွဲ့၊ ခဏလေး ဆိုင်လို့ရမလား၊ အပူကျဆေးတစ်ခွက်လောက် သောက်လိုက်မှဖြစ်မယ်"

"အင်း ရတယ် အင်း"

ပါးစပ်က ရတယ်ဆိုနေပေမယ့် ဘွဲ့ ခန္ဓာကိုယ်က ကြွမလာဘဲ မွေ့ရာပေါ်မှာ ကွေးနေသည်။

ခြေဖျားလက်ဖျားတွေက အေးစက်နေပြီး နဖူးမှာ မီးခဲလို ပူနေသည်။ အဖျားတက်ညည်းသံတွေက စိုးရိမ်စရာ။

မြူစောင်တွေ ဘွဲ့ခန္ဓာကိုယ်ပေါ် လွှမ်းပေးခဲ့ပြီး ပဏ္ဍာ မီးဖိုခန်းဘက် ထွက်ခဲ့သည်။

ဒီအချိန်ကြီးကျမှ ဒေါ်ညွှက်ကိုလည်း နှိုးပြီး ဒုက္ခမပေးချင်ပါ။ ညနေကတည်းက ရွာသောမိုးက သန်းခေါင်ယံတိုင်သည့်အထိ တစိမ့်စိမ့် ရွာနေတုန်း ရှိသည်။

မှန်းတိုင်းကြောင့် ရွာသော မိုးဟု ညဦးက မိုးလေဝသ သတင်းနားထောင်မှ ပဏ္ဍာ သိခဲ့ရသည်။

ကော်ဖီတစ်ခွက် ဖျော်၊ အပူကျဆေးတွေ ထပ်ယူခဲ့ကာ ပြန်ရောက်ခဲ့တော့ ဘွဲ့ ခုတင်ပေါ်မှာ ကွေးပြီး ညည်းညူနေဆဲ။

"ဘွဲ့"

သူမ ခေါ်သံကို မကြားတာလား၊ ပြန်မထူးနိုင်တာလား မသိ။ ကော်ဖီဘမ်းလေးကို စားပွဲလေးပေါ်တင်ပြီး ဘွဲ့အနား တိုးကပ်ခဲ့ရ

"ဘွဲ့ ဘွဲ့ ဆေးသောက်ရအောင်နော်"

"အင်း အင်း ချမ်း ချမ်းတယ် အင်း"

www.burmeseclassic.com

www.burmeseclassic.com



သွားချင်းအသံပြည်အောင် ရိုက်ခတ်တဲ့အထိ ဘွဲ့ နိုက်နိုက်တုန်နေတော့ ပဏ္ဍာ သနားသွားမိ၏။ နောက်ထပ် မြိုစောင်ကြီး ဖြန့်ကာ နွေးထွေးအောင် မြိုပေးမိ၏။

"အင်း အင်း"

"အို"

ဘွဲ့ လက်ဖဝါးလေးတွေကို စမ်းအကြည့်မှာ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ဆွဲလိုက်တာမို့ ခန္ဓာကိုယ်က ရင်ချင်းအပ်ကျသွားခဲ့၏။

"ချမ်း ချမ်းတယ် အင်း အီး"

"ဘွဲ့ ဘွဲ့ရယ်"

ရှက်စိတ်တွေထက် ဘွဲ့ကို သနားစိတ်တွေက ပိုမိုသွားခဲ့ကာ ခန္ဓာကိုယ်ကို ရုန်းမထွက်မိတော့ဘဲ အုပ်မိုးထားမိ၏။

တအင်းအင်း ညည်းနေသော ဘွဲ့အသံလေးတွေ ပျောက်ကွယ် နွေးထွေးသွားတဲ့အထိ သူမ ပွေ့ဖက်ပေးထားမိသည်။

ဘွဲ့ ပါးပြင်လေးမှာ သူမ ပါးတစ်ဖက်ကို အပ်ကြည့်တော့ အသားတွေက ပူလွန်းနေ၏။

ဘွဲ့ဆီက အပူဓာတ်တွေ သူမဆီ ကူးစက်ပြီး သက်သာအေးချမ်းသွားပါစေဟု ဆုတောင်းမိသည်။

အပြင်ဘက်မှာ မိုးက တစိမ့်စိမ့်ရွာနေဆဲ။

သူမ ရင်ခွင်ထွေးနှင့် ဘွဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည့်အထိ မလှုပ်မယှက် ရှိနေပေးလိုက်သည်။

ရင်ခုန်သံတွေက တလှပ်လှပ် ရှိန်းမြနေခဲ့တာ ဘွဲ့ကတော့ သိနိုင်မည်မဟုတ်။

ဘဝမှာ ဒီ ပထမဆုံး ခံစားလိုက်ဖို့ရသော ရင်ခုန်သံဆိုတာ သူမ ကိုယ်တိုင်ပဲ သိလိမ့်မည်။

■ ■ ■

## အခန်း (၃၂)

မနက်အစောကြီး ရောက်လာသော ဆရာဝန်ကြီးက လိုအပ်သည့် စမ်းသပ်မှုတွေ လုပ်ပေးသည်။ ဆေးတစ်လုံးထိုးကာ သောက်ဆေးတွေ ပေးသည်။

"ငါးနာရီခြား တစ်ခွက် တိုက်ပေးပါ၊ စွပ်ပြုတ်ဖြစ်ဖြစ် ဆန်ပြုတ်ဖြစ်ဖြစ် နူးညံ့တဲ့ အစားတော့ ဆေးမသောက်ခင် ကျွေးနော်၊ ညနေဘက် ဆရာ တစ်ခေါက်ထပ်လာကြည့်ပေးမယ်"

အသေအချာ မှာကြားပြီး မိသားစု ဆရာဝန်ကြီး ပြန်သွားတော့ ဆေးသေတ္တာလေးဆွဲကာ ပဏ္ဍာ လိုက်ပို့ပေးသည်။ သူ့အနားမှာ ကျန်ရစ်တာ ဒေါ်ညွှက် တစ်ယောက်တည်း။

"ညကတည်းက ကျွန်တော် အဖျားတွေ တက်နေတာလား ဒေါ်ညွှက်"

"ဟုတ်တယ် သား။ ဒေါ်ညွှက်တောင် မသိဘူး။ သားကို ပဏ္ဍာလေးပဲ တစ်ညလုံး ပြုစုနေတာ"

"ဟင် ပဏ္ဍာ ပြုစုနေတာ"

"အင်း မနက်မိုးလင်းမှ ဒေါ်ညွှက်ကိုနှိုးတာ အဲဒါကျ သိရ

www.burmeseclassic.com

www.burmeseclassic.com



တာ''

သူ တကယ်ကို မမှတ်မိတာ ဖြစ်သည်။ ညတုန်းက အဖြစ်အ ပျက်တွေကို ပြန်စဉ်းစားတော့ အိပ်မက်တွေလိုလို ဖြစ်နေသည်။

နေရိရဲ့ ခါးခါးသီးသီး အပြစ်တင်စကားတွေ၊ ပြီးတော့ ပဏ္ဏာရဲ့ နွေးထွေးပွေ့ပိုက် ချော့မြူမှုတွေ ဒါတွေက တကယ်တဲ့လား။

''ကဲ သား ခဏပြန်မှေးနေဦးနော်၊ သားအတွက် စွပ်ပြုတ်လေး ဒေါ်ညွှက် စီစဉ်ပေးမယ်''

ပြောပြီး ဒေါ်ညွှက် ထွက်သွားသည်။ သူ ခုတင်ပေါ်မှာ ငြိမ်သက် ရင်း ညတုန်းက မမှတ်မိသော အကြောင်းတွေကို တွေးကြည့်သည်။

အဖျားတွေ ကြီးနေသော သူ့ကို ပဏ္ဏာက တစ်ညလုံး ပြုစုခဲ့ သည်တဲ့လား။ တွေးကြည့်မိရုံနှင့် ရင်ထဲမှာ နွေးထွေးကြည်နူးသွားမိ၏။

အခန်းထဲကို ရိပ်ခနဲ ဝင်လာသော လူရိပ်ကြောင့် မော့ကြည့်လိုက် တော့ ပဏ္ဏာ ပြန်ဝင်လာတာ ဖြစ်၏။

''ပဏ္ဏာ''

သူ ခေါ်တော့ ပဏ္ဏာ ခုတင်လေးနားအထိ လျှောက်လာကာ ငုံ့ကြည့်၏။ ပဏ္ဏာ မျက်နှာလေးက ဝင်းမွတ်ကြည်လင်နေ၏။ မျက်ဝန်း လေးတွေထဲက မျက်သားလေးတွေ နီနေသည်။

အနည်းငယ် ချောင်ကျနေသော မျက်ကွင်းတွေက ညတုန်းက အိပ်ရေးပျက်ခဲ့မှန်း သိသာလွန်းနေ၏။

''သက်သာရဲ့လားဟင် ဘွဲ့''

''အင်း တစ်ခုမေးချင်လို့ ညတုန်းက တစ်ညလုံး ပဏ္ဏာ ကိုယ့် အနားမှာ ရှိနေခဲ့တယ်ဆို''

ပဏ္ဏာ မျက်နှာလေး ရဲသွားသည် ထင်၏။ မျက်ဝန်းတွေ သူ့မျက်လုံးတွေကို ရှောင်လွှဲပြီးမှ ခေါင်းလေးညိတ်သည်။



''ကိုယ့်ကို တစ်ညလုံး ပဏ္ဏာ ပြုစုခဲ့တာလား''

''အင်းပေါ့ ဘွဲ့အဖျားတွေကြီးပြီး ညည်းညူနေခဲ့တာ''

''ပဏ္ဏာရယ် ကိုယ် အဲဒီလို အဖျားတွေ ထပ်ပြီး တက်ချင်နေ သေးတယ်''

''အို''

ရှက်သွေးလွှမ်းသော မျက်နှာလေးကို သူ မြတ်နိုးစွာပဲ စိုက် ကြည့်မိ၏။ ချစ်စရာကောင်းလိုက်တဲ့ ချစ်သူလေးပါပဲ။

မာနတွေနဲ့ မာတင်းနေလျှင်လည်း ဒီမျက်နှာလေးရဲ့အလှတွေ က တစ်စက်လေးတောင် လျော့ပါးမသွားခဲ့။

အခုလို ရှက်ရိပ်လွှမ်းနေတော့လည်း မြတ်နိုးမက်မောစရာ ကောင်းတဲ့အလှတွေပြည့်လို့ . . ။

''ပဏ္ဏာ''

''ပြောလေ ဘွဲ့''

''နောက်တစ်ခါ အဖျားတွေ တက်ရင် ပဏ္ဏာ ကိုယ့်ကို ပြုစု ဦးမှာလားဟင်''

''ဘွဲ့နော် ဘာတွေပြောနေမှန်း မသိဘူး သွား''

''ဘယ်ကိုသွားရမှာလဲ ညတုန်းက အိပ်မက်ထဲကိုလား''

''ဟာကွာ တော်ပြီ တို့ သွားတော့မယ်''

မျက်နှာလေး ရဲရဲနီသွားကာ လှည့်ထွက်ဖို့ပြင်သည့် ပဏ္ဏာ့ လက်ဖဝါးလေးကို သူ လှမ်းဆုပ်ကိုင်ထားလိုက်မိ၏။ ပဏ္ဏာ မရုန်းဖယ်တဲ့ အပြင် ခေါင်းလေး ခေါင်းငုံ့ရပ်နေ၏။

''မနေ့ညကတည်းက ကိုယ်မေးချင်တဲ့ စကားတစ်ခွန်းကို မေး ချင်တယ်နော်၊ ကိုယ့်အတွက် အဖြေတစ်ခု ပဏ္ဏာ့ရင်ထဲမှာ ရှိပြီလား''

''မသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ အဲဒီလို မရက်စက်ပါနဲ့"

"မရက်စက်တတ်လို့ ညက တစ်ညလုံး ရှင့်ကို ပြုစုပေးခဲ့တာပေါ့ ဘွဲ့ရယ်"

"ပဏ္ဍာရယ် ကိုယ်ကြားချင်တဲ့စကားကို ဖြေကွာ"

"လူနာ အမဲခြောက် တောင်းသလိုပါပဲလား"

"အင်းလေ ကိုယ်က လူနာဖြစ်နေပြီ၊ ဟောဒီ ရင်ဘတ်ထဲက ဝေဒနာအတွက် ကုသပေးနိုင်တာ ပဏ္ဍာ တစ်ယောက်ပဲ ရှိတယ်"

"လက်ကို လွှတ်ပါတော့ ဘွဲ့ရယ်၊ ဒေါ်ညွှက် ဝင်လာရင် မကောင်းဘူး"

"ဘာမှ မကောင်းစရာ မရှိပါဘူး၊ ဖေဖေတို့ ပြန်လာရင်တောင် ပဏ္ဍာ့ကို လက်ထပ်ခွင့်ပြုဖို့ တောင်းဆိုမှာ"

"ဟင် ဘယ်သူက လက်ထပ်မယ် ပြောလို့လဲ"

"ဒါဆို ပြောအောင် ဖွတ်တောင်းရမှာပဲ ကဲ"

"အို အမေ့"

ပဏ္ဍာ့ လက်ကလေးကို သူ ဆောင့်ဆွဲလိုက်တော့ ပဏ္ဍာ ခန္ဓာကိုယ်လေး သူ့ကိုယ်ပေါ်ယိုင်နဲ့ ပစ်ကျလာ၏။

နွေးထွေးသော ခန္ဓာကိုယ်လေးကို သူ တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားမိတော့ ပဏ္ဍာ လွန့်လွန့်လေး ရုန်းထွက်ရင်း

"ဘွဲ့ မဆိုးနဲ့ ပဏ္ဍာ တောင်းပန်ပါတယ်"

"ဒါဆို ပဏ္ဍာ ဖြေလေ"

"အင်း"

"မရဘူး ပါးစပ်က ဖြေ၊ ဘွဲ့ကိုချစ်တယ်လို့"

"ဘွဲ့ရယ် ရှင့်ကိုပဏ္ဍာ ချစ်ပါတယ်"

"ဟား ဝမ်းသာလိုက်တာကွာ"



အခန်းဝမှာ တံ့ခနဲ ခြေလှမ်းတွေရပ်ပြီး ဒေါ်ညွှက် ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ မြင်နေရသည့် မြင်ကွင်းက ဘယ်လိုမှ မျှော်လင့်မထားသည့် မြင်ကွင်း။

ပါးစပ်ကို လက်ဖဝါးနှင့် အသာပိတ်ပြီး ဒေါ်ညွှက် အခန်းဝက ပြန်လှည့်ထွက်ခဲ့သည်။

မောင်ဘွဲ့နဲ့ပဏ္ဍာလေးက ဒီလိုအခြေအနေတောင် ရောက်နေပြီ လား။ ထင်တော့ ထင်မိသား။ သူတို့မျက်ဝန်းတွေကို သတိထားမိတာ ကြာပြီ။

ဘာပဲဖြစ်ဖြစ် ဒီနှစ်ယောက်က လိုက်ဖက်ညီအောင် ချောမော ကြွေနွမ်းလို့ သူမလည်း ကြိတ်ပြီး သဘောတူနေမိတာ။ အခုတော့ ဆန္ဒ ကျ ပြည့်ပြီပေါ့။

မသက်တို့ ကိုမြတ်ဘုန်းတို့ ပြန်လာရင်တော့ မင်္ဂလာသတင်း ဆီးကြိုနေတော့မယ် ထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ငါတို့လည်း ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေတာ နေရီရယ်"

အေမီနိုင် စိတ်မကောင်းသလို ဆိုနေတော့ နေရီ ရင်ထဲမှာ ပိုလို့ နာကျင်ခံစားမိသည်။

အခုတော့ နန်းနေရီ ဆိုတဲ့ မိန်းမတစ်ယောက်အဖြစ်က သ စရာဘဝ ရောက်သွားပြီတဲ့လား။

"ငါတို့တွေနဲ့ သူတို့ စုံတွဲ မနေ့ကမြို့ထဲမှာ ထိပ်တိုက်ဆုံကြ ဟ၊ ငါနဲ့ဝတ်မှုံ နှုတ်ဆက်ဖို့ ခက်ခက်နဲ့ ကြောင်နေတာ၊ ဘွဲ့က အ နှုတ်ဆက်တာ၊ သင့်ပဏ္ဏာနဲ့တောင် မိတ်ဆက်ပေးသေးတယ်"

"တော်တော့ အေမီ၊ ငါ ဘာမှမကြားချင်ဘူးဟာ"

ဘယ်လိုမှ မခံနိုင်သည့်အဆုံး သူမ ဒေါသဖြစ်မိ၏။ အေ ပင့်သက်လေးရှိုက်ရင်း

"ငါ စိတ်မကောင်းပါဘူး နေရီရယ်၊ ငါက နင်နဲ့ဘွဲ့ကို အ ပြေပြီလို့ ထင်ထားတာ၊ အခုတော့မထင်မှတ်တာတွေ တွေ့နေရသ"

အေမီ စကားဆိုလိုရင်းကို နေရီ နားလည်သည်။ သူမဘ



ဘွဲ့အပေါ်မှာ နားလည်မှုတွေ ပေးခဲ့သည်။ အရင်ကလို မဟုတ်ဘဲ ပြောင်းလဲသွားခဲ့တာ အားလုံးအသိ။

ဒါနဲ့တောင် ဘွဲ့က နေရီကို စွန့်ခွာသွားခဲ့သည့်အဖြစ်ကို အားလုံး ချံသိကြမည်ပေါ့။

အေမီ နှုတ်ဆက်ပြန်သွားတော့ သူမ အခန်းထဲမှာ တစ်ယောက် ည်း ငူငူကြီး ထိုင်နေမိဆဲ။

အာရုံထဲမှာ ဘွဲ့မျက်နှာ၊ ပြီးတော့ သင့်ပဏ္ဏာ ဆိုသော မိန်းမ က်နှာ။ နောက်ဆုံးတော့ သူမပဲ ရှုံးနိမ့်ခဲ့သူတစ်ယောက် ဖြစ်ခဲ့ရပြီလား။

ဟင့်အင်း ဘယ်တော့မှ မဖြစ်စေရဘူး။

ရင်ထဲက မာနတွေနဲ့ သူမ ကြိမ်းဝါးခဲ့ပေမယ့် အရာအားလုံး ာ နောက်ကျခဲ့ပြီ ထင်သည်။ နေရီ အံကိုတင်းတင်းကြိတ်လိုက်မိ၏။

ဘွဲ့နှင့်ဆုံပြီးသည့် နောက်ပိုင်းကတည်းက ရက်စိတ်တွေ ဝမ်း ည်းစိတ်တွေနှင့် သူမ အိမ်ထဲက အိမ်ပြင်တောင် မထွက်ဖြစ်ခဲ့ပါ။ သေမဲ့ ဘွဲ့ရဲ့ သတင်းတွေကိုတော့ ကြားနေခဲ့သည်။

သင့်ပဏ္ဏာနှင့်ဘွဲ့ လက်ထပ်ကြမည်တဲ့။

ဘွဲ့ဖခင်ကလည်း သဘောတူ ကျေနပ်သည်တဲ့။ မိန်းမဖြစ်သူရဲ့ ဆိုတော့လည်း ကြည်ဖြူမှာပေါ့။

သင့်ပဏ္ဏာဆိုတဲ့ မိန်းမအတွက်ကတော့ ဘွဲ့ဂုဏ်ထူးဆိုတဲ့ ာကျိုးကို အပိုင်ချိုင်လိုက်နိုင်ခဲ့တာ ကျေနပ်စရာပေါ့။

တစိမ့်စိမ့် တွေးလေ တနုံ့နုံ့နှင့် နာကျင်ခံစားရလေလေပါပဲ။ ပဏ္ဏာ ဆိုတာ သူမတို့မိသားစုအတွက် ကျိန်စာ ပြုဟ်ဆိုးနဲ့ မိန်းမ ယောက်ပဲလား။

သင့်ပဏ္ဏာ မိခင်က အန်ကယ်ကို အရသိမ်းပိုက်ကာ အပိုင်ဖမ်း ည်။ ဒါပေမဲ့ သူမ မျှော်လင့်ချက်တွေ ဖြစ်မလာခဲ့။ သူမ လိုချင်သော

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမှုတွေ ခွန့်ခဲ့ရ၏။

အန်ကယ့်ခမြာလည်း မိဘအသိုင်းအဝန်းရဲ့ စွန့်ပစ်ခြင်း ခံခဲ့ရသည်။ အခု သင့်ပဏ္ဏာ အလှည့်ကျတော့ ကံတွေက ကောင်းနေသည်။

ဘွဲ့ဂုဏ်ထူးဆိုတဲ့ ယောက်ျားကို သူမ ရင်ခွင်ထဲက ဆွဲယူသွားနိုင်အောင် အစွမ်းထက်သည်။

ဘွဲ့ဖေဖေကလည်း ကြည်ဖြူသည်ဆိုတော့ သင့်ပဏ္ဏာ ဘဝ ပြီးဆုံးပြီပေါ့။

ဘွဲ့ရဲ့အချစ်ကို ပိုင်ဆိုင်သလို ဘွဲ့ရဲ့ဥစ္စာဓန အားလုံးကိုလည်း အပိုင်ရသွားခဲ့ပြီ။

မင်း သိပ်ကျေနပ်နေသလား သင့်ပဏ္ဏာ။

ပွဲက မပြီးသေးပါဘူး။ မင်းဆန္ဒတွေ ဘယ်တော့မှ ဖြစ်မလာစေရဘူး။ အဲဒါ သေချာတယ်။

■ ■ ■

## အခန်း (၃၄)

အားလုံးရဲ့ မျက်နှာတွေမှာ ကျေနပ်ကြည်နူးခြင်းတွေနှင့် မင်္ဂလာ ကျက်သရေတွေ ပြည့်ဝနေကြသည်။

ဦးဦးဖေ ကိုယ်တိုင်ကလည်း ကြည်နူးအပြုံးတွေနှင့်၊ မေမေ ကလည်း မမ ပဏ္ဏာအတွက် ကျေနပ်ဝမ်းသာခြင်းတွေနှင့် တစိမ့်စိမ့် ရှိနေသည်။

"မင်္ဂလာပွဲကို သားစိတ်တိုင်းကျ စီစဉ်ပေးမှာပါ၊ သားတို့ ဖြစ် ချင်တာပြော"

ဘွဲ့က ကျေနပ်စွာပြုံးရင်း နံဘေးက မမပဏ္ဏာကို ကြည့်သည်။ မမ ပဏ္ဏာက အပြုံးတွေနှင့် ခေါင်းလေးညိတ်ရင်း

"ပဏ္ဏာတို့ကတော့ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် မလုပ်ချင် ဘူး။ ခြံထဲမှာပဲ ဖိတ်သင့်တဲ့ မိတ်ဆွေတွေနဲ့ အကျဉ်းကျင်းပမယ်၊ ပြီးရင် မင်္ဂလာပွဲအတွက် ရည်ရွယ်ထားတာတွေကို မိဘမဲ့ ကလေးတွေအတွက် လှူဒါန်းချင်တယ်"

"ဟား၊ သိပ်မြင့်မြတ်ဖြူစင်တဲ့ ကိစ္စပဲ၊ ဖေဖေတော့ ကျေနပ် တယ်၊ သက်ကော လက်ခံသလား"

www.burmeseclassic.com

www.burmeseclassic.com



"လက်ခံပါတယ် ကို၊ သားနဲ့သမီးတို့ ဆန္ဒအတိုင်းပဲပေါ့"

"ဒါဆိုရင် အဲဒီအစီအစဉ်ကိုပဲ အတည်ပြုလိုက်တော့ ဖေဖေရာ"

"ကောင်းပြီ သား၊ ဖေဖေ အားလုံးစီစဉ်ပေးမယ်၊ နောက်တစ်ခု ဖေဖေ တောင်းဆိုချင်တာက ဖေဖေ့ရဲ့ကုမ္ပဏီ လုပ်ငန်းတွေကို သမီးပဏ္ဏာလေး ဦးဆောင်ဖို့ ကိစ္စပဲ"

ဦးမြတ်ဘုန်းထူး စကားကြောင့် မမပဏ္ဏာ မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ပြီး နားမလည်သလို ကြည့်၏။

"ဖေဖေ မျှော်လင့်ထားတာက ဖေဖေ့ရဲ့ကုမ္ပဏီလုပ်ငန်းတွေကို သား ဦးဆောင်ဖို့ပဲ၊ ဒါပေမဲ့ သားက သူ့ဆိုင်လုပ်ငန်းနဲ့ အသားကျအောင်မြင်နေပြီဆိုတော့ ဖေဖေ တာဝန်ကို ဆက်ခံမယ့်သူ ခက်နေပြီ၊ ဒါကြောင့် သမီး ပဏ္ဏာကိုပဲ ဖေဖေ အားကိုးမှာ"

"ပဏ္ဏာ့ကို ဖေဖေ့ရဲ့ ကုမ္ပဏီ လွှဲပေးမလို့လား ဖေဖေ"

"ဟုတ်တယ်လေ သားရဲ့ ဘာဖြစ်လို့လဲ"

"ခုကွာပဲ ကျွန်တော့်မိန်းမတော့ အလုပ်တွေ ပိပြီး ပင်ပန်းတော့မှာပဲ ဖေဖေရာ"

"အံမယ် မင်းက ဖေဖေ တစ်ယောက်လုံး လုပ်နေတုန်းကတော့ ဖေဖေ ပင်ပန်းတယ် မပြောပါလား"

"အဟဲ နောက်တာပါ ဖေဖေရာ"

ကိုကို ရယ်ရယ်မောမောနှင့် ဆိုတော့ အားလုံး ရယ်မိကြသေးသည်။ မမပဏ္ဏာက

"ဖေဖေ့အလုပ်ကို သမီး ကူညီပါ့မယ်၊ လတ်တလောတော့ သမီး ဝါသနာပါတဲ့အလုပ်မှာ တစ်နှစ်လောက် ဆက်လုပ်ခွင့်ပေးပါနော်"

"ရတယ် သမီး၊ ဖေဖေ နားလည်တယ်၊ သမီးဆန္ဒအတိုင်းပါပဲ"



"ကဲ ဖေဖေတို့ ကိစ္စတွေ ပြီးရင် သားတို့ကိစ္စရှိသေးတယ်"

"ဘာကိစ္စလဲ သား"

"မင်္ဂလာပွဲကျရင် ဝတ်ဖို့ ဝတ်စုံတွေ ဒီနေ့ သွားအပ်မလို့ ဖေဖေ"

"အေး အေး သွားကြလေ"

ဦးမြတ်ဘုန်းထူး ခွင့်ပြုတော့ ကိုကို မမပဏ္ဏာ လက်ကိုဆွဲကာ ထရပ်သည်။ မမပဏ္ဏာက ချစ်ဘက်လှည့်ကြည့်ရင်း

"ချစ်လေးလည်း လိုက်ခဲ့လေ"

"ဘာလိုက်လုပ်မှာလဲ နင် ဝင်္ဂလည်မယ်နော် ချစ်ရိပ်"

ကိုကိုက ချစ်ရိပ်ကို မခေါ်ချင်သလို ပြောတော့ ချစ်ရိပ် မျက်ရည်လေးဝဲရင်း

"မလိုက်ပါဘူး ကိုကို ချစ်လေးကို အလိုမရှိမှန်း သိပါတယ်"

"ဘွဲ့ကလည်း နောက်နေပြီ၊ အလကား ပြောတာ ချစ်လေး"

"ဟော့ ငိုမဲ့မဲ့ မလုပ်နဲ့ လိုက်ခဲ့ပါ လက်ခံတယ်"

ကိုကို ပြန်ခေါ်ပေမယ့် ချစ်လေး ခေါင်းလေးကိုပဲ ခါမိ၏။ ချစ်လေးကြောင့် ကိုကိုတို့ကြားမှာ အနှောင့်အယှက် မဖြစ်စေချင်ပါ။

"ဟင့်အင်း မလိုက်တော့ဘူး"

"ဘာလဲ နင်က စိတ်ကောက်တာလား"

"မဟုတ်ပါဘူး ကိုကိုရယ်၊ ကိုကိုတို့ မင်္ဂလာပွဲကျ ဝတ်ဖို့ ဝတ်စုံ ချစ်လေး သွားချုပ်မှာ၊ သူငယ်ချင်းတွေနဲ့ ချိန်းထားပြီးပြီ"

"ဟော့ သူငယ်ချင်းက ဘိုင်းဖရန့်လား ဂဲလ်ဖရန့်လား"

ကိုကို မျက်မှောင်ကြီးကုပ်မေးတော့ ချစ်လေး နှာခေါင်းလေး ရှုံ့ ပခုံးလေးတွန့်ပစ်ရင်း

"သန့်သန့်လေးပါနော် ချစ်လေးတို့က ကလေးပဲရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ငါနဲ့ဆုံလို့ကတော့ နင်နာပြီမှတ်၊ အစ်ကိုရှေ့မှာ ရှက်ရှက်တော့ မလုပ်နဲ့၊ ခေါင်းကို ဘုထွက်အောင် ခေါက်မှာ"

ကိုကို ကြိမ်းဝါးရင်း မမပဉ္စာနှင့် ကော်ဖီဝိုင်းက ထွက်သွားတော့ မေမေက သဘောကျစွာ ပြုံးရင်း

"အင်း သားတွေ့ အခုလို သက်တို့သားအမိကို ခင်မင်သွားတော့ သက် အရမ်းဝမ်းသာတယ်"

"သက်ရယ် သားရင်ထဲမှာ မေတ္တာတရားကို ခံစားတတ်နေပါပြီ ကိုယ်တို့ မိသားစုလေး နွေးထွေးသွားစေတာ ပဉ္စာလေးကြောင့်ပဲ"

မေမေတို့ ကျေနပ်ဝမ်းသာနေကြတော့ ချစ်လည်း ကြေကွဲစိတ်လေး မျိုသိပ်ကာ အခန်းဘက် ထွက်ခဲ့၏။

မန္တလေးက ပြန်လာပြီး ကြားရသော သတင်းက မင်္ဂလာသတင်းဆိုပေမယ့် ချစ်လေး ရင်ကို ဝမ်းနည်းစေခဲ့တာ ဘယ်သူသိနိုင်မှာလဲ။

တကယ်ဆို ဘဝမှာ ကိုကို တစ်ယောက်ကိုပဲ ချစ်လေး မျှော်တွယ်ခဲ့တာပါ။

မေမေ့အပေါ် မကြည်လင်စိတ်နဲ့ ကိုကို ဘယ်လိုပဲ သူ့အပေါ် အမြင်မကြည်ပါစေ ချစ်ဘက်က စာနာနွေးထွေးခြင်းတွေနဲ့ ခင်မင်အောင် ကြိုးစားခဲ့သည်။

အခုတော့ ကိုကို့စိတ်တွေကို ပြောင်းလဲသွားစေတာက မမ ပဉ္စာ ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် ချစ်လေး ကျေနပ်နိုင်ပါသည်။

ကိုကို့နှလုံးသား မမ ပဉ္စာကို တကယ်ချစ်ခဲ့တာမို့လည်း ချစ်လေး ကျေနပ်ပေးဖို့ အသင့်။

ကိုကိုဟာ ချစ်လေးရဲ့အစ်ကိုတစ်ယောက်အဖြစ် ရှိနေခွင့်ကပဲ



ဖြစ်သင့်သော အခြေအနေဟု ချစ်လေး လက်ခံပါသည်။

မေတ္တာတရားဆိုတာ အေးမြခြင်းပါ ကိုကိုရယ်။

အဲဒီမေတ္တာတရားနဲ့ ချစ်လေး နှလုံးသားကို ဖြူစင်စွာ ရှင်သန်သွားမှာပါ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၅)

နေရီဆီက ဖုန်းဝင်လာတော့ ပဏ္ဍာ အံ့ညြသွားမိတာ အမှန်ပဲ ဖြစ်သည်။ တကယ်ဆို သူမနှင့်ပဏ္ဍာ ရင်းရင်းနှီးနှီး ရှိခဲ့တာ မဟုတ်။

"သင့်ပဏ္ဍာ ရှင်နဲ့ကျွန်မ ခဏလောက် တွေ့ခွင့်ပေးပါ"

"တို့မအားဘူး နေရီ၊ ကိစ္စက အရေးကြီးလို့လား"

"သိပ်အရေးကြီးတယ်၊ ခဏလောက် တွေ့မှဖြစ်မယ်"

ဖွတ်တောင်းဆိုနေတာမို့ သည်ဆိုင်လေးကို ချိန်းဆိုပြီး သူမ ထွက်ခဲ့တာ ဖြစ်သည်။

တက္ကစီကားလေး ဆိုင်ရှေ့မှာ ထိုးရပ်တော့ သင့်ပဏ္ဍာ ကသော ကမျော ဆင်းသည်။ ခွင့်တောင်းခဲ့တာက တစ်နာရီပဲ အချိန်ရတာမို့ တက္ကစီနှင့်ပဲ လာခဲ့ရသည်။

စားသောက်ဆိုင်လေးထဲကို ပဏ္ဍာ ဝင်ခဲ့တော့ နေရီက စားပွဲ ဝိုင်းမှာ အသင့်ကြိုရောက်နေ၏။ ဆိုင်ရှေ့မှာ ရပ်ထားသော Mark II ကားပြာကြီးတွေ့ကတည်းက နေရီ ရောက်နေတာ သိပြီးနေပြီ။

သူမ ထိုင်နေသော စားပွဲဝိုင်းဆီပဲ တန်းလာခဲ့ရင်း

"ဆောရီး ရုံးက အစည်းအဝေးက အခုမှပြီးလို့ ခွင့်တောင်း



လာခဲ့တာ နန်းနေရီ"

"ရောက်လာတာ အတွက် ကျေးဇူးပါတယ် ထိုင်ပါဦး"

ခြေချိတ်ထိုင်နေသော ထိုင်ခုံက တစ်ချက်လေး မလှုပ်ဘဲ ထိုင်ခိုင်းပုံက အမိန့်သံတော့ ဆန်နေ၏။ ပဏ္ဍာ မသိကျိုးကျွံပြုရင်း ဝင်ထိုင် လိုက်သည်။

"ဘာသုံးဆောင်မလဲ သင့်ပဏ္ဍာ"

"ကျေးဇူးတင်တယ် နန်းနေရီ၊ တို့ ဘာမှမစားတော့ဘူး"

နှုတ်ခမ်းရဲရဲလေးတွေ တွန့်ခနဲ လှုပ်ပြီး နန်းနေရီ အအေးဘူး ကို တစ်ကျိုက် ငုံသောက်သည်။ မျက်ဝန်းတွေက ပဏ္ဍာ မျက်နှာမှာ စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။

နားမှာ စိန်ပွင့်နားဆွဲလေးနှင့် လည်တိုင်မှာ နစ်ထပ်ပလက်တီ နမ်ကြိုး၊ လက်ချောင်းတွေမှာ ရွှေလက်စွပ်တွေ လက်ချောင်းအပြည့် ဆင်ထားသော နန်းနေရီကိုလည်း ပဏ္ဍာ စူးစူးစိုက်စိုက် ပြန်ကြည့်ပစ် လိုက်မိသည်။

"ပြောစရာရှိတာ ပြောနိုင်ပါတယ် နန်းနေရီ၊ တို့အချိန် သိပ်မရ လို့ စိတ်မရှိပါနဲ့"

"အဟင်း သံရုံးက အရာရှိမကြီးဆိုတော့ အလုပ်တွေ များမှာ သိပါတယ်"

စကားလုံးတွေက ကိုယ့်ကို တမင်တိုက်ခိုက်နေမှန်း သိသာလွန်း သည်။

"နန်းနေရီ မင်း ကိုယ့်ကိုခေါ်ပြီး တိုက်ခိုက်ချင်တာလား မင်းနဲ့ ငါ့ကြားမှာ ဘာပြဿနာရှိသလဲ ပွင့်ပွင့်လင်းလင်း ပြောပါ"

ရင်ထဲက မာနတွေက ခေါင်းထောင်လာသည်။ နန်းနေရီ ပခုံး သိမ့်ချက်တွန့် လှောင်သလိုပြုံးရင်း

www.burmeseclassic.com



"မင်းအကြောင်း တို့ သိတယ် သင့်ပဏ္ဏာ၊ တကယ်ဆို မင်း အခြေအနေနဲ့တို့က ဒီလို အတူထိုင်သင့်တာ မဟုတ်ဘူး"

ထောင်းခနဲ ဖြစ်လာသော ဒေါသတွေနှင့် သူ ဆတ်ခနဲ ထရပ် လိုက်မိသည်။

"တော်ပြီ နန်းနေရီ မင်းဆီကို ကိုယ်လာခဲ့တာ ကိုယ့်အမှားပဲ၊ မင်းမှာ ဘာဂုဏ်မာနတွေ တက်နေတာလဲ၊ သင့်ပဏ္ဏာဆိုတဲ့ မိန်းမက ဘာမှ ဂရုမစိုက်ဘူးနော်"

"ဆောရီး တို့ စကားကြောင့် မင်း စိတ်ဆိုးသွားတယ်ဆိုရင် တောင်းပန်တယ် သင့်ပဏ္ဏာ၊ ခဏလေး ပြန်ထိုင်ပါဦး"

ဆိုင်ထဲမှာမို့ ပြဿနာ မဖြစ်ချင်၊ ဒေါသတွေ ထိန်းချုပ်ကာ သင့်ပဏ္ဏာ ပြန်ထိုင်လိုက်ရသည်။

"ပြော နန်းနေရီ တို့နောက်ထပ် မိနစ်နှစ်ဆယ်ပဲ အချိန်ရမယ်"

နာရီကို တစ်ချက် ငုံ့ကြည့်ကာ အပြတ်ပြောတော့ ချိတ်ထား သော ခြေတစ်ဖက်ကို နန်းနေရီ ပြန်ဖြေချရင်း

"တို့ မေးချင်တာ မင်း ဘွဲ့ဂုဏ်ထူးကို ဘာကြောင့် ရွေးချယ် လိုက်တာလဲ"

"အဲဒါ တို့ကိစ္စပဲလေ"

"ဘွဲ့က တို့နဲ့ချစ်နေတဲ့သူလေ၊ မင်း အရချိုင်လိုက်တာ အံ့ဩ လွန်းလို့"

"မင်း ခံရခက်နေတာလား နန်းနေရီ၊ ဘွဲ့ကို တို့ ချစ်လို့ ဘဝ အတွက် ရွေးချယ်လိုက်တာ ကဲ"

"ဘဝအတွက် အင်းလေ ဘွဲ့ရဲ့ပိုင်ဆိုင်မှု အသိုင်းအဝန်းတွေ က မက်မောစရာ ကောင်းတာ အမှန်ပဲလေ"

"အဲဒါတွေ တို့ ဂရုမစိုက်ဘူး နန်းနေရီ"



"အဟင်း မင်းအမေ ဒေါ်ခင်သက်မွန်တောင် တို့အန်ကယ်ကို အရချိုင်ဖို့ ကြိုးစားခဲ့သေးတာပဲ"

"ဘာ"

"အံ့ဩသွားသလား ပဏ္ဏာ၊ မင်းအဖေဆိုတဲ့လူက တို့အန် ကယ်ပဲ၊ မိသားစုက စွန့်ပစ်လို့ ဒုက္ခတွေနဲ့ ဘဝဆုံးသွားခဲ့တာ အင်း မင်းအမေဆန္ဒတွေ ပျက်ခဲ့တာပေါ့"

ပဏ္ဏာ မယုံနိုင်အောင် အံ့ဩနေမိသည်။ နန်းနေရီဆိုတာ ဖေဖေ့ရဲ့ တူမတစ်ယောက်တဲ့လား။ ဒါဆို သူနဲ့ ညီအစ်မပေါ့။

"မင်း မင်းက ဖေဖေ့ရဲ့တူမ ဟုတ်လား"

"ဟုတ်တယ် ပဏ္ဏာ ဒါပေမဲ့ အားလုံးက မင်းအမေ စကားကို လက်မခံခဲ့ကြဘူး"

"အဲဒါ အမှားကြီးပဲ နန်းနေရီ၊ ဖေဖေနဲ့မေမေဟာ မင်းရဲ့ အတိုးအဘွားတွေ မသိအောင် အရင်ကတည်းက တိတ်တဆိတ် လက် ထပ်ယူထားတာ"

"မင်းဆိုလိုတာ မင်းက အန်ကယ့်သမီးအရင်းပေါ့"

"ဟုတ်တယ် တို့က ဖေဖေ့ရဲ့ သွေးသားရင်းချာပဲ၊ ဒါ သေချာ တယ်၊ မင်းတို့အသိုင်းအဝန်းက မေမေ့အပေါ် အထင်သေး စွပ်စွဲချက်တွေ ဆင်ခဲ့တာ"

"ထားတော့ သင့်ပဏ္ဏာ ကိုယ် တကယ်စိတ်မကောင်းတာက မင်းက မင်းအမေလိုပဲ အလှတွေနဲ့ ဘွဲ့ကိုသိမ်းပိုက်သွားတာကိုပဲ"

"မဟုတ်ဘူး နေရီ၊ မင်း အထင်မှားနေပြီ"

နန်းနေရီ နှုတ်ခမ်းတွေ မဲ့ကျသွား၏။ မျက်ဝန်းတွေကလည်း မျက်ရည်တွေကြောင့် စူးရှတောက်ပလွန်းနေ၏။

"အထင်မမှားဘူး သင့်ပဏ္ဏာ၊ နန်းနေရီဆိုတဲ့ ငနဲမတတ်

www.burmeseclassic.com



ယောက် ရင်ခွင်ကို စွန့်ခွာသွားလောက်အောင် ဘွဲ့ ပြောင်းလဲသွားတာ သက်သေ ပဲ''

ပဏ္ဏာ ခေါင်းကို ခါရမ်းမိသည်။ နန်းနေရီကို သူမ ဘယ်လို ရှင်းပြရမည်လဲ။

တကယ်ဆို အားလုံးဟာ နှလုံးသားရဲ့အလိုတော်အတိုင်းပဲ ဖြစ်ခဲ့တာပါ။ တစ်ခါတုန်းက ဘွဲ့ဂုဏ်ထူးဆိုတဲ့ ယောကျ်ားကိုလည်း သူမ ကြည့်မရအောင် မုန်းခဲ့သည်။

ဒါပေမဲ့ နှလုံးသားက လက်မခံခဲ့ပါ။

ဘွဲ့ ခွင့်တောင်းဆိုလာသော အချိန်မှာ သူမ နှလုံးသားက ဘွဲ့ကို မြတ်နိုးစွာ တွယ်မက်နေခဲ့ပြီ။

ဒါကြောင့်လည်း နန်းနေရီ ကိစ္စကို ယတိပြတ်မေးကြည့်ခဲ့တာ ပဲ ဖြစ်သည်။ ဘွဲ့နှလုံးသားက သေချာပြီဆိုမှ လက်ခံခဲ့တာ အပြစ်လား။

''ဘာလဲ သင့်ပဏ္ဏာ၊ မင်းအမေတုန်းက မပိုင်ဆိုင်ခဲ့ရတဲ့ စည်းစိမ်ချမ်းသာတွေအတွက် မင်း ဘွဲ့ကို အရယူလိုက်တာလား''

''နေရီ မင်း သိပ်မှားနေပြီ''

''မဟုတ်ဘူး မှားခဲ့တာ မင်းပါ သင့်ပဏ္ဏာ၊ တို့ရင်ခွင်ထဲက ဘွဲ့ကို မင်း ထုတ်သွားခဲ့တာ တို့နှလုံးသားကို ခွဲထုတ်သွားတာပဲ''

''အို''

''ဟုတ်တယ်လေ မင်းနဲ့ကိုယ်က ညီအစ်မ ဝမ်းကွဲတော်တယ် ဆိုတာကိုတောင် ယုံရခက်ခက်ပဲ၊ တော်တော့ သင့်ပဏ္ဏာ ကိုယ် ခံစားရ သလို မင်းမခံစားရပါစေနဲ့''

''တော်ပါတော့ နေရီ ဘွဲ့နဲ့မင်း တရားဝင်ချစ်သူ ဘဝက ပြတ်ဆဲလိုက်ပြီလို့ တို့ထင်ထားတာ၊ တို့ကြောင့် မင်း ဒီလိုခံစားရပါစေ ဆိုတဲ့ ရည်ရွယ်ချက် တို့မှာ မရှိဘူး''



နန်းနေရီ မျက်ရည်စတွေကို တို့သုတ်နေတာ ကြည့်ရင်း သူမ [illegible]ထဲမှာ တကယ်မကောင်းပါ။

နန်းနေရီ နှလုံးသားကို နာကျင်စေခဲ့တာ မှားပြီလား။

ဘွဲ့ကို ချစ်ခဲ့တာ နှလုံးသားက ဆန္ဒတစ်ခုကလွဲလို့ ဘာမှမပါ [illegible]ပါ။ သင့်ပဏ္ဏာရဲ့ နှလုံးသားက အဖြူရောင်အတိုင်းပဲ အစဉ်ရှိခဲ့သည်။

ဒါပေမဲ့ အခုတော့ နန်းနေရီရဲ့ စွပ်စွဲချက်တွေအောက်မှာ စုတ် [illegible]သတ်ခဲ့ရပြီ။

မေမေ့ကိုတောင် စွပ်စွဲချက်တွေနဲ့ ရက်စက်ခဲ့ကြသော အသိုင်း [illegible]န်းထဲမှာ ပဏ္ဏာလည်း ခံယူရဦးမှာလား။

ဟင့်အင်း သင့်ပဏ္ဏာ ဘဝမှာ မေမေ့လို ဝေဒနာဆိုးကြီးနဲ့ [illegible]သက်လုံး မရှင်သန်စေရဘူး။

ဘွဲ့ရယ်

ပဏ္ဏာကို မေ့ပစ်လိုက်ပါတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

"ဘာ အခုချိန်ထိတောင် ပြန်မရောက်သေးဘူး ဟုတ်လား"

ဘွဲ့ စိုးရိမ်ဒေါသနှင့် မေးတော့ ချစ်ရိပ် ဆတ်ခနဲတော[ ]
တုန်သွား၏။

"ဟုတ်တယ် ကိုကို ရုံးကို ဖုန်းဆက်ကြည့်တော့ ပြန်သွားပြီ[ ]"

"ဟင်"

သူ့ရင်ထဲက စိုးရိမ်မှု ဒီဂရီတွေက ပိုတိုးလာသည်။ အနေ[ ]
ဆင်ဝင်အောက်က ကားဆီလှမ်းခဲ့၏။

"ကိုကို ဘယ်သွားမှာလဲ"

"ပဉ္စာ့ကို ရှာမလို့ စိတ်မပူနဲ့ အိမ်ကစောင့်"

ချစ်ရိပ်ကို ပြောပြီး သူ့ကားလေးကို မောင်းထွက်ခဲ့သည်[ ]
တစ်လမ်းလုံး မျက်ဝန်းတွေက ပဉ္စာ့ကို ရှာကြည့်သည်။ တက္ကစီ[ ]
တွေပေါ်လည်း ကြည့်သည်။

သူ့ကားကို မြင်ရင် ပဉ္စာ တက္ကစီ စီးလာရင်တောင် ဆင်း[ ]
မှာ ယုံသည်။

နာရီကို ငုံ့ကြည့်တော့ ခုနစ်နာရီတောင် ထိုးနေပြီ။ [ ]
နေဝင်မိုးချုပ်အထိ ပဉ္စာ မနေဘူးပါ။ ဆိုးတာက ဖုန်းမဆက်[ ]
ဖုန်းကိုဆက်တော့လည်း ဖုန်းပိတ်ထားသည်။



ဒီတော့ စိုးရိမ်စိတ်တွေ သူ့ရင်မှာ တိုးလာသည်။

ပဉ္စာ တစ်ခုခု အန္တရာယ်နှင့် ကြုံနေသည်လား။ ပူပန်သော
[ ]စိတ်တွေနှင့် မောင်းလာရင်း ကားလေးက ပဉ္စာ လုပ်သော သီချင်းရှေ့
ရောက်လာ၏။

သူ ကားပေါ်က ဆင်းခဲ့ကာ ဂိတ်တံခါးဝမှာ စုံစမ်းကြည့်မိသည်။

"သင့်ပဉ္စာလား သူ အလုပ်က ဒီနေ့လယ်ပဲ နှုတ်ထွက်သွားပြီ"

"ဗျာ မဖြစ်နိုင်တာ"

"သေချာပါတယ် နှုတ်ထွက်စာ တင်သွားတယ်၊ နေပါဦး
[ ]ဗျားက ဘယ်သူလဲ"

"ကျွန်တော် ဘွဲ့ဂုဏ်ထူးပါ"

"ဘွဲ့ဂုဏ်ထူး ဟုတ်ပြီ သူက ခင်ဗျား လာရင်ပေးလိုက်ဖို့
[ ]တစ်စောင် ပေးခဲ့တယ်"

"ဟုတ် ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ"

ဂိတ်စောင့် လုံခြုံရေးဝန်ထမ်း ထုတ်ပေးသော စာလေးကို
[ ]မီးရောင်အောက်မှာပဲ ကသောကမျော ဖွင့်ဖတ်မိ၏။

ဘွဲ့

ပဉ္စာ့ကို မေ့လိုက်ပါတော့ . . ။

ပဉ္စာ

ဝါကျလေး တစ်ကြောင်းတည်းပါသော ပဉ္စာရဲ့ လက်ရေး
[ ]ထွက်နှင့် စာလေးက သူ့ရင်ကို ဆို့နစ်သွားစေသည်။

"မဖြစ်နိုင်ဘူး မဖြစ်သင့်ဘူး"

သူ သွေးရူးသွေးတန်း ရေရွတ်မိရင်း ကားပေါ် ပြန်ပြေးတက်ခဲ့
[ ] သူ့အဖြစ်ကို ကြောင်တွေ ရပ်ကြည့်ကျန်ရစ်ခဲ့သော လုံခြုံရေး
[ ]ဆက်ဖို့ သတိမရခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပူလောင်ခြင်းတွေ ပြည့်နှက်နေသည်။

ပဏ္ဏာရယ် မင်း ဘာလုပ်တာလဲ။ မင်းဘယ်ထွက်သွားခဲ့တာလဲ။ ကိုယ့်ကို မထားရစ်ခဲ့ပါနဲ့။

အားလုံးဟာ အေးချမ်းစွာ ပြီးဆုံးလုနီးမှ ပဏ္ဏာ ဘာကြောင့် ဒီလို ဆုံးဖြတ်သွားခဲ့တာလဲ။

သူ့ လက်မခံနိုင်ဘဲ ခေါင်းကိုအခါခါ ရမ်းရင်း ပဏ္ဏာအမည်ကိုပဲ ရင်ထဲက ပွဲတင်ထပ် ခေါ်နေမိသည်။

မင်း ပြန်လာခဲ့ပါ ပဏ္ဏာရယ်။

■ ■ ■

## အခန်း (၃၆)

ကိုကို ခံစားနေရသော သောကတွေကို ချစ်လည်း ဝေမျှခံစားလို့ရ၏။ မမပဏ္ဏာရဲ့ လုပ်ရပ်ကိုလည်း ချစ် နားမလည်တော့ပါ။

"သမီးပဏ္ဏာ ဘာလို့ ဒီလို ထွက်သွားတာလဲ"

မေမေ ကိုယ်တိုင်ကလည်း နားမလည်နိုင်စွာ အဖြေမသိသော မေးခွန်းကိုပဲ အခါခါ ရေရွတ်မဆုံး။

"ဘယ်လို ပြဿနာနဲ့ သူ ကြုံဆုံနေခဲ့တာလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ကို တိုင်ပင်သင့်ပါတယ်"

ဦးဦးဖေကလည်း မချိတင်ကဲ ရေရွတ်သည်။

ကိုကိုကတော့ ဆိုင်လည်း မရောက်တော့ဘဲ အချိန်တိုင်း မမပဏ္ဏာကို ရှာနေသည်။ မနက်မိုးလင်းလျှင် ကားတစ်စီးနှင့်ထွက်သွားသော ကိုကိုသည် ညနေမိုးချုပ်မှ ပြန်ရောက်၏။

ခေါင်းငိုက်စိုက်နှင့် မောပန်းစွာ ပြန်လာသော ကိုကို့ကိုကြည့်ကာ ဘယ်သူမှ မမေးရက်ခဲ့ကြပါ။

"ပဏ္ဏာရယ် ဘာလို့ ဒီလို ထွက်သွားရတာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ရေရွတ်သလို ဆိုနေသော ကိုကို့ကို ကြည့်ကာ ချစ် သနားသည်။ မေမေတို့လည်း ကိုကို အဖြစ်ကို ကြည့်ကာ နှစ်သိမ့်စကား မဆိုနိုင်အောင် ခံစားနေကြတာ သေချာ၏။

"သတင်းစာထဲမှာ ဖေဖေ ကြော်ငြာထည့်ထားတယ် သား။ နီးစပ်သမျှလည်း စုံစမ်းနေတယ်"

ရှောင်ထွက်သွားသော မမပဏ္ဏာကို သည်လို ခေါ်နေလို့ မထူးခြားနိုင်တာ ကိုကို သိမှာပါ။ ယတိပြတ် လုပ်သွားသော မမပဏ္ဏာကို ဖုန်းလေးတောင် ဆက်ခေါ်မရခဲ့ပါ။

နှစ်ပတ်ကျော်လောက် ကြာလာတော့ ကိုကို စိတ်ဓာတ်တွေ ယိုယွင်းစ ပြုလာသည်။

မသောက်စဖူး အရက်တွေ သောက်ပြန်လာသည်။ ယိုင်ထိုးနေသော ခန္ဓာကိုယ်နှင့် မမပဏ္ဏာ အမည်ကိုတရင်း ညဲ့ခန်းမှာ ပြိုလဲကျသွားတာ ညစဉ်။

"ဒုက္ခပဲ ဒီအတိုင်းဆို ဒီကောင် ဒုက္ခရောက်တော့မှာပဲ"

ဖေဖေက ကြေကွဲစွာ ရေရွတ်သည်။ မေမေနှင့် ချစ်က ကိုကို့ကို ပြုစုပြီး အိပ်ခန်းတွဲပို့ရ၏။

"ပဏ္ဏာ အေ့ ပဏ္ဏာ ကိုယ့်ဆီ ပြန်ခဲ့ အေ့"

ကိုကို ခံစားနေရသော ဝေဒနာတွေ မြင်ရတော့ ချစ် မမပဏ္ဏာကို နာကျည်းချင်မိသည်။

ဒီအခြေအနေတွေ ရောက်မှ မမပဏ္ဏာ ဘာလို့ ကိုကို့ကို စွန့်ပစ်သွားခဲ့တာလဲ။ ဒါ တမင်ရက်စက်တာလား။

မမပဏ္ဏာမှာ ဘယ်လို အန္တရာယ် ဒုက္ခတွေ ရင်ဆိုင်ခဲ့ရတာလဲ



ချစ် မသိပေမယ့် ကိုကို ကြေကွဲမတတ် ခံစားနေရတာတော့ ချစ် လက်တွေ့မြင်နေရသည်။

ကိုကို့ကို သနားမိလေလေ မမပဏ္ဏာကို ချစ် စိတ်နာမိလေလေ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၇)

"တောက် ပျက်စမ်းကွာ ပျက် ပျက်"

ဆဲကုန်ပြီး ထိုးရပ်သွားသော ကားကို စိတ်မရှည်စွာ သူ ကျိန်ဆဲရင်း ကားတံခါးဖွင့်ဆင်းလိုက်တော့ မိုးရေစက်တွေက ခန္ဓာကိုယ်ပေါ် လွင့်စင်လာ၏။

ရှာကြစမ်း ရင်ထဲက အပူတွေ ငြိမ်းအောင် ရှာကြစမ်း။

သောက်ထားသည့် အမူးတွေတောင် ပြေသွားအောင် မိုးရေတွေက စိမ့်အေးနေသည်။ ဒီလို မိုးရေထဲမှာ တစ်ခါက ပဏ္ဏာ့ကို သူ ကြုံခဲ့ဖူးသည်။ အခုတော့ ပဏ္ဏာ ဘယ်မှာလဲ။

ကားကို ဒီအတိုင်း ပစ်ထားခဲ့ကာ လမ်းမပေါ်က သူ လျှောက်ခဲ့၏။ မိုးထဲမှာဆိုတော့ ပဏ္ဏာကို သတိရလာပြန်၏။ သတိရစိတ်ကို ဖြေဖို့ လူမှန်းမသိအောင် မူးသွားချင်သည်။

ခြေလှမ်းတွေကို မိုးရေတွေစိုနေသော လမ်းအတိုင်း သူ ဆက်လှမ်းခဲ့သည်။ ညှို့မှိုင်းရှာနေသော မိုးက ညနေခင်းကိုတောင် အလင်းရောင်တွေ ပျောက်ဆုံးအောင် မှောင်မိုက်စေ၏။



"တီ တီ"

အနောက်က ကားဟွန်းသံကြောင့် လမ်းဘေးကို ကပ်ပြီး သူ လျှောက်သည်။ ကားက ကျော်တက်မသွားဘဲ အနားမှာ ထိုးရပ်၏။

"ဘွဲ့"

"ဟင်"

လှည့်ကြည့်တော့ Mark II ကားကြီး။ သူ့မျက်နှာ တင်းခနဲဖြစ် သွားခဲ့စဉ်မှာပဲ မှန်တံခါး ပွင့်ကျလာခဲ့ကာ နေရီ မျက်နှာပေါ်လာ၏။

အမြဲတမ်း မှန်ညက်နေအောင် လှသော နှုတ်ခမ်းနေရီသည် အခုလည်း မှန်ညက်အောင် လှပကာ နှုတ်ခမ်းရဲရဲတွေက နီမြန်းနေသည်။

"ဘွဲ့ တက်လေ မိုးရွာကြီးထဲမှာ"

"မင်းလမ်း မင်းသွား နေရီ၊ ငါ့ဘာသာ နေပါရစေ"

ပြောပြီး သူ ဆက်လျှောက်သည်။ မျက်ဝန်းတွေက ရှေ့ကို မျှော်ကြည့်မိတော့

"ဟင်"

သူ အမြင်လွဲမှားတာ မဟုတ်နိုင်ပါ။ မျက်နှာချင်းဆိုင်က မိုးသည်းသည်းလမ်းမပေါ်မှာ မြင်လိုက်တာ ပဏ္ဏာမှ ပဏ္ဏာပါပဲ။

"ပဏ္ဏာ"

သူ ဟစ်အော်ရင်း မိုးရေထဲက လမ်းမအတိုင်း ပြေးသည်။ ယမကာ တန်ခိုးမိထားသော ခြေလှမ်းတွေက ယိုင်ချင်နေ၏။

"ပဏ္ဏာ"

ပြေးရင်း လူက ခြေချော်လဲကျသည်။ လှည့်ပြေးဖို့ ကြိုးစားသော ပဏ္ဏာ သူ့ခေါ်သံကြောင့် ပြန်လှည့်ကြည့်ရင်း

"ဘွဲ့"

"ပဏ္ဏာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို ပြေးလာတာ ပဏ္ဏာမှ ပဏ္ဏာပါပဲ။ သူ့အနားမှာ ဒူးထောက် ထိုင်ရင်း ပဏ္ဏာ ဖေးမတွဲထူသည်။

"ပဏ္ဏာ ပဏ္ဏာရယ် မင်းကိုယ့်ကို ရက်စက်တယ်"

"ဘွဲ့ရယ် ပဏ္ဏာကို ခွင့်လွှတ်ပေးပါ အဟင့် ဟင့်"

"မငိုနဲ့ ပဏ္ဏာ ကိုယ်တို့နှစ်ယောက်စလုံးအတွက် မျက်ရည်တွေ ဘယ်တော့မှ မရှိတော့ဘူး"

ပဏ္ဏာ့ ခန္ဓာကိုယ်လေးကို သူတင်းတင်း ပွေ့ထားရင်း ပြောနေမိသည်။ ပဏ္ဏာကလည်း သူ့ကျောပြင်ကို သိုင်းဖက်ထားခဲ့တာ တင်းတင်းကြပ်ကြပ်။

"တီ"

ဟွန်းသံရှည်ကြီးနှင့် စူးရှသော အလင်းရောင်ကြီးက သူတို့ဆီ ဖြာကျလာ၏။

"ဟင်"

ဘွဲ့ ထိတ်ခနဲ ဖြစ်သွား၏။ ဒါ နေရီ နေရီရဲ့ကား။

"ရူး ရူး"

အင်ဂျင်စက်သံ ဆူညံသွားသည်။ စူးရှသော မီးရောင်နှင့်အတူ သူတို့နှစ်ဦးဆီ ကားကြီး ပြေးဝင်လာသည်။

ဘွဲ့ ပဏ္ဏာ လက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း ကားကြီးကို ရင်ဆိုင်စိုက်ကြည့်လိုက်သည်။ ပဏ္ဏာ လက်တွေကလည်း သူ့ကို တင်းတင်းပြန်ဆုပ်ကိုင်ထားတာ စိတ်က သိနေသည်။

"ရင်ဆိုင်မယ် ပဏ္ဏာ၊ ကိုယ်တို့ ဘယ်တော့မှ မခွဲဘူး"

"တီ"

ဟွန်းသံရှည်ကြီးနှင့် ကားကြီး အနီးဆုံးရောက်လာချိန်မှာ ဘွဲ့ မျက်ဝန်းတွေ မှိတ်ပစ်လိုက်၏။ ဆုပ်ကိုင်ထားသော ပဏ္ဏာ လက်ကိုလည်း



မလွှတ်စတမ်း။

သေအတူ ရှင်မခွဲဆိုတာ မင်း ယုံကြည်လိုက် နေရီ။

"ဝေါ"

နားထဲမှာ ကြားလိုက်သော အသံကြီးနှင့်အတူ [illegible] သော လေပူတစ်ချက်ကြောင့် သူ့မျက်လုံးတွေ ဖွင့်ကြည့်မိတော့

"ဟင်"

မယုံနိုင်စရာပါပဲ။ သူနှင့်ပဏ္ဏာဆီ ဦးတည်လာသော နေရီရဲ့ ကားကြီးက အနားရောက်မှ ပွတ်ကာသီကာ အရှိန်နှင့်ဖြတ်ကျော် မောင်း သွား၏။

သူနှင့်ပဏ္ဏာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းပွေ့ဖက် ထားရင်း Mark II ကားကြီးရဲ့ နောက်မီးအစုံကို ငေးကြည့်နေမိကြ၏။

"ဒုန်း"

ကားကြီးက ပလက်ဖောင်းပေါ်အထိ အရှိန်လွန်သွားကာ ဓာတ် တိုင်ကို ဝင်ဆောင့်ပြီး ရပ်သွား၏။

"ဟင် နန်းနေရီ"

ပဏ္ဏာ စိုးရိမ်စွာ အော်ရင်း ပြေးသွားဖို့ ကြိုးတော့ ဘွဲ့က လက်ကိုဆွဲခေါ်ထား၏။

"ဘွဲ့ လာပါ နန်းနေရီက တို့ညီမ ဝမ်းကွဲပါ"

"ဟင်"

ဘွဲ့ မင်သက်အံ့ဩနေရာမှ ပဏ္ဏာ လက်ကိုဆွဲကာ ကားဆီ ပြေးခဲ့ကြသည်။

အနားရောက်တော့ ပွင့်ကျနေသော ကားတံခါးမှ အ[illegible] ရောက်မြင်ရသည်။ နန်းနေရီ ဒက်ရှ်ဘုတ်ပေါ် မျက်နှာလေး [illegible] သက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နားသယ်စပ်မှာ သွေးစတွေ တစိမ့်စိမ့် ယိုစီးလျက်။

ဘွဲ့ ပဏ္ဏာကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားတော့ ပဏ္ဏာ ရှိုက်ငိုသံတွေ လွင့်မျောထွက်လာ၏။

မိုးစက်မှုန်တွေက တဖွဲဖွဲ ရွာနေဆဲ။

■ ■ ■

## အခန်း (၃၈)

တိမ်သားတွေ ကင်းစင်နေသော ကောင်းကင်ပြာပြာကြီးက နေ့တုန်းကလို မဟုတ်တော့ပါ။ နေရောင်ခြည်က ရွှေးရွှေးဖြာကျလျက်

မနေ့က မိုးရေထိထားသော သစ်ပင်တွေက စိမ်းမြကြည်လင်ကြ၏။

ပဏ္ဏာ လက်ဖဝါးလေးကို သူ ဆုပ်ကိုင်ထားရင်း ငုံကြည့်တော့ ဏ္ဏာ မျက်ဝန်းမှာ မျက်ရည်စတွေ ခိုတွယ်နေ၏။

"ပဏ္ဏာ သိပ်ဝမ်းနည်းနေသလားဟင်"

"ဘွဲ့ရယ် နန်းနေရီ ကို ပဏ္ဏာ သနားတယ်၊ သူက ပဏ္ဏာရဲ့ ီလေးဆိုတာ သိလိုက်ရချိန်မှာ ပဏ္ဏာ ဘွဲ့ကို ထားခဲ့ဖို့ ဆုံးဖြတ်လိုက် ည်"

ပဏ္ဏာ စကားကြောင့် ဘွဲ့ ပင့်သက်ရှိုက်ရင်း ပဏ္ဏာ့ ခန္ဓာကိုယ် ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ပဏ္ဏာရယ် မင်းကို ကိုယ် မခွဲနိုင်ဘူး။ နေရီအတွက်တော့ ယ် စိတ်မကောင်းပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာ နေရီ မျက်နှာလေး အရိပ်ထင်လာ၏။

သူမရဲ့ နောက်ဆုံးအချိန်မှာ သူနှင့်ပဏ္ဏာကို ရက်စက်မည့်စိတ်ကို ပြောင်းလဲသွားစေခဲ့တာ ဘယ်သူ့ကြောင့်လဲ။

ပဏ္ဏာကြောင့်လား။

သူ့ကြောင့်လား။

ဒါကိုတော့ နေရီ ကိုယ်တိုင်ပဲ သိလိမ့်မည်။

''ဟိုမှာ ဖေဖေတို့ စောင့်နေတယ် ဘွဲ့ သွားရအောင်''

ပဏ္ဏာ ဆိုမှ သူ လှမ်းကြည့်မိသည်။ သူနှင့်ပဏ္ဏာကို စောင့်နေသော ဖေဖေတို့ သုံးယောက်ကို မြင်သည်။

''ပဏ္ဏာ ကိုယ့်ကို နောက်ထပ် ခွဲမသွားပါနဲ့ကွာ''

''ဘွဲ့ရယ် ဘယ်တော့မှ ဘွဲ့ကို တို့ မခွဲပါဘူး။ ခွဲသွားဖို့ဆိုတာ ပဏ္ဏာ့ နှလုံးသားက လက်မခံနိုင်တာ သေချာတယ်''

''ပဏ္ဏာရယ်''

တင်းတင်း ပြန်ဆုပ်ကိုင်ထားသော လက်ဖဝါးလေးတွေ နွေးထွေးနေခဲ့သည်။

နှစ်ဦးစလုံးရဲ့ ရင်ခုန်သံတွေ ဘယ်တော့မှ မဝေးနိုင်တော့ဆိုတာတော့ သေချာနေခဲ့ပြီ။

ပရိသတ်အတွက်
အမြဲတမ်း
ရွှေ

www.burmeseclassic.com